


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - L လင်း

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (ယာယီ - ၈၅၆)
တိုက်(၆၁)၊ အခန်း(၁၁)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ (၅၁)လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။


၈၉၅. ၈၃

ပုညခင်
ဆူးထက်. . . စူး ပုညခင်/ရန်ကုန်
ပုညခင်စာပေ၊ ၂၀၁၂။
၃၁၂-စာ၊ ၁၃ × ၂၀. ၅ စင်တီ။
(၁) ဆူးထက်. . . စူး

ပုညခင်စာအုပ်တိုက်

# ပုညခင်

# ဆူးထက်...စူး



www.burmeseclassic.com

www.burmeseclassic.com

## (၁)

♥ ♥ ♥

'နေ ...'။

dancer နေ ၏ ခြေထောက်များသည် အကကြမ်းပြင်ပေါ်တွင် စည်းချက်ကျကျ လှုပ်ရှားလျက်ရှိလေသည်။ အဲကွန်းဖွင့်ထားသော ခန်းမကျယ်ထဲတွင် 'က'နေခြင်း ဖြစ်သော်လည်း သူ့နဖူးပေါ်မှာတော့ ချွေးဥတွေ နှိုသီးရာမှ စီးကျ၍ပင်လာခဲ့သည်။

သူ အလွန်နှစ်သက်သည့် အနီရောင် adidas တံဆိပ် sport shoes ဝတ်ထားသည့် ခြေထောက်အစုံသည် ချောမွတ်နေသော အကခန်းမ၏ ကြမ်းပြင်ပေါ်သို့ ပျော့ပျောင်း ညင်သာစွာ ထိခတ်လိုက်၊ သွက်လက်ပြင်းထန်စွာ ထိခတ်လိုက်၊ လျင်မြန်သော အရှိန်ဖြင့် ပွတ်ဆွဲသွားလိုက်ဖြင့် ကကွက်သည် ပို၍ ပို၍ အသက်ဝင်လာသည်။ မာန်ပါလာသည်။ ရံဖန်ရံခါ သူ့ ခြေဖျားထိပ်ဦးကလေးဖြင့် ကြမ်းပြင်ပေါ်သို့ ထောက်လိုက်တိုင်း သူ့ခန္ဓာကိုယ်သည် သူမတူအောင် ပေါ့ပါးလာတာကို ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားသည် …။

သူက ဒီလို အကတွေကို ခံစားမှုဖြင့် ကလေ့ရှိပြီး ကနေရင်းဖြင့်လည်း ခံစားတတ်သူဖြစ်သည်။

dancer 'နေ'၏ ထူးခြားချက်ဟာ အဲ့ဒါပဲ …။ သူဟာ ရိုးရိုး အလုပ်ဖြစ်ရုံသက်သက် dancer မဟုတ်။ အကကို မြတ်နိုးလို့ … ချစ်မက်လို့ …ယုံကြည်လို့ ခံစားပြီး ကလေ့ရှိသူဖြစ်သည်။ သူ့ကကွက်တွေထဲမှာ ခံစားချက်တွေ ပါသည်။ ထို့ကြောင့်ပင် သူ့ကကွက်တွေက အများစွဲမက်ဖွယ် ဖြစ်ခဲ့သည်။ သူထွင်ထားသော ကကွက်တွေက ကြည့်ရှုသူတွေရဲ့ စိတ်နှလုံးကို လှုပ်ရှားစေခဲ့သည်။

သူ့ခြေထောက်တွေသည် သန်စွမ်းကျစ်လစ်သော်လည်း ပျောင်းညွတ်နွဲ့ယိမ်းနိုင်၏။ ကြိုးခွေတစ်ခွေလို လိုရာသို့ ဆွဲယူခွေခေါက် လိမ်ပတ်၍ လှိုင်းသဖွယ် wave တွေကို လှုပ်ရှားနိုင်သော အစွမ်းလည်း ရှိ၏။

သူသည် သူနှစ်သက်သော၊ သူ့သင်တန်းသားတွေလည်း အလွန်စွဲမက်ကြသော street dance အကကို သူ့သင်တန်းသားများနှင့်အတူ ကနေခဲ့တာဖြစ်သည်။

သူ့ခန္ဓာကိုယ်သည် ပျော့ပျောင်းညင်သာမှုနှင့်အတူ ဖျတ်လတ်သွက်လက်၍နေခဲ့၏။ ထိုအကကို ကနေရင်းကပင် သူ့ခန္ဓာကိုယ်နှင့် စိတ်သည် ပို၍ ပို၍ သွက်လက်တက်ကြွလာကာ စွမ်းအင်တစ်မျိုး စီးမျောဝင်ရောက်လာနေသလို ခံစားရလေသည်။

သူ့မျက်နှာချင်းဆိုင်က နံရံအပြည့် မှန်ချပ်ကြီးထဲ





တွင် ပေါ်နေသော သူ၏ ကကွက်တွေကို သူကိုယ်တိုင် ပြန်မြင်နေခဲ့ရသည်။

သူဟာ dancer …

ဒါမှမဟုတ် …

'ကချေသည်' တစ်ယောက်ပေါ့ …။

သို့သော် အညတရ ကချေသည် တစ်ယောက်တော့ မဟုတ်ချေ။ သူ့မှာ စိတ်စွမ်းအင်ရှိသည်။ ယုံကြည်ချက်တွေရှိသည်။ အောင်မြင်မှုဆီ သွားရာလမ်းမှာ ကြုံတွေ့ရမည့် အထင်သေး ချိုးနှိမ်ခံရမှုများကို ကြံ့ကြံ့ခံ၍ အပြုံးမပျက် ရင်ဆိုင်နိုင်သော ဘာမထီ စိတ်ထားမျိုးလည်း ရှိ၏။

အောင်မြင်စပြုပြီဖြစ်သော်လည်း ထိပ်ဆုံးသို့မရောက်သေးသော အနေအထားတစ်ခုမှာ စိတ်ဓာတ်တည်ငြိမ်စွာဖြင့် ကြိုးစားနေဆဲ လူတစ်ယောက်လည်း ဖြစ်သည်။

မှန်ထဲသို့ တစ်ချက် စိုက်ကြည့်လိုက်သော သူ့မျက်လုံးတွေသည် စူးရှတောက်ပလျက် ရဲရင့်ဝံ့စားသော အရောင်များ လက်ဖြာလျက်ရှိသည်။ စိတ်တည်ငြိမ်မှုနှင့်အတူ ထက်မြက်မှုတွေလည်း ရောစပ်နေသော သူ့မျက်ဝန်းတွေက ထူးခြားစွာ ဆွဲဆောင်နိုင်စွမ်းရှိသည်။ အကြည့်ခံရသူကို 'ငြိ' စေသည်ဟုလည်း ဆိုစမှတ် ရှိကြသည်။

သို့သော် သူကတော့ ခုချိန်ထိ 'အက' ကလွဲပြီး ဘာကိုမှ မငြိသေးချေ။

သူ့နှလုံးသားထဲမှာ သူ တည်ထောင်ထားသည့် အက



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကျောင်း အောင်မြင်ဖို့ …။ သူ့ အဖွဲ့သားတွေရဲ့ ဘဝကို ပျိုးထောင်ပေးဖို့ …၊ ဆန်းသစ်ထူးခြားသော ကကွက်တွေ ထွင်နိုင်ဖို့၊ စတိတ်ရှိုးစင်မြင့်တွေထက်မှာ သူ့ Black Rose အကအဖွဲ့ရဲ့ စွမ်းရည်ကို ပြသခွင့်ရဖို့ …။ ဒါတွေကသာ သူ့အာရုံမှာ ငြိတွယ်နေခဲ့သည်။

သူဟာ အသက် ၂၅နှစ်အရွယ် လူငယ်တစ်ယောက်ပါ။ သို့သော် …သူ့ဘဝက လူငယ်ပီပီ လွတ်လပ်လေလွင့်လို့ မရ …။ သူ့ဘဝဟာ သိတတ်စ အရွယ်ကလေးက စလို့ ဒီအကထဲမှာပဲ နစ်မြုပ်လာခဲ့သည်။ ဒီအကကိုပဲ ဘဝထင်ခဲ့သည်။ ကနေခွင့်ရသော အချိန်တိုင်းဟာ သူ့အတွက် နိဗ္ဗာန်ဘုံတစ်ခုသို့ ရောက်ခွင့်ရသော အချိန်တွေလည်း ဖြစ်သည်။ ပြီးတော့ အကက သူ့ဘဝရဲ့ နာကျင်မှုတွေကို ဖြေဖျောက်ပေးနိုင်စွမ်း ရှိလေသည်။

ကကွက်သည် ပို၍ လျင်မြန်သွက်လက်လာ၏။ ထို့နောက် ပြောင်းသွားသော သီချင်းသံနှင့်အတူ သူ့ကကွက်လည်း ပြောင်းသွား၏။

ဒါကတော့ လူငယ်တွေကြားမှာ သက်တမ်းအရှည်ကြာဆုံး ခေတ်စားနေတဲ့ 'ဘီဘွိုင်း' (be-boys) အကပေါ့ …။ ၁၉၆၇ ခုနှစ်လောက်က ခေတ်စားခဲ့တဲ့ ဘရိတ်ဒန့် အကကို ခေတ်နဲ့အညီ ပြုပြင်ထားသော အက၊ သူနှစ်သက်သော အကတွေထဲက တစ်ခု အပါအဝင်ဖြစ်သော အကဖြစ်သည်။

သူက အလွန် သက်လုံကောင်းသောသူမို့ တစ်နာရီလောက်ကတော့ မမောတမ်း ကနိုင်သူဖြစ်သ၍္လှ်။ ခေါင်းအလယ်





မှာ စု၍ထောင်နေသော သူ့ဆံပင် တိုတိုထဲမှာတော့ ချွေးတွေ ရွှဲနစ်နေခဲ့ပြီ …။

သူ့လက်တွေ လှုပ်ရှားသွားတိုင်း ညာဘက် လက်ဖျံမှာ လှပစွာ ထိုးထားသော သူ့အကအဖွဲ့ရဲ့ အမည်နှင့် လှပသော ကနုတ်ပုံ တက်တူး(Tatoo) ကို မြင်ရသည်။ ဝတ်နေကျ ဖိနပ်သည် သူ့ခြေထောက်နှင့် အသားကျစွာ သူ့ခန္ဓာကိုယ်နှင့် တစ်သားတည်းကျစွာ ပေါ့ပါးနေသည်။

သူ ဝတ်ထားသည့် ခရမ်းဖျော့ရောင် ကိုယ်ကျပ်တီရှပ်နှင့် အသားပျော့ပျော့ sport ဘောင်းဘီမှာပါ ချွေးတွေ ရွှဲနစ်လာချိန်မှာ သူ့အကလည်း ပြီးဆုံးသွားခဲ့သည်။

သူက ခြေဖျားကလေးနှင့် ကြမ်းပြင်ကိုထောက်၍ ချာခနဲ လှည့်ကာ သူ့သင်တန်းသားတွေဘက်သို့ မျက်နှာချင်းဆိုင်လျက် လက်ခုပ်တစ်ချက် တီးလိုက်ရင်း …

"အိုခေ … ခဏနားမယ်၊ ပြီးရင် street dance ထဲက နောက်တစ်ပိုင်းကို ဆက်လေ့ကျင့်မယ်၊ အိုခေ … အဆင်ပြေတယ်နော်"

"အိုခေပါ … ကိုနေ …"

'နေ'က အားလုံးဘက်သို့ ဆတ်ခနဲ လက်ညှိုးထိုးကာ ဖျတ်ခနဲ ပြုံး၍ ပြောလိုက်တာမို့ အားလုံး လက်ထောင်ကာ 'အိုခေ' အော်လိုက်ကြသည်။

သူ အဝတ်လဲခန်းဘက်သို့ လျှောက်လာခဲ့စဉ်မှာ သူတို့အကအဖွဲ့ထဲက အားအထားရဆုံး တပည့်မလေး လှိုင်းက



www.burmeseclassic.com

www.burmeseclassic.com

26 JUL 2012



ချွေးသုတ်တဘက် အဖြူလေးတစ်ထည်ကိုင်လျက် သူ့ဆီ လျှောက်လာကာ တဘက်ကို လှမ်းပေးရင်း ...

"ကိုနေ ... နားလိုက်တော့လေ၊ နောက်တစ်ပိုင်းကို လှိုင်း ဆက်ကလိုက်မယ်"

"ညည်း ဖြစ်ရဲ့လား ...၊ ခြေထောက် နာနေတယ်ဆို ..."

"ကောင်းသွားပါပြီ ကိုနေရဲ့၊ လှိုင်း ကလို့ရနေပါပြီ ..."

"ဒန်ဆာ (dancer) တစ်ယောက်အတွက် ခြေထောက်က အသက်တမျှ အရေးကြီးတယ်၊ ညည်း ကောင်းကောင်းနား ပြီးမှ ကသင့်တယ်"

"လှိုင်း နားပြီးပါပြီ ကိုနေရဲ့၊ နားရလွန်းလို့ ပျင်းတောင် နေပါပြီ၊ လှိုင်းလည်း ကိုနေ့လိုပဲလေ၊ မကရရင် နေမှမနေနိုင်တာ၊ လှိုင်း ကချင်နေပြီ ...၊ မကရတော့ လူက လေးနေပြီ၊ ကလိုက်မှ လူက ပေါ့ပါး လန်းဆန်းသွားမှာ ..."

နေက အားတက်သရော ပြောနေသော လှိုင်းရဲ့ ခေါင်းကလေးကို တစ်ချက် လှမ်းပုတ်လိုက်ရင်း ...

"ညည်း အိုခေရင် ပြီးတာပါပဲ၊ ဒီလောက် ကချင်နေရင် ကလိုက်တော့ ... ဟုတ်ပြီလား"

"အံဟဲ ... ဟုတ် ..."

လှိုင်းက ခေါင်းကလေး ပုလိုက်ရင်း ပြန်ပြော၏။ သူ့မျက်စိထဲမှာတော့ လှိုင်းဟာ ကလေးလိုပင် ...။ သူတို့ ဆရာတပည့်တွေရဲ့ ဆက်ဆံရေးက အပြန်အလှန် လေးစားမှု၊ ဂရုစိုက်မှု ရှိပြီး နွေးထွေးရင်းနှီးသည်။ လှိုင်းဟာ သူတို့အဖွဲ့ထံကို ပထမဦး





ဆုံး ဝင်ရောက်လာတဲ့ အထူးချွန်ဆုံးသော dancer တစ်ယောက်လည်း ဖြစ်သည်။

စတိတ်ရှိုးတွေမှာ ပါဖောမင့် အနေနဲ့ သူတို့အဖွဲ့ ကရသည့်အခါတိုင်း လှိုင်းနဲ့ သူက အတွဲညီညီ ကလေ့ရှိသည်။ တစ်ယောက်နဲ့ တစ်ယောက် ခန္ဓာကိုယ်ချင်း ထိစပ်ရင်းနှီးစွာ မကြာခဏ 'က'ရလေ့ရှိသော်လည်း သူတို့ကြားမှာ လုပ်ဖော်ကိုင်ဖက်စိတ်၊ မောင်နှမစိတ်၊ အကအပေါ် ရူးသွပ်သည့် စိတ်သာရှိပြီး တခြား မရှိုးသားသည့် စိတ်မျိုး ဘာတစ်ခုမှ ဖြစ်မလာခဲ့တာတော့ အမှန်ဖြစ်သည်။

"ဒါနဲ့ ဇေသော် တစ်ယောက်ကော ရောက်ပြီလား လှိုင်း"

"ဟုတ် ... ခုနပဲရောက်တယ် ကိုနေ၊ မျက်နှာလည်း သိပ်မကောင်းဘူး"

အဲ့ဒီကောင် နန္ဒီ့ကို ကြွေပြီး မပြောရဲလို့ အသည်းကွဲနေတာကွ"

"ဒီမှာ သင်တန်းလာတက်သွားတဲ့ နန္ဒီ့ကို ပြောတာလား ကိုနေ ..."

"ဟုတ်တယ်"

အဲ့ဒီတစ်ယောက်က အရမ်းချမ်းသာတာတော့ လှိုင်း သိတယ်၊ ဇေသော့်အပေါ်တော့ သူ တော်တော် ရင်းရင်းနှီးနှီး ဆက်ဆံသွားပဲ၊ ချစ်ရင်ချစ်ကြောင်း ပြောလိုက်ပေါ့၊ ဘာဖြစ်လဲ၊ ချမ်းသာတာမက်လို့ ချစ်တာမှ မဟုတ်တာ၊ ကိုယ့် ကိုယ်ကိုယ် လိပ်ပြာသန့်ရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“သူ တကယ်ချစ်မိတော့လည်း ဟိုက သူ့ကို အထင်မှား မှာ အရမ်းကြောက်နေတယ်ထင်ပါရဲ့ကွာ၊ ပြီးမှ သူ့ကို အခန်းထဲပိတ်ပြီး ကခိုင်းထားရမယ်၊ ဒါမှ စိတ်ဖိစီးတာ တွေ ပျောက်သွားအောင်”

နေက ဖေသော့်အကြောင်း ပြောရင်း လှိုင်းပေးသည့် တဘက်အဖြူဖြင့် မျက်နှာနှင့် လည်ပင်းတစ်ဝိုက်က ချွေးတွေကို ပွတ်သုတ်ပစ်လိုက်ပါသည်။

သူတို့အကအဖွဲ့ထဲက သူ့တပည့်လေးတွေကို သူက သူငယ်ချင်းလိုလည်း ချစ်ရသည်။ ညီ ညီမတွေလိုလည်း ဂရုတစိုက် ကရုဏာထားရသည်။ ဖေသော့်ဟာလည်း သူ အားအထားရဆုံး တပည့်တစ်ယောက်ပင် ...။

“သြော် ... ကိုနေ၊ ကိုနေ့ကို အင်တာဗျူးရိုက်မယ့် 5 movies က အဖွဲ့လည်း ခုနပဲရောက်တယ်၊ ကိုနေ ကတာ ပြီးခါနီး လေးမှာ ရောက်လာတာ၊ အခု ဧည့်ခန်းထဲမှာ ...”

“အိုခေ ... ကိုယ် အဝတ်လဲပြီးရင်သွားလိုက်မယ်၊ ဒီအတိုင်း ပေါ့ပေါ့ပါးပါး အင်တာဗျူးလေးတစ်ခု ရိုက်ချင်တယ်ဆိုလို့ ကိုယ် လက်ခံလိုက်တာ၊ လှိုင်း ခန်းမထဲကို သွားလိုက် တော့လေ ...၊ သင်တန်းသား အသစ်လေးတွေကို သိသင့် သိထိုက်တာလေးတွေ ရှင်းပြထားနှင့်ဦး၊ ပြီးမှ ဆက်က”

“ဟုတ် ... ကိုနေ”

လှိုင်း ထွက်သွားတော့မှ နေက အဝတ်လဲခန်းထဲ သို့ဝင်ကာ ချွေးစိုနစ်နေသော ဝတ်စုံကို လဲပစ်လိုက်သည်။ စိမ်း





ပျော့ရောင် တီရှပ်နှင့် သူ အနှစ်သက်ဆုံး ဂျင်းဘောင်းဘီ အပြဲ ဒီဇိုင်းတစ်ထည်ကို ဝတ်ကာ သူ့ကို စောင့်နေသော ရိုက်ကူးရေး အဖွဲ့ရှိရာ ဧည့်ခန်းဘက်သို့ သွက်လက်ပေါ့ပါးစွာ လျှောက်လာ လိုက်ရင်း ...

“ကျွန်တော့်ကို စောင့်လိုက်ရတယ်ထင်တယ်၊ ဆောရီးဗျာ”

သူက လက်ဖဝါး နှစ်ဖက်ကို လက်သီးဆုပ် ဆုပ်၍ တောင်းပန်သလို လှုပ်ရမ်း၍ပြောလိုက်ပြီး သူ့စတိုင်လ်အတိုင်း ဖျတ်ခနဲ တစ်ချက်ပြုံးကာ အင်တာဗျူးမည့်သူနှင့် မျက်နှာချင်းဆိုင် ခုံမှာ ဖျတ်လတ်စွာ ဝင်ထိုင်လိုက်ရင်း ...

“ကျွန်တော့်လို ဘာမဟုတ်တဲ့ ပုဂ္ဂိုလ်လေးတစ်ယောက်ကို ခုလို အင်တာဗျူး လာလုပ်တဲ့ ခင်ဗျားတို့ကို ကျွန်တော် ကျေးဇူးအရမ်းတင်တဲ့အကြောင်း ပထမဦးဆုံး ပြောချင်ပါ တယ်ဗျာ ...”

အင်တာဗျူးသူက တစ်ချက် ပြုံးလိုက်ရင်း ...

“အဲဒီလို နှိမ့်ချပြောဆိုတတ်လို့လည်း ခင်ဗျားက လူချစ် လူခင်များတာ ထင်တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သိပ် လျှော့မတွက်ပါနဲ့ဗျာ၊ ဒန်ဆာ ‘နေ’ ဆိုတာ လူငယ်တွေ ကြားမှာ တော်တော် ရေပန်းစားနေပါပြီ၊ အဲ့ဒါကြောင့်လည်း ကျွန်တော်တို့က ခင်ဗျားကို အင်တာဗျူး လာလုပ်တာ ပေါ့ ...”

“ရေပန်းစားနေတာတော့ မဟုတ်ဘူးဗျ၊ ရေပန်းစားစ ပြုနေ တာပါ၊ ခင်ဗျား ကြည့်ကြည့်ပါလား ... တချို့ စတိုင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ကျွန်တော်တို့ ဘယ်လောက် ကက ပရိသတ်က အဆိုတော်ကိုပဲ စိတ်ဝင်စားတာ၊ အကကောင်းရင်တောင် ကြည့်ကောင်းလို့ ကြည့်လိုက်တာပဲ ရှိတာ ...၊ အဲဒီ အကအဖွဲ့ရဲ့ နာမည်၊ အကအဖွဲ့ခေါင်းဆောင်ရဲ့ နာမည်ကို မှတ်မှတ်မိမိ သိပ်ရှိလှတာ မဟုတ်ဘူးဗျ၊ အကကို ရူးသွပ်တဲ့၊ ဝါသနာပါတဲ့ လူတချို့ကပဲ ကျွန်တော်တို့ကို အသိအမှတ် ပြုတာပါ ...”

“ဒါပေမယ့် စတိတ်စင်တွေမှာ ခင်ဗျားတို့အဖွဲ့က နေရာရနေပြီလေ ...”

“အားလုံးတော့ မသိမ်းပိုက်နိုင်သေးပါဘူးဗျာ၊ ကျွန်တော် ကြိုးစားထားရတာနဲ့ နှိုင်းယှဉ်ရင် အခု ကျွန်တော် ပြန်ရထားတဲ့ အောင်မြင်မှုက သေးသေးလေးပဲ ရှိပါသေးတယ်”

“ဒါဆို ခင်ဗျားက ဒီလောက် အောင်မြင်မှုလေးနဲ့ မတင်းတိမ်နိုင်သေးဘူး ဆိုပါတော့ ...”

“မဟုတ်ဘူးဗျ၊ အောင်မြင်မှုကို မတင်းတိမ်နိုင်တာ မဟုတ်ဘူး၊ အကကို မတင်းတိမ်နိုင်တာ ...၊ အောင်မြင်ချင်တာ မဟုတ်ဘူး ... ကချင်တာ ...၊ ကျွန်တော်တို့ရဲ့ ကကွက်တွေကို အများရှေ့မှာ ဖော်ထုတ်ပြသခွင့် ရချင်နေတာ”

“ခင်ဗျား ဘာလို့ ကသလဲ ...”

“ချစ်လို့ ...”

နေက ပြောပြီး လှစ်ခနဲ ပြုံးလိုက်ရင်း ...

“အကကို ချစ်လို့ဗျ၊ ဘယ်သူမဆို ကိုယ်လုပ်တဲ့ အလုပ်





ကို ချစ်မှ၊ ကိုယ့်အလုပ်နဲ့ ပတ်သက်တဲ့ အရာအားလုံးကို ချစ်မှ အောင်မြင်တာ၊ ကိုယ့်အလုပ်အပေါ်မှာ စစ်မှန်တဲ့ စေတနာနဲ့ ရိုးသားမှုမရှိတဲ့ နေ့၊ ကိုယ့်အလုပ်ကို မချစ်တော့တဲ့ နေ့ဟာ အဲ့ဒီလူ ကျဆုံးသွားတဲ့ နေ့ပဲ ...”

“ခင်ဗျား ပျော်ရင် ဘာလုပ်သလဲ ...”

“ကတယ် ...”

“ခင်ဗျား စိတ်ညစ်ရင် ဘာလုပ်သလဲ ...”

“ကတယ် ...”

“အကက ခင်ဗျားဘဝကို ဘယ်နှရာခိုင်နှုန်းလောက် လွှမ်းမိုးထားနိုင်လဲ ...”

“တစ်ဘဝလုံးနီးပါးကို လွှမ်းမိုးတယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝမှာ ဘယ်လိုအဖြစ်အပျက်တွေ၊ အကြောင်းအရာတွေ ပေါ်ပေါက်လာဦးမယ်ဆိုတာ ကျွန်တော် ကြိုမသိနိုင်ဘူးလေ ...၊ နောက်ထပ် ပေါ်ပေါက်လာမယ့် အရာတွေက ကျွန်တော့်အတွက် ဘယ်လောက် အရေးကြီးမလဲ၊ ကျွန်တော့်ဘဝကို ဘယ်လိုလွှမ်းမိုးမလဲဆိုတာကတော့ ကံတရားရဲ့ အလိုတော်အတိုင်းပဲ ...”

“ခင်ဗျားရဲ့ အကအဖွဲ့ကို ဘယ်လို စပြီး ဖွဲ့စည်းခဲ့တာလဲ ...”

“စခဲ့တုန်းကတော့ ကျွန်တော် တစ်ယောက်တည်းပဲ၊ နောက်မှ ကျွန်တော့် သင်တန်းသားတွေထဲက ထူးချွန်ပြီး ပါရမီရှိတဲ့သူတွေ၊ ကျွန်တော့်လိုပဲ အကကို ရူးသွပ်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို စုစည်းပြီး ဖွဲ့စည်းထားတာပါ၊ ခုချိန်မှာတော့ သူတို့မပါဘဲ ကျွန်တော့်အဖွဲ့ကြီးက ခရီးဆက်လို့ မရတော့ဘူးလေ ...၊ ခေါင်းဆောင်ဆိုတာ နောက်လိုက် အဖွဲ့သားတွေ မရှိဘဲ ဖြစ်မလာဘူးဗျ၊ သူတို့ရှိလို့ ကျွန်တော် ဒီနေရာမှာ ရှိနေတာ ..."

"ခင်ဗျား ခုန ကနေတာတွေ့လိုက်တယ်၊ နောက်ဆုံး ကသွားတဲ့ ကကွက်က ဘာကကွက်လဲ ..."

"အဲဒါ ဘီဘွိုင်း အကဗျ ...၊ လူငယ်တွေကြားမှာ သက်တမ်း အရှည်ကြာဆုံး ရေပန်းစားတဲ့ အကပဲ၊ ၁၉၆၇ လောက်က စင်ပေါ်လာခဲ့တဲ့ ဘရိတ်ဒန့်အကကို ခေတ်နဲ့အညီ up date လုပ်ထားတဲ့ အက ...၊ ဒီအက ကမယ့်လူဟာ ခန္ဓာကိုယ် ကြံ့ခိုင်နေဖို့လိုတယ်၊ အားနည်းနေရင် ဒီအကမျိုး မကနိုင်ဘူး၊ ဒါ ကမ္ဘာပေါ်မှာ ပေါ်ပြူလာအဖြစ်ဆုံး အကကြီး ၂၇ မျိုးထဲက တစ်ခု အပါအဝင်ဖြစ်တဲ့ အကပေါ့ ..."

"ကနေတဲ့ အချိန်မှာ ခင်ဗျားစိတ်ထဲမှာ ဘာတွေ ခံစားနေရလဲ ..."

"ကျွန်တော့်စိတ်ထဲမှာ စွမ်းအင်တွေ ဖြစ်ပေါ်လာတယ်လို့ ခံစားရတယ်၊ စိတ်ဓာတ်တွေ ကျနေခဲ့ရင်တောင် ကျွန်တော် နှစ်သက်တဲ့ အကကို ကလိုက်ရင်း စိတ်စွမ်းရည်တွေ ပြန်မြင့်တက်လာတယ်၊ စိတ်ဖိစီးမှုတွေကို ပြေပျောက်သွားစေတယ်၊ တစ်ခါတစ်ခါ ကျွန်တော် ကတဲ့ အကတွေက





ကျွန်တော့်စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို ပြောပြနိုင်တာမျိုးလည်း ရှိတယ်"

"ခင်ဗျား အကြိုက်ဆုံး အကတွေထဲက အကတစ်ခုလောက်ကို ပရိသတ်အတွက် လက်ဆောင်မပေးလိုက်ချင်ဘူးလား"

သူက လှစ်ခနဲ တစ်ချက်ပြုံးလိုက်ရင်း ...

"အိုခေလေ ..."

ဟု ပြောကာ ထရပ်လိုက်သည်။ ကင်မရာက သူ့ဘက်သို့ ချိန်ရွယ်လိုက်သည်။

မလှမ်းမကမ်းမှာ ထိုင်ရင်း သူ အင်တာဗျူးဖြေတာကို နားထောင်နေသော ဖေသော်က ကက်ဆက်ရှိရာ အခန်းထောင့်သို့ လျှောက်သွားပြီး စီဒီ တစ်ချပ်ရွေးကာ ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။

အဲဒီနောက်တော့ သူ့ခြေထောက်တွေက လျင်မြန်သွက်လက်စွာ လှုပ်ရှားလျက်၊ သူ့လက်တွေက ဝေ့ဝဲလှုပ်ရှားလျက်၊ သူ့ခန္ဓာကိုယ်က ပျော့ပျောင်းညင်သာစွာ ယိမ်းနွဲ့လှုပ်ရှားလျက် သူအကြိုက်ဆုံး ကကွက် တချို့ကို ကပြလိုက်၏။

ကကွက်ပြီးဆုံးချိန်မှာ သူက ကင်မရာကို တည့်တည့်ကြည့်လျက် ...

"ဒါက ကျွန်တော် အနှစ်သက်ဆုံး street dance ပါ၊ ဒီအကကို ကလိုက်ရင် ကျွန်တော့်စိတ်မှာရော ခန္ဓာကိုယ်မှာပါ စွမ်းအင်တွေ တက်လာတယ်လို့ ခံစားရလို့ ကျွန်တော် ကြိုက်တာပါ ... အိုခေနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကင်မရာဘက်ကို လက်ညှိုးတစ်ချက်ထိုးလိုက်ရင်း လှစ်ခနဲ ပြုံးလိုက်သည်။

အဲ့ဒီနောက် dancer နေ၏ အင်တာဗျူးတစ်ခု ပြီးဆုံးသွားခဲ့ပါသည်။

ပြီးတော့ ... သူ့ အဖွဲ့သားတွေနှင့်အတူ တန်းစီလည်ပင်းဖက်လျက် ဓာတ်ပုံတစ်ပုံ ရိုက်သည်။

အင်တာဗျူးအဖွဲ့ ပြန်သွားတော့မှ သူက သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့အခန်းငယ်လေးထဲက ကွန်ပျူတာရှေ့မှာ ထိုင်ကာ သူထွင်ထားသည့် ကကွက်တွေကို ပြန်ကြည့်မည်။ နိုင်ငံတကာက အကတွေကို လေ့လာမည်။ ပြီးတော့ သူ့အဖွဲ့သားတွေနှင့်အတူ လေ့ကျင့်မည်။ လက်ခံထားသည့် စတိတ်ရှိုးပွဲတစ်ခုမှာ ပါဖောမင့်စ်လုပ်ဖို့အတွက် သူ့အဖွဲ့သားတွေနှင့်အတူ တိုင်ပင်စီစဉ်ကြမည်။

ဒီလိုနဲ့ပဲ သူ့တစ်နေ့တာကို သူချစ်သော အကနှင့်အတူ ကျော်ဖြတ်လာခဲ့တာ ဖြစ်သည်။

သို့သော် ... သူချစ်သော အလုပ်တွေကို လုပ်နေချိန်မှာ သူမုန်းတီးသော အဖြစ်အပျက်တွေလည်း ဖြစ်ပျက်လာတတ်ပါသေးသည်။

ညနေစောင်းချိန်မှာ သူ့အဖွဲ့သားတချို့လည်း အိမ်ပြန်ကုန်ကြပြီ ...။ တစ်နေ့လုံး ကကွက်များ၊ ဂီတသံများဖြင့် လှုပ်ရှားသက်ဝင်ခဲ့သော သူ့အက စတူဒီယိုခန်းမထဲမှာ အသံတွေ တိတ်ဆိတ်ပျောက်ကွယ်စ ပြုချိန်တွင် ...





"ကိုနေ ... အန်ကယ်လ် ရောက်နေပါတယ်"

ကျောပိုးအိတ်ကို လွယ်ကာ ပြန်ခါနီးဆဲဆဲ ဇေသော်က သူ့ရုံးခန်းဝမှာ လာရပ်ရင်း လှမ်းပြော၏။

နေ၏ တစ်နေကုန် တက်ကြွလန်းဆန်း ဖြစ်နေသော စိတ်သည် ရုတ်တရက် လေးလံအုံ့မှိုင်းသွားကာ ...

"ဧည့်ခန်းထဲမှာလား ..."

"ဟုတ်ကဲ့၊ ဧည့်ခန်းမှာ ထိုင်စောင့်နေပါတယ်၊ ကိုနေ့ရုံးခန်းထဲကို လွှတ်လိုက်ရမလား"

"နေပစေ ... ငါထွက်တွေ့လိုက်မယ်၊ မင်းလည်း ပြန်တော့လေ၊ လှိုင်းတို့တွေရော ပြန်ပြီလား ..."

"ဟုတ်ကဲ့ ... အားလုံး ပြန်သွားပါပြီ ကိုနေ"

ဇေသော် ထွက်သွားချိန်မှာ နေက ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့ပါသည်။

ဧည့်ခန်းဆိုဖာပေါ်မှာ စမတ်တကျလေး ခြေချိပ်ထိုင်ကာ ဂျာနယ်ဖတ်နေသော ဒက်ဒီ့ကို မြင်လိုက်ရချိန်မှာ သူ့စိတ်တွေ မွန်းကြပ်လာပါသည်။ ဒက်ဒီ့ပုံစံကတော့ ထုံးစံအတိုင်း လွတ်လပ်ပေါ့ပါးနေသည်။ စတိုင်လ်ဆောင်းဘီ အသားရောင်ဖျော့ဖျော့နှင့် စပို့ရှပ် အဝါဖျော့ရောင်ကို ဝတ်ထားပုံက သပ်ရပ်စမတ်ကျနေသည်။

"ဘာကိစ္စရှိလို့လဲ ဒက်ဒီ ..."

သူ လှမ်းမေးပုံက ရိုင်းကောင်း ရိုင်းသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းသည်ဆိုရင်တောင် အကြောင်းပြချက်တွေ သူ့ရင်ဘတ်နှင့် အပြည့်ရှိသည်။

ဒက်ဒီက ဂျာနယ်ကို ပစ်ချကာ သူ့ကို မျက်ခုံးပင့်၍ ကြည့်လိုက်ရင်း မထီတရီ အပြုံးကလေးဖြင့် ...

"ဟ ... ကိုယ့်သားဆိုလာတာ ကိစ္စရှိမှ လာရမှာလား နေ့"

"ပုံမှန်အတိုင်းဆိုရင်တော့ ကိစ္စရှိမှ လာတတ်တာပဲလေ ဒက်ဒီ၊ ဥပမာ ဒက်ဒီ့ဇနီးအတွက် တစ်ခုခု လိုအပ်လို့ပဲ ဖြစ်ဖြစ် ..."

"အိုခေလေ ... မင်းက သဘောပေါက်ပြီးသားဆိုတော့လည်း ငါ အထွေအထူး ရှင်းမပြရတော့ဘူးပေါ့ ...၊ မွန့်အတွက် ကားသစ်လဲပေးမလို့ ပိုက်ဆံလိုလို့ လာခဲ့တာ"

ဒက်ဒီက ခပ်တင်းတင်းပင် စိန်ခေါ်လိုက်သည်။ နေက ဟက်ခနဲ တစ်ချက် ရယ်လိုက်မိရင်း ...

"တဆိတ်လောက် နားမလည်လို့ မေးပါရစေ ဒက်ဒီ ...၊ ယောက်ျားတစ်ယောက်က ဇနီးကို သစ္စာဖောက်ပြီး နောက်မိန်းမယူသွားလို့ ဇနီးနဲ့ သားက ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်၊ ဇနီး ဆုံးသွားတဲ့အချိန်မှာ သားက သူ့ဘဝသူ ကြိုးစား ရုန်းကန် တည်ဆောက်လာခဲ့ရတယ်၊ အဲ့ဒီ သားပိုက်ဆံလေး နည်းနည်းပါးပါးရှာနိုင်ချိန်ကျမှ အဲဒီယောက်ျားက သူယူထားတဲ့ နောက်မိန်းမရဲ့ဆန္ဒကို ဖြည့်ပေးဖို့ ငွေလိုအပ်လာတိုင်း သားဆီမှာ လာလာတောင်း တယ်ဆိုတာ ဖြစ်သင့်ရဲ့လား ဒက်ဒီ ...၊ ဒါဟာ ပုံပြင် တစ်ပုဒ်ဆိုရင်





တောင် နားထောင်မကောင်းတဲ့ တရားမျှတမှုမရှိတဲ့ ပုံပြင်ပါ၊ ပုံပြင် ဆိုရင်တောင်မှ တရားမျှတမှုရှိမှ နားထောင်ကောင်းတာပါ ဒက်ဒီ ..."

"သားသမီးဆိုတာ မိဘအပေါ် ဝေဖန်ပိုင်ခွင့် မရှိဘူး နေ၊ ဘာဖြစ်လို့လဲဆိုတော့ မိဘရှိခဲ့လို့သာ မင်းရဲ့ အသွေးအသားတွေ ဖြစ်တည်ခွင့် ရခဲ့လို့ပဲ ...၊ အခုလို သန်မာ ကြည့်ကောင်းတဲ့ ကြံ့ခိုင် လှပတဲ့ နေ ဆိုတဲ့ လူတစ်ယောက်ကို ဘယ်သူ ဖန်တီးပေးခဲ့တာလဲ ... မင်း ပြန်စဉ်းစားလိုက်ဦး"

နေက နာနာကျင်ကျင် ပြုံးလိုက်မိပါသည်။ အပြုံးက သိမ်မွေ့သော်လည်း ရင်ထဲက နှလုံးသားကတော့ ကြမ်းတမ်းရိုင်းပျစွာ ခုန်ပေါက်နေပါသည်။

"ဒါဆို မိဘဆိုတာ သူတို့ဖန်တီးပေးထားတဲ့ လူသားတစ်ယောက်ရဲ့ ဘဝတစ်ခုလုံးကို လိုသလို ခြယ်လှယ်ခွင့် ရှိတယ်ပေါ့ ... ဟုတ်လား ဒက်ဒီ၊ ကျွန်တော့် ဘဝကြီးကို ဆုပ်ဖြဲချင်သလို ဆုပ်ဖြဲခွင့် ဒက်ဒီမှာ ရှိတယ်ပေါ့ ...၊ ဒက်ဒီ့မှာ မိဘဆိုတဲ့ ပါမစ် ရှိထားတဲ့အတွက်ပေါ့ ..."

"မင်း စကားလုံးတွေ သိပ်ရိုင်းမနေဘူးလား နေ ..."

"ဒါဆို ကျွန်တော် ဘယ်လို ယဉ်ကျေးပြရမလဲ သင်ပြပေးပါ ဒက်ဒီ ...၊ တရားမျှတမှုတစ်ခုကို ယဉ်ကျေးစွာ တုံ့ပြန်ဖို့ ကျွန်တော် ဝန်မလေးပါဘူး ..."

"ကျွတ် ... စိတ်ပျက်စရာကောင်းလိုက်တာကွာ၊ ပိုက်ဆံလေး နှစ်ပဲခြောက်ပြားအတွက် စကားတွေ ဒီလောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေရတာ မတန်တော့ဘူး၊ ငါ အခု လိုတာ ဆယ်သိန်း တည်းပါ၊ မင်းအတွက် အသေးအမွှားလေးပါ ...”

“ပိုက်ဆံ ဆယ်သိန်းဆိုတာ ကျွန်တော့်အတွက် နှစ်ပဲ ခြောက်ပြား မဟုတ်သလို အသေးအမွှားလည်း မဟုတ်ဘူး ဒက်ဒီ ...”

“ဟ ... လာညည်းပြမနေစမ်းပါနဲ့ နေရာ ...၊ မင်း ဘယ်လောက် နာမည်ကြီးပြီး အလုပ်ဖြစ်နေတယ်ဆိုတာ ငါ မသိဘူး မှတ်လို့လား၊ ဒီလို အက စတူဒီယိုတစ်ခုတောင် ထောင်ထားနိုင်မှတော့ ...”

“ဒါ ကျွန်တော့် ကိုယ်ပိုင်အခန်းမှ မဟုတ်ဘဲ ဒက်ဒီ၊ ဒီအခန်းအတွက် ငှားရမ်းခက နှင့်နေအောင် ပေးရတယ်၊ ကျွန်တော့်မှာ ဒီအက သင်တန်းကျောင်း တစ်ခုကလွဲရင် တခြား ဘာတန်ဖိုးကြီး ပိုင်ဆိုင်မှုမှလည်း မရှိဘူး၊ ကျွန်တော်က ကြီးပွားနေတဲ့သူမှ မဟုတ်တာ ဒက်ဒီ၊ ရုန်းကန်နေရတုန်းပဲ ရှိပါသေးတယ်၊ ကျွန်တော့်ကို လက်ဖျားငွေသီးနေတဲ့သူလို့ မထင်ပါနဲ့ ...”

“ဟား ... ညည်းချက်ကတော့ကွာ၊ မင်းရုပ်ရည်၊ မင်းဘော်ဒီ အလှအပလေးနဲ့ ဒီလောက် အပင်ပန်းခံနေဖို့ မလိုပါဘူးကွာ၊ သူဌေးသမီးတစ်ယောက်လောက်နဲ့သာ ငြိလိုက်စမ်းပါ၊ မင်းဘဝတစ်သက်တာ ဖူလုံသွားမယ်”

“ဒက်ဒီ ...”





သူ ခတ်ဆတ်ဆတ်အော်လိုက်တော့ ဒက်ဒီက ပခုံး တစ်ချက် တွန့်သည်။ နေကတော့ နှလုံးသားထဲမှာ လောင်ကျွမ်း လာပြီ ...။

“ဒက်ဒီ ... ကျွန်တော့်ကို ဘာလို့ တန်ဖိုးမထားတာလဲ၊ ဘာဖြစ်လို့ တန်ဖိုးမရှိတဲ့ စကားတွေ ပြောရတာလဲ၊ ကျွန်တော်က ကျွန်တော့် ရုပ်ရည်ကို ဗန်းပြပြီး သူဌေးသမီး တစ်ယောက်ကို အပိုင်ကြံမှ ကျွန်တော့်ဘဝကြီး ကောင်းစားမယ်လို့ ထင်နေတာလား၊ ဟောဒီထဲမှာ ... ဟောဒီထဲမှာ”

နေက သူ့ဘယ်ဘက် ရင်အုံကို ညာလက်သီးဆုပ်ဖြင့် နှစ်ချက်ဆက်တိုက် ခပ်ဆတ်ဆတ်လေး ဖိလိုက်ရင်း ဝဲလာသည့် မျက်ရည်တွေကို အံကြိတ်ထိန်းချုပ်လျက် ...

“ဟောဒီ ရင်ဘတ်ထဲမှာ ဒက်ဒီ တန်ဖိုးမထားပေမယ့် ကျွန်တော် အရမ်းတန်ဖိုးထားရတဲ့ နှလုံးသားတစ်စုံ ရှိပါတယ် ဒက်ဒီ ...၊ ခုချိန်ထိ ဒီနှလုံးသားထဲမှာ ဘာညစ်နွမ်းစွန်းထင်းမှုမျိုး မရှိသေးပါဘူး၊ ကျွန်တော့် နှလုံးသားကို လည်း ဘာအတွက်မှ မစတေးပါဘူး၊ ကျွန်တော့်ဘဝမှာ အကအပြင် တန်ဖိုးထားရတဲ့ အရာဟာ ချစ်ခြင်းမေတ္တာပါ၊ အချစ်ကို စော်ကားမထိမဲ့မြင်ပြုတဲ့ စကားမျိုးကို ကျေးဇူးပြုပြီး မပြောပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်”

“ကဗျာတွေ လာရွတ်မနေစမ်းပါနဲ့ကွာ၊ ကဲ ... အချိန်တွေ ကြာတယ်ကွာ၊ မင်း ငါတောင်းတဲ့ ပိုက်ဆံကို ပေးမှာလား



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူးလား ... ဒါပဲပြော"

နေက ဘာတစ်ခွန်းမှ ဆက်မပြောတော့ဘဲ ဒက်ဒီ့ရှေ့မှ ချာခနဲ လှည့်ထွက်ကာ ရုံးခန်းဘက်သို့ လျှောက်လာခဲ့သည်။ ပြီးတော့ သူ့စားပွဲ အံဆွဲထဲက ပိုက်ဆံ ဆယ်သိန်းထုပ်ကို ယူကာ ဧည့်ခန်းဘက်သို့ ပြန်ထွက်လာခဲ့သည်။

သူက ပိုက်ဆံထုပ်ကို ဒက်ဒီ့ရှေ့ စားပွဲပေါ်မှာ ချပေးလိုက်ရင်း ...

"ယူသွားလိုက်ပါ ဒက်ဒီ ...၊ ဝတ္တရားကျေပွန်တဲ့ သားတစ်ယောက်အနေနဲ့ လိပ်ပြာ သန့်ချင်လို့ ဒက်ဒီလိုချင်တဲ့ ပိုက်ဆံကို ကျွန်တော် ပေးပါတယ်၊ ဒက်ဒီ့ ဖနီးဆန္ဒကို ဖြည့်ပေးနိုင်လို့ ဒက်ဒီ ပျော်ရွှင်ရတဲ့အခါတိုင်း ဒက်ဒီရှေ့ ကျွန်တော့်အပေါ် တာဝန်ကျေပွန်ခဲ့ရဲ့လားဆိုတာ စဉ်းစားပေးရင် ကျွန်တော် ကျေနပ်ပါတယ်"

ဒက်ဒီက မထိတရိလေး ပြုံးသည်။ ပြီးတော့ ပိုက်ဆံထုပ်ကို လှမ်းယူကာ သူ့ရုံးခန်းထဲက ထွက်သွားခဲ့လေသည်။

အဲဒီနောက်တော့ နေသည် သူ့အက စတူဒီယိုခန်းတံခါးကို ပိတ်ပစ်လိုက်သည်။ သူအကြိုက်ဆုံး သီချင်းတစ်ပုဒ်ကို ဖွင့်သည်။ ထို့နောက် ... သူအကြိုက်ဆုံး အကကို ပြင်းပြင်းထန်ထန် ကလေသည်။

သူ ကသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လာအောင် ကသည်။ မောဟိုက်လာအောင် ကသည်။ ကျဆင်းသွား





သော သူ့စိတ်ဓာတ်တွေ ပြန်လည်တက်ကြွလာအောင် သူ ကနေခဲ့သည်။

ကကွက်တွေက သူ့ဘဝရဲ့ နာကျင်မှုတွေကို ပယ်ဖျက်ပေးနိုင်၍လည်း အကကို သူ ခုံမင် ချစ်မက်ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

"ဟော ... မမရွှေကနုတ် လာပြီ"

တော်ဝင်ဂန္ထမာ စိန်ရွှေရတနာဆိုင်ကြီး၏ ကောင်တာနောက်မှာ ရပ်နေသော အရောင်းဝန်ထမ်း ကောင်မလေး စိုးစိုးက ဆိုင်ရှေ့မှာရပ်လာသော အနက်ရောင် BMW ကားကြီးကို လှမ်းမျှော်ကြည့်ရင်း ပြောလိုက်သောအခါ အနားမှာရှိနေသော ဝန်ထမ်း မိန်းကလေးများက ကားပါကင်ရှိရာသို့ လည်ပင်းကလေးတွေ ရှည်မြင့်လျက် ငေးမျှော်ကြည့်လိုက်ကြလေသည်။

ဒီဆိုင်ပိုင်ရှင်၏ တစ်ဦးတည်းသော သမီးဖြစ်သူ ရွှေကနုတ်သည် နေ့တိုင်းလိုပင် ဒီဆိုင်သို့ လာနေကျဖြစ်သော်လည်း သူတို့မျက်စိထဲမှာတော့ တစ်ခါမှအမြင်ရိုးသွားသည်ရယ်လို့ မရှိပေ။

သူတို့ အမြဲတမ်း အားကျစွာ ချစ်ခင်စွာ ငေးမောကြည့်ရလောက်အောင်ပင် ရွှေကနုတ်က ရင်သပ်ရှုမော လှပနိုင်ရာသူ ဖြစ်သည်။





ပြီးတော့ ... ရွှေကနုတ် လှတာဟာ ခရေလို စံပယ်လို နုနယ်ဖြူစင် နူးညံ့စွာ လှပတာမျိုးမဟုတ်ဘဲ သဇင်လို ဝံ့ကြွားခြင်းနှင့် နှင်းဆီလို စူးရှခြင်းတို့ ပေါင်းစပ်ထားသော အလှမျိုးဖြစ်သည်။

အသက်က နှစ်ဆယ့်ငါးနှစ်ပင် သိပ်မပြည့်ချင်သေးသော်လည်း လူငယ်ပီပီ ပေါ့ပါးရွှင်မြူးသောအသွင်အပြင်ကို သူမထံတွင် မြင်ရခဲလှ၏။ တည်ငြိမ် ဣန္ဒြေရသော မျက်နှာထားနှင့် သွားလာပြောဆို နေထိုင်ပုံက ရင့်ကျက် တည်တံ့လှတာမို့ ဆိုင်ဝန်ထမ်းတွေ အားလုံးကလည်း ရွှေကနုတ်ကိုဆို ရှိန်ကြလေသည်။

သူတို့အားလုံး ငေးမျှော်ကြည့်ဆဲမှာပင် ကားတံခါးပွင့်လာကာ ရွှေကနုတ်က ကားပေါ်မှ လှမ်းဆင်းလာလေသည်။

သွယ်လျကျစ်လျစ်သော်လည်း အနည်းငယ် ပြည့်တင်းသော ခန္ဓာကိုယ်က မြန်မာဝတ်စုံနှင့် လိုက်ဖက်ညီစွာ တင့်တယ် အဆင့်မြင့်နေသည်။ ကနုတ်ဆင်လေးတွေ ပါသော ယိုးဒယား ပိုးပျော့လုံချည် စိမ်းဖန့်ဖန့်လေးနှင့် ဖက်မှုးစိမ်းရောင် လည်ထောင် လက်ပြတ် ခါးတို ရင်စေ့အင်္ကျီကလေးကို ဝတ်ထားတာမို့ အနည်းငယ် စိမ်းဖန့်သော်လည်း ဝါဝင်းသော လက်မောင်းပြည့်ပြည့်ကလေးက ထင်ရှားလှပနေခဲ့သည်။ လှိုင်းတွန့်ပွပွလေးတွေပါသော နီညိုရောင်ဖျော့ဖျော့ ဆံစကလေးတွေကို နမူးအပြောင်သိမ်းကာ နောက်ဘက်မှာ ဆံထုံးသေးသေးလေးကို ခပ်ဖွဖွလေး ထုံးထားပြီး အပေါ်းဝိုင်း တစ်လုံးစိန်နားကပ်ကလေးကိုသာ ပန်ထား၏။ ပြီးတော့ လက်သူကြွယ်မှာ နားကပ်က စိန်ပွင့်နှင့် အရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



စိန်ပွင့်တစ်ပွင့် လက်စွပ်ကလေးတစ်ကွင်းကိုသာ ခပ်ရှင်းရှင်း ဝတ်ထားသည်။ ဘယ်ဘက်လက်မှာ ရွှေရောင် နာရီသေးသေးလေး တစ်လုံးကလွဲရင် တခြား ဘာလက်ဝတ်ရတနာကိုမှ များများစားစား ဝတ်ဆင်တတ်သူ မဟုတ်ချေ ...။

ရွှေကနုတ်သည် အဖြူရောင် လက်ကိုင်အိတ်လေးကို လက်မှာချိတ်လျက် ပုံဆွဲစာအုပ် တစ်အုပ်ကို ရင်မှာပွေ့ကိုင်ကာ ဆိုင်ထဲသို့ လျှောက်ဝင်လာနေပါသည်။ ဒေါက် သိပ်မမြင့်လှသော ပုံစံရိုးရှင်းသည့် အဖြူရောင် ဖိနပ်ကလေးကို စီးကာ ခပ်မှန်မှန်ကလေး လှမ်းလာပုံမှာ တမင် ဟိတ်ဟန်ထုတ်ထားတာ မဟုတ်သော်လည်း သူ့အလိုလို ဝံ့ထည် စတိုင်လ်ကျ၍နေလေသည်။

ရွှေကနုတ်ရဲ့ နောက်မှာတော့ ရွှေကနုတ်၏ အမျိုးသမီး ဒရိုင်ဘာလည်း ဟုတ်၊ ကိုယ်ရံတော်ဟုလည်း ပြောလို့ရသော နီနီအောင်က ထပ်ချပ်ပါလာခဲ့သည်။ အမျိုးသမီးဆိုသော်လည်း သူမပုံစံက အမျိုးသားတစ်ယောက်လိုပင် ကြံ့ခိုင်သည်။ ပခုံးသာသာ ဆံပင်ဖြောင့်ဖြောင့်ကို နဖူးပြောင်အောင် ခပ်တင်းတင်း ဆွဲ၍ ထိပ်လည်နားမှာ စည်းထားကာ မျက်နှာလေးထောင့်ကျကျ၊ မေးရိုးပေါ်ပေါ်နှင့် ဘာမိတ်ကပ် နှုတ်ခမ်းနီမှ မလိမ်းခြယ်ဘဲ ပြောင်ရှင်းနေသော မျက်နှာက အရယ်အပြုံးနည်းသည့် မျက်နှာသေ ...။ ဟိုအရင်က မာရသွန် အပြေးသမားဖြစ်ခဲ့ဖူးသူမို့ ခန္ဓာကိုယ် အချိုးအစားက အဆီအသားနည်းနည်း ကြွက်သားများများဖြင့် တည်ဆောက်ထားသဖြင့် ကြံ့ခိုင်သန်စွမ်းပုံ ပေါ်နေပြီး မိန်းမ





ခန္ဓာကိုယ်နဲ့လည်း သိပ်မတူလှ ...။ ရှပ်အင်္ကျီအဖြူ လက်တိုကို အနက်ရောင် ဘောင်းဘီရှည်ထဲ ထည့်ဝတ်ထားကာ ခါးမှာ ခါးပတ်အမည်းကို ခပ်တင်းတင်း ပတ်ထားသည်။ ပုံစံက အလိုလိုနေရင်း အမျိုးသမီး လက်ဝှေ့သမားလိုလိုနှင့် ဖိုက်တာ ဆန်လှသည်။ နီနီအောင်ကို လုံခြုံရေးဆားဗစ် လုပ်ငန်းတစ်ခုမှ လစာကောင်းကောင်း ပေး၍ ကနုတ်အတွက် ငှားရမ်းထားခဲ့တာ ဖြစ်သည်။

ဝန်ထမ်း မိန်းကလေးတွေက နီနီအောင့် ပုံစံကို ဟားချင်ကြသော်လည်း နီနီအောင့်ရှေ့မှာတော့ ပြုံးစိစိတောင် မလုပ်ရဲချေ ...။ နီနီအောင့်လက်တွေက သန်မာလွန်းတာမို့ သူ့လက်တစ်ဖက်နှင့် ခပ်တင်းတင်း အကိုင်ခံရလျှင်တောင် အရိုးတွေ ကျိုးမတတ် ခံစားရ၍ပင်။

ကနုတ်သည် ကိုယ့်ကို လှမ်းကြည့် ပြုံးပြ ဦးညွှတ်လိုက်သော ဝန်ထမ်း မိန်းကလေးတွေကို ခေါင်းဆတ် ပြုံးပြနှုတ်ဆက်ခဲ့ပြီး မေမေ ရှိနေမည့် ဆိုင်နောက်ဘက်က ရုံးခန်းသို့ ဆက်လျှောက်လာလေသည်။ ရုံးခန်းထဲသို့ ဝင်ခါနီးမှ ကနုတ်က နီနီအောင့်ကို သတိရကာ နောက်သို့ လှည့်ကြည့်လိုက်ရင်း ...

"ဩော် ... နီနီ ... ကနုတ် ရုံးခန်းမှာ ကြာဦးမယ်၊ နီနီ အပေါ်ထပ်ခိုးက အခန်းမှာ အေးအေးဆေးဆေး သွားနားတော့လေ ...၊ ထမင်းလည်း စားလိုက်တော့ ...၊ ကနုတ် သွားစရာရှိမှ ခေါ်လိုက်မယ် ... ဟုတ်ပြီလား"

"ဟုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



နီနီအောင်က စစ်သားတွေလို 'ဟုတ်'ဟု ခပ်ပြတ်ပြတ် တစ်ချက်ပြောရင်း ဆတ်ခနဲ ခေါင်းညိတ်ကာ ချာခနဲ လှည့်ထွက်သွားတာမို့ ကနုတ်က သူ့စတိုင်လ်ကို ပြုံးမိသေးသည်။ ရိုးသား၍ အရိုင်းဆန်ကာ စကားအပို မပြောတတ်သော၊ သစ္စာရှိသော နီနီ့ကို ကနုတ်က တဖြည်းဖြည်း သဘောကျကာ သံယောဇဉ် တွယ်လာခဲ့ရသည်။ ဟိုအရင်တုန်းကတော့ နီနီ့ကို ကနုတ်က လုံးဝ သဘောမကျခဲ့ပေ...။ နီနီ့ကို မေမေ ငှားပေးစကဆို ကနုတ် စိတ်တွေ ကျဉ်းကြပ်ကာ အမြဲလို နီနီ့ကို ရန်ရှာခဲ့မိသည်။

"ဒီမှာ နီနီ...နင် ငါ့နောက်ကို တကောက်ကောက် လျှောက်မလိုက်ဘူးဆိုရင် ငါ ဘယ်လောက် ပေးရမလဲ ပြော၊ မေမေ နင့်ကို ပေးတာထက် ငါ ပိုပေးလိုက်မယ်"

ဟု ကနုတ်က ပြောတော့ နီနီက မျက်နှာသေဖြင့် ခပ်တောင့်တောင့် ရပ်နေရင်းက သစ္စာအဓိဋ္ဌာန် ရွတ်သလို သံနေသံထားမျိုးဖြင့်...

"ကျွန်မရဲ့ အလုပ်ရှင်က မမလေးရဲ့ အမေ ဒေါ်ဂန္ဓမာရွှေပါ၊ ကျွန်မရဲ့ အလုပ်က အလုပ်ရှင်အပေါ် သစ္စာစောင့်သိပြီး ပေးအပ်ထားတဲ့ တာဝန်ကို ကျေပွန်ဖို့ပါ၊ မမလေးကို ကာကွယ်စောင့်ရှောက်ရမှာက ကျွန်မတာဝန်ပါ..."

"ကာကွယ်စောင့်ရှောက်ရအောင် ငါ့မှာ ဘာအန္တရာယ်မှ ကျရောက်မနေဘူးလေ၊ နင်ရှိနေတာ ငါ့အတွက် အပိုပဲ နီနီရဲ့..."

"အဲဒီကိစ္စကတော့ မမလေး အမေနဲ့ပဲ ပြန်ညှိလိုက်ပါ"





"ဟွန့်...ကြီးကျယ်လိုက်တာဟယ်၊ ပုံစံက သူ့ပဲ ငါက ပြန်ကြောက်ရတော့မလိုလိုပဲ..."

အဲဒီတုန်းက ကနုတ်အသက်ဟာ ၁၈ နှစ်ပဲ ရှိသေးတာမို့ သိပ်ပြီး မရင့်ကျက်လှသေးပေ...။ နီနီ့ကို မကျေနပ်တိုင်း မျက်စောင်းတွေပဲ လှိမ့်ပိမ့်ထိုးခဲ့မိသည်။ ဆောင့်အောင့်တွန်းတိုက်ခဲ့မိသည်။ နီနီ ချော်လဲအောင်၊ နီနီ အခက်တွေ့အောင် အမျိုးမျိုး ချောက်တွန်းခဲ့သည်။ နီနီ မသိအောင် ပုန်းကွယ်နေခဲ့ပြီး မေမေ နီနီ့ကို ဆူတာကို ချောင်းကြည့်ရင်း ကွယ်ရာမှာ ကျိတ်ဟားခဲ့မိသည်။ နီနီကတော့ အေးစက်စက် မျက်နှာသေကြီးနဲ့ပဲ ကနုတ် သည်းညည်းကို ခံခဲ့လေသည်။

လွတ်လွတ်လပ်လပ် နေချင်ခဲ့သော ကနုတ်က နီနီ့ကို ကနုတ်ထံမှ ပြန်ရုပ်သိမ်းပေးဖို့ အခါခါ တောင်းဆိုခဲ့မိသည်။

"မေမေရယ်...ဒီလိုလုပ်တာ ရယ်စရာ ကောင်းမနေဘူးလားဟင်၊ မေမေ့ဘာသာ ဘယ်လောက်ကြီးကျယ်တဲ့ စိန်ရွှေရတနာဆိုင်ကြီးကိုပဲ ပိုင်ပိုင် ဒီနိုင်ငံမှာတော့ ကနုတ်ကို ဘယ်သူကမှ ပြန်ပေးဆွဲမသွားပါဘူး၊ ဒီလို ကိုယ်ရံတော် ငှားတာဟာ သိပ် ဟိတ်ဟန်ထုတ် ကြွားဝါကြီးကျယ်ပြနေရာ မကျဘူးလား...၊ ကျေးဇူးပြုပြီး နီနီ့ကို ကနုတ်ဆီက ပြန်ခေါ်သွားပါ မေမေရယ်..."

"သမီးအတွက် တကယ် လိုအပ်လို့ မေမေ ခေါ်ထားပေးတာပါ သမီး၊ သမီးပဲ သေသေချာချာ စဉ်းစားကြည့်လိုက်ပါ၊ မေမေတို့ ဘယ်လောက် ချမ်းသာ ချမ်းသာ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ရှောက်ပေးမယ့် အားကိုးအားထား ပြုစရာ ယောကျ်ားသနာရယ်လို့ မေမေတို့ မိသားစုထဲမှာ မရှိတာလည်း သမီးအသိပဲ၊ သမီး အဘွားရယ်၊ မေမေရယ်၊ သမီးရယ် ... ပြေးကြည့်မှ ဒီသုံးယောက်တည်းရယ်၊ မေမေကလည်း သမီး အဖေ ဆုံးသွားကတည်းက ဒီရတနာဆိုင် လုပ်ငန်းထဲမှာပဲ နစ်နေရတာဆိုတော့ သမီးကို အနီးကပ် အဖော်ပြု စောင့်ရှောက်မပေးနိုင်ဘူး၊ ပြီးတော့ သမီးက အပေါင်းအသင်းတွေနဲ့ ပေါ်လားဝါးလား နေတတ်တဲ့ သူမျိုးလည်း မဟုတ်ဘူး၊ သမီးမှာလည်း ပြေးကြည့်မှ သူငယ်ချင်း အရင်းအချာဆိုလို့ နန္ဒနဲ့ ဇာဖြူ နှစ်ယောက်ပဲရှိတာ မဟုတ်လား ...၊ တသီးတသန့်လေး တည်တည် ငြိမ်ငြိမ် အေးအေးဆေးဆေး နေတတ်တဲ့ သမီးမှာ စိတ် အနှောင့်အယှက် တစ်စုံတစ်ရာ တွေ့မှာ၊ အရှုပ်အထွေး ပတ်သက်မှုတွေ ကြုံရမှာကို မေမေ စိုးရိမ်တယ်၊ ပြီးတော့ သမီးအလှကို အရူးအမူး စွဲလန်းနေတဲ့ ကောင်လေးတွေလည်း မေမေတို့ အသိုက်အဝန်းထဲမှာ ရှိနေတာဆိုတော့ မပြောကောင်း မဆိုကောင်း မိုက်ရူးရဲစိတ်နဲ့ သမီးကို ကား တင်ပြေးတာမျိုးတွေ ရှိလာရင် ဘယ်လိုလုပ်မလဲ ...၊ အပျို အရွယ်ကလေးတစ်ယောက်တည်း ကားတစ်စီးကို ကိုယ် တိုင်မောင်းပြီး အပြင်ထွက်ရတာနဲ့စာရင် ခုလို ကားလည်း မောင်းပေးနိုင်တဲ့ စောင့်ရှောက်သူတစ်ယောက်နဲ့ သွားတာ ကို မေမေ ပိုစိတ်ချလို့ပါ သမီးရယ် ..."





မေမေ့ အကြောင်းပြချက်က ခိုင်လုံနေတာမို့ ကနုတ်က မငြင်းတော့ဘဲ နီနီ့ကို အသာတကြည် လက်ခံအဖော်ပြုခဲ့တာ ဖြစ်သည်။ ခုချိန်မှာတော့ နီနီ့ရဲ့ အေးစက်စက် မျက်နှာကြီးထက်ဆီက မျက်ဝန်းကျဉ်းကျဉ်းကလေးတွေထဲမှာ ကနုတ်အပေါ် ထားရှိတဲ့ သံယောဇဉ် အငွေ့အသက်ကို ခံစားမိပြီမို့ ကနုတ်ကလည်း နီနီ့အပေါ် အစစအရာရာ ယုံကြည်စိတ်ချလေသည်။

ကနုတ်သည် ရုံးခန်းတံခါးကို ဖွင့်၍ ရုံးခန်းထဲသို့ ဝင်လာခဲ့သောအခါ စားပွဲပေါ်မှာ ထိုင်၍ မှန်ဘီလူးလေးဖြင့် စိန်ကြည့်နေသော မေမေက ကနုတ်ကို မော့ကြည့်လိုက်ရင်း ...

"သမီး ... အစောကြီးပါလား၊ ညက လက်ဝတ်ရတနာ ဒီဇိုင်းတွေ ဆွဲနေတာ ညဉ့်နက်မှ အိပ်ရတယ် မဟုတ်လား၊ မေမေ ညက သမီးအခန်းဝကို ရောက်သေးတယ်၊ သမီး စိတ်ဝင်တစား ပုံဆွဲနေတာတွေ့တာနဲ့ မခေါ်တော့ဘဲ ပြန်ထွက်လာခဲ့တာ ...၊ အိပ်ရေးဝဝအိပ်ပြီးမှ လာခဲ့ရောပေါ့ သမီးရယ် ..."

"သမီး အိပ်ရေးဝပါတယ် မေမေ၊ မေမေ့ကို သမီး ဆွဲထားတဲ့ ပုံလေးတွေ ပြချင်တာနဲ့ စောစော ထွက်လာခဲ့တာ ...၊ ဒီမှာကြည့်ပါဦး မေမေ ... သမီး ဆွဲထားတာတွေ လှရဲ့လား ..."

ကနုတ်က မေမေ့ ဆောကနံမှာ ဝင်ထိုင်လိုက်ပြီး ပုံဆွဲစာအုပ်ကို စားပွဲပေါ်မှာချ၍ တစ်ရွက်ချင်း ခပ်ဖြည်းဖြည်း လှန်လျှောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးက ပုံရိုးတယ်လို့ ထင်ရပေမယ့် တော်ဝင်ဆန်ဆန် ပုံစံမျိုးလေး တစ်ဆင်စာပါ မေမေ ...၊ လက်စွပ်၊ နားကပ်၊ လက်ကောက်၊ လည်ဆွဲ တစ်ဆင်စာလုံး ဝတ်လိုက်ရင် အဆင့် မြင့်မြင့်လေး အရမ်းလှမှာပါ၊ ဒါက လူငယ် အကြိုက် ပါးပါးသေးသေး ဖန်စီလေးဖြစ်အောင် ဆွဲထား တာပါ၊ မေမေ ကြိုက်ရဲ့လား"

မေမေက ကနုတ်ဆွဲထားသည့် ဒီဇိုင်းတွေကို သေ သေချာချာ ကြည့်လိုက်ပြီး ...

"နှစ်ခုစလုံး ကြိုက်တယ် သမီး ...၊ ဒီဇိုင်းလေးတွေက ထူးခြားဆန်းသစ်တယ်၊ မေ့ သမီးက ဒီဇိုင်းဆွဲတဲ့နေရာမှာ တော့ တကယ့် ပါရမီရှင်ပဲ၊ ဒီပုံတွေကို ညနေကျရင် မေမေတို့ ပန်းတိမ် အလုပ်ရုံကို ပို့ပေးလိုက်တော့မယ်"

"ဒီမှာကြည့်ပါဦး မေမေ ...၊ ဒါလေးတွေက လက်ထပ် လက်စွပ် ဒီဇိုင်းလေးတွေပါ၊ အချောတော့ မသပ်ရသေး ဘူး၊ အကြမ်းဆွဲထားရုံပဲ ရှိသေးတယ် ..."

ကနုတ်က ပုံဆွဲစာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှန်လှောရင်း စိတ်ပါလက်ပါလေး ပြောပြနေလေရာ ဒေါ်ဂန္ဓမာ ရွှေက သမီး ဖြစ်သူကို ပီတိပြုံးကလေးဖြင့် ကြည့်နေလိုက်ရင်း က ...

"မေမေကတော့ အင်မတန် ကံထူးတာပဲကွယ် ..."

ကနုတ်က မိခင်ဖြစ်သူကို မော့ကြည့်လိုက်ရင်း ...





"ဘာဖြစ်လို့လဲ မေမေ ...၊ အရောင်းအဝယ်တွေ အရမ်း ကောင်းနေလို့လား ..."

မေမေက ကနုတ်ရဲ့ ခေါင်းကလေးကို ဖွဖွပုတ်လိုက် ရင်း ...

"အရောင်းအဝယ် ကောင်းတာထက် ပိုပြီး တန်ဖိုးရှိတဲ့ ကံကောင်းခြင်းမျိုးကို မေမေက ရခဲ့တာလေ ...၊ သမီး လေး လိမ္မာရေးခြားရှိတာဟာ မေမေ့အတွက်တော့ အကြီး မားဆုံး ကံကောင်းမှုတစ်ခုပဲပေါ့၊ သမီးလေးက အပင်မြင့် မှာမှ ပွင့်တဲ့ သဇင်ပန်းလေးလိုပဲ၊ တော်ဝင်တယ်၊ ပွဲတိုး တယ်၊ ဝံ့ကြွားလှပတယ်၊ အပင်မြင့်မှာ ပွင့်ပေမယ့် ကြွေ ချင်သလိုကြွေတဲ့ ခရေလိုမျိုး မဟုတ်ဘူး၊ ပြီးတော့ နှင်းဆီ လိုမျိုး ကိုယ့်ကိုယ်ကို စောင့်ရှောက် ကာကွယ်ချင်တဲ့ စိတ် ထားမျိုးလည်း ရှိတယ် ...၊

"တချို့ သူဌေးသမီးလေးတွေဆို မိဘပိုက်ဆံ ကို သုံးချင်တိုင်း သုံးပြီး နည်းအမျိုးမျိုးနဲ့ အပျော်ရှာတတ် ကြတာ၊ မေ့သမီးကတော့ မေမေ့အလုပ်အတွက် အသုံးဝင် မယ့် ပညာကို လေ့လာပြီး မေမေ့ကို ကူညီတယ်၊ မေမေ့ စီးပွားရေးကို စိတ်ဝင်စားတယ်၊ ပြီးတော့ ခုချိန်ထိလည်း သမီးရဲ့ ရည်းစားသနာကိစ္စအတွက် မေမေ မပူရသေးဘူး၊ သမီးကို စိတ်ဝင်စားကြတဲ့သူတွေ အရမ်းများပေမယ့် မေ့ သမီးကတော့ တော်ရုံ ယောကျ်ားကို ဘဝခရီးဖော်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားတဲ့ စိတ်နေမြင့်သူကလေး ဖြစ်နေတာကလည်း မေမေ့အတွက် ကံကောင်းမှု တစ်ခုပေါ့"

"ကနုတ် လိမ္မာတယ်ဆိုတာ မေမေတို့ ဆုံးမတာ တော်လို့ပါ ..."

"ဆုံးမတိုင်းလည်း နားမဝင်တဲ့ သားသမီးတွေမှ အများကြီးပါ သမီးရယ် ..."

ကနုတ်က မေမေ့ စကားကို ပြုံး၍ နားထောင်ရင်းက ကတ်တလောက် စာအုပ်လေးပေါ်မှာ ဒီဇိုင်းသစ်အတွက် လိုအပ်မည့် စိန်အလုံးရေနှင့် ရွှေချိန်ကို ချရေးလိုက်ပါသည်။

မေမေကတော့ ကနုတ်ကို စိတ်နေမြင့်သူတဲ့ ...။ တချို့ကတော့ ကနုတ်ကို မာနကြီးသူ၊ အဆင့်အတန်းခွဲခြားသူဟု မြင်ကြလေသည်။

အဲဒါဟာ ဟုတ်လေမလား။ ကနုတ်လည်း မပြောတတ်ပေ။ သေချာတာကတော့ ကနုတ်သည် တော်ရုံယောကျ်ားမျိုးကိုတော့ အထင်မကြီးတတ်ခြင်းတည်း။ အချစ်ဆိုတာ ယောကျ်ားတစ်ယောက်ဆီက ကိုယ့်ထက်သာတဲ့ တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိ အထင်ကြီး မက်မောမိခြင်းဟု ဆိုလျှင် ကနုတ်ဘဝ မှာ ခုချိန်ထိ ကနုတ် အထင်ကြီးရမည့်သူကို မတွေ့နိုင်သေးချေ။

ကနုတ်သည် အရွယ်ရောက်စကတည်းကပင် ကနုတ်မေမေရဲ့ ဆုံးမပဲ့ပြင် နားသွင်းမှုများဖြင့် ကြီးပြင်းလာခဲ့ရသူ ဖြစ်သည်။ ကနုတ်ရဲ့ ဗီဇကြောင့်လား၊ မေမေ့ရဲ့ သွန်သင်မှု ကြောင့်လား ... နှစ်ခုစလုံးကြောင့်လားတော့ မသိ၊ ကနုတ်သည် ကိုယ်





ကိုယ်ကိုယ် တန်ဖိုးထားမှု မြင့်မားသော မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့သည်။ ကိုယ့်တန်ဖိုးထက် ပိုမြင့်သော ယောကျ်ား တစ်ယောက်ကို မတွေ့သရွေ့ ကနုတ်ရင်ထဲက အချစ်က ပေါ်ထွက်လာမည် မဟုတ်၊ တော်ရုံလူအတွက် စိတ်လှုပ်ရှားတတ်မှာလည်း မဟုတ်ချေ။

ပြီးတော့ ... ကနုတ်တစ်ယောက်တည်းကိုသာ ပြောပြခဲ့သော မေမေ့ရဲ့ လျှို့ဝှက်ချက်ကလည်း ကနုတ်စိတ်ကို သြဇာကြီးစွာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခဲ့သေးသည်။

"မေမေ့ ခံစားချက်ကို သမီးကို ပထမဦးဆုံး ရင်ဖွင့်တာပါ သမီး ...၊ သမီး အရွယ်ရောက်လာတဲ့ တစ်နေ့ကျရင် ပြောပြမယ်လို့လည်း မေမေ ဆုံးဖြတ်ထားခဲ့တာပါ ...၊

"အများအမြင်မှာတော့ မေမေဟာ အိမ်ထောင်ရေး ကံကောင်းတဲ့သူ တစ်ယောက်ပေါ့ ...၊ သမီး ဖေဖေက မေမေ့ကို သိပ်ကို ချစ်မြတ်နိုးခဲ့တာကိုး ...၊ မေမေကလည်း အဲဒီ ချစ်ခင် ယုယမှုတစ်ခုတည်းမှာပဲ အခိုက်အတန့် ကျဆုံးခဲ့ပြီး တခြား ဘာမှမစဉ်းစားဘဲ သမီး ဖေဖေကို လက်ထပ်ခဲ့တယ်လေ ...၊

"တကယ်တမ်းကျတော့ အိမ်ထောင်ရေးမှာ အချစ်အပြင် တခြား အရေးတကြီး လိုအပ်တဲ့ အရာတွေ အများကြီးပဲ သမီး၊ ယောကျ်ားတစ်ယောက်ဟာ သူယူထားတဲ့ မိန်းမရဲ့ အဆင့်အတန်းနဲ့ ညီတဲ့ ငွေကြေးကို ရှာနိုင်သူလည်း ဖြစ်ရမယ်၊ ဉာဏ်ပညာ အတွေးအခေါ် ထက်



www.burmeseclassic.com

www.burmeseclassic.com



မြက်ပြီး အရေးကြုံရင် မိသားစုအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ပိုင်ပိုင်နိုင်နိုင် ချပေးတတ်သူလည်း ဖြစ်ရမယ်၊ ကိုယ့်မိသားစုမှာ စိတ်အားငယ်နေတဲ့ အချိန်တွေမှာ စိတ်ခွန်အား ပေးနိုင်သူလည်း ဖြစ်ရမယ်၊ မိန်းမဆိုတာ ဘယ်လောက်တော်တော် ကိုယ့်ယောကျ်ားရဲ့ စိတ်အရည်အချင်း၊ လူအရည်အချင်း၊ ပညာနဲ့ ဥစ္စာဓန အရည်အချင်းတွေကို မှီခိုရှင်သန်ခွင့်ရမှ စိတ်လုံခြုံမှုရှိတာ သမီးရဲ့ ...၊

"မေမေဟာ သမီး ဖေဖေနဲ့ ပေါင်းသင်းနေထိုင်တဲ့ ကာလတစ်လျှောက်လုံး ကိုယ့်မိသားစုမှာ အခက်အခဲကြီးကြီးမားမား ကြုံရင် ဘယ်သူ့ကို ပြေးပြီး အကူအညီတောင်းရပါ့မလဲ၊ ကူညီမယ့်သူ မရှိရင် ငါတို့တော့ ဒုက္ခရောက်ပါပြီဆိုတဲ့ မလုံခြုံစိတ်နဲ့ နေလာခဲ့ရတယ်၊ ကိုယ့်ယောကျ်ားကို အားကိုးလို့ မရပါလားဆိုတဲ့ စိတ်လောက် မိန်းမတွေကို အားယုတ်စေတာ မရှိတော့ဘူး သမီး ...၊

"သမီး အဖေဘက်က ကြည့်ရင်လည်း သူ မရှာဖွေနိုင်တဲ့အတွက် ... သူ ဦးမဆောင်နိုင်တဲ့အတွက် အင့်စိတ် ဝင်လာတယ်၊ မေမေက ရိုးရိုးသားသား တစ်ခုခု ပြောလိုက်ရင်တောင် သူ့ကို နှိမ်တာလားလို့ ထင်တယ်၊ ယောကျ်ားဆိုတာ သူ့တို့ထက် ညံ့တဲ့ မိန်းမက သူတို့ကို လေသံမာမာပြောရင်သာ သနား သည်းခံ ချော့မော့ချင်ကြတာ၊ သူတို့ထက်သာတဲ့ မိန်းမကများ လေသံမာမာ မပြော





လိုက်နဲ့ ထောင်းခနဲ ဒေါသဖြစ်ပြီသာ မှတ်၊ သူတို့ကို ကျော်တယ် နှိမ်တယ်လို့ ယူဆပြီသာမှတ် ...၊

"ဒီလိုနဲ့ပဲ မေမေနဲ့ သမီး ဖေဖေဟာ တစ်အိမ်တည်းနေရင်း စိတ်ချင်း တဖြည်းဖြည်း ဝေးကွာသွားခဲ့ကြရတယ်၊ အေးစက်စက်နဲ့ နွေးထွေးမှု မရှိတဲ့ အိမ်ထောင်ရေးဘဝမှာ မေမေ နေခဲ့ရတယ်၊ သမီး အဘွား မေမေ့ အမေက အရင်းအနှီး ထုတ်ပေးလို့ ဒီရွှေဆိုင်လုပ်ငန်းကို စတင်ပြီး အောင်မြင်လာတဲ့အချိန်မှာ သမီးဖေဖေက အသည်းကင်ဆာနဲ့ ဆုံးတယ် ...၊

"အများကတော့ မေမေတို့ အိမ်ထောင်ရေးရဲ့ လျှို့ဝှက်ချက်ကို မသိခဲ့ကြပါဘူး၊ မေမေကလည်း ခပ်ပြုံးပြုံးပဲ၊ အိမ်ထောင်ရေး အဆင်ပြေသယောင် ဟန်ဆောင်ကောင်းခဲ့တယ်လေ၊ မိန်းမတစ်ယောက်အတွက် အိမ်ထောင်ရေး အဆင်ပြေခြင်းဆိုတာဟာလည်း ဂုဏ်ဒြပ်တစ်ခု ဖြစ်ခဲ့တာကိုး ...၊

"မေမေဟာ အပြင်ပန်း ဂုဏ်မပျက်ခဲ့ပေမယ့် ရင်ထဲမှာတော့ ပျော်ရွှင်မှုတွေ ပျက်စီးပြီး နေလာခဲ့ရတယ် သမီး ...၊

"သမီး ချစ်သူထားတဲ့အခါ၊ အိမ်ထောင်ပြုတဲ့အခါ ဆင်ခြင်သင့်တာ ဆင်ခြင်ရအောင်သာ သမီးကို ဒီအကြောင်းတွေ မေမေ ပြောပြရတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီစကားတွေကို မေမေ ပြောခဲ့တုန်းက ကနုတ် အသက်က ၁၈ နှစ်သာ ရှိသေးသည်။ အဲ့ဒီအချိန်ကစလို့ မေမေ့ စကားတွေဟာ ကနုတ် အသည်းထဲထိ စွဲထင့်စူးနစ်နေခဲ့တာဖြစ် သည်။ ငယ်စိတ် ငယ်မာန်ကလေး ရှိသော ကနုတ်ဟာ ကနုတ် ထက် နိမ့်ပါးတဲ့ ယောကျ်ားမျိုးဆို လှည့်လို့တောင် မကြည့်ခဲ့ ကနုတ်ရဲ့ အသည်းနှလုံးဟာလည်း အမာစားကလေး ဖြစ်ခဲ့ရလေ သည်။

"တီ တီ ... တူ တူ ..."

ကနုတ်ရဲ့ လက်ကိုင်အိတ်ထဲက ဖုန်းမြည်သံ ကြား ရသောအခါ ကနုတ်က အိတ်ထဲက ဖုန်းကို လှမ်းနှိုက်ယူလိုက် ပါသည်။

ဇာဖြူ့ နံပါတ် ပေါ်နေတာမို့ ကနုတ်က ဖုန်းကိုင် လိုက်၏။

"ပြော ... ဇာဖြူ"

"နင် ဘယ်မှာလဲ ... ကနုတ်"

"ဆိုင်မှာ ..."

"ငါ့အိမ်ကို ခဏထွက်လာလို့ ရလား"

"ဘာကိစ္စ ပေါ်လို့လဲ ..."

"နန္ဒီ့ ကိစ္စပေါ့ ..."

"နန္ဒီ ဘာဖြစ်လို့လဲ ..."

"ဖော်သော့ကို လက်ခံလိုက်ပြီတဲ့ ..."

"ဘုရားရေ ... တကယ်လား"





"အေး ... ငါပြောတာ ဘယ်လိုမှ ပြောမရဘူး၊ နင်လာ ပြောဦး"

"ငါ အခုလာခဲ့မယ်၊ သူ့ကို ပြန်မသွားစေနဲ့ဦး"

"အေးပါ၊ နင်သာ မြန်မြန်လာ ..."

ဇာဖြူနှင့် ဖုန်းပြောပြီးတာနှင့် ကနုတ်က ကနုတ်ရဲ့ ပုံဆွဲစာအုပ်လေးကို ပြန်ပိတ်လိုက်ရင်း ...

"မေမေ ... သမီး ဇာဖြူတို့အိမ် ခဏသွားလိုက်ချင်တယ်၊ ဆိုင်မှာ သမီး အရေးတကြီးလုပ်စရာ ဘာအလုပ်ရှိသေးလဲ"

"မရှိဘူး သမီး၊ အေးအေးဆေးဆေး သွားပါ၊ ညနေနောက် ကျရင် အိမ်ကိုပဲ တန်းပြန်လိုက်တော့လေ၊ ဆိုင်ကို မလာ ခဲ့နဲ့တော့ ..."

"ဟုတ်ကဲ့ ... မေမေ"

ကနုတ်က ခေါင်းညိတ်လိုက်ရင်း နီနီ ကိုင်ထား သည့် ဖုန်းကို လှမ်းခေါ်လိုက်သည်။

"နီနီ ... ဇာဖြူတို့အိမ် သွားမယ်၊ လာခဲ့တော့ ..."

"ဟုတ် ..."

နီနီက ဆိုင်အပေါ်ထပ် ထပ်ခိုးပေါ်မှ ဆင်း၍ ကား ဆီ လျှောက်သွားချိန်မှာ ကနုတ်ကလည်း မေမေ့ရုံးခန်းထဲမှ ပြန် ထွက်လာပြီး ကားဆီသို့ လျှောက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

❤ ❤ ❤

ဇာဖြူတို့ အိမ်ရှေ့၌ ကနုတ်တို့ ကားရပ်မိချိန်တွင် ဇာဖြူ၏ အဒေါ်ဝမ်းကွဲတော်သူ အန်တီအေးက အိမ်ရှေ့သို့ ထွက်ကြိုကာ ...

"လာ ... ကနုတ်၊ ကနုတ် လာမယ်လို့ ဇာဖြူ ပြောထားလို့ အန်တီအေး ထွက်မျှော်နေတာ၊ အပေါ်ထပ်သာ တက်သွားပေတော့၊ နန္ဒီရော ဇာဖြူရော ဇာဖြူ့အခန်းထဲမှာ၊ နီနီလည်း လာလေ၊ အန်တီအေးနဲ့ အပျင်းပြေ ကစားရအောင် ..."

အန်တီအေးကတော့ နီနီ့ကို တွေ့တိုင်း ပျော်နေတတ်သည်။ ကနုတ်ကို စောင့်ရင်း နီနီနှင့်အတူ ပိုကာဆွဲရလို့ ဖြစ်သည်။

ကနုတ်သည် ဇာဖြူ့အခန်းရှိရာ အပေါ်ထပ်သို့တက်သည့် လှေကားဆီသို့ လျှောက်လာခဲ့သည်။





ဇာဖြူတို့အိမ်ကလည်း ကနုတ်တို့ အိမ်လိုပဲ ကြီးမားခမ်းနားသည်။ ကနုတ်၊ ဇာဖြူနှင့် နန္ဒီတို့ မိဘများရဲ့ ချမ်းသာကြွယ်ဝမှုကလည်း သိပ်မကွာခြားလှပေ ...။

ဇာဖြူ့ မိဘများ ပိုင်ဆိုင်သော ဟိုတယ်များက ချောင်းသာ၊ ရန်ကုန်နှင့် နေပြည်တော်မှာ ရှိသည်။ ဇာဖြူကတော့ ရန်ကုန်ရုံးချုပ်မှာ ဝင်အလုပ်လုပ်ရင်း ခရီးသွားလုပ်ငန်းဘက်ကို တာဝန်ယူနေသည်။

နန္ဒီ့ အဖေကတော့ လေယာဉ်ကပ္ပတိန်ဖြစ်ပြီး နန္ဒီ့မေမေက အထူးကုဆေးရုံတစ်ခု တည်ထောင်ထားသော အထူးကုဆရာဝန်မကြီး ဖြစ်သည်။ နန္ဒီတစ်ယောက်ကတော့ အမေ့လုပ်ငန်းထဲဝင်ဖို့လည်း စိတ်မပါလှဘဲ မော်ဒယ်လ်သင်တန်းလေး တက်လိုက်၊ အကသင်တန်း တက်လိုက်ဖြင့် အနုပညာပိုးကလေး ပါသူဖြစ်လေသည်။

ကနုတ်သည် အပေါ်ထပ်သို့ တက်လာပြီး ဇာဖြူ့အခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ အတွင်းမှ အဲကွန်း၏ အအေးဓာတ်နှင့်အတူ တီဗီသံသဲ့သဲ့ကို ကြားရသည်။

အခန်းထဲ၌ တီဗီသံမှ လွဲ၍ တိတ်ဆိတ်နေသည်။ ဇာဖြူကတော့ စိတ်ရှုပ်နေသော မျက်နှာဖြင့် ခုတင်ပေါ်မှာ ထိုင်နေပြီး နန္ဒီကတော့ တီဗီရှေ့ ဆိုဖာပေါ်မှာ ဘယ်သူ ဘာပြောပြော နောက်မဆုတ်ဘူးဟု စစ်ကြေညာထားသော မျက်နှာထားဖြင့် ထိုင်နေလေသည်။

"ဇာဖြူ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ကနုတ်၊ နင်လာမှပဲ ငါ့ဘက်က စစ်ကူရမှာမို့လို့ ဒီခေါင်းမာတဲ့ မိန်းမကို အနားထားပြီး နင့်ကို ထိုင်စောင့်နေရတာ ..."

ကနုတ်က သက်ပြင်းချကာ နန္ဒီ့ဘေး ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်း ...

"နန္ဒီ ... နင်တကယ်လား"

"တကယ်ပေါ့၊ ငါ သူ့ကို ချစ်တယ်"

"နင် ဘယ်လိုဖြစ်သွားတာလဲ နန္ဒီရယ် ..."

"ငါက ဘာကို ဘယ်လိုဖြစ်ရမှာလဲ၊ ငါ ခံစားရသလို တုံ့ပြန်တာလေ"

"ကဲ ... ထားပါတော့၊ ဒါဆို တစ်ခု ထပ်မေးမယ်၊ နင် ဇေသော်နဲ့ သမီးရည်းစား အနေအထားမှာပဲ ရပ်တန့်မယ် မဟုတ်လား"

"နီး ... ၊ လက်ထပ်မှာ ..."

"နင် လဲသေလိုက်ပေါ့"

"အဟက် ..."

နန္ဒီက လှောင်သလို တစ်ချက်ရယ်လိုက်ရင်း ...

"နင်တို့ နှစ်ယောက်ကိုလည်း ငါပြန်မေးပါရစေ ... ၊ ငါနဲ့ ဇေသော်ကို ဘာဖြစ်လို့ ဒီလောက် ခါးခါးသီးသီး တားမြစ်နေကြတာလဲ"

"နင့်အတွက် စိုးရိမ်လို့ပေါ့၊ နင့်ဘဝ နစ်မွန်းမှာ စိုးလို့ပေါ့ ..."





"ဇေသော်နဲ့ လက်ထပ်ရင် ငါ့ဘဝ နစ်မွန်းမယ်လို့ နင် ဘာ့ကြောင့် ပြောနိုင်ရတာလဲ ..."

"ဇေသော်နဲ့ နင်နဲ့ တန်လို့လား ..."

"လူလူချင်း မတူဘူး မတန်ဘူးဆိုတာ ရှိလို့လား"

"သိပ်ရှိတာပေါ့ နန္ဒီ ... ၊ လူတွေရဲ့ ဘဝဆိုတာ အဆင့်အတန်း အမျိုးမျိုး ကွဲပြားနေတာပဲ၊ ကိုယ့်အဆင့်ကို ကိုယ်သိပြီး ကိုယ့်အဆင့်အတန်းနဲ့ လိုက်ဖက်ထိုက်တန်တဲ့ အိမ်ထောင်ဘက်ကို ရွေးချယ်တတ်ရမှာပေါ့ ... ၊

"ယောကျ်ားတွေပေါ်မှာ အဆင့်အတန်း ခွဲသင့်ရင်ခွဲရတယ် နန္ဒီ ... ၊ သိပ်ချမ်းသာ ပညာတတ်တဲ့ မိန်းမတစ်ယောက်က အခြေအမြစ်မရှိ လေလွင့်နိမ့်ပါးနေတဲ့ ယောကျ်ားမျိုးကို လက်မထပ်သင့်ဘူးဆိုတာ ဦးနှောက်ရှိတဲ့ ဆင်ခြင်တုံတရားရှိတဲ့ မိန်းမတိုင်း နားလည်တယ်"

"ဇေသော်က အခြေအမြစ်မရှိ လေလွင့်နေတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး ကနုတ် ..."

"ဒါပေမယ့် နင့်ဘဝထက်တော့ အများကြီး ကွာဟနိမ့်ပါးတယ် မဟုတ်လား၊ နင့်ဘဝက မိုးလောက်ကြီး မြင့်ပြီး သူ့ဘဝက အောက်ခြေအဆင့်ထက် နည်းနည်းလေးပဲ မြင့်တယ်ဆိုတာ နင်နားလည်မှာပါ၊ နင်က မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလာတဲ့ လူမျိုး ... ၊ ပိုက်ဆံရော ပညာရာထူးနေရာပါ မြင့်မားတဲ့ အသိုက်အဝန်းကြားမှာ ကြည်



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါဝါ ကြီးပြင်းလာခဲ့ရတာ၊ ငါတို့ သုံးယောက်လုံး နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး ပြန်လာကတည်းက ကိုယ့်မိဘအလုပ်မှာ ကူညီပေးဖို့ ဆုံးဖြတ်ထားခဲ့ကြတယ် လေ၊ နင်က ချက်ချင်း အလုပ်မလုပ်သေးဘဲ နင်ဝါသနာ ပါတဲ့ အကသင်တန်း တက်မယ်ဆိုတော့လည်း နင့်မိဘက အလိုလိုက်ထားခဲ့တာပဲ ...၊ သင်တန်းတက်ရင်း အဲ့ဒီက ကချေသည် တစ်ယောက်နဲ့ အတည်ပေါက်ကြီး ငြိလာတာ ကတော့ နင် လွန်တာပဲဟာ ...”

“dancer ပါ၊ ကချေသည်လို့ မပြောစမ်းပါနဲ့ ...”

“ဘာထူးလဲ၊ အတူတူပါပဲ ...၊ ဒန်ဆာကိုများ ဘာအထင် ကြီးစရာ ရှိလို့လဲ နန္ဒီရယ် ...”

“နင် သူများအသက်မွေးဝမ်းကျောင်း၊ သူများဝါသနာကို မပုတ်ခတ် မနှိမ့်ချပါနဲ့ ကနုတ်၊ နင်က ရတနာ ရွှေဆိုင် ပိုင်ရှင်သမီး ဖြစ်လို့ ရတနာပစ္စည်း ဒီဇိုင်းဆွဲတယ်၊ သူ လည်း သူ့ဝါသနာပါတဲ့ အက ကတယ်၊ အဲ့ဒါ ဘာဖြစ်လဲ၊ ဘာကွာခြားလို့လဲ ...”

“ကျွတ် ... ပြောရခက်လိုက်တာဟာ၊ ဓာဖြူ လာကူပြော စမ်းပါဟယ် ...”

“ငါ အာပေါက်မတတ် ပြောပြီးပြီ၊ မနိုင်လို့ နင့်လှမ်းခေါ် လိုက်ရတာ ...”

ဓာဖြူက လက်ခါပြရင်း ကျောခိုင်းနေသည်။ ကနုတ်





က နန္ဒီ့ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေမိသည်။ နန္ဒီဟာ ရုပ်ချော၊ ပညာတတ်၊ ချမ်းသာ၊ ဘာဆိုဘာမှ လိုအပ်ချက်မရှိ အောင် ပြည့်စုံသည့်သူ။ ဇေသော်ဆိုတာက ပါချီပါချက် အက သမား ...။ နယ်က လာပြီး ရန်ကုန်မှာ တိုက်ခန်းငှားနေသူ ...။ ခိုင်မာတောင့်တင်းသည့် အသက်မွေးဝမ်းကျောင်းလည်း မရှိ ...။ ဒီလို ကိုယ်ကငုံ့ကြည့်ရမယ့် ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ ကို ဘာ့ကြောင့် ဖွတ်ဝင်ချင်ရသလဲဆိုတာ ကနုတ်တော့ နား မလည်ပေ။

အခန်းထဲမှာ ခေတ္တခဏ တိတ်ဆိတ်နေခဲ့သည်။ ကနုတ်သည်လည်း ဘာပြောရမှန်းမသိလို့ တိတ်ဆိတ်နေခဲ့မိသည်။

ထိုအခိုက်မှာ ဖွင့်ထားသော တီဗီဆီက အင်တာဗျူး မေးဖြေသည့် အသံက တိတ်ဆိတ်သော အခန်းထဲမှာ သတိပြုဖွယ် ရာ ပေါ်ထွက်လာသည်။

“ခင်ဗျား ဘာလို့ ကသလဲ ...”

“ချစ်လို့ ...”

“... ...”

“အကကို ချစ်လို့ဗျ၊ ဘယ်သူမဆို ကိုယ်လုပ်တဲ့အလုပ်ကို ချစ်မှ၊ ကိုယ့်အလုပ်နဲ့ပတ်သက်တဲ့ အရာအားလုံးကို ချစ်မှ အောင်မြင်တာ၊ ကိုယ့်အလုပ်အပေါ်မှာ စိတ်မှန်တဲ့ စေတနာ နဲ့ ရိုးသားမှု မရှိတော့တဲ့နေ့၊ ကိုယ့်အလုပ်ကို မချစ်တော့ တဲ့ နေ့ဟာ အဲ့ဒီလူ ကျဆုံးသွားတဲ့ နေ့ပဲ ...”

နန္ဒီက ထိုအသံကို စကြားကတည်းကပင် တီဗီဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ချာခနဲလှည့်ကြည့်လိုက်ပြီး စားပွဲပေါ်က ရီမုကို လှမ်းယူကာ ခလုတ်ကို နှိပ်လိုက်သဖြင့် အသံကို ပို၍ ပီပြင်ပြတ်သားစွာ ကြားနေရသည်။

“ခင်ဗျား ပျော်ရင် ဘာလုပ်သလဲ”

“ကတယ် ...”

“ခင်ဗျား စိတ်ညစ်ရင် ဘာလုပ်သလဲ”

“ကတယ် ...”

အင်တာဗျူး ဖြေဆိုသူဟာ dancer တစ်ယောက် ဖြစ်ပုံရသည်။ ဧဒေသော်မဟုတ်တာတော့ သေချာသည်။ နန္ဒီက တော့ ထိုအင်တာဗျူးကို စိတ်ဝင်တစား စူးစိုက်ကြည့်နေလေသည်။

“အဲ့ဒါ ဧဒေသော်တို့ အဖွဲ့က ဆရာကြီးပေါ့၊ dancer နေတဲ့၊ အဲ့ဒါကြောင့် သူ အဲ့ဒီလောက် စိတ်ဝင်စားနေတာ”

ဇာဖြူက လှမ်းပြောသည်။

ကနုတ်သည် မျက်မှောင်ကြုတ်လျက် တီဗီဆီသို့ လှမ်းကြည့်မိသည်။ အို ... ပုံစံက ထောင့်မကျိုးလိုက်တာ။ ကနုတ်သည် နန္ဒီ့ကိစ္စကြောင့်လားတော့ မသိ၊ သူ့ကို မြင်မြင်ချင်း ကြည့်မရချင်ပေ ...။ လက်ဖျံက တက်တူး ...။ ခေါင်းပေါ်က ဆံပင်ကအစ ကနုတ် ကြည့်မရ။ ပြောဆိုနေတဲ့ စတိုင်လ်က လူကြီးလူကောင်း မဆန်၊ အဆင့်မမြင့်ဟု ထင်သည်။ ဝတ်ထားတဲ့ ဂျင်းဘောင်းဘီကလည်း အပြဲဒီဇိုင်း ...။ လှစ်ခနဲ အပြုံးနဲ့ ကင်မရာဘက်သို့ တစ်ချက်တစ်ချက် ကြည့်လိုက်တဲ့ စူးရှရှအကြည့်။ သူဟာ စတိုင်လ်ထုတ် ပဲများကာ လူ့အထင်ကြီးအောင် လျှောက်





ပြောနေတဲ့သူပဲဟု ကနုတ်က ခပ်ကြမ်းကြမ်းလေး မှတ်ချက်ချပစ်လိုက်သည်။

“အကက ခင်ဗျားဘဝကို ဘယ်နှရာခိုင်နှုန်းလောက်အထိ လွှမ်းမိုးထားလဲ”

“တစ်ဘဝလုံးနီးပါးကို လွှမ်းမိုးတယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝမှာ ဘယ်လိုအဖြစ်အပျက်တွေ၊ အကြောင်းအရာတွေ ပေါ်ပေါက်လာဦးမယ်ဆိုတာ ကျွန်တော် ကြိုမသိနိုင်ဘူးလေ၊ နောက်ထပ်ပေါ်ပေါက်လာမယ့် အရာတွေက ကျွန်တော့်ဘဝကို ဘယ်လိုလွှမ်းမိုးမလဲဆိုတာကတော့ ကံတရားရဲ့ အလိုတော်အတိုင်းပဲ ...”

ကနုတ်သည် ထိုအင်တာဗျူးကို အမှတ်တမဲ့ ကြည့်နေလိုက်ပြီးမှ နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် လွန့်၍ မဲ့ပြုံးကလေး ပြုံးလိုက်ရင်း နန္ဒီ့ရှေ့မှာ ချထားသည့် ရီမုကို လှမ်းယူကာ တီဗီကို လှမ်းပိတ်ပစ်လိုက်လေသည်။

“ကနုတ် ... နင် ဒါဘာလုပ်တာလဲ”

“ကြည့်မရတော့လို့ ပိတ်ပစ်လိုက်တာလေ၊ အလကား လူ အထင်ကြီးအောင် ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတာကို အဟုတ်မှတ်ပြီး နားထောင်မနေနဲ့ ...”

“နင် လူတစ်ယောက်အကြောင်း မသိဘဲ ရမ်းမပြောနဲ့ ကနုတ် ...၊ ခု ပြောသွားတာတွေဟာ သူ့စိတ်ရင်းအတိုင်း ပဲလို့ ငါကတော့ ယုံကြည်တယ်၊ ကိုနေက အကအပေါ် အရမ်းရူးသွပ်ခုံမင်တယ်၊ သူ့အဖွဲ့သားတွေအပေါ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းငဲ့ညှာတယ်၊ ခေါင်းဆောင်ပီသတယ်၊ စိတ်ရင်းကောင်းသလို အတွေးအခေါ် စူးစူးရှရှနဲ့ ထက်မြက်တဲ့သူ တစ်ယောက်ပဲ …၊ သော် ဆို သူ့ကို အရမ်းလေးစားတာ၊ ငါလည်း သူ့ကို လေးစားတယ်"

"နင်က ဘာမဟုတ်တဲ့ လူတစ်ယောက်ကိုလည်း လေးစားတတ်တာပဲလား နန္ဒီ …"

ကနုတ်က မဲ့ပြုံးကလေးဖြင့် ပြောလေရာ နန္ဒီက ကနုတ်ကို စိုက်ကြည့်နေလိုက်ပြီးမှ …

"ကနုတ် နင် အရမ်းလွန်တယ်ဟာ၊ တခါတုန်းကလည်း ငါနဲ့ သော်ကို ကန့်ကွက်ပေမယ့် နင့်လောက် စကားလုံးပြင်းပြင်း ထန်ထန်တွေ သုံးပြီး သူများကို မပုတ်ခတ်ဘူး …၊

"နင့်ကို ငါ ဝေဖန်ရရင် နင်က သိပ် proud ဖြစ်လွန်းတယ်၊ နင့်ကိုယ်နင် တန်ဖိုးထားတာ ကောင်းပေမယ့် ယောကျ်ားလေးတွေအပေါ်မှာ မတူဘူး မတန်ဘူး ဆိုတဲ့ စိတ်နဲ့ အဆင့်အတန်းခွဲတာတော့ မကောင်းဘူး …၊

"နင် မချစ်တတ်သေးလို့ ကိုယ်ချင်းမစာနိုင်တာပါ၊ ချစ်တတ်လာတဲ့ တစ်နေ့ကျမှ နင် သိလာလိမ့်မယ်၊ တစ်ခါတစ်ခါကျတော့ ချစ်စိတ်ဟာ အဆင့်အတန်း မညီမျှမှုတွေကို မေ့ထားနိုင်လောက်တဲ့အထိ တန်ခိုးကြီးတယ် …"

"ငါ့အတွက်တော့ ဘယ်တော့မှ အဲ့ဒီလို ဖြစ်လာနိုင်မှာ မဟုတ်ဘူး နန္ဒီ …"





ကနုတ်က ပြတ်သားစွာ ပြောလိုက်လျှင် နန္ဒီက ကနုတ်ကို စူးစူးလေး စိုက်ကြည့်နေလိုက်ပြီးမှ ခနိုးခနဲ့လေး တစ်ချက်ပြုံးလိုက်ရင်း …

"နင့်ကို ငါ တစ်ခုလောက် မေးစမ်းပါရစေ ကနုတ် …၊ ဘယ်လိုလူမျိုးကိုမှ နင့်အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မှာလဲ၊ ဘယ်လို စိတ်ကူးထားခဲ့သလဲ …"

ကနုတ်သည် နန္ဒီ့ရဲ့ခနိုးခနဲ့အပြုံးကို ဝံ့ကြွားတောက်ပသော အပြုံးဖြင့် တုံ့ပြန်လိုက်ရင်း …

"လူနေမှုအဆင့်အတန်း၊ ရုပ်ရည်အဆင့်အတန်း၊ ပညာအဆင့်အတန်း၊ မျိုးရိုးအဆင့်အတန်း၊ ဂုဏ်သိက္ခာနဲ့ စိတ်ဓာတ်အဆင့်အတန်း အားလုံး ငါ့ထက် အစစအရာရာ သာလွန်မြင့်မားတဲ့ သူမျိုးကိုပဲ ငါ့အိမ်ထောင်ဘက်ဖြစ်စေရမယ် နန္ဒီ …"

နန္ဒီက မဲ့ပြုံးကလေး ပြုံးလိုက်ပြန်ရင်း …

"ဒါဆို … အချစ်ကရော"

"ဘာလဲ … အချစ် …"

"အချစ်ကို နင်မသိတာ သိပ်သနားစရာ ကောင်းတာပဲ၊ နင်လိုချင်တဲ့ အချက်တွေနဲ့ ပြည့်စုံတဲ့သူကို နင် မချစ်ရင် ဘယ်လိုလုပ်မလဲ …"

"ငါ ချစ်မှာပဲ …"

"ဘာ …"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ချစ်သွားမှာပဲလေ၊ အဲ့ဒီလို လူမျိုးဆိုရင် မချစ်နိုင်စရာ ဘာအကြောင်းရှိလဲ၊ ငါချစ်နိုင်တယ်"

နန္ဒီက ရယ်လိုက်ရင်း ...

"နင် အရမ်း သနားစရာကောင်းနေပြီ ကနုတ်၊ ချစ်သွားမှာပဲတဲ့၊ ချစ်နိုင်တယ်တဲ့ ပြောနေပြီဆိုကတည်းက အဲ့ဒါ အချစ်မှ မဖြစ်နိုင်တော့တာ၊ အချစ်ဆိုတာ သူ့အလိုလို ရင်ထဲက ဖြစ်လာတာ၊ ချစ်နိုင်အောင် ကြိုးစားချစ်ရတာမျိုး မဟုတ်သလို ချစ်သွားမှာပဲဆိုတဲ့ မရေရာမသေချာတဲ့ မှန်းဆမှုမျိုးလည်း မဟုတ်ဘူး၊ တကယ့် အချစ်ကို ခံစားရတဲ့သူဟာ ချစ်တယ်လို့ပဲ ပြတ်ပြတ်သားသား ပြောနိုင်တယ် ..."

"နင် ငါ့ကို ဆရာမလုပ်ပါနဲ့ ..."

"နင်လည်း အချစ်အကြောင်း မသိဘဲ ငါ့ကို ဆရာလာမလုပ်နဲ့၊ နင် ဘယ်လိုတားတား ငါ နားဝင်မှာ မဟုတ်ဘူး။ သော့်ကို ငါသိပ်ချစ်တယ်၊ သော်နဲ့ ဘယ်တော့မှ လမ်းခွဲမှာ မဟုတ်ဘူး"

"ငါ လုံးဝ သဘောမတူဘူး ..."

"သဘောမတူလည်း မတတ်နိုင်ဘူး၊ ကဲ ... ငါလည်း ပြန်တော့မယ်၊ ဇာဖြူ ငါပြန်မယ်၊ ငါက နင်တို့နဲ့ အဆင့်အတန်း မတူတဲ့သူကို ရွေးချယ်မိတဲ့အတွက် နင်တို့ပါ သိက္ခာကျတယ်လို့ ယူဆရင်လည်း ငါ့ကို နင်တို့ စွန့်လွှတ်လိုက်လို့ ရတယ် ..."





"ကြည့်စမ်း ... နန္ဒီ၊ နင် ... နင်က ငါတို့နဲ့တောင် လဲရတယ်ပေါ့လေ ..."

"ကနုတ် ..."

ကနုတ်က ခပ်ဆတ်ဆတ်လေး အော်ပစ်လိုက်တာမို့ ဇာဖြူက ကနုတ်ကိုလှမ်းခေါ်ပြီး ခေါင်းခါပြလေသည်။ ဒါ ကနုတ်ကို ဆက်မပြောတော့ဖို့ တားမြစ်လိုက်တာပေါ့ ...။

နန္ဒီက ဇာဖြူ့အခန်းထဲမှ ထွက်သွားခဲ့ပြီ။

ကနုတ်မှာတော့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ကာ ခပ်တောင့်တောင့်လေး ရပ်ရင်း ကျန်ရစ်ခဲ့သည်။ ကနုတ်ရဲ့ မျက်ဝန်းထဲမှာတော့ မျက်ရည်စတွေ ပြည့်တက်လာလေသည်။

ဇာဖြူက ကနုတ်ထံသို့ ထလာကာ ကနုတ်၏ပခုံးကို ဖွဖွလာဖက်၏။

ကနုတ်က ဇာဖြူ့ကို ငုံ့ကြည့်လိုက်ရင်း ...

"ဇာဖြူ ... သူ မှန်နေတာ၊ သူ မှန်နေတာ ..."

ဟု ကတုန်ကယင်လေး ပြောလိုက်မိလေသည်။

ဇာဖြူက ကနုတ် ပခုံးကို ဖွဖွပုတ်လိုက်ရင်း ...

"တို့တွေ ခဏတော့ စိတ်လျှော့ထားရမယ် ကနုတ် ...၊ သူ့ကိုလွှတ်ထားပေးလိုက်ပါ၊ သူလည်း ကလေးမဟုတ်ပါဘူး၊ စဉ်းစားတတ်ပါတယ်၊ ဒီကိစ္စအတွက်တော့ တို့ သူငယ်ချင်းတွေ ပြတ်တောက်သွားဖို့ မလိုပါဘူး ..."

ဇာဖြူက ဖျောင်းဖျတော့မှ ကနုတ်က သက်ပြင်းချမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက် အတွက်နဲ့ များ နန္ဒီ ဒီလိုပြောင်းလဲသွားတာ ကနုတ်ဖြင့် အံ့ဩလို့မဆုံးနိုင်ပေ။



(၄)

♥ ♥ ♥

ညနေခင်းသည် ပုစွန်ဆီရောင် တောက်ပ၍နေလေသည်။

နီနီက ကားတံခါးကို ဆွဲဖွင့်ပေးလိုက်လျှင် ကနုတ်သည် ပုစွန်ဆီရောင် ဂါဝန်ရှည်၏ အနားစလေးကို သိမ်းလျက် ကားပေါ်မှ လှမ်းဆင်းလိုက်လေသည်။

ညနေခင်း ပွဲတက်ဝတ်စုံ ဂါဝန်ရှည်ပါးပါးပျော့ပျော့လေးသည် လေတစ်ချက်အဝှေ့မှာ အနည်းငယ် လွင့်လူပ်သွား၏။ ကနုတ်၏ဆောမှ ကျော်ဖြတ်၍ ညေ့ခံပွဲကျင်းပရာ ဆီဒိုနားဟိုတယ်ရဲ့ ရေကူးကန်ဘေးသို့ လျှောက်သွားနှင့်ပြီဖြစ်သော မိန်းကလေးတချို့၏ ညနေခင်း ဝတ်စုံများက တိုပြတ်ဟိုက်လှသော်လည်း ကနုတ်ရဲ့ ဂါဝန်ရှည်ကလေးကတော့ လုံခြုံလှပေသည်။

ရှေ့နောက် လည်ပင်းပေါက်က ဆောပြပြမို့ အနည်းငယ် ဟိုက်သည်ဟု ဆိုနိုင်သော်လည်း အကျႌလက်က လက်ဖမိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထိ ဖောင်းအိပုံကျနေကာ ဂါဝန်အနားစကလည်း ခြေဖမိုးပေါ်မှာ ပုံအိနေခဲ့သည်။ ဂါဝန်ပုံက ဥရောပ အလယ်ခေတ် ပုံစံမျိုး ရိုးစင်းလှုံခြုံသည်။ သို့သော် ခါးမှာပတ်ထားသည့် ရွှေအစစ် ခါးပတ်ပြားကြီးကတော့ ရောမခေတ်ဆန်ဆန် အလွန် ဆန်းကြယ် ဝံ့ကြွားလှလေသည်။

ကနုတ်ကိုယ်တိုင် ဒီဇိုင်းရေးဆွဲပြီး ကနုတ်တို့ ရွှေပန်းတိမ်စက်ရုံက လုပ်သည့် ဒီဇိုင်းသစ်မို့ ဒီလိုခါးပတ်မျိုး တခြားမှာ ပုံတူမရှိနိုင်ပေ ...။

ဟိုက်နေသော အင်္ကျီလည်ပင်းပေါက်ကြောင့်ပင် ကနုတ်ရဲ့ ရှည်စင်းသော လည်ပင်းကလေးက ပို၍ပေါ်လွင်နေခဲ့သည်။ အဖျားကလေးတွေ ခွေလိမ်နေသော အညိုဖျော့ရောင် ဆံပင်ကိုတော့ တစောင်းမြင့်မြင့်လေး စည်းထားသဖြင့် ကနုတ်ရဲ့ ရှည်စင်းသော လည်ပင်းကလေးက ပို၍ပေါ်လွင်နေခဲ့သည်။ ပခုံးအနည်းငယ်ကားကာ လည်ပင်းကလေးရှည်မြင့်သော၊ အရပ်လည်း မြင့်မတ်သော ခန္ဓာကိုယ် အချိုးအဆက်ပေါ်မှာ ခါးပတ်ပြားကြီးကြီးကို ခပ်တင်းတင်း ပတ်ထားသဖြင့် တင်ပါးက ပို၍ စွင့်သွားကာ လှရုံလေး လုံးမို့နေသော တင်ပါးအလှက ပို၍ ပေါ်လွင်သွားခဲ့သည်။ သို့သော်လည်း ကနုတ်ရဲ့ပုံစံက ဘယ်သောအခါမှ ကလက်၍ မနေဘဲ တော်ဝင်ဆန်ဆန် လှမြဲသာတည်း။

ကနုတ်သည် ဧည့်ခံပွဲကျင်းပရာ ရေကူးကန်ဘေးသို့ မြင့်မြင့်မတ်မတ် ကျော့ကျော့လေး လှမ်းလာခဲ့လျှင် ဧည့်ပရိသတ်





အလယ်မှာ ရပ်နေခဲ့သော ကိုမိုးမြင့်နိုင်က ကနုတ်ကို လှမ်းမြင်သွားကာ ...

"ကနုတ် ..."

သူက လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။ ပြီးတော့ သူ့အနားက လူတွေကို လက်ပြ၍ ခဏထားခဲ့ကာ ကနုတ်ထံသို့ လှမ်းလာလေသည်။

"ကနုတ် ... လှလိုက်တာ ..."

"ကျေးဇူးပဲ အစ်ကို ..."

သူက ကနုတ်ရဲ့ လက်ဖျားလေးကို ကိုင်ကာ ရှေ့ဆုံးစားပွဲသို့ တယုတယလေး ဆွဲခေါ်လာသည်။

ကနုတ်တို့ ဖြတ်သန်းလာရာ မင်းလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ဧည့်ပရိသတ်များက ကနုတ်တို့နှစ်ယောက်ကို ငေးမောကြည့်ကျန်ခဲ့သည်။

"အဲ့ဒါ တော်ဝင်ဂန္ဓမာ စိန်ရွှေရတနာဆိုင်ပိုင်ရှင် သမီးလေးပေါ့၊ ကိုမိုးမြင့်နိုင်ရဲ့ သတို့သမီးလောင်းကလေးလေ ..."

"နှစ်ယောက်က အရမ်းလိုက်ဖက်တာပဲနော်"

တီးတိုးသံကလေးတွေက ကနုတ်တို့နောက်မှာ ကျန်ခဲ့သည်။ ကနုတ်သည် သူ့ရဲ့ တယုတယ ခေါ်ငင်လာခြင်းကြောင့် ကြည်နူးပျော်ရွှင်ခြင်း မဖြစ်မိသော်လည်း ဝံ့ကြွားဂုဏ်ယူခြင်းတော့ ဖြစ်မိလေသည်။ ပြီးတော့ အလွန်လိုက်ဖက်သော စုံတွဲတစ်တွဲအဖြစ် အများရဲ့ ငေးမောအားကျမှုကို ခံရသဖြင့်လည်း ကျေနပ်နှစ်သိမ့်မှုတော့ ဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က အစ်ကိုလို့ခေါ်တဲ့ … ကနုတ်ကို ညီမလို့ တစ်ခါတစ်ခါ ခေါ်တတ်တဲ့ ကိုမိုးမြင့်နိုင်ကို ကနုတ်ရဲ့ သတို့သား လောင်းအဖြစ် မကြာခင်ကမှ မေမေက ရွေးချယ်ပေးခဲ့တာ ဖြစ်သည်။

ကိုမိုးမြင့်နိုင်နဲ့ ကနုတ်ဟာ တစိမ်းကြီးတွေတော့ မဟုတ်ခဲ့ပါ။ လွန်ခဲ့သော သုံးနှစ်ခန့်က မေမေ့ မိတ်ဆွေ တစ်ယောက်ရဲ့ သား မင်္ဂလာဆောင်မှာ သူနဲ့ စတွေ့ခဲ့ရတာ ဖြစ်သည်။

ကိုမိုးမြင့်နိုင်ဟာအထူးကုဆရာဝန်ကြီးနှင့်တက္ကသိုလ် ပါမောက္ခ ဆရာမကြီးတို့၏ သား။ သူ့အဘွားက အလွန် ကြွယ်ဝ ထက်မြတ်သူတစ်ဦးဖြစ်ပြီး တစ်ဦးတည်းသော မြေးဖြစ်သူ ကိုမိုးမြင့်နိုင်အတွက် အမွေတစ်ပုံတပင် ပုံအောပေးမည့်သူပင်။ ကိုမိုးမြင့်နိုင်ကတော့ ဆေးမကုသော ဆရာဝန်တစ်ယောက် ဖြစ်ပြီး နာမည်ကြီး ဆေးပစ္စည်းများစွာကို တင်သွင်း ဖြန့်ဖြူးရောင်းချသည့် MM Medical product ကုမ္ပဏီပိုင်ရှင်လည်း ဖြစ်သည်။

သူ့အဘွားနဲ့ သူ့အမေဟာ ကနုတ်တို့ရဲ့ တော်ဝင်ဂန္ထမာမှာ အမြဲဝယ်ယူအားပေးကြသည့် ဖောက်သည်များ ဖြစ်သဖြင့် မေမေနှင့် ခင်မင်ရင်းနှီး ရှိသည်။ ပြီးတော့ သူ့အဘွား ဒေါ်စံနွယ်နှင့် ကနုတ်ရဲ့အဘွား ဒေါ်ရွှေထားတို့ကလည်း ငယ်သူငယ်ချင်းများ ဖြစ်ကြသေးသည်။ အဲဒီလို ခိုင်မာသည့် ရင်းနှီးမှု၊ ဆက်စပ်ပတ်သက်မှုတွေနှင့်အတူ ကနုတ်တို့ စတင် မိတ်ဆွေ ဖြစ်ခဲ့ကြတာပင်။





"ကနုတ် ကျေးဇူးပြုပြီး ကိုယ်နဲ့အတူ ကိတ်မုန့် ခွဲပေးပါ နော် …"

"ဟုတ်ကဲ့ … ရပါတယ် အစ်ကို"

ကိုမိုးမြင့်နိုင်က ကိတ်မုန့်တင်ထားသည့် ထိပ်ဆုံး စားပွဲရှေ့မှာ ကနုတ်နှင့် အတူရပ်လိုက်ပြီး ကနုတ်ကို ငဲ့ကြည့်ရင်း ပြောတာမို့ ကနုတ်က ခေါင်းညိတ်လိုက်သည်။

ဧည့်ပရိသတ်များ၏ အာရုံတွေက ကနုတ်တို့ထံမှာ စုပြုံကျရောက်လာသည်။

ကိုမိုးမြင့်နိုင်က အားလုံးကို လွှမ်းခြုံကြည့်လျက် ကြည်လင်စွာ ပြုံးလိုက်ရင်း …

"ဒီနေ့ဟာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ နှစ်ပတ်လည်နေ့ဖြစ်ပါတယ်၊ မင်္ဂလာရှိတဲ့ ဒီလိုနေမျိုးမှာ ကျွန်တော် တန်ဖိုးထားရတဲ့ ကျွန်တော့် သတို့သမီးလောင်းကလေးနဲ့အတူ အမှတ်တရ ကိတ်မုန့်ခွဲပြီး မိတ်ဆွေ သူငယ်ချင်းတွေ အားလုံးကို ဝေမျှကျွေးချင်ပါတယ်"

သူက ပြောရင်းကပင် ကနုတ်ကို ကြင်ကြင်နာနာလေး ငုံ့ငဲ့ကြည့်လိုက်သေးသည်။

အဲဒီနောက်တော့ လက်ခုပ်သံများ၊ ရင်းနှီးပျော်ရွှင်စွာ ရယ်မောပြောဆိုကြသော စကားသံများဖြင့် ဧည့်ခံပွဲလေးက သိုက်မြိုက်စွာ အသက်ဝင်နေတော့သည်။

သူက ကနုတ်ကိုအရိပ်တကြည့်ကြည့်ဖြင့် ဂရုတစိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလှသည်။ ကနုတ် ထိုင်သည့် စားပွဲမှာ ထိုင်နေရင်းက ဧည့်သည် တစ်ယောက် ဝင်လာတိုင်း ...

"ညီမ ... အစ်ကို မိတ်ဆွေတွေကို ခဏ သွားနှုတ်ဆက် လိုက်ဦးမယ်နော်၊ ခဏပဲ ... ခုပဲ ပြန်လာခဲ့မယ်နော်"

ဟု ကနုတ်ကို ခွင့်တောင်းတတ်တာမို့ ကနုတ်က ရယ်မောရင်း ...

"အေးအေးဆေးဆေးသာ သွားနှုတ်ဆက်ပါ အစ်ကို ...၊ ကနုတ်ကို လာလာခွင့်တောင်းနေဖို့ မလိုပါဘူး၊ ကနုတ် အေးအေးဆေးဆေး စားသောက်ရင်း ထိုင်နေတာ အဆင် ပြေပါတယ်၊ ဟိုမှာ နီနီလည်း ပါလာတာပဲ၊ နီနီ့ကို အဖော် ခေါ်ထားပြီး အတူစားနေလိုက်မယ်လေ ..."

"ဒါပေမယ့် ကိုယ်ကလည်း ကနုတ်နဲ့ အတူစားချင်သေး တာပေါ့၊ အင်းလေ ... ဒါပေမယ့် ကိုယ်က ထထသွားနေ ရတာဆိုတော့ ကနုတ် စားနှင့်လိုက်ပါ၊ ပြီးမှ ကိုယ် ဒီဝိုင်း မှာ ပြန်လာစားမယ်"

သူက မိတ်ဆွေတချို့ဆီ ထသွားရပြန်သည်။ ကနုတ် က ခေါင်းကလေးကို ဟိုဒီလှည့်ကာ နီနီ့ကို ရှာလိုက်တော့ နောက် ဘက်မှာ ရပ်နေသော နီနီက ကနုတ်ကို လက်လှမ်းပြသည်။ ကနုတ်က လက်ယပ်ခေါ်လိုက်တော့ နီနီက ကနုတ်ဆီ ခပ်သွက် သွက် လျှောက်လာပါသည်။

"မမလေး ... ဘာလိုလဲ"





"ဘာမှမလိုဘူး၊ အဖော်မရှိလို့ ခေါ်တာ၊ လာ ... ဒီမှာပဲ အတူတူ ထိုင်စားလိုက်တော့ ..."

"ဟုတ် ..."

နီနီက ကနုတ်ရှေ့မှာ ဝင်ထိုင်လိုက်သည်။

ကနုတ်က အေးအေးဆေးဆေး စားသောက်ရင်း တစ်ချက်တစ်ချက်မှာတော့ ဧည့်သည်တွေကြားမှာ ပြောဆိုရယ် မော နှုတ်ဆက်နေတဲ့ ကိုမိုးမြင့်နိုင်ကို လှမ်းလှမ်းကြည့်နေမိလေ သည်။

အင်း ... သူဟာ အင်မတန် လူကြီးလူကောင်းဆန် တဲ့ အဆင့်မြင့်မြင့် ယောကျ်ားတစ်ယောက်ပါပဲ ...။ သန့်ပြန့် ဖြူဖွေးသော အသားအရေနှင့် ထောင်ထောင်မောင်းမောင်း ထွား ထွားကျိုင်းကျိုင်း အရပ်မြင့်မားလှသဖြင့် သူ့ပုံစံဟာ ကြည့်လိုက် တာနှင့် အများကြားမှာ ဝင်းပစွာ သူဌေးရုပ် ထွက်နေသည်။

ရည်မွန်တည်ငြိမ်သော၊ လူကြီးလူကောင်းဆန်ဆန် ပြောဆိုပြုမူတတ်သော သူက ကနုတ်နဲ့ တွေ့စကတည်းကပင် ကနုတ်အပေါ် ပုံမှန်ထက် ပို၍ ရင်းနှီးနွေးထွေးစွာ ဆက်ဆံတတ် ခဲ့သည်။ ပြီးတော့ သူက ကနုတ်ထက် အသက် ၅ နှစ်လောက် ကြီးသူမို့ ကနုတ်အပေါ် ညီမလေးတစ်ယောက်လို သည်းခံလိုက် လျောတတ်သူလည်း ဖြစ်သည်။ ကနုတ် အထင်ကြီးနိုင်သည့် အချက်တွေ အများကြီးရှိသည့် သူ့ကို ကနုတ်ကလည်း မိတ်ဆွေ ရင်းချာသဖွယ် အစ်ကိုသဖွယ် လက်ခံခင်မင်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ တစ်လလောက်ကမှ မေမေက ကနုတ်ကို မေးခွန်းတစ်ခု စတင်မေးမြန်းလာခဲ့သည်။

"မောင်မိုးမြင့်နိုင်ကို ဘယ်လိုသဘောရသလဲ သမီး"

မေမေ မေးလာချိန်မှာ ကနုတ်ကလည်း တည်တည် ငြိမ်ငြိမ်ပင် ပြန်ဖြေဖြစ်သည်။

"သူက အစစအရာရာ ပြည့်စုံတဲ့ ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက်ပါ မေမေ၊ ကနုတ် သူ့ကို ခင်ပါတယ်"

"အဲဒီလို လူမျိုးကို သမီးရဲ့ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ဖို့ စိတ်ကူးရှိသလား"

"ခုချိန်ထိတော့ သူက ကနုတ်ရဲ့ မိတ်ဆွေပါ၊ သူနဲ့ပတ်သက်ပြီး ကနုတ် အဲဒီလောက်အထိတော့ မစဉ်းစားမိသေးဘူး"

"သမီးက မစဉ်းစားပေမယ့် သူက သမီးအပေါ် အဲဒီလို စဉ်းစားနိုင်တယ်လို့ရော မထင်မိဘူးလား"

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ် မေမေ၊ ကနုတ်ကို ကြည့်တဲ့ သူ့မျက်လုံးအကြည့်တွေက ထူးခြားတယ်လို့တော့ ကနုတ် ထင်ပါတယ်"

"သမီးဘက်ကရော အဲဒီလို အကြည့်တွေကို ဘယ်လိုခံစားရသလဲ"

ကနုတ်က ပြုံးခဲ့မိရင်း ...

"ဟင့်အင်း ... မေမေ၊ ခုချိန်ထိတော့ ကနုတ် ဘယ်လိုမှ





မခံစားရသေးဘူး၊ သူ့ကို ကနုတ်ရဲ့ မိတ်ဆွေအဆင့်မှာပဲ ထားထားပါတယ်၊ အဟင်း ... မေမေ ကနုတ်ကို ဗျူးနေတာ နည်းနည်းတော့ များလာပြီနော်၊ အကြောင်းရင်းကို ပြောပြတော့လေ ..."

မေမေကပါ ပြုံးလာခဲ့၏။

"အကြောင်းရင်းကတော့ ကျေနပ်စရာပဲ သမီးရဲ့၊ မောင်မိုးမြင့်နိုင်ရဲ့ အဘွား ဒေါ်စံနှယ်က သမီးအဘွားကို ကမ်းလှမ်းလာတယ်လေ၊ သူ့မြေးကို သမီးရဲ့ အိမ်ထောင်ဖက်အဖြစ် လက်ခံပေးနိုင်မလားတဲ့၊ မောင်မိုးမြင့်နိုင်က သမီးအပေါ် မေတ္တာရှိနေတာပါတဲ့၊ သမီးက ဣန္ဒြေလေးနဲ့ တည်တည်ငြိမ်ငြိမ် နေတတ်တော့ သူ ဖွင့်ပြောလိုက်ရင် သမီးရှက်သွားမှာ၊ ငြင်းလိုက်မှာကို တအား စိုးရိမ်ရာလွန်းလို့ ခုထိ မပြောရဲသေးတာတဲ့၊ သူ့မြေးစိတ်ကို သူသိလို့ သူက အရင်စပြီး ဒီလိုကမ်းလှမ်းရတာပါတဲ့ကွယ်၊ ကဲ ... ဘယ်လောက် ကျေနပ်စရာ ကောင်းသလဲ ...၊

"ဒေါ်နှယ် ဆိုတာက ဘယ်သူ့ကိုမှ အောက်သက်ကျေကျေ လေပြည်ထိုးပြီး ပြောတတ်တဲ့သူမှ မဟုတ်တာ၊ အမြဲ အပေါ်စီးကပဲ မာန်နဲ့ ထန်နဲ့ နေတတ်တဲ့သူ၊ ဒါပေမယ့် သမီးကိုတော့ တကယ့် စိတ်ရင်းနဲ့ ချစ်ခင်ရှာပါတယ် ...၊

"မောင်မိုးမြင့်နိုင်တို့က မျိုးရိုးစဉ်ဆက် ချမ်းသာပညာတတ်၊ နာမည်ပျက် အစွန်းအထင်းမရှိကြတဲ့ ဆွေကြီး



www.burmeseclassic.com

www.burmeseclassic.com



မျိုးကြီးတွေ၊ မေမေ့ သမီးကလည်း ဣန္ဒြေသိက္ခာအပြည့်နဲ့ နေတတ်တဲ့ လှပပြီး တန်ဖိုးရှိတဲ့ မိန်းကလေး ...၊

"မေမေကတော့ သမီးနဲ့ မောင်မိုးမြင့်နိုင်ကို နတ်ဖက်တဲ့ စုံတွဲလို့တောင် ထင်မိပါတယ်"

အဲဒီအချိန်တုန်းက လှိုက်လှိုက်လှဲလှဲ အားတက်သရောပြောရင်း ကြည်နူးမျက်ရည်ကလေးတွေတောင် ဝေ့လာသော မေမေ့ကိုကြည့်ရင်း ကနုတ်က ပြုံးမိခဲ့သေးသည်။

"အမှန်အတိုင်း ပြောရရင် မေမေတို့က ချမ်းသာတယ်ဆိုပေမယ့် ပညာတတ်မျိုးရိုးတော့လည်း မဟုတ်ဘူး သမီးရဲ့ ...၊ သမီးအဖေဆိုလည်း ဘာဂုဏ်ဒြပ်မှ မရှိခဲ့သလို မေမေကလည်း သာမန် ဘွဲ့လေးပဲ ရခဲ့တာ၊ မောင်မိုးမြင့်နိုင်တို့ကတော့ ပညာတတ် ရာထူးရာခံရှိတဲ့ မျိုးရိုးလေ၊ မေမေက အဲဒီအချက်ကိုလည်း အရမ်းသဘောကျတယ်"

မေမေ သဘောကျသော အချက်တွေကို ကနုတ်ကလည်း သဘောကျခဲ့သည်။ ကနုတ်ရဲ့ အိမ်ထောင်ဖက်ဖြစ်ထိုက်သော အရည်အသွေးတွေ သူ့မှာ အပြည့်ရှိသည်ဟုလည်း ယူဆသည်။ ထို့ကြောင့်ပင် ကနုတ်က မေမေ့ဆန္ဒကို မငြင်းဘဲ လက်ခံခဲ့မိသည်။ မေမေက ...

"မေမေတို့က ဒီကိစ္စကို ဖြုန်းစားကြီး စီစဉ်မယ်လည်း မဟုတ်ပါဘူး၊ သမီးတို့ချင်း အတူသွားလာတွေ့ဆုံ နားလည်မှု ယူကြဦးပေါ့၊ တစ်နှစ်လောက်နေမှ လက်ထပ်ဖို့ကိစ္စကို စီစဉ်မှာပါ"





ဟု ဆိုသဖြင့် ကနုတ်က လက်ထပ်ဖို့ကိစ္စကို ခေါင်းထဲထည့် မစဉ်းစားသေးဘဲ သူနဲ့ မိတ်ဆွေတွေလို တွေ့ဆုံ စားသောက်၍သာ နေခဲ့သည်။ သူက ကနုတ်တို့အိမ်ကို မကြာခဏ လာလည်သည်။ ပြီးတော့ ဟိုတယ်တစ်ခုခုမှာ ညနေစာ အတူသွားစားကြသည်။ ကနုတ်တို့ချင်း ရင်းနှီးခင်မင်သော်လည်း ချစ်ကျွမ်းဝင်သည့် အဆင့်တော့လည်း မဟုတ်။ သို့သော် သူကတော့ ကနုတ်ကို သူ့ သတို့သမီးလောင်းအဖြစ် မကြာခဏ ပွဲထုတ်ချင်ခဲ့သည်။ ကနုတ်ကလည်း သူ့ရဲ့ ကောင်းမွန် ဝံ့ထည်ခြင်းများကို ယစ်မူးလျက်ရှိပြီး သူကလည်း ကနုတ်ရဲ့ အလှမှာ ယစ်မူးလျက်ရှိတာတော့ အမှန်ပင်တည်း။

ကနုတ်သည် သာယာလှပသည့် ညနေချမ်း ချိန်ခါလေးကို ယစ်မူးစွာ ဖြတ်သန်းရင်း နန္ဒီ့ကို သတိရမိလေသည်။

ခုချိန်ဆို နန္ဒီ ဘယ်ရောက်နေမလဲ ...။ ဓာမြူ ပြောတာတော့ ဇေသော်ရှိသည့် အကစတူဒီယိုကို သွားသည်ဟုဆိုသည်။

တကယ်ဆို နန္ဒီဟာလည်း ကနုတ်လို လှပပြည့်စုံတဲ့ ဘဝတစ်ခုကို ရွေးချယ်နိုင်သားပဲ မဟုတ်လား။ ဘာဖြစ်လို့များ ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကို ရွေးချယ်ပြီး တော်မဝင်တဲ့ ဘဝမျိုးမှာ မထင်မရှား နေချင်ရတာပါလိမ့် ...။ နန္ဒီ့ဘဝဟာ နမြောစရာ ကောင်းလှသည်ဟု ထင်သည်။

ကနုတ်ကတော့ နန္ဒီ့ကို ဒီလိုပွဲမျိုးမှာ ဂုဏ်ယူဖွယ် ယောကျ်ားတစ်ယောက်နှင့် အတူယှဉ်တွဲ၍ ပျော်ပျော်ရွှင်ရွှင် ရှိနေစေချင်သည်။ အကစတူဒီယိုတွေကို သွားကာ အဆိုတော်ရဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ မထင်မရှား ကနေမယ့် ကချေသည်တစ်ယောက်ကို အားပေးနေမယ့်အစား ဒီလိုနေရာမျိုးမှာသာ တော်ဝင်ပွဲတိုးနေစေချင်မိလေသည်။

"မမလေး ..."

"အင်ဟင် ..."

နီနီ့ ခေါ်သံကြောင့် ကနုတ်က နီနီ့ကို ကြည့်မိသည်။

"ကျွန်မ ဒီမှာ ဆက်ထိုင်လို့ ဖြစ်ရဲ့လား"

"ဘာဖြစ်လို့ မေးတာလဲ နီနီ ..."

"ဟိုမှာ ကိုမိုးမြင့်နိုင်က ဒီဘက်ကို ခဏခဏ လှမ်းကြည့်နေတယ်၊ သူ ပြန်လာထိုင်တော့မယ်ထင်တယ်၊ သူပြန်လာရင် ကျွန်မ ရှိနေလို့ မကောင်းဘူး ထင်တယ်"

"ဘာမှမဖြစ်ပါဘူး နီနီရယ်၊ ရပါတယ် ... ထိုင်နေပါ"

"အန်တီက ကျွန်မကို မှာထားတယ်၊ မမလေးတို့ စကားပြောနေရင် ကြားထဲက ကန့်လန့်ကန့်လန့် မဖြစ်စေနဲ့တဲ့"

"သြော် ... အဲဒီလိုတောင် မှာထားတယ်လား ... အဟင်း"

ကနုတ်က ပြုံးလိုက်မိလေသည်။ မေမေဟာ အမြဲပဲ ကနုတ်ကို ကိုမိုးမြင့်နိုင်နှင့် ရင်းရင်းနှီးနှီး နေစေချင်သည်။ ကနုတ်နှင့် ကိုမိုးမြင့်နိုင်တို့ အပြင်မှာတွေ့လျှင် နီနီ့ကို ကားထဲကပဲ ထိုင်စောင့်နေဖို့ မှာတတ်သည်။

"ဟော ... ဟိုမှာ ကိုမိုးမြင့်နိုင် လာနေပြီ၊ ကျွန်မ သွားတော့မယ် မမလေး"





နီနီ ထသွားပြီး ခဏနေတော့ ကိုမိုးမြင့်နိုင်က ကနုတ် ရှေ့မှာ ဝင်ထိုင်လိုက်ရင်း ကနုတ်ကို ပြုံးကြည့်လျက် ...

"ကနုတ် ပျင်းနေပြီလား"

"မပျင်းပါဘူး အစ်ကို၊ စားရင်းသောက်ရင်း ဒီလိုပဲ လျှောက်ကြည့်နေတာ အပျင်းပြေပါတယ်"

"ကိုယ် ဒေါက်တာ ကိုမော်နဲ့ စကားပြောနေလို့ နည်းနည်းကြာသွားတယ်၊ သူက ကိုယ်တို့ ကုမ္ပဏီက တင်သွင်းတဲ့ ဆေးကြော်ငြာတွေ ရိုက်ပေးနေတဲ့ ဒေါက်တာလေ ..."

"ကနုတ် သိပါတယ်၊ သူရိုက်တဲ့ ကြော်ငြာတွေလည်း မဆိုးပါဘူး၊ အိုင်ဒီယာက ဘယ်သူ့ အိုင်ဒီယာလဲ"

"ကိုယ့် အိုင်ဒီယာ နည်းနည်းပါပေမယ့် သူ့အိုင်ဒီယာက ပိုများပါတယ်၊ ကိုယ်က ကိုယ်တို့ ဆေးအာနိသင်ထဲက အထူးပြုချင်တဲ့ အချက်တွေကို သူ့ကို ပြောပြတယ်၊ ကြော်ငြာရိုက်ပေးမယ့် မင်းသား မင်းသမီးကို ဝတ်စေချင်တဲ့ အဝတ်အစား အရောင်တွေ ပြောတယ်၊ ဒီလောက်ပါပဲ၊ ဟိုတစ်နေ့ကတောင် အန်တီနဲ့ ဖုန်းပြောဖြစ်တော့ အန်တီက ပြောတယ်၊ ကနုတ်တို့ ရွှေဆိုင်ကြော်ငြာက ဟောင်းနေလို့ ခုခေတ်စားနေတဲ့ မင်းသမီးသစ်လေးနဲ့ ပြန်ရိုက်မယ်တဲ့ ..."

"ဟုတ်တယ် အစ်ကို၊ မနက်ဖြန်တောင် အဲဒီကြော်ငြာရိုက်ဖို့ကိစ္စအတွက် ဒေါက်တာ စိုင်းနဲ့ တွေ့ဖို့ ချိန်းထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူလည်း လူငယ်လက်တက် ဒါရိုက်တာ တစ်ယောက်ပဲ၊ တော်ပါတယ်၊ ကြော်ငြာကိစ္စတွေက ကနုတ်ပဲ လုပ်နေရတာလား ..."

"ဟုတ်တယ် အစ်ကို၊ ကြော်ငြာရိုက်ဖို့ရယ်၊ ဘယ်ချယ်နယ်မှာ တစ်ပတ်ကို ဘယ်နှခါ ထည့်မယ်ဆိုတာတွေရယ်က ကနုတ်ပဲ စီစဉ်ဆုံးဖြတ်ရတာ ..."

မိုးမြင့်နိုင်က ကနုတ် စကားကို နားထောင်နေရင်းက ကနုတ်ကို စေ့စေ့ကြည့်ကာ ပြုံးလိုက်ရင်း ...

"ကိုယ့်ဆိုင် ကြော်ငြာအတွက် ကိုယ့်ဘာသာ မော်ဒယ်လ် လုပ်ရင် မကောင်းဘူးလား ကနုတ် ..."

ကနုတ်က ပြုံးမိကာ ...

"မဟုတ်မှလွဲရော အစ်ကို့ကို မေမေ စစ်ကူခေါ်ထားတယ် ထင်တယ် ..."

သူက ရယ်လိုက်ရင်း ...

"မနေ့က ကိုယ်နဲ့ ဖုန်းပြောတော့ ကနုတ်ကို နားချပေးပါဦးလို့ ပြောတယ်၊ ဘယ်မင်းသမီးမှ ကနုတ်လောက် မလှလို့ ကနုတ်နဲ့ပဲ ရိုက်ချင်တာတဲ့ ..."

"ကနုတ် ဝါသနာ မပါလို့ပါ"

"ဝါသနာမပါလည်း ကိုယ့်ဆိုင်အတွက် တစ်ခါလောက်တော့ ရိုက်သင့်တာပေါ့"

"အစ်ကိုလည်း မေမေ့ဘက်တော်သားပဲ၊ မေမေလည်း ကနုတ်ကို အဲဒီလိုပဲ ပြောပြောနေတာ၊ ကနုတ်ကလည်း





လုံးဝကို မရိုက်ချင်တာ၊ အမှန်အတိုင်း ပြောရရင် ကနုတ် အနုပညာကို ဝါသနာမပါဘူး၊ အနုပညာသမားတွေကို အထင်လည်း သိပ်မကြီးတတ်ဘူး"

"ကနုတ်က တကယ့် လက်တွေ့ကျကျ အမာစားလေးပဲ နော်၊ လူတော်တော်များများက အနုပညာကို နှစ်သက်ကြပါတယ်၊ ကနုတ်က စတိတ်ရှိုးတွေဘာတွေတောင် မကြည့်ဘူးလား ..."

"မကြည့်ပါဘူး အစ်ကိုရယ်၊ လူတွေအများကြီး ကြားမှာ နားငြီးပြီး မျက်စိရှုပ်စရာလို့တောင် ထင်မိတယ်"

အဲဒီနောက်တော့ သူက ကနုတ်ကို တိုက်တွန်းစကား မဆိုတော့ပေ ... ။ ကနုတ်က သူနဲ့အတူ အေးအေးဆေးဆေး စကားပြောဆို စားသောက်ပြီး လူရှင်းစပြုတော့မှ နီနီနှင့်အတူ ပြန်လာခဲ့သည်။ သူက ကနုတ်ကို ကားနားထိ လိုက်ပို့ပေးသည်။ နီနီက ကားတံခါး ပြေးဖွင့်ပေးမည့်ဟန် ပြင်တော့ သူက လက်ကာပြကာ သူကိုယ်တိုင်ဖွင့်ပေးသည်။ ငြိမ့်ခနဲ ကားထွက်လာလျှင် သူက ကနုတ်ကို လက်ပြရင်း ကျန်ရစ်ခဲ့လေသည်။

အိမ်ပြန်ရောက်တော့ မအိပ်နှင့်သေးဘဲ စောင့်နေသော မေမေက ကနုတ်ကို ဆီးကြိုသည်။

မေမေနှင့် စကားပြောပြီး ကနုတ် အပေါ်ထပ်သို့ တက်လာခဲ့စဉ် ...

"ဩော် ... သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက တစ်ခုခုကို သတိရသလို လှမ်းပြောလိုက်တာမို့ ကနုတ်က ရပ်တန့်ကာ မေမေ့ကို လှည့်ကြည့်မိသည်။

"မနက်ဖြန် ဒါရိုက်တာ စိုင်းနဲ့ ချိန်းထားတယ်နော်၊ မေ့နေဦးမယ်"

"ဟုတ်ကဲ့ ... မေမေ၊ သမီး သတိရပါတယ်"

"သူ့အိမ် လိပ်စာသစ်က (xxx)ကွန်ဒို၊ ၁၀ ထပ်၊ အခန်းနံပါတ် ( ... ) နော်"

"ဟုတ်ကဲ့ ... သမီးမှာ သူ့လိပ်စာကတ် ရှိပါတယ်"

"မေမေ့ဆိုင်အတွက် ကြော်ငြာရိုက်ပေးဖို့လေးများ စိတ်မကူးမိဘူးလား ကနုတ်ရယ်"

"ဒါတော့ ခွင့်လွှတ်ပါ မေမေ၊ စိတ်လျှော့လိုက်တော့နော်"

ကနုတ်က ရယ်ရယ်မောမော ပြောရင်း အပေါ်ထပ်သို့ ဆက်တက်လာခဲ့လေသည်။



(၅)

♥ ♥ ♥

"ဖေသော် ... ငါ ကိုစိုင်းအခန်းကို ခဏတက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ကိုနေ"

နေသည် ဖေသော့်ကို ပြောခဲ့ပြီး အကစတူဒီယိုရှိရာ ကွန်ဒိုသုံးထပ်မှ ဓာတ်လှေကားဆီသို့ လျှောက်လာခဲ့ပါသည်။

ဒီကွန်ဒိုမှာက လူနေအိမ်ခြေ သိပ်မများဘဲ သင်တန်းခန်းများ၊ ရုံးခန်းများက အများစုဖြစ်သည်။

ခုတလောမှာ ပို၍ အောင်မြင်လာခဲ့သော ဒါရိုက်တာ စိုင်းက မကြာခင်ကမှ ဒီက ကွန်ဒိုတစ်ခန်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်သည်။ နေနဲ့ ကိုစိုင်းက နှစ်ယောက်စလုံး လုံးဝအောင်မြင်သေးခင် ရုန်းကန်ရဆဲအချိန်တွေကတည်းက အလွန်ချစ်ခင်ကြသော မိတ်ဆွေများ ဖြစ်ခဲ့သည်။

အဲဒီအချိန်တုန်းကဆို ကိုစိုင်း ရိုက်သည့် သီချင်းဗီဒီယိုခွေတွေမှာ နေတို့အဖွဲ့က အလကားပဲတင်းနီးပါး ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com



လေ့ ရှိသည်။ ကိုစိုင်း ခုလိုအောင်မြင်လာချိန်မှာတော့ ကိုစိုင်းက သူရိုက်သည့် သီချင်း ဗီစီဒီခွေတွေမှာ နေတို့ရဲ့ dancer အဖွဲ့ကို မကြာခဏ ရိုက်ကူးပေးလေ့ရှိတာမို့ အပြန်အလှန် ကူညီခြင်းများဖြင့် ရင်းနှီးမှုက ပို၍ ခိုင်မြဲလာသည်။ လူငယ်ချင်းမို့ အလုပ်လုပ်ရတာလည်း ပျော်စရာကောင်းသည်။

ခုလည်းပဲ မကြာခင် ကိုစိုင်း ရိုက်မည့် Live show ခွေမှာ နေတို့အဖွဲ့က ပါမောဖင့်စ် လုပ်ပေးရမှာမို့ ကိုစိုင်းနှင့် မကြာခဏတွေ့ကာ သူစဉ်းစားထားသည့် အကစတိုင်လ်တွေကို ပြောဆို ညှိနှိုင်းနေရဆဲပင်။

နေက သူတို့ သုံးလွှာရဲ့ ဓာတ်လှေကားရှေ့မှာ ရပ်လိုက်ပြီး ဓာတ်လှေကား ခလုတ်ကို လှမ်းနှိပ်လိုက်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် နှိုက်၍ ခေါင်းငုံ့ရပ်ရင်း ဓာတ်လှေကားအလာကို စောင့်နေလိုက်ပါသည်။

"ကလင် ..."

ခဏနေတော့ ဓာတ်လှေကား တံခါးဖွင့်သံ ကြားရသည်။ သူက ခေါင်းငုံ့ရပ်နေသည့် စတိုင်လ်အတိုင်းပင် ဓာတ်လှေကားထဲက လူတွေရဲ့ မျက်နှာကိုမကြည့်ဘဲ ဓာတ်လှေကားထဲသို့ လှမ်းဝင်လိုက်ပြီး နံပါတ် ၁၀ ကို လှမ်းနှိပ်လိုက်သည်။

ဓာတ်လှေကားက တံခါးပြန်ပိတ်ကာ ငြိမ့်ခနဲ ဆက်တက်လာသည်။

ထိုခဏမှာ ဓာတ်လှေကားထဲ၌ ပျံ့လွင့်နေသော နွေးထွေး မွှေးမြသည့် အနံ့ယဉ်ယဉ်ကလေးကို ရှူရှိုက်မိလေသည်။





ထိုအနံ့လေးဟာ ရေမွှေးနံ့လို ကမ်မီကယ် ရောစပ်သည့် အနံ့မျိုးလည်း မဟုတ် ...။ သဘာဝအတိုင်း မွှေးနေသည့် ရနံ့ယဉ်ယဉ်လေး။

မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်သင်းနံ့များလား။

ဒီဓာတ်လှေကားထဲမှာ နေ့အပြင် လူနှစ်ယောက် ပါလာတာကိုတော့ သူသိသည်။ ဓာတ်လှေကားထဲသို့ လှမ်းဝင်လိုက်စဉ်ကလည်း ခြေထောက်နှစ်စုံကို လှမ်းမြင်ပါသည်။ တစ်စုံက အလွန်လှပသော မိန်းမခြေထောက်ကလေး ...။ ခြေသည်းနီဆိုးမထားသည့် သဘာဝအတိုင်း ဖြူစင်ကြည်လင်နေသော ခြေသည်းကလေးတွေဖြင့် အလွန် လှပသန့်ရှင်းတာကို သတိထားမိပေမယ့် လူကိုတော့ မော့မကြည့်မိခဲ့ပါ။ နောက်တစ်စုံကတော့ ရှူးဖိနပ် အပိတ် ဝတ်ထားတာမို့ ကျားလား မလားတောင် မသိရပါ ...။

နေ ကတော့ ထိုနှစ်ယောက်ကို ကျောခိုင်းအနေအထားဖြင့် ရပ်တန့်လိုက်ပါလာတာမို့ နောက်သို့ လှည့်မကြည့်ဖြစ်ပါ။ ဒီအခိုက်အတန့်ကာလလေးမှာ ထူးခြားသည့် ဆွဲဆောင်မှုတစ်မျိုးက သူ့ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံလိုက်သလို ခံစားနေမိတာဟာ ရနံ့ကလေးကြောင့်လား။ ဒါမှမဟုတ် မမြင်နိုင်သည့် ညှို့ဓာတ်တစ်မျိုးကြောင့်လား ...။

သူ့ပတ်ဝန်းကျင်မှာ မိန်းမလှ မရှားတာမို့ သူက မိန်းကလေးလှလှမြင်တိုင်း အငမ်းမရ လိုက်ကြည့်တတ်တဲ့သူမျိုးတော့ မဟုတ်ပါ။ မိန်းကလေးတွေနှင့် အလုပ်သဘောအရ ရင်းနှီးပတ်သက်မှုတွေ အများကြီးရှိခဲ့တာမို့ မိန်းကလေးတွေရဲ့ အသံ၊



www.burmeseclassic.com

www.burmeseclassic.com



အနံ့၊ အလှ၊ အတွေ့မှာ ယဉ်ပါးကာ ဘာကိုမှလည်း မတုန်လှုပ်တတ်တော့တာပါ။ ခုတော့ ဘယ်သူဘယ်ဝါမှန်း ရေရေရာရာ မသိ မမြင်ခင်ကပင် စိတ်ထဲမှာ တစ်မျိုးတမည် ယစ်မူးချင်သလိုလိုနှင့် ...။ အဟက် ...

နေက ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းမော့လိုက်ရင်း ပြုံးမိသည်။

"ကလင် ..."

ဓာတ်လှေကားက ၁၀ ထပ်မှာ ရပ်သွားသည်။

ရပ်ရပ်ချင်းမှာပင် သူ့နောက်မှ မိန်းကလေးက ခြေလှမ်းသွက်သွက်ဖြင့် သူ့ဆီးမှ ကျော်ဖြတ်ကာ ဓာတ်လှေကား အပြင်သို့ လှမ်းထွက်သွားလေသည်။

ကိုယ်ငွေ့ကလေးဟာ သူ့ပခုံးတစ်ဖက်စွန်းကို နွေးသွားစေသည်ဟုပင် ထင်လိုက်ရသည်။ မျက်နှာကိုတော့ သေချာမမြင်လိုက်ရဘဲ ကျော့ရှင်းရှည်မြင့်သည့် ခန္ဓာကိုယ်လေးကိုသာ မြင်လိုက်ရသည်။ ရင်ထဲမှာ ဘာ့ကြောင့်မှန်းမသိဘဲ လှုပ်ခနဲဖြစ်သွားသည်။ နေ ... မင်း ဘာဖြစ်တာလဲကွာ ...။

နေသည် ကိုယ့်ကိုယ်ကိုယ် ရယ်ချင်သွားကာ ဓာတ်လှေကားထဲမှ ထွက်လာပြီး ကိုစိုင်းတို့ အခန်းဘက်သို့ လျှောက်လာခဲ့သည်။ မိန်းကလေးကတော့ ရှေ့နား စင်္ကြံတစ်ဆစ်ချိုးဘက်သို့ ကွေ့၍ လျှောက်သွားသည်။ ကိုစိုင်းတို့အခန်းက အဲဒီဘက်မှာပဲမို့ နေကလည်း စင်္ကြံထောင့်သို့ ချိုးကွေ့လျှောက်လိုက်စဉ်

"ရပ် ..."





ထိုမိန်းကလေးရဲ့ အဖော်က စင်္ကြံထောင့်မှ ဘွားခနဲပေါ်လာကာ သူ့ရှေ့မှာ ပိတ်ရပ်၍ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သူက မျက်ခုံးအတွန့်ချိုးကာ သူမကို ကြည့်မိရင်း

"ဘာဖြစ်တာလဲ ..."

"ရှင် မမလေးနောက်ကို ဘာလို့ လိုက်လာတာလဲ"

"အဟက်၊ မမလေး ... ဘယ်က မမလေးလဲ"

နေက ခပ်လှောင်လှောင် တစ်ချက်ရယ်လိုက်ပြီးမှ မေးဆတ်၍ ပြန်မေးလိုက်ပါသည်။

"ခုန ထွက်သွားတာ ကျွန်မရဲ့ မမလေးပေါ့၊ ကျွန်မက သူ့ကို စောင့်ရှောက်ရတဲ့ သူ ..."

"ဟုတ်လား ..."

နေက ကိုယ့်ရှေ့က တစ်ယောက်ကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ခုနတစ်ယောက်ရဲ့ ဘော်ဒီဂတ်လား"

"ဟုတ်တယ် ..."

"ဟ ... ခမ်းနားလှချည်လား၊ အင်းလေ ... ထားပါတော့၊ ကြီးကျယ်နိုင်လို့ ကြီးကျယ်တာ ကိုယ်နဲ့ မဆိုင်ပါဘူး၊ ကိုယ်နဲ့ဆိုင်တာပဲ ကိုယ်ပြောမယ်၊ ခင်ဗျားရဲ့ သူဌေးမကလေးကို ကျုပ် သေချာတောင် မကြည့်လိုက်ဘူး၊ နောက်က လိုက်ကြည့်ဖို့လည်း စိတ်တောင်မကူးမိဘူး၊ ကိုယ့်လမ်းကိုယ်သွားနေတာ၊ ဒီအထပ်မှာ အခန်းတွေ အများကြီးပဲဆိုတာ ခင်ဗျားသိမှာပေါ့၊ ခင်ဗျားတို့က ဒီအထပ်က အခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို သွားနေသလို ကျုပ်လည်း ဒီအထပ်က အခန်းတစ်ခန်းကို သွားနေနိုင်တာပဲ ဆိုတာတောင် ခင်ဗျားရဲ့ ဒါက အလုပ်မလုပ်ဘူးလား ...”

နေက ဘောင်းဘီအိတ်ထဲ နှိုက်ထားသည့် လက်တစ်ဖက်ကိုထုတ်ကာ ကိုယ့်ခေါင်းကိုယ် လက်ညှိုးနှင့် ထောက်ပြရင်း ပြန်မေးလိုက်ပါသည်။

ထိုတစ်ယောက်က ခပ်အမ်းအမ်း ဖြစ်သွားပြီးမှ ...

“ဒါပေမယ့် ဒီဘက်ထိပ်မှာက တစ်ခန်းပဲရှိတော့တာလေ”

“ကျုပ်လည်း အဲ့ဒီအခန်းကိုပဲ သွားနေတာလေ”

“ဒါရိုက်တာ စိုင်း အခန်းကိုလား”

“ဟုတ်တယ် ...”

“သြော် ... ဆောရီး၊ ကျွန်မတို့လည်း အဲ့ဒီကိုပဲ သွားမှာ”

“နီနီရေ ... လာလေ ... ဘာလို့ ကြာနေတာလဲ”

“ဟုတ်၊ လာပြီ ... မမလေး”

အသံသာလေး တစ်သံက စင်္ကြံလမ်းထောင့်ချိုးလေးဆီမှ ထွက်ပေါ်လာပြီမို့ နီနီဆိုသော ဘော်ဒီဂတ်မက သူ့ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားလေသည်။ ဟူး ... ခပ်အေးအေးနေချင်ကာမှ ပြဿနာကလေးက လာငြိနေတာပါလား ...။

နေက ခပ်မှန်မှန် ဆက်လျှောက်လာခဲ့သည်။ ကိုစိုင်းအခန်းဘက်ဆီက တစ်စုံတစ်ခုက သူ့ကို ညှို့ဆွဲခေါ်ငင်နေသလို ခံစားမှုကလည်း အံ့သြစရာ ကောင်းစွာပင် သူ့ခြေလှမ်းတွေကို သွက်စေသည်။





ထောင့်အကွယ်ကလေးဆီကနေ ကိုစိုင်းတို့ အခန်းတံခါးဖွင့်သံ၊ နှုတ်ဆက်သံ၊ တံခါးပြန်ပိတ်သံတို့ကို ကြားရပြီးခဏမှာ သူ ကိုစိုင်းတို့ အခန်းရှေ့မှာ ရပ်မိသည်။ အခန်းတံခါးဘဲလ်ကိုတော့ ချက်ချင်း မနှိပ်ဖြစ်ပါ။

ဒီအခန်းထဲမှာ သူမ ရောက်နှင့်နေပြီ ...။ သူ လှည့်ပြန်သွားရမလား ...။ ဧည့်သည်ရှိနေလျှင် ကိုစိုင်းနဲ့လည်း အေးအေးဆေးဆေး စကားပြောရမှာ မဟုတ်။ ပြီးမှ နောက်တစ်ခေါက်ထပ်လာခဲ့ရမလား ...။

နေက လှည့်ပြန်ဖို့ စဉ်းစားကာ အခန်းရှေ့ကနေ လှည့်ထွက်လိုက်ပြီးမှ ရုတ်တရက် ချာခနဲ ပြန်လှည့်လာကာ ဘဲလ်ကို လှမ်းနှိပ်လိုက်သည်။

သေချာ မမြင်လိုက်ရသော သူမမျက်နှာကို သူ မြင်ဖူးချင်သည်။ ကိုယ်ငွေ့ကလေးနဲ့တင် သူ့စိတ်ကို ထူးဆန်းသည့် စိတ်အာရုံတစ်မျိုး ဖြစ်ပေါ်စေသည့် သူမရဲ့မျက်နှာကို မြင်ဖူးလိုက်ချင်ရုံသက်သက်နဲ့ပဲ သူ ဒီအခန်းထဲကို ဝင်ဖို့ စိတ်အားထက်သန်နေခဲ့သည်။

အခန်းတံခါး ပွင့်သွားသည်။

“ဟော ... ကိုနေ ... လာ ... ဝင်၊ ကိုစိုင်းရေ ... ကိုနေလာတယ်”

“နေ ... လာကွာ ... အတော်ပဲ၊ ငါတောင် ချိန်းထားတဲ့ ကိစ္စလေးပြီးရင် မင်းဆီ လာတော့မလို့ ...”

ကိုစိုင်းက မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေရင်းက နေ့ကို လှမ်းနှုတ်ဆက်သည်။ ထိုစဉ်မှာပဲ ကိုစိုင်းဖုန်းက အသံမြည်လာတာမို့ . . .

"ထိုင်ဦးနော် နေ . . .၊ ရွှေကနုတ် ခဏလေးနော် . . ."

ရွှေကနုတ် ဆိုသော မိန်းကလေးက တည်တည်ငြိမ် ငြိမ်ပင် ခေါင်းညိတ်ပြလိုက်သည်။

နေကတော့ ထိုတည်ငြိမ်သည့် မျက်နှာကလေးပေါ်က အကြည့်မလွှဲနိုင်လောက်အောင် ငြိုရှသွားလေသည်။

နေသည် ဧည့်ခန်းထောင့်မှာ ချထားသည့် သီးသန့် ဆိုဖာရှည် တစ်လုံးပေါ်မှာ ဝင်ထိုင်လိုက်ရင်း ဘေးတစောင်းမြင် နေရသော သူမရဲ့ မျက်နှာကလေးကို အံ့ဩမင်သက် တွယ်ငြိစွာ ငေးကြည့်နေလိုက်မိသည်။ အခိုက်အတန့်လေး သတိလစ် မျော မေ့သွားသူလို ဘာကိုမှ ဂရုမစိုက်ဘဲ ငေးလိုက်မိတဲ့ အခိုက်ဟာ မိနစ်ပိုင်းကလေးသာ ကြာမြင့်ပါသည်။ ချက်ချင်းလိုပင် အားနာ သွားကာ မျက်နှာလွှဲမိသည်။ သို့သော် သူမမျက်နှာက သူ့အာရုံ မှာ ကပ်ပါလာသည်။ မနေနိုင်သဖြင့် နောက်တစ်ကြိမ် ကြည့် လိုက်မိပြန်သည်။

လှရုံသက်သက် မဟုတ်တဲ့ အလှမျိုး၊ အရှိန်အဝါ တစ်မျိုး နှစ်ဝင်စီးနေတဲ့ အလှမျိုး . . .။ ထူထင်းမည်းနက်သည့် ရှည်လျားဝိုက်ကွေးနေသည့် မျက်ခုံးမွေးကလေး နှစ်ဖက်ဟာ စိတ် ရှုပ်လို့ အတွန့်ကလေး ချိုးလိုက်ရင်တောင် မျက်ခုံးလေးတွေ ကခုန်သွားသလို လှလိုက်မယ့်အမျိုး . . .။ မိုသွင်းထားသလို သပ် ရပ်ထင်းပတဲ့ မကြီးမသေး နှာတံကလေးဟာ အတော်ဆုံး ကျောက်





ဆစ်သမားရဲ့ လက်ရာ ကျောက်ဆစ်ရုပ်တု ကလေးလိုပင် . . .။ ပန်းသွေးရင့်ရောင် နှုတ်ခမ်း ဖူးအိအိကလေးတွေက ပစ်မှားချင် စရာ . . .။ အင်း . . . ဆောရီးပါ။ ဒါမျိုးတော့ မတွေးကောင်းဘူး ပေါ့ . . .။

ကော့ပျံနေတဲ့ မျက်တောင်မွေးကလေးတွေဟာ အတု ထက် ပိုလှသည့် အစစ်ကလေးတွေပေါ့။ သူ့ကို တစ်ချက်ကလေး မှ လှည့်ကြည့်မလာတာမို့ မျက်လုံးတွေရဲ့ အလှကွန်ယက်ကို တော့ မရှုစားရသေးပါ။ သို့သော် ဘေးတစ်စောင်းလေး မြင်ရ တာတောင် မျက်လုံးကလေးတွေရဲ့ တောက်ပမှုကို သူ ခန့်မှန်း မိပါသည်။

နေသည် အနားက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဆွဲယူ ကာ လှန်လှောနေမိသော်လည်း စာရွက်ပေါ်က ပုံတွေ စာတွေကို မမြင်ဘဲ ရွှေကနုတ်ရဲ့မျက်နှာကလေးကိုသာ မြင်နေမိသည်။ သူက မဂ္ဂဇင်းဖတ်ဟန်ဆောင်ကာ သူမကို ခိုးခိုးကြည့်နေရင်း ရင်ထဲမှာ မောလျှလာပါသည်။

သူမကတော့ ဣန္ဒြေကြီးစွာ ထိုင်နေခဲ့သည်။ သူမ၏ ဘော်ဒီဂတ်ကလည်း နေ့ကို မကြည်သလို လှမ်းလှမ်းကြည့်နေခဲ့ သည်။ ဒီမှာဗျ . . . ဘော်ဒီဂတ် မအတ္တာရယ်၊ ခင်ဗျား ရွှေကနုတ်ရဲ့ တခြား ဘေးရန်တွေကိုသာ စောင့်ရှောက်ကာကွယ်လို့ ရချင်ရမယ်၊ အကြည့်ကိုတော့ ကာကွယ်လို့မရတာ အသေအချာပဲ . . .။ လှလို့ ကြည့်တာ အပြစ်မဟုတ်သလို အကြည့်ကြောင့် ခင်ဗျား မမလေး မှာလည်း ထိခိုက်မှု မရှိနိုင်ပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နေက ထိုအတွေးကလေးနှင့်အတူ မသိမသာလေး ပြုံးလိုက်ရသေးသည်။

ကနုတ်ကတော့ သူ့အကြည့်ကြောင့် ရင်ထဲမှာ အော် ဂလီဆန်ကာ ခါးအန်ပစ်ချင်လာသည်။

သူဟာ dancer 'နေ'ပဲဆိုတာ ဓာတ်လှေကားထဲကို သူဝင်လာကတည်းက ကနုတ် သိလိုက်ပါသည်။ ဆောင်းဘီအိတ်ထဲ လက်နှိုက်ကာ ဘယ်သူ့မှမကြည့်ဘဲ ဓာတ်လှေကားထဲကို လှမ်းဝင်လိုက်ပုံက တစ်လောကလုံးမှာ သူတစ်ယောက်ပဲ ရှိနေတော့သလို ...။

ကနုတ်ကတော့ သူ့ကျောပြင်ကို စိုက်ကြည့်ရင်း နန္ဒီ့ကိုသတိရကာ ဒေါသထွက်လာခဲ့ရပါသည်။ ကျောင်းတော်က ရန်စလို့ပဲ ခေါ်ရမလားတော့ မသိ ...။ နန္ဒီ့ရည်းစား ဖေသော်ကို ကြည့်မရသလို ဖေသော့်ဆရာ သင်းကိုလည်း ကြည့်မရပါ။ အထင်မကြီးပါ ...။ သူတို့ dancer အဖွဲ့ကို ကနုတ်က 'ကချေသည် အုပ်စု' ဟု ပြောဆိုတတ်တာမို့ နန္ဒီကလည်း ကနုတ်ရဲ့ အသုံးအနှုန်းအတွက် မခံချင် ဒေါသထွက်စမြဲပင်။

နန္ဒီက ဖေသော်ဟာ သူ့ကို အမှန်တကယ် ချစ်မြတ်နိုးရှာတာပါဟု ယုံကြည်ထားသော်လည်း ကနုတ်ကဖြင့် မယုံပါ။ ဖေသော်ဟာ နန္ဒီပိုင်ဆိုင်တဲ့ ဂုဏ်ဒြပ်နဲ့ ပစ္စည်းဥစ္စာတွေကို မက်မောမျှော်ကိုးသူဟုသာ စွပ်စွဲထားလိုက်သည်။

မာနရှိတဲ့ ယောကျ်ားဆိုတာ ကိုယ့်ဘဝနဲ့ မယှဉ်သာ





ဆောင် မြင့်မားတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ စိတ်ကူးမယဉ်သင့်ဘူးဟု ကနုတ် ထင်သည်။

ကနုတ်သည် နေရဲ့ မျက်လုံးအကြည့်တွေ ကိုယ့်ဘက်သို့ ဝဲဝဲလာတိုင်း တောက်ခေါက်ပစ်လိုက်ချင်စိတ်ကို ထိန်းထားရသည်။ အကြည့်ခံရလို့ အသားပွဲပါမသွားဘူးဟု ထင်မြင်ရပေမယ့် သူ့အကြည့်တွေကတော့ ကနုတ်ရဲ့ အသားတွေကို ဖွဲ့ဖွဲ့ချေနေသည်ဟု ခါးခါးသီးသီး ခံစားရသည်။

"ဆောရီးပါ ရွှေကနုတ် ...၊ အရေးကြီးတဲ့ အလုပ်ကိစ္စ ဖုန်းမို့လို့ မကိုင်မဖြစ်လို့ ကိုင်လိုက်ရတာ အရမ်းကြာသွားတယ်"

"ကိစ္စမရှိပါဘူးရှင် ..."

"ဪ ... မိတ်ဆက်ပေးရဦးမယ်၊ သူက ကျွန်တော့် ဘော်ဒါ dancer နေ ... တဲ့၊ နေ သူက တော်ဝင်ဂန္ဓမာ စိန်တိုက်ကလေ ... ရွှေကနုတ် တဲ့၊ သူတို့ဆိုင်ကြော်ငြာ ရိုက်ဖို့ ကိုယ့်ကိုအပ်ထားတာ ..."

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

နေက ခပ်သွက်သွက် နှုတ်ဆက်လိုက်သော်လည်း သူမကတော့ အပေါ်စီးဆန်ဆန် မျက်ကြောစင်းကလေးဖြင့် တစ်ချက် လှမ်းကြည့်ပြီး မသိမသာကလေး ခေါင်းဆတ်လိုက်သည်။ သစ်ခနဲသာ ဆုံလိုက်ရတဲ့ မျက်ဝန်းအကြည့်ကလေးက ထူးဆန်းစွာပင် ဒေါသငွေ့တွေ လျှံထွက်နေသည်။

သူ ဘာလုပ်မိလို့များလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



လုလိုကြည့်မိတာကလေးက လွဲရင် သူမ ဒေါ
ထွက်လောက်တဲ့အထိ သူ ဘာမှ မလုပ်မိသေးပါ။

သူ အံ့သြနေမိသည်။

"နေ ... စဏာထိုင်ဦးကွာ၊ ငါ ဒီအလုပ်ကိစ္စလေး ဖြတ်လိုက်ဦးမယ်၊ မင်း အေးဆေးပဲ မဟုတ်လား"

"အေးဆေး ... ကိုစိုင်း"

သူက မဂ္ဂဇင်း ဖတ်ချင်ယောင်ဆောင်ပြီး စောင့်နေလိုက်သည်။ ကိုစိုင်းက ရှေ့ကနတ်နှင့် ကြော်ငြာရိုက်ဖို့ကိစ္စ ဆက်ဆွေးနွေးနေပါသည်။

သူမရဲ့ အသံကလေးဟာ ချိုသော်လည်း သြ
ကလေး ...။ စကားလုံး အသုံးအနှုန်းထဲမှာ ကလေးဆန်တာ
လုံးဝမပါ ...။ လေသံကအစ တည်တည်ငြိမ်ငြိမ်နှင့် သြ
ကလေးလိုလို ...။ နားထောင်လို့ ကောင်းလှတာတော့ အမှန်ပ

"ကဲ ... ဒါဆို ကနုတ်ကို ခွင့်ပြုပါဦးရှင်၊ ကိုစိုင်းဘက်က မင်းသမီး ချိတ်လို့ရရင်သာ ကနုတ်ဆီကို ပြန်ဆက်သွယ်ပေးပါ၊ ကြော်ငြာအတွက်ကတော့ ကနုတ်တို့ ပါစေချင်တဲ့ အချက်လေးတွေ ပါရင်ပြီးရော၊ ကျန်တာတော့ ကိုစိုင်း လွတ်လွတ်လပ်လပ် စိတ်ကူးနိုင်ပါတယ်"

"ကောင်းပါပြီ ကနုတ်၊ ကျွန်တော် ပြန်ဆက်သွယ်လိုက်ပါမယ်"

ကိုစိုင်းကို နှုတ်ဆက်ပြီးတာနှင့် သူမက မတ်တ





ထရပ်လိုက်သည်။ တံခါးဝကို သွားဖို့အတွက် နေ့ရှေ့ကနေ သူမ ဖြတ်သွားရမည်ဖြစ်သည်။

သူမက သူ့ကို လုံးဝမကြည့်ဘဲ တံခါးဝဆီသို့ လျှောက်လာနေပါသည်။ နေကလည်း ထိုင်ရာကနေ မော့ငေးနေလိုက်မိသည်။ မျက်လုံးချင်းဆုံလျှင် နှုတ်ဆက်စကားတော့ ပြောလိုက်ချင်သေးသည်။

နေ့ ရှေ့နားသို့ ရောက်လျှင် သူမက ထိုင်နေသော နေ့ကို ဖျတ်ခနဲ မျက်ကြောစင်းချ၍ ကြည့်လိုက်ရင်း နှုတ်ခမ်းလေး တစ်ဖက် တွန့်ကွေး၍ သရော်သလိုပြုံးလိုက်ပြီး ရှေ့ဆက်လျှောက်သွားလေသည်။

သူ ... ရုတ်တရက် မင်သက်၍ ကျန်ခဲ့ရသည်။ ထိုအကြည့်လေး တစ်ချက်၊ ထိုအပြုံးလေး တစ်ချက်က သူ့နှလုံးသားကို ဆုပ်ညှစ်ပစ်လိုက်သလို မှုန်းကြပ်၍ ကျန်ခဲ့ရသည်။

အံ့ဒါ ဘာအပြုံးလဲ ...

လူကို နှိမ်တဲ့ အပြုံးလား ...

လှောင်ပြောင်သရော်ချင်တဲ့ အပြုံးလား ...

နှုတ်ဆက်ပြုံး မဟုတ်တာတော့ သေချာသည်။

မိတ်ဖြစ်ဆွေဖြစ် အပြုံးမျိုး မဟုတ်တာလည်း သေချာသည်။

သူမကတော့ အပြင်ဘက်သို့ ထွက်သွားနှင့်ခဲ့ပြီ...။ သူမ၏ ဘော်ဒီဂတ်လည်း နောက်ကလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေက ငြိမ်ထိုင်နေမိရာက ရုတ်တရက် ဆတ်ခနဲ ထရပ်လိုက်ရင်း ...

"ကိုစိုင်း ခဏလေး၊ ကျွန်တော် ခုပဲ ပြန်လာခဲ့မယ်"

နေက ဓာတ်လှေကားဘက်သို့ ခပ်သွက်သွက် ပြေးထွက်လာခဲ့သည်။

ဓာတ်လှေကားရှေ့မှာ သူမ ရပ်နေခဲ့သည်။

"ကလင် ..."

ဓာတ်လှေကားက သူတို့အထပ်မှာ ရပ်ကာ တံခါးပွင့်လာသည်။

ရွှေကနုတ်က ဓာတ်လှေကားထဲသို့ လှမ်းအဝင် ...

"ရွှေကနုတ် ..."

နေက လှမ်းခေါ်လိုက်တာမို့ သူမက သမင်လည်ပြန်ကြည့်လိုက်ချိန်မှာ ဓာတ်လှေကားတံခါးက ပြန်ပိတ်သွားစဉ် သူက တံခါးဆီ မီအောင် ပြေးဝင်ကာ ကိုယ်နှင့်ကလန့်၍ တံခါးကို ပြန်ပွင့်စေလိုက်သည်။

"ရှင် ဒါဘာလုပ်တာလဲ၊ ထွက်သွားစမ်း ..."

သူမ၏ ဘော်ဒီဂတ်က သူ့ကို မောင်းထုတ်လိုက်သည်။

"နေပစေ ... နီနီ ..."

သူမက ဘော်ဒီဂတ်ကို လက်ကလေးတစ်ဖက် ထောင်ပြ၍ တားမြစ်လိုက်ပြီး ဓာတ်လှေကား အပြင်သို့ ဣန္ဒြေရရ ပြန်ထွက်လာပါသည်။





ပြီးတော့ ... သူ့ကို ခပ်စူးစူးလေး စိုက်ကြည့်ကာ ခနလို ပြုံးလိုက်ပြန်သည်။ နေက ပို၍ ဆတ်ဆတ်ခါသွားကာ ...

"ကြည့်စမ်း ... ခင်ဗျား ပြုံးပြန်ပြီ၊ အဲ့ဒါ ဘာအဓိပ္ပာယ်လဲ၊ ခင်ဗျား ဖြေ ..."

"အထင်သေးလို့ ..."

"ဘာ ..."

"အထင်သေးလို့ ပြုံးတာပါ၊ မိန်းကလေးတစ်ယောက်ကို မြင်တာနဲ့ ဣန္ဒြေမဆည်နိုင်လောက်အောင် တမက်တမော စိုက်ကြည့်တတ်တဲ့ ရှင်တို့လို အဆင့်မရှိတဲ့ ယောကျာ်းမျိုးကို အထင်သေးလို့ပါ"

"ခင်ဗျား ..."

စကားလုံးတွေက ဒေါသသံ မပါ၊ တည်ငြိမ်အေးအေးလှပါသော်လည်း စကားလုံးတိုင်းမှာ ဆူးချွန်တွေ ပေါက်နေသည်။

အကြည့်တွေက ငြိမ်သက်လှပါသော်လည်း သူ့ကို ပြာကျသွားစေသည်။

သူ ... အံ့ဩဆွံ့အ မင်သက်သွားချိန်မှာ သူမ၏ ဘော်ဒီဂတ်က သူ့ကို ဆောင့်တွန်းဖယ်ရှားလိုက်ပြီး သူမကို ဆွဲခေါ်သွားသည်။ ဓာတ်လှေကား တစ်စင်း၏ တံခါးက အချိန်ကိုက် ပွင့်လာခဲ့တာမို့ သူမက ဓာတ်လှေကားထဲသို့ လှမ်းဝင်သွားလေသည်။

"ဟော့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းအော်ကာ တံခါးပိတ်သွားပြီဖြစ်သော ဓာတ်လှေကားခလုတ်ကို ဆက်ခါဆက်ခါ လှမ်းနှိပ်သော်လည်း မမီတော့ချေ။

ရွှေကနုတ်က သူ မခံစားဖူးသေးသော ဝေဒနာနှင့် နာကျင်မှု တစ်မျိုးကို သူ့ရင်ဘတ်ထဲသို့ မညင်မသာ ပစ်ပေါက် ထည့်ပေးသွားခဲ့သည်။

ရွှေကနုတ်ရယ် ...

မင်းနဲ့ ငါ့ကြားမှာ အငြိုးအတေး မရှိပါဘဲ ငါ့သိက္ခာကို ဘာလို့ ရက်ရက်စက်စက် ထိပါးပုတ်ခတ်သွားခဲ့တာလဲ ...။



## (၆)

♥ ♥ ♥

"အန်တီ့ကို ကူညီပါ သမီးရယ် ... နော်"

နန္ဒီ့ မာမီ ဒေါ်ဝင့်စန္ဒီက ပေါင်ပေါ်မှာ တင်ထားသည့် ကနုတ်ရဲ့ လက်ကလေးနှစ်ဖက်ကို ဆွဲယူလှုပ်ယမ်းရင်း အကိုးတကြီး တောင်းဆိုနေတာမို့ ကနုတ်မှာ အခက်တွေ့လျက် မျက်နှာထက်မှာ ချွေးကလေးများပင် စို့လာရလေသည်။

"ခုဆို နန္ဒီ့ကိစ္စကြောင့် အန်တီတို့အိမ်မှာ ပွက်လောရိုက်နေရတာပါ သမီးရယ် ...၊ နန္ဒီက အရမ်း ချစ်စိတ်မွန်နေပြီ သမီးရဲ့၊ ဘာပြောပြော နားမဝင်တော့ဘူး၊ ဂရုလည်း မစိုက်တော့ဘူး၊ ဟိုကောင်လေးနဲ့ သူနဲ့တွဲနေတာကို အန်တီ စမြင်တဲ့ နေ့ကဆို အန်တီကသာ တုန်လှုပ်နေတာ၊ သူက ခပ်အေးအေးပဲ၊ ဟုတ်တယ် သမီးချစ်သူတဲ့၊ ခပ်ရဲရဲ ဝန်ခံတယ်လေ၊ သမီး သူ့ကိုလက်ထပ်မှာတဲ့၊ အေးအေးဆေးဆေး နေတတ်တဲ့၊ အင်မတန် ကြောက်တတ်တဲ့သူက ခုမှ



www.burmeseclassic.com

www.burmeseclassic.com



သတ္တိတွေ ကောင်းနေလိုက်တာလေ၊ အန်တီ့မှာတော့ စိတ် ဆင်းရဲလိုက်ရတာ၊ ကောင်လေးက dancer တဲ့လေ၊ ဘ အခြေအမြစ်မှလည်း ရေရေရာရာမရှိ၊ နန္ဒီ့ဘဝနဲ့ဆို တခြား စီမှ တခြားစီပါ သမီးရယ်၊ ဒီလိုကောင်လေးမျိုးနဲ့ အန်တီ တို့ ဘယ်လို သဘောတူနိုင်ပါ့မလဲ ... "

နန္ဒီ့ မာမီက ပြောရင်း မျက်ရည်ကျလာတာ ကနတ်က စားပွဲပေါ်က တစ်ရှူးစလေးကို ဆွဲယူပြီး လှမ်းပေးလိုက် ရသည်။ မျက်ရည်သုတ်နေသည့် အန်တီစန္ဒီ့ကို ငေးကြည့်က ကနတ်က သက်ပြင်းချမိရင်း ...

"ကနတ်တို့လည်း တားပါတယ် အန်တီရယ်၊ ဒါပေမယ့် နန္ဒီက သူ့ကိုတားတဲ့သူ သူ့ရန်သူဆိုတာမျိုး ဖြစ်နေတာ လေ ...၊ အဲ့ဒီတစ်ယောက်အတွက် ကနတ်နဲ့ ဇာဖြူ့ကို တောင် သူက စွန့်လွှတ်ရဲတယ် ..."

"ဩော် ... သမီးရယ်၊ သမီးတို့ကို စွန့်လွှတ်လိုက်ဖို့လောက် က သူ့အတွက် စာမဖွဲ့လောက်တော့ဘူးလေ၊ အန်တီတို့လို မိဘတွေကိုတောင်မှ သူက စွန့်လွှတ်ရဲတဲ့ သတ္တိမျိုးတွေ ရှိနေမှပဲ၊ အိမ်မှာဆို တစ်နေ့တစ်နေ့ သူ့အတွက်နဲ့ အိမ် လူကုန် စိတ်ဆင်းရဲနေကြရတာ၊ သူ့အဘွားဆို ခဏ ခဏ သွေးတိုးတယ်၊ သူ့အဖေကတော့ အမြဲလို ခရီးထွက်နေ တော့ နန္ဒီ့ကိစ္စကို မသိသေးဘူးလေ၊ အန်တီလည်း မပြော ရဲဘူး၊ သူ့အဖေသိရင် မိုးမီးလောင်မှာ ...၊ သူ့အဖေ သူ့သမီးကို သိပ်အထင်ကြီးထားတာလေ၊ ငါ့သမီးက ငါ့





အတွက် ရှယ်သမက် ရှာပေးမှာလို့ အမြဲပြောနေကျ ...၊ အန်တီကတော့လေ နန္ဒီ့ကို သမီးလို သိပ်ဖြစ်စေချင်တာ၊ သမီးမေမေဆို ဘယ်လောက် စိတ်ချမ်းသာရသလဲ၊ သမီး လိုမျိုး မာနကလေးနဲ့ ကိုယ့်ဘဝအဆင့်အတန်းနဲ့ လိုက်ဖက် တဲ့ ဣန္ဒြေလေးနဲ့ တည်တည်ငြိမ်ငြိမ်လေး ဖြစ်စေချင်တာ၊ ရွေးချယ်ထားတဲ့ သတို့သားလောင်းကလည်း သမီးနဲ့ နေနဲ့ လ ရွှေနဲ့မြ ဆိုသလိုပဲ ...၊ သမီး လိမ္မာတော့ သမီးဘဝ လေးကလည်း အမြင့်တစ်နေရာလေးမှာ ထည်ဝါတောက်ပ နေတော့တာလေ ...၊ သမီးလို စိတ်မျိုး နန္ဒီ့မှာရှိရင် ဘယ် လောက်ကောင်းမလဲကွယ် ..."

"အန်တီရယ် ... နန္ဒီက မိုက်မဲတဲ့သူတော့လည်း မဟုတ် ပါဘူး၊ အခိုက်အတန့်လေး မျက်စိလည် လမ်းမှားသွားတာ မျိုးလည်း ဖြစ်နိုင်ပါတယ်၊ သူ့ကို သိပ်မဆူပူဘဲ စောင့် ကြည့်လိုက်ရင် မကောင်းဘူးလား၊ သူ ချက်ချင်းကြီးတော့ လည်း အိမ်ထောင်ပြုသွားမယ် မထင်ပါဘူး"

"အန်တီတော့ သူ့ကို မယုံဘူး သမီး၊ ဒီကိစ္စကို အန်တီ တို့ဘက်က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းမှဖြစ်မှာမို့ သမီး ကို အကူအညီတောင်းရတာပါ၊ ကူညီပါ သမီးရယ်နော်၊ သမီးက ထက်ထက်မြက်မြက်လေး ရှိတော့ ဇာဖြူ့ထက် ပိုပြီး သမီးကို ပိုအားကိုးတယ်၊ ဇာဖြူက စိတ်ပျော့တော့ နန္ဒီ့ကို သနားပြီး မပြောရဲ မဆိုရဲ ဖြစ်နိုင်တယ်၊ အဲ့ဒီ ကောင်လေးရဲ့ အိမ်လိပ်စာတော့ အန်တီ တိတိကျကျမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နေတဲ့ရပ်ကွက်ကိုပဲ သိတယ်၊ သေချာတာကတော့ (xxx)ကွန်ဒိုက အကာစတူဒီယိုမှာ နေ့တိုင်းလို ရှိနေတာပဲ ..."

"ဟုတ်ကဲ့ ... အဲ့ဒီ အကာစတူဒီယို အဲ့ဒီမှာရှိတာတော့ ကနုတ် သိပါတယ်"

"ကျေးဇူးပြုပြီး အန်တီ့ကို ကူညီတဲ့အနေနဲ့ အဲ့ဒီကိုသွားပြီး ဇေသော်နဲ့ တွေ့ပြီး အန်တီဖြစ်စေချင်တာလေးကို ညှိနှိုင်းပေးပါ သမီးရယ် ... နော်၊ အန်တီ အားကိုးပါတယ်၊ အန်တီကိုယ်တိုင် သွားလိုက်ရင် နန္ဒီက အန်တီ့ကို စိတ်ဆိုးပြီး အရွဲ့တိုက် ခိုးရာလိုက်သွားမှာစိုးလို့ပါ၊ သမီးတို့ သူငယ်ချင်းချင်းကျတော့ ပြောမနာ ဆိုမနာ မဟုတ်လား၊ ပြီးတော့ သမီးမှာက ဆော်ဒီဂတ်လည်း ရှိတယ်၊ သိပ်လည်း မကြောက်တတ်ဘူးဆိုတော့ အဲ့ဒီကို သွားရဲမယ်ထင်လို့ပါ၊ အန်တီ့ဘက်ကတော့ ဇေသော်သာ နောက်ဆုတ်သွားမယ်ဆိုရင် သိန်းရာဂဏန်းလောက် ပေးရမယ်ဆိုလည်း ပေးနိုင်တယ်၊ သမီးလေး နန္ဒီ့ဘဝ တစ်သက်လုံး နိမ့်ပါးသွားရမှာထက်စာရင် အဲဒီလောက် ပိုက်ဆံက ဘာမှမဟုတ်ဘူး၊ သမီးကပဲ ဇေသော့်ကို အကျိုးအကြောင်း ပြောဆိုဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိပေးပါ သမီးရယ် နော်"

အန်တီ ဝင့်စန္ဒီက သူဖြစ်ချင်တာတွေကိုသာ စိတ်ဓာသန်စွာ တသွင်သွင်ပြောလျက်ရှိသည်။ ကနုတ်မှာလည်း ခေါင်းညိတ်ရမလို ခေါင်းခါရမလို အခက်တွေ့လျက်ရှိပါသည်။





ကနုတ်အနေနဲ့ နန္ဒီ့ကိုသာ ပြောပိုင်ခွင့်ရှိတာ မဟုတ်လား ...။ တစ်ဖက် ယောကျ်ားလေးကို သွားပြောရမှာကတော့ သဘာဝမကျဘူးထင်သည်။ ပြီးတော့ 'နေ' ဆိုတဲ့ တစ်ယောက်ကလည်း အဲ့ဒီမှာ ရှိနေမှာလေ ...။ ဖူးရတောက်ပတဲ့ မျက်ဝန်းတွေနဲ့ မျှောနစ်နေအောင် စိုက်ကြည့်တတ်တဲ့ သူ့အကြည့်တွေကို ကနုတ် ရင်မဆိုင်ချင်။ သူ့အကခန်းမကိုလည်း မသွားချင်။ ကနုတ်လို ထည်ဝါတဲ့ မိန်းကလေးတစ်ယောက်နဲ့ အဲ့ဒီလို လူမျိုးတွေနဲ့ မအပ်စပ်ဘူးလို့ပဲ ကနုတ်က ထင်ကာ ခပ်ကင်းကင်းပင် နေချင်မိလေသည်။

သို့သော် ... အပူသောက ဗျာပါဒနှင့် အကူအညီတောင်းနေသော အန်တီစန္ဒီကို ငြင်းပယ်လိုက်ရမှာလည်း သနားစရာ ကောင်းနေပါသည်။

"နော် ... သမီး ... နော်၊ အန်တီ့ကို ကူညီပါနော်"

အန်တီက ကနုတ်ရဲ့ လက်ဖဝါးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်း၍ပြောနေရင်းက ကနုတ်လက်ခုံပေါ်သို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်တာမို့ ကနုတ်က မငြင်းပယ်ရက်တော့ဘဲ ...

"ဟုတ်ကဲ့ပါ အန်တီရယ်၊ ကနုတ် ကူညီပါ့မယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ် ..."

"နန္ဒီ့ကိုလည်း သိပ်ပြီး မဆူပါနဲ့နော် ... အန်တီ၊ တော်ကြာ စိတ်ညစ်ပြီး ထွက်သွားပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေတော့လည်း ဆူမိတာပေါ့ သမီးရယ်၊ ဒါပေမယ့် အန်တီ သတိထားပါ့မယ်၊ သမီးလည်း သူ့ကို ဖျောင်းဖျပေးပါဦးကွယ်"

"သူက ကနုတ်ကို စိတ်ကောက်နေတာ အန်တီရဲ့၊ ဖုန်းလည်း မကိုင်ဘူးလေ၊ ကနုတ်ကတော့ ဇေသော်နဲ့ကိစ္စကို သူ နားမထောင်ချင်ဘူးဆိုလည်း ကနုတ်တို့ သူငယ်ချင်းတွေ ဟိုအရင်ကလိုပဲ သူ့အကြောင်း ကိုယ့်အကြောင်း စကားစမြည် ပြောချင်တာပေါ့၊ ခုဆို သူနဲ့ စကားမပြောရတာ နှစ်လကျော်သွားပြီ၊ ကနုတ် ကိုမိုးမြင့်နိုင်ကို လက်ခံလိုက်တာတောင် သူ့ကို ပြောမပြရသေးဘူး"

"သူ သိတယ် သမီးရဲ့၊ အန်တီက သမီးတို့ကိစ္စကို သမီးမေမေဆီက သိရကတည်းက သူ့ကိုပြောပြပါတယ်၊ သူ အားကျအောင်လို့ပါ၊ ဒါပေမယ့် သူက အကောင်းမပြောဘူး သမီးရေ..."

"သူ ဘာပြောလို့လဲ အန်တီ..."

"အချစ်မပါတဲ့ ကိစ္စတွေကို စိတ်မဝင်စားဘူးတဲ့လေ၊ အချစ်ရူးမကြီးက ပြောရှာတယ်၊ အန်တီဖြင့် သူ့ကို စိတ်တိုလွန်းလို့ ကိုင်ဆောင့်ပစ်လိုက်ချင်တယ်...တကယ်"

အချစ်မပါတဲ့ ကိစ္စတွေ...တဲ့။ ထိုစကားလုံးလေးက ဘာ့ကြောင့်မှန်းမသိ ကနုတ်ရင်ကို ထိမှန်လာသည်။ အို... ဟင့်အင်း...အချစ်ဆိုတာ အရေးကြီးလို့လား၊ ကနုတ် အထင်





ကြီးတဲ့ ဒီယောက်ျားကို ချစ်သွားဖို့ဆိုတာ အချိန်ကာလလေးတစ်ခုပဲ ယူဖို့ လိုအပ်တယ်မဟုတ်လား။ ကနုတ်က နန္ဒီ့လို စိတ်ကူးယဉ်တတ်သူ မဟုတ်။ လှပတင့်တယ်သည့် ဘဝတစ်ခုကို လက်တွေ့ကျကျ တည်ဆောက်လိုသူ ဖြစ်သည်။

"ကဲ...အန်တီလည်း ပြန်ဦးမယ်ကွယ်၊ သမီးကို ကျေးဇူးအရမ်းတင်ပါတယ်၊ သေသေချာချာလေးသာ ပြောဆိုဆွေးနွေး ညှိနှိုင်းပေးခဲ့ပါကွယ်၊ သမီးက တစ်ဖက်သားအပေါ် လွှမ်းလွှမ်းမိုးမိုးလေး ပြောတတ်ဆိုတတ်ပါတယ်"

နန္ဒီ့ မေမေက ကနုတ်ကို နှုတ်ဆက်ကာ အရင်ပြန်နှင့်သည်။ ကနုတ်က ကော်ဖီဆိုင်လေးထဲမှာ ထိုင်ကျန်ရစ်ခဲ့ပြီး အေးစက်စက် လက်ကျန် ကော်ဖီခွက်လေးကို ကုန်အောင်သောက်နေမိသည်။

ဒီနေ့ နန္ဒီ့မေမေက ကနုတ်ကို တွေ့ချင်သည်ဟု ချိန်းဆိုတာမို့ Signature Garden ဆိုင်လေးမှာ တွေ့ဖြစ်ခဲ့တာပင်။ နီနီကတော့ ကားထဲမှာပဲ ထိုင်စောင့်ကျန်နေခဲ့သည်။

ကနုတ်က စားပွဲထိုးလေးကိုခေါ်ကာ ပိုက်ဆံရှင်းလိုက်ပြီး ဆိုင်ထဲမှထွက်ကာ ကားပါကင်ဘက်သို့ လျှောက်လာခဲ့ပါသည်။

ကားနားကို ရောက်တော့ ကားထဲမှာ နီနီ့ကို မတွေ့ရ၊ ကားလည်း လော့ခ်ချထားတာမို့ ကနုတ်က ဟိုဒီကြည့်ဖြစ်ဆဲ

"မမ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဩော် ..."

ဟိန်းသီဟကို အတွေ့မှာ ကနုတ်ရဲ့ မျက်ခုံးကွေးကွေးလေးက ကုပ်ကျသွားရပါသည်။ ဒီကောင်လေး ဘာစိတ်အနှောင့်အယှက် ပေးဦးမလို့ပါလိမ့် ...။

ဟိန်းသီဟ ဟာ ကနုတ်နဲ့ ဆယ်တန်းတုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ မောင်လေး ဖြစ်ပါသည်။ ကနုတ်ထက် သုံးလေးနှစ်လောက် ငယ်မည်ထင်ရသည်။ သူ့အစ်မကတော့ အိမ်ထောင်ကျကာ နိုင်ငံခြားသို့ ထွက်သွားပြီး ဟိုမှာပင် အခြေချလိုက်သည်။ ကနုတ်နဲ့လည်း အဆက်အသွယ် ပြတ်နေခဲ့သည်။

ဟိန်းသီဟကတော့ အလွန် ဖွတ်တရွတ်ဆန်သော ဘာကိုမှ ဂရုမစိုက်သော၊ ဘာမှလည်း မလုပ်ဘဲ မိဘလုပ်စာဖြင့် သုံးဖြုန်းနေသော ကောင်ကလေးပင် ...။ ထိုကောင်ကလေးဟာ ကနုတ်ကို အရူးအမူး ချစ်ပါသည်ဟုဆိုကာ မကြာခဏဆိုသလို ကနုတ်နောက်ကို တကောက်ကောက် လိုက်နေတတ်သူ ဖြစ်သည်။ သူ့လို ကနုတ်ကို အရူးအမူး စွဲလမ်းသည့် ယောကျ်ားလေးတွေ အများကြီးရှိပေမယ့် သူကတော့ အဆိုးဆုံး၊ ဇွဲအကောင်းဆုံးပင်။ ဒီကောင်လေးဟာ ဆေးတွေ ဘာတွေ ငြိနေသလားလို့လည်း ကနုတ်က သံသယရှိသည်။

ဒီလို ကောင်လေးမျိုးတွေကြောင့်လည်း မေမေက ကနုတ်ကို စိတ်ပူကာ နီနီ့ကို ခေါ်ထားပေးခဲ့တာဖြစ်မည်။ ကနုတ်ဟာ ယောကျ်ားလေးတွေနှင့် အရောတဝင် ခင်မင်လေ့ရှိသူမဟုတ်။





ကိုယ့်အလုမှာ စွဲလမ်း တွယ်ငြိကြသည့်သူတွေအပေါ်မှာလည်း သာယာတတ်သူမဟုတ်။ ကနုတ်ကို ပိုးပန်းချဉ်းကပ်သူတွေ များလေ စိတ်ရှုပ်ရလေမို့ ထိုကိစ္စတွေကို နီနီကသာ ဒိုင်ခံရှင်းထုတ်ပေးရလေ့ရှိသည်။

ခုနောက်ပိုင်းမှာသာ ကနုတ်ရဲ့ မိုးလောက်မြင့်သော မာနကို အမြင်ကတ်သူက ကတ်၊ အားငယ်လက်လျှော့သူက လျှော့၊ အိမ်ထောင်ကျသူက ကျ၊ အချစ်သစ်တွေ့သူက တွေ့ဖြင့် ကနုတ်နားမှာ လူနည်းနည်း ရှဲသွားခဲ့တာပင်။ ဟိုတုန်းကဆို ကနုတ်ရဲ့ မွေးနေ့၊ နယူးရီးယားနေ့၊ ဗလင်တိုင်းနေ့ နှစ်ဆန်းတစ်ရက်နေ့ စသည့်နေ့မျိုးတွေမှာ ကနုတ်အိမ်ရှေ့၌ ပန်းစည်းတွေ တောင်ပုံယာပုံ ပုံနေတတ်ခဲ့သည်။

နီနီက ထိုပန်းစည်းတွေကို ရှင်းလင်းရင်း စိတ်တိုတိုဖြင့် ...

"တကတည်း ... ပန်းစည်းတွေ အိမ်ရှေ့မှာ လာချသွားလိုက်ကြတာ လူသေတဲ့အိမ် ကျနေတာပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်နေတာကို ကနုတ်ကြားကာ ကျိတ်ရယ်ခဲ့ရသေးသည်။

ကနုတ် ကားရှေ့မှာ အသေခံရဲသလို ပိတ်ရပ်ကာ ကနုတ်နှင့် မျက်နှာချင်းဆိုင် တွေ့ခွင့်ရဖို့ ကြိုးစားသူတွေလည်း မရှားခဲ့ ...။ မိဘကို အကူအညီတောင်းကာ အံ့ဘနန်း ခန်းဖင်ပစ္စည်းတွေ တစ်ပုံတပင်ဖြင့် လာရောက်တောင်းရမ်းကြောင်လမ်းသူတွေလည်း ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို လူတွေ ရှိခဲ့ပေမယ့်လည်း ကနုတ် အထင်ကြီးရမယ့်၊ ချစ်ရမယ့်သူ တစ်ယောက်မှ မရှိခဲ့တာဟာ ကနုတ်ရဲ့ စံနှုန်းတွေကပဲ မြင့်မားလွန်းခဲ့လို့လား ...။

ခုချိန်မှာတော့ မေမေ ရွေးချယ်ပေးသည့် သတို့သားလောင်းကိုပင် ကနုတ်က အေးချမ်းစွာ ခေါင်းညိတ်လက်ခံခဲ့ပြီမို့ ကနုတ်ဘဝရေ့ရေးဟာလည်း ဖြောင့်ဖြူးသာယာ ရှိလိမ့်မည်ဟု ကနုတ်က ယုံကြည်သည်။ ကနုတ် အထင်ကြီးရသော အရည်အချင်းတွေ အများကြီးရှိပြီး ကနုတ်ကိုလည်း ကြင်နာ မြတ်နိုးတန်ဖိုးထားသော အစ်ကို့ကို ခေါင်းညိတ်လိုက်တာ မှန်ကန်သည်ဟု ကနုတ်က ယူဆထားပါသည်။

ကနုတ်တို့ အသိုက်အဝန်းထဲက လူအတော်များများကလည်း ကနုတ်ကို ကိုမိုးမြင့်နိုင်ရဲ့ သတို့သမီးလောင်းကလေးအဖြစ် လက်ခံလိုက်ကြပြီမို့ ဟိုအရင်ကလို ကနုတ်ကို အရှုးအမူးတွယ်ငြိကြသူတွေလည်း လက်လျှော့သွားကြပါပြီ ...။ ဟိန်းသီဟတစ်ယောက်သာ တစ်ခါတစ်ရံ ရီဝေစွာ၊ တစ်ခါတစ်ရံ ပေါက်ကွဲအရဲကိုးစွာ၊ တစ်ခါတစ်ခါ ရူးကြောင်မူးကြောင် နိုင်လှစွာဖြင့် ကနုတ်၏ဘေးသို့ ရောက်ရောက်လာတတ်တာပင်။

"မမ ... မမ သိလား၊ မမကို ကျွန်တော် အရမ်းတွေ့ချင်လွန်းလို့ ညကတည်းက မမတို့ ခြံရှေ့နားမှာ ဒုက္ခခံပြီး အိပ်စောင့်နေရတာ မမ သိရဲ့လား"

မျက်နှာတစ်ခြမ်းပေါ် ဖွေကျနေသော ဆံပင်အဖတ်





ကို လက်ဖြင့် သိမ်းရင်း ကနုတ်ကို ရီဝေဝေ ကြည့်နေသောပုံစံက စိတ်ပျက်စရာ။ လူပုံက ဖြူနွဲ့ပိန်လှပ်လျက်။ မူးယစ်ဆေးဝါးအမျိုးအစား တစ်ခုခုကို သုံးစွဲနေသူမှန်းလည်း သိသာသည်။

"မမ ... ကျွန်တော့်ကို စကားလေးတစ်ခွန်းလောက်တော့ ပြန်ပြောပါ မမရယ်၊ မမအသံလေးကို ကြားခွင့်ရမှ ကျွန်တော့်ရဲ့ အာဟာရပြတ်လပ်နေတဲ့ နှလုံးသားလေး အသက်ဆက်နိုင်မှာမို့လို့ပါဗျာ ..."

ကနုတ်က ဟိန်းသီဟကို စိတ်ပျက်စွာကြည့်မိရင်း

"မင်း ပြန်လိုက်ပါတော့ ဟိန်းသီဟ ...၊ မင်းကို တို့သူငယ်ချင်းရဲ့ မောင်လေးမို့လို့ ဒီလောက်ထိ စကားလက်ခံပြောနေတယ် မှတ်ပါ၊ တခြားသူတစ်ယောက်သာဆို နှောင့်ယှက်မှုနဲ့ ရဲစခန်းရောက်နေလောက်ပြီ၊ တို့ အခု မင်းတင်မဟုတ်ဘူး၊ တခြား ဘယ်ယောကျ်ားရဲ့ အချစ်ကိုမှ လက်ခံဖို့ စိတ်ကူးမရှိဘူး၊ တို့မှာ လက်ထပ်ရမယ့်သူ ရှိပြီးသား"

"ကျွန်တော် သိသားပဲ ..."

"သိရင် ဘာဖြစ်လို့ လိုက်နှောင့်ယှက်နေသလဲ၊ မင်း မရှက်ဘူးလား"

"မရှက်ပါဘူး၊ ချစ်လို့ ချစ်ကြောင်းပြောပြီး ချစ်တဲ့သူနောက်ကို လျှောက်လိုက်တာ ရှက်စရာမှမဟုတ်တာ ...၊ ချစ်တာကို ဘယ်ပုဒ်မနဲ့ တရားစွဲလို့ရသလဲ ချစ်မမရယ်"

"မင်းပါးစပ်က တချစ်ချစ်နဲ့ ပြောနေလိုက်တာ သိပ်အ[illegible] စား ဆန်တာပဲ၊ ရွှေကနုတ်ဆိုတာ အဲဒီလို [illegible]ကားကို



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှာ အပေါ်စားဆန်ဆန် အပြောခံရမယ့် အဆင့်အတန်း မဟုတ်သလို မင်းလို အပေါစား ယောကျ်ားတစ်ယောက်ကို လက်ထပ်မယ့် ခပ်နိမ့်နိမ့် အတန်းအစားလည်း မဟုတ်ဘူး ဟိန်းသီဟ ..."

"အဟက် ... ဟက်၊ မမက တော်တော် အပြောရက်စက်တာပဲ၊ မမဆိုလိုတဲ့ သဘောက ကျွန်တော်က အပေါစား ယောကျ်ားမို့လို့ ကျွန်တော့်ကို အဆင့်နိမ့်နိမ့် မိန်းမမျိုးကပဲ လက်ထပ်လိမ့်မယ်၊ အဲ့ဒီလိုကြီးလား ..."

"ဟုတ်တယ် ..."

"ဟား ... မမ တကယ် ရက်စက်တယ်ဗျာ"

ဟိန်းသီဟ သရော်သလို တစ်ချက်ရယ်လိုက်ရင်း သူ့ရှေ့ဆံပင်စကို ပင့်ခါကာ ...

"အချစ်ကို အထင်မသေးစမ်းပါနဲ့ မမရာ ...၊ အချစ်ဆိုတာ အဆင့်အတန်းနဲ့ မဆိုင်ဘူးဗျ၊ မမက ဘယ်ယောကျ်ားရဲ့ အချစ်ကိုမှ လက်ခံဖို့ စိတ်ကူးမရှိပေမယ့် မမကိုယ်တိုင်က အချစ်ကို မွေးဖွားလာရင် ဘယ်လို လုပ်မလဲ၊ လူဆိုတာ သူများအချစ်ကိုပဲ လက်ခံသင့် မခံသင့် စဉ်းစားရတာမှ မဟုတ်တာ၊ ကိုယ်က စပြီးလည်း ချစ်သွားနိုင်တာပဲ"

"မင်း ငါ့ကို ဆရာလာမလုပ်စမ်းနဲ့ ဟိန်းသီဟ၊ အချစ်ဆိုတာ အဆင့်အတန်းနဲ့ မဆိုင်ဘူးဆိုရင်တောင် လက်ထပ်ခြင်းကတော့ အဆင့်အတန်းနဲ့ဆိုင်တယ်ဆိုတာ မင်း မြဲမြဲမှတ်ထား ...၊ အဆင့်အတန်းချင်း မညီမျှတဲ့ သူတွေရဲ့





လက်ထပ်ခြင်းဟာ ဘယ်တော့မှ အလုံးစုံ စိတ်ချမ်းသာမှုကို မပေးနိုင်ဘူး၊ ခုချိန်မှာ အချစ်ကို လက်ခံတာတွေ၊ မွေးဖွားတာတွေ ငါ့ကို လာမပြောနဲ့ ...၊ ငါစိတ်မဝင်စားဘူး၊ ရှေ့ကနတ်ဆိုတာ လက်ထပ်ရမယ့် သတို့သားလောင်းရှိပြီးသား မိန်းမတစ်ယောက်ဆိုတာကိုပဲ နှလုံးသွင်းပြီး မင်း လှည့်ပြန်လိုက်တော့၊ ဘယ်တော့မှ ငါ့ရှေ့ရောက်မလာမိစေနဲ့ ..."

"မမ ... အဲ့ဒီဘဲကြီးကို ချစ်လို့လား"

"ဘာ ..."

"ကိုမိုးမြင့်နိုင် ဆိုတဲ့ ဘဲကြီးက perfect ဖြစ်လွန်းတော့ ပျင်းစရာကြီး ဖြစ်မနေဘူးလား၊ ယောကျ်ားဆိုတာ လိုအပ်ချက်လေးတွေ၊ ချို့ယွင်းချက်၊ အားနည်းချက်လေးတွေ ရှိနေမှ စိတ်လှုပ်ရှားစရာ ကောင်းတာဗျ ..."

"ဟော့ ..."

နောက်ဘက်နားဆီက နီနီ့ရဲ့ အော်သံကြောင့် ဟိန်းသီဟက ပခုံးတွန့်လိုက်ရင်း ...

"ဘော်ဒီဂတ်မကြီး လာပြီ၊ အမှိုက်ပဲဗျာ ..."

"ဟော့ ... မင်း နှောင့်ယှက်တာ လွန်နေပြီနော် ...၊ မမလေး ကျွန်မ တွိုင်းလက်ဝင်နေတာ နည်းနည်းကြာသွားတယ်၊ တောင်းပန်ပါတယ်၊ ဒီကိစ္စ ကျွန်မ ရှင်းပေးပါ့မယ်၊ မမကားထဲဝင်ထိုင်နေလိုက်ပါတော့ ..."

နီနီက ကနုတ်ရှေ့မှာ ပိတ်ရပ်နေသည့် ဟိန်းသီဟ



www.burmeseclassic.com

www.burmeseclassic.com



ကို တွန်းဖယ်ပစ်လိုက်ပြီး ကားတံခါးကိုဖွင့်ကာ ကနုတ်ကို ကားထဲသို့ ဝင်ထိုင်စေလိုက်သည်။

နန္ဒီ့ မေမေနှင့် စကားပြောစဉ်ကတည်းက စိတ်ကျဉ်းကြပ် အခက်တွေ့နေခဲ့ရပြီး အခုတစ်ဖန် ဟိန်းသီဟကလည်း တမောင့်မို့ ကနုတ် တကယ်ပဲ ခေါင်းကိုက်လာရကာ ခေါင်းကို လက်ဖျားကလေးတွေဖြင့် ဖိထောက်ရင်း ကားနောက်မှီပေါ် ချောမှီထိုင်လျက် မျက်စိမှိတ် ငြိမ်သက်နေလိုက်သည်။

ခဏနေတော့မှ နီနီက ကားထဲမှာ ဝင်ထိုင်လိုက်ရင်း ...

"ကောင်လေး သွားပြီ မမ၊ ရဲစခန်းကို ဖုန်းဆက်မယ်လုပ်တော့မှပဲ သွားတော်မူတယ်လေ"

ကနုတ်က မှိန်းနေရာမှ မျက်လုံးဖွင့်လာရင်း ...

"ခုတလော ဒီကောင်လေး ပျောက်နေလို့ ဒီပြဿနာတော့ ရှင်းသွားပြီပဲ အောက်မေ့တာ ...၊ ခု ရုတ်တရက် ပြန်ပေါ်လာတော့ အာရုံတွေတောင် တကယ် နောက်ပါရဲ့ နီနီရယ်၊ သူ ဇရုတ်သုတ်ခ လုပ်မှာစိုးလို့ အလိုက်သင့် စကားပြန်ပြောနေရင်း ခေါင်းတွေတောင် ကိုက်လာတယ်"

"သူ မမလေး နောက်ကို ပြန်လိုက်နေတာတော့ သုံးလေးရက် ရှိပြီ၊ မမလေး စိတ်ရှုပ်မှာစိုးလို့ ကျွန်မဘာသာ ကြည့်ကျက်ရှင်းနေတာ၊ ကျွန်မ မလစ်သေးတော့ သူလည်း မမလေးနားကို ကပ်လို့မရဘူးလေ၊ ဒီနေ့ကျမှ ကျွန်မ မရှိတုန်းမို့လို့ ကပ်လာနိုင်တာ၊ ညကတည်းက အိမ်ရှေ့နားမှာ





သူ့ကား လာရပ်ထားပြီး ကားစက်နှိုး အဲကွန်းဖွင့်ထားပြီး လာအိပ်စောင့်နေတာ"

"ရှူးကြောင် မူးကြောင်နဲ့ဟယ်"

"ကျွန်မကတော့ အဲ့ဒီ ရှူးကြောင်မူးကြောင်ကိုပဲ စိုးရိမ်တာ၊ ပုံမှန် အသိဉာဏ်ရှိတဲ့သူကတော့ မမလေးကို ဆိုးဆိုးဝါးဝါး နှောင့်ယှက်မှာ မဟုတ်ဘူးလေ၊ ဒီကောင်လေးကျတော့ ဆေးကြောင်သလိုလို ဘာလိုလို လူက ဂေါက်တောက်တောက်ဆိုတော့ မမလေးကို ဘယ်လောက် ဆိုးဝါးတဲ့ ပုံစံမျိုးနဲ့ အန္တရာယ်ပြုမလဲဆိုတာ မှန်းမရဘူး"

"ခုချိန်ထိတော့ တကောက်ကောက် လိုက်ပြီး စကားပြောခွင့်ရအောင် ကြိုးစားတာကလွဲရင် တခြား ဆိုးဝါးတာမျိုးတော့ မရှိသေးပါဘူး"

"ဘာပဲဖြစ်ဖြစ် သတိတော့ ထားရမှာပေါ့၊ မမလေး တစ်ယောက်တည်းတော့ ဘယ်မှမသွားပါနဲ့၊ ဘယ်သွားသွား ကျွန်မကို ခေါ်ပါ"

"အေးပါ ... ခေါ်ပါ့မယ်၊ ကိုမိုးမြင့်နိုင်နဲ့ သွားတွေ့ရင်တောင် နီနီ့ကို ခေါ်နေတာပဲ၊ ဪ ... ဒီကောင်လေးကိစ္စကိုတော့ မေမေ့ကို သွားမပြောနဲ့နော်၊ တော်ကြာ အရမ်းစိုးရိမ်ပြီး လုံခြုံရေးတွေ တိုးမြှင့်နေရင် ကနုတ်ပဲ စိတ်ရှုပ်ရမှာ ..."

"ဟုတ် ...၊ မပြောပါဘူး မမလေး"

နီနီက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး ကနုတ်ကို ငဲ့ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ... ခေါင်းကိုက်နေတာလား"

"နည်းနည်းပါ"

"ဆေးခန်းကို မောင်းရမလား"

"မမောင်းနဲ့၊ အိမ်ကိုပဲ မောင်းလိုက်တော့ ..."



(၇)

♥ ♥ ♥

"ကိုနေ ..."

"ပြော ... လှိုင်း"

လှိုင်းက နေ့ ရုံးခန်းတံခါးဝမှာလာရပ်ရင်း လှမ်းခေါ်တာမို့ နေက ကွန်ပျူတာ သုံးနေရင်းက လှမ်းမေးလိုက်ပါသည်။

"ဖေသော် ... ဘယ်သွားမယ်လို့ ကိုနေ့ကို ပြောသွားလဲ"

"၂ ရက်နေ့ စတိတ်ရှိုးမှာ ပါဖောမင့်စ်လုပ်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေ သွားဝယ်တတ်လေ လှိုင်း၊ ကိုယ်ပဲ ခိုင်းလိုက်တာ"

"ဘယ်အချိန်လောက် ပြန်ရောက်မယ် ပြောသွားလဲ ကိုနေ"

"ဒီကောင် ဒီနေ့တော့ ဒီကို ပြန်မလာတော့ဘူး၊ လိုအပ်တာတွေ ရှာဝယ်ပြီးရင် အိမ်ပြန်ခွင့် ပေးလိုက်တယ်၊ နေ့ခါက သူ့အမေ ရောက်နေတယ်လေ၊ ညနေကျရင် သူ့အမေကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းလိုက်ပို့စရာ ရှိသေးတယ်၊ ဘာဖြစ်လို့လဲ လှိုင်း၊ ဖေသော်ကို လိုအပ်လို့လား၊ လှိုင်း အကသင်တာ အဆင်မပြေဘူးလား"

နေက လှိုင်းကို မျက်နှာပင့်ကြည့်ရင်း ပြန်မေးလိုက်သည်။ လှိုင်းက မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် ဧည့်ခန်းဘက်သို့ လက်ညှိုးနောက်ပြန်ထိုးပြရင်း ...

"ဧည့်ခန်းထဲမှာ တော်တော်လှတဲ့ အစ်မတစ်ယောက် ရောက်နေတယ် ကိုနေရဲ့၊ ဖေသော့်ကို တွေ့ချင်လို့တဲ့၊ မရှိဘူးပြောတော့လည်း ဘယ်အချိန် ပြန်လာမှာလဲ မေးနေတယ်၊ ကြည့်ရတာ လာမယ့်အချိန်ထိ ထိုင်စောင့်နေမလား မသိဘူး၊ စကားပြောတာကလည်း ခပ်တင်းတင်းပဲ၊ ကိစ္စရှိရင် မှာထားခဲ့ဖို့ ပြောတာကို မှာထားခဲ့လို့ မရဘူးတဲ့၊ ဖေသော်နဲ့တွေ့ပြီး ညှိနှိုင်းရမယ့် ကိစ္စမို့လို့တဲ့၊ အခေါက်ခေါက်လည်း လာရာဖို့ အချိန်မပေးနိုင်လို့ ခုတစ်ခါတည်းပဲ ထိုင်စောင့်နေလိုက်မယ်တဲ့၊ ဩော် ... ပြီးတော့ သူ့နောက်မှာ အဖော်လိုလို ဆော်ဒီဂတ်လိုလို မိန်းမတစ်ယောက်လည်း ပါသေးတယ်"

နေက ရွှေကနုတ်ရဲ့ မျက်နှာကို ပြေးမြင်ယောင်ကာ မျက်ခုံးပင့်လိုက်မိပါသည်။ ရွှေကနုတ်များလား ...။ မြန်မာပြည်မှာက ဒီလို အမျိုးသမီးဆော်ဒီဂတ်နဲ့ သွားလာနေတတ်တဲ့သူက ခပ်ရှားရှားမို့ ရွှေကနုတ်လားဟု ထင်မိတာပင်။

နေက ကွန်ပျူတာကို ပိတ်ကာ မတ်တတ်ထရပ်





လိုက်သည်။ ထို့နောက် ရုံးခန်းမှန်တွေကို ကာရံထားသည့် ပလတ်စတစ်လိုက်ကာ ကြိုးကလေးကို ဆွဲဖွင့်ကြည့်မိလျှင် ...

ရွှေကနုတ် ...

တကယ်ပဲ ရွှေကနုတ် ဖြစ်နေခဲ့လေသည်။ သူမက ဧည့်ခန်းဆိုဖာပေါ်မှာ ခပ်မတ်မတ်လေး ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ သူမက မြန်မာအင်္ကျီ ခါးတို ရင်စေ့လက်ပြတ် အနီရဲရဲလေးနှင့် အနက်ခံပေါ်မှာ အနီရောင် ပန်းခက်ကလေး အနည်းငယ်သာပါသော လုံချည်ပျော့ပျော့လေးကို ဝတ်ထားပြီး ညိုရောင်ပျော့ ဆံပင်လေးကို ထိပ်နားမရောက်တရောက်မှာ ခပ်ဖွဖွလေး ဆုံးထားသည်။ ခေါင်းငုံ့ကာ မဂ္ဂဇင်းဖတ်နေသဖြင့် လည်ပင်းရှည်ကလေးက စင်းကြော့နေသည်။ ထိုင်နေပုံ ကိုယ်ဟန် မတ်မတ်ကြော့ကြော့ကလေးရယ်၊ လည်ပင်းစင်းစင်းကလေးရယ်က အထူးပင် ငေးကြည့်ချင်စရာ ကောင်းလေ၏။ သို့သော်လည်း သူက နှာကျင်စွာ မျက်နှာလွှဲမိပါသည်။

နေ့နှလုံးသားသည် ဖျတ်ခနဲ ခုန်လှုပ်ပူနွေး နာကျင်သာတာတော့ အမှန်ပင်ဖြစ်၏။ ပထမဆုံးအကြိမ် တွေ့ဆုံစဉ်က သူမ မညှာမတာ ပစ်ပေါက်ထည့်ပေးသွားသော ဆူးတွေက ခုထိ သူ့နှလုံးသားမှာ စူးဝင်နေတုန်းဖြစ်သည်။

နေစမ်းပါဦး ...။ ရွှေကနုတ်က ဖေသော့်ကို တွေ့စရာ ဘာအကြောင်းရှိလို့လဲ ...။ သူမ ဒီကိုရောက်လာတာ နည်းနည်းတော့ ထူးဆန်းသည်။

နေသည် လှိုင်းကို ပြန်လှည့်ကြည့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပဲ ထွက်တွေ့လိုက်တော့မယ် လှိုင်း၊ ညည်း လုပ်စရာရှိတာ သွားလုပ်တော့ ..."

"ဟုတ်ကဲ့ ... ကိုနေ"

လှိုင်းက သင်တန်းသားတွေ ရှိသည့် အခန်းဘက်ကို ထွက်သွားသည်။

နေက ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့ပါသည်။

သူမက ခေါင်းငုံ့ကာ မဂ္ဂဇင်းစာအုပ် တစ်အုပ်ကို လှန်လှောနေသည်။

နေက သူမရှေ့မှာ ရပ်လိုက်ရင်း ...

"ဘာကိစ္စရှိလို့လဲ ..."

ဟု မေးလိုက်တော့ သူမက သူ့ကို မော့ကြည့်လာပါသည်။

သူ့ကို အတွေ့မှာ သူမ၏ မျက်ခုံးကွေးကလေးက စိတ်ရှုပ်ဟန်ဖြင့် အနည်းငယ် တွန့်လှုပ်သွားကာ ...

"ဇေသော်နဲ့ တွေ့ချင်လို့ဆိုတာ ခုနတစ်ယောက်ကို ပြောပြီးပြီ"

လေသံက မာဆတ်ဆတ် ...။

"ဇေသော် မရှိဘူးဆိုတာလည်း ခုနတစ်ယောက်က ပြန်ပြောပြီးပြီ မဟုတ်လား ..."

"စောင့်မယ်လို့ ကျွန်မ ပြောထားတာကိုရော ရှင့်ကို ပြန်မပြောဘူးလား"

"ဇေသော်က ဒီနေ့ ဒီကို ပြန်မလာတော့ဘူး၊ မနက်ဖြန်





လည်း လာချင်မှလာမယ်၊ ခင်ဗျား သူ့အိမ်ကို လိုက်သွားရှာလည်း တွေ့ချင်မှတွေ့မယ်၊ သူက ဒီရက်ပိုင်းအတွင်း သူ့အမေကို ဆေးခန်းပို့ဖို့ကိစ္စတွေနဲ့ အပြင်ထွက်စရာတွေရှိတယ်၊ သူ့ကိုဖမ်းမိဖို့ မလွယ်ဘူး၊ ခင်ဗျား ကျုပ်ရဲ့ သင်တန်းခန်းမကို အခေါက်ခေါက် လာရှာဖို့ စိတ်ကူးရှိရင်တော့လည်း ကျုပ် ဘာမှမပြောလိုတော့ဘူး၊ ဒီလိုမှ မဟုတ်ရင်တော့ ခင်ဗျား ဇေသော်နဲ့ ညှိမယ်ဆိုတဲ့ကိစ္စကို ကျုပ်နဲ့ညှိလို့ရတယ်၊ ဇေသော်က ကျုပ်ပြီးရင် ပြီးတယ်၊ ကျုပ်စကားကို နားထောင်တယ် ..."

နေက သူမရှေ့မှာ လက်ပိုက်ရပ်နေရင်းက ခပ်အေးအေး ပြန်ပြောလိုက်သည်။

သူမက ခဏငြိမ်သွားပြီးမှ ...

"ကောင်းပြီလေ ... ဒါဆိုလည်း ရှင်နဲ့ပဲ ညှိလိုက်တာပေါ့"

"အိုခေ ..."

နေက သူမရှေ့တည့်တည့်က ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်း ...

"ကျုပ် အခု ခင်ဗျားမျက်နှာကို ကြည့်ပြီး စကားပြောရမလား၊ မျက်နှာလွှဲပြီး ပြောရမလား"

"စကားကို လူကြီးလူကောင်းဆန်ဆန် ပြောရင်ကောင်းမယ်"

"မမေးမဖြစ်လို့ မေးရတဲ့ စကားပါ ရှေ့ကနတ်၊ ခင်ဗျားမျက်နှာကို ခပ်ကြာကြာလေး စိုက်ကြည့်မိရင် အဆင့်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ယောကျ်ားအဖြစ် အထင်သေးခံရမှာ စိုးလို့ပါ၊ ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောဆို ညှိနှိုင်းရမှာဆိုတော့ ခင်ဗျားမျက်နှာကို ကြည့်ရတော့မယ်လေ၊ ဒါကြောင့် ကြည့်လို့ဖြစ်မဖြစ် သိမှဖြစ်မယ်"

"လူကြီးလူကောင်းဆိုတာ စကားကို ခနဲ့သလို ရွဲ့သလို မပြောဘူး"

"အဟက် … ကျုပ်က လူကြီးလူကောင်းမှ မဟုတ်တာ … လူငယ် ကချေသည်လေ၊ စကားကို လှအောင် တန်ဆာဆင်ပြီး မပြောတတ်ဘူး၊ တဲ့တိုးပဲ ပြောတတ်တယ်"

နေက ဟက်ခနဲ တစ်ချက်ရယ်ရင်း ပန်းတွန့်ကာ ပြောလိုက်ပါသည်။ ကနုတ်ကလည်း အပေါ်နှုတ်ခမ်းကလေး တစ်ဖက် တွန့်ကွေးရုံပြုံးကာ ဟွန့်ခနဲ တိုးတိုးအသံထွက်၍ မျက်နှာကို တစ်ဖက်သို့ လှည့်နေလိုက်ပြီးမှ သူ့ဘက်သို့ ပြန်လှည့်လာကာ …

"ကဲ … လိုရင်းကိုပဲ ပြောလိုက်ကြရအောင်"

"အိုခေလေ … ကိုယ်လည်း ကွေ့ဝိုက်နေတာကို မကြိုက်ပါဘူး၊ ပြောစရာရှိတာ ရှင်းရှင်းသာပြောပါ"

"ရှင် နန္ဒီ့ကို သိလား"

"သိတယ်လေ … ၊ ဒီမှာ အကလာသင်သွားတာ၊ ခုတော့ ဇေသော်ချစ်သူပေါ့ …"

"ကျွန်မက နန္ဒီ့ သူငယ်ချင်းပါ"

"အဲ့ဒီတော့ …"





"နန္ဒီ့ သူငယ်ချင်းဆိုတော့ နန္ဒီ့အကျိုးကို လိုလားတယ်၊ နန္ဒီ့ကို ဒုက္ခမရောက်စေချင်ဘူး၊ နန္ဒီ့ဘဝကို တင့်တယ်မြင့်မားစေချင်တယ်၊ အဲ့ဒါကြောင့် ဇေသော့်ကို နန္ဒီနဲ့ လမ်းခွဲပေးဖို့ လာပြောတာ၊ ဇေသော်က ရှင်ပြီးရင် ပြီးတယ်ဆိုရင် ရှင်ပဲ ဇေသော့်ကို နားချဖျောင်းဖျပေးလိုက်ပါ"

နေက သူမ ဖြစ်ချင်တာကိုသာ တင်းတင်းမာမာ ပြောနေသော ကနုတ်ကို မျက်လုံးစင်းမေးလျက် ကြည့်နေလိုက်ပြီး ကနုတ်စကားအဆုံးမှာ ဟက်ခနဲ ရယ်လျက် မျက်နှာလွှဲကာ ငြိမ်သွားပါသည်။ ဘယ်လိုပြောရမှန်းကို မသိတော့လို့၊ အံ့သြရလွန်းလို့၊ တရားလက်လွှတ် နိုင်လွန်းတဲ့ စကားအတွက် ပြန်ဖြေရှင်းရင်ဆိုင်ပြောဆိုရမှာကိုတောင် စိတ်ပျက်လွန်းလို့ ပြောစရာ စကားတွေ ခဏပျောက်ဆုံးနေပြီးမှ မခံမရပ်နိုင်သော ဒေါသဖြင့် ကနုတ်ဘက်သို့ ဆတ်ခနဲ ပြန်လှည့်လိုက်ရင်း …

"ခင်ဗျား ရူးနေလား"

"ဘာ …"

"ရူးနေရင်သာ ဒီလိုစကားမျိုးကို ပြောထွက်မှာလေ၊ ပုံမှန်အသိစိတ်နဲ့လူဆိုရင် ဒါမျိုး လာပြောရဲမှာကို မဟုတ်ဘူး၊ ခင်ဗျားခေါင်းကို MRI (ဦးခေါင်းဓာတ်မှန်) ရိုက်ကြည့်လိုက်ဦး၊ ခေါင်းထဲက အတွင်းပစ္စည်းတွေ အနေအထားမှန်မှန် ပြည့်ပြည့်စုံစုံ ရှိသေးရဲ့လားလို့ …"

"သြော် … ရှင်က ဉာဏ်မမီဘူးကိုး"

"ဘာ …"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောတဲ့စကားကို ရှင် နားမလည်တာ ရှင့်ဦးနှောက်က ဉာဏ်ရည်မမီလို့ပေါ့ ...၊ ကျပ်ပြည့်တဲ့သူဆိုရင်တော့ ကျွန်မ စကားကို နားလည်မှာပါ၊ ကျွန်မ ပြောတာက ရှင်းရှင်းလေးပါ၊ ရှင်လည်း သေသေချာချာ စဉ်းစားကြည့်လိုက်ပါ၊ ဇေသော့်ဘ၀က ဘာများ အာမခံချက် ရှိလို့လဲ၊ မိန်းကလေးတစ်ယောက်အနေနဲ့ ဘာများ အားကိုးစရာ ရှိလို့လဲ ...၊ မိန်းမတစ်ယောက်ရဲ့ ဘ၀ကို ဘယ်လောက်များ လုံခြုံမှု ပေးနိုင်လို့လဲ ...၊ အဲဒီလို ညှိုးမှိန်အားနည်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲကို နန္ဒီ့ရဲ့ တင့်တယ်တောက်ပတဲ့ ဘ၀ကို ထိုးမအပ်နိုင်တာ ကျွန်မ မမှားဘူး"

"ခင်ဗျားဘာသာ အဆို တင်သွင်းပြီး ခင်ဗျားဘာသာ ထောက်ခံနေတာ ရယ်စရာကောင်းမနေဘူးလား ရွှေကနုတ်၊ ခင်ဗျားရဲ့ မေးခွန်းတွေကို ကျုပ် တစ်ခုချင်း ပြန်ဖြေလိုက်မယ်၊ ခင်ဗျား သေသေချာချာ နားထောင်သွားပါ ...။ တစ်–ဇေသော့်ဘ၀က ဘာများ အာမခံချက်ရှိလို့လဲ၊ အိုခေ အဲဒီမေးခွန်းကို ပြန်မဖြေခင် ကျုပ် ခင်ဗျားကို မေးခွန်းတစ်ခု ပြန်မေးမယ်၊ ဇေသော့်ဘ၀က အာမခံချက် မရှိဘူးဆိုရင် ဘယ်သူတွေရဲ့ ဘ၀ကကော အာမခံချက် ရှိလို့လဲ၊ ဘ၀ဆိုတာ မသေချာဘူး မရွှေကနုတ်ရဲ့ ...၊ လူတစ်ယောက်ဟာ အမြဲ ချမ်းသာနေရမယ်၊ အမြဲ ပျော်ရွှင်နေရမယ်၊ အမြဲ ကျန်းမာနေရမယ်လို့ ဘယ်မှာ အာမခံချက်ရှိလို့လဲ ...၊ ချမ်းသာတဲ့လူလည်း ဆင်းရဲသွားနိုင်သလို ကျန်းမာတဲ့သူလည်း ရောဂါဘယနဲ့ အိပ်ရာထဲ ဘုံးဘုံးလဲသွားနိုင်တာပဲ၊ ဒီတရားသဘောကို ခင်ဗျား နားလည်ရင် ဒီမေးခွန်းကို မေးရဲမှာ မဟုတ်ဘူး ...၊





"နှစ် ...၊ မိန်းကလေးတစ်ယောက်အနေနဲ့ ဘာများအားကိုးစရာ ရှိသလဲ ...၊ ဟုတ်ပြီ ... အဲဒီမေးခွန်းကို ဖြေမယ်၊ ဇေသော့်ကို တစ်လောကလုံးက လူတွေ အားမကိုးလည်း ကိစ္စမရှိဘူး၊ သူ့ချစ်သူတစ်ယောက်က အားကိုးနေရင် ပြီးတာပဲ၊ ဇေသော်က အားကိုးလောက်စရာ လူ ဟုတ်မဟုတ်ဆိုတာကို ခင်ဗျား ဝင်ဆုံးဖြတ်ပေးလို့ မရဘူး၊ နန္ဒီ ဆုံးဖြတ်လိမ့်မယ်၊ လူတစ်ယောက်ဟာ ဘယ်လောက် ညံ့ဖျင်းနုံချာနေပါစေ ...တစ်လောကလုံးရဲ့ အထင်သေး နှိမ့်ချမှုကို ခံနေရပါစေ ... သူ့ကို အားကိုးတဲ့ လူတစ်ယောက်တော့ ရှိနေတတ်တာပဲဗျ ...၊

"ပိုက်ဆံ မရှိတဲ့ လူတွေရဲ့ဘ၀ကို ခင်ဗျား သိပ်တော့ လျှော့မတွက်နဲ့၊ တစ်နေ့ တစ်သိန်းရှာနိုင်တဲ့ သူမှ တန်ဖိုးရှိတာမဟုတ်ဘူး၊ တစ်နေ့ တစ်ထောင်ရှာနိုင်တဲ့ သူမှာလည်း သူ့တန်ဖိုးနဲ့သူ ရှိတယ်၊ အလုပ်တစ်ခုခု လုပ်နေတယ်ဆိုတာဟာ လုံး၀ အလုပ်မလုပ်ဘဲ ပေတေလေလွင့် သုံးဖြုန်းနေတာထက်စာရင် အများကြီး တန်ဖိုးရှိတယ်၊ ဇေသော်ဟာ အလုပ်မရှိ အကိုင်မရှိ လေလွင့်နေတဲ့သူ မဟုတ်ဘူး၊ သူ ဝါသနာပါတဲ့အလုပ်ကို သူကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပြီးလုပ်တယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ သူ့ ချစ်သူကို တန်ဖိုးထားတတ်တယ်၊ ကျုပ်အမြင်မှာတော့ ဇေသော်က အရမ်းကို အားကိုးထိုက်တဲ့ လူတစ်ယောက် ပဲ၊ ခင်ဗျားတို့ အသိုက်အဝန်းထဲက နန္ဒီနဲ့ တူတန်တယ်ထင်တဲ့ ယောကျ်ား တစ်ယောက်ကို သူ့စည်းစိမ်တွေ ခဏ ဖယ်ချပြီး ဇေသော် နဲ့ လူလူချင်း စိတ်ထားချင်း လာယှဉ်ကြည့်လိုက်ဗျာ ... ဇေသော်က လုံးဝ နိမ့်ကျနေမှာ မဟုတ်တာတော့ သေချာ တယ် ...၊

"ကဲ ... နောက်ဆုံးတစ်ခု ဖြေမယ်၊ ဇေသော်က မိန်းမတစ်ယောက်ရဲ့ ဘဝကို ဘယ်လောက်များ လုံခြုံမှု ပေးနိုင်သလဲ ... တဲ့၊ ခင်ဗျား မြဲမြဲမှတ်သွားပါ ရွှေကနုတ်၊ မိန်းမတစ်ယောက်ရဲ့ ဘေးမှာ သူကချစ်တဲ့၊ သူ့ကိုလည်း ချစ်တဲ့၊ တန်ဖိုးထားတဲ့၊ သူ့အတွက် ဘာမဆို ရှေ့ကနေ မားမားရပ်တည် ရင်ဆိုင်ပေးမယ့် ယောကျ်ားတစ်ယောက် သာရှိရင် လုံခြုံတာပဲဗျ ...၊ ခင်ဗျားအမြင်မှာ ဇေသော်က ညိုးမှိန်အားနည်းနေပေမယ့် နန္ဒီ့အမြင်မှာတော့ အားကိုး ချင်စရာ တောက်ပဝံ့ထည်တဲ့ ယောကျ်ားမျိုး ဖြစ်ချင်ဖြစ် နေမှာလေ ..."

"အင်း ... ကျွန်မ ဒီနေ့ ဒီကိုလာတာ မှားသွားပြီ ...၊ ကျွန်မက ရှင့်လက်ချာတွေ၊ ရှင့်အတွေးအခေါ် အယူအဆ တွေကို နာယူဖို့လာတာမဟုတ်ဘူးလေ၊ ရှင့်အတွေးအခေါ် တွေကို ကျွန်မ နားထဲ ရိုက်သွင်းမနေနဲ့ ...၊ လူဆိုတာ





ကိုယ့်အတွေးအခေါ်နဲ့ ကိုယ်ပဲ၊ ရှင် ဒါတွေပြောလို့လည်း ကျွန်မ ခံယူချက်က ပြောင်းမသွားဘူး"

အားစက်တင်းမာနေသော မျက်နှာကလေးက လှပ သော်လည်း အဆိပ်ပြင်းသည်ဟု ထင်မိသည်။ သူမရဲ့ မျက်နှာ ဆပါမှာ မာန်မာနတွေ သုတ်လိမ်းထားသည်။

ဒီမျက်နှာကလေးကို တွေ့စက တသိမ့်သိမ့် ယစ်မူး ရူးနှစ်စွာ ကြည့်မိခဲ့သည်။ ခုတော့ ... အံ့သြနာကျင်စွာ ကြည့်နေ ရသည်။ လှပသော နှုတ်ခမ်း အိအိကလေးဆီမှ ထွက်လာသော စကားတွေဟာ ထိုနှုတ်ခမ်းကလေးရဲ့ အလှတရားနှင့် မအပ်စပ် ချ ...။

"နောက်ဆုံး စကားအနေနဲ့ တစ်ခုတော့ ညှိနှိုင်းချင်ပါ တယ်"

"ဘာကိုညှိမှာလဲ"

သူမက အားစက်စက်ပြောတော့ နေကလည်း ခပ် ဆတ်ဆတ် ပြန်မေးမိသည်။ ဒီလို မိန်းကလေးမျိုးရဲ့ အလှတရားမှာ ယစ်မူးပြီး ခယလို့တော့ မနေချင် ...။

"နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့် အပေးအယူသဘောလေး ပါပဲ၊ ဇေသော်က နန္ဒီ့ကို တကယ်ချစ်ရင် နန္ဒီ့ဘဝကို ဆွဲနှစ်ရက်မှာ မဟုတ်ဘူးလေ ...၊ နန္ဒီ့အပေါ် တကယ် စေတနာရှိရင် စွန့်လွှတ်ရဲမှာပါ၊ အဲဒီစေတနာဟာ သိန်း ရာချီပြီး တန်ဖိုးရှိနိုင်ပါတယ်"

"ခင်ဗျား ဆိုလိုတာက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေသော်က နောက်ဆုတ်ပေးမယ်ဆိုရင် နန္ဒီမိဘတွေက ဖေသော့် စေတနာကို လျစ်လျူရှုမထားပါဘူး၊ သူတို့က စေတနာရဲ့ တန်ဖိုးကို နားလည်ပါတယ်"

"ခဏလေး … ခဏလေး"

နေက လက်ထောင်ပြ၍ တားမြစ်လိုက်ပြီး မျက်မှောင်ကြုတ်ကာ …

"ခဏလေး … ကျုပ်ဉာဏ်မမီလို့ ခင်ဗျားစကားရဲ့ အဓိပ္ပာယ်ကို စဉ်းစားကြည့်ပါရစေဦး"

နေသည် လက်ထောင်ပြထားကာ ခဏငြိမ်သွားပြီးမှ …

"ကေနွ … ခင်ဗျားပြောချင်တာက ဖေသော် နောက်ဆုတ်ပေးရင် ဖေသော့်ကို ပိုက်ဆံ သိန်းရာချီပြီး ပေးမယ်ဆိုတဲ့ အဓိပ္ပာယ်လား …"

"ဟုတ်ပါတယ် …"

"ဟာ …"

နေသည် မခံမရပ်နိုင်လွန်းတာမို့ ဘာပြောရမှန်းမသိတော့အောင်ပင်။ ညာဘက်လက်ဖြင့် ကိုယ့်ခေါင်းက ဆံပင်တွေကို ဆုပ်ဆွဲကာ ခေါင်းမော့လှန်၍ ခဏငြိမ်နေလိုက်ရသည်။ ဒီလိုမှမဟုတ်လျှင် ခင်ဗျား ထွက်သွားလို့ပဲ အော်ပစ်လိုက်မိမလား၊ 'ခင်ဗျား လဲသေလိုက်' လို့ပဲ ပြောမိမလား …။

နေက စိတ်ကို တည်ငြိမ်အောင် အရင်ထိန်းရင်း ဒေါသစိတ်၊ မခံချင်စိတ်တို့ကို ချေဖျက်ပစ်နေရသည်။





နေစမ်းပါဦး မရွှေကနုတ်ရဲ့၊ အခုက ဘယ်နှရာစုလဲဟု မေးလိုက်ချင်သည်။ ခင်ဗျား အခုပြောနေတဲ့ပုံက ခေတ်ဟောင်း ရုပ်ရှင်တွေထဲက သူဌေးသားရဲ့ အမေတွေ … သူတို့သားရဲ့ ရည်းစား ဆင်းရဲသူမကလေးကို ငွေထုပ်နဲ့ လာပေါက်သလိုဖြစ်နေပြီဟု ပြောချင်သည်။ ခုခေတ်မှာတော့ အဲဒီလို ဇာတ်ဝင်ခန်းတွေတောင် သိပ်မရိုက်တော့တာမို့ ခင်ဗျားရဲ့ နည်းဗျူဟာက သိပ်ကိုတုံးနေပြီ၊ ခေတ်မမီတော့ပါဘူး မရွှေကနုတ်ရယ်။

နေသည် ပြောချင်သော စကားပေါင်းများစွာကို မပြောချင်တော့လောက်အောင်ပင် အာခေါင်ခြောက်ကပ် နှုတ်ဆွံ့နေပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း …

"အင်း … ပိုက်ဆံ သိန်းတစ်ရာဆိုတော့လည်း မနည်းလှဘူးပေါ့၊ မက်လောက်စရာပဲလေ …၊ ဒါနဲ့ ပိုက်ဆံ သိန်းတစ်ရာကို ပေါပေါသီသီ သုံးပစ်ရင် ဘယ်နှလလောက် သုံးလို့ရမယ်လို့ ခင်ဗျားထင်သလဲ၊ အင်း … ကျုပ်အထင်တော့ တစ်လကို သိန်း ၂၀ လောက်သုံးရင် ၆ လတော့ သုံးလို့ရမှာပဲ၊ ကဲ … ဒီတော့ ဒီလို ညှိလိုက်ရအောင်ဗျာ"

"… …"

"ပိုက်ဆံ သိန်းတစ်ရာအစား ခင်ဗျားက ကျုပ် ရည်းစားအဖြစ် ၆ လလောက်ပဲ ကျုပ်နဲ့တွဲလိုက် …"

"ဘာ …"

"၆ လတည်းပါဗျ၊ ၆ လတည်း တွဲရမှာပါ၊ အဲဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ဇေသော်ကို နန္ဒီနဲ့ လမ်းခွဲအောင် ကျုပ် သေချာပြောပေးမယ်၊ ဇေသော်က ကျုပ်သေဆိုသေ ... ရှင်ဆိုရှင် ...”

“ရှင် ... ရှင် မိုက်ရိုင်းလှချည်လား”

သူမက ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။ နေက ဟက်ခနဲ ရယ်ကာ ခပ်ဖြည်းဖြည်း ထ၍ သူမနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရင်း သူမမျက်နှာကို စေ့စေ့ကြည့်ကာ ...

“ခင်ဗျားက ခင်ဗျား ပေးနိုင်တာကို ပြောသလို ကျုပ်ဘက်ကလည်း ကျုပ်လိုချင်တာကို ပြောတာပဲလေ၊ တန်ဖိုးချင်းကတော့ မကွာပါဘူး၊ ၆ လသုံးရတာချင်းတော့ အတူတူပါပဲ”

“ရှင် ... ရှင်”

“မမလေး ... မမလေး၊ လာ ... လာ ... ပြန်ကြရအောင်ပါ”

ဒေါသဖြင့် တုန်ရင်လာသော ရွှေကနုတ်ကို ဘော်ဒီဂတ် အမျိုးသမီးက ဆွဲခေါ်သွားသည်။

နေကတော့ မဲ့ပြုံးကလေးနှင့်အတူ ပခုံးတွန့်ရင်း ကျန်ရစ်လေသည်။



(၈)

♥ ♥ ♥

“ဇာဖြူရယ် ... ငါလေ အဲ့ဒီနေ့က ဒေါသဖြစ်လွန်းလို့ အသားတွေတောင် တုန်လာတယ် သိလား၊ မထီတရီ အပြုံးလိုလို ရွဲ့တဲ့တဲ့ ခနဲ့သလို အပြုံးလိုလိုနဲ့ ခပ်သာသာလေး ပြောထွက်လာတာလေ၊ ခင်ဗျား ကျုပ်ရည်းစားအဖြစ် ၆ လလောက်ပဲ တွဲလိုက်တဲ့၊ တကယ့် အရိုင်းအစိုင်းပဲ”

“နင်လည်း နည်းနည်းတော့ လွန်တယ်”

“အွန့် ... ငါ ဘာလွန်လို့လဲ”

လွန်ခဲ့သော နှစ်ရက်က နေနှင့်တွေ့ခဲ့ရသော အတွေ့အကြုံကို စိတ်လိုက်မာန်ပါ ပြောဆိုရင်ဖွင့်နေခဲ့သော ရွှေကနုတ်သည် ဇာဖြူ့စကားကြောင့် အရှိန်တန့်သွားကာ ဇာဖြူ့ကို မျက်ခုံးလေး ကြုတ်၍ စိုက်ကြည့်လိုက်ရင်း ....

“ငါ့အလွန် ဘာရှိလို့လဲ ...၊ သူသာ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်း ရိုင်းတာပဲလေ..."

"ငါ ဘာရိုင်းလို့လဲ..."

"ယောကျ်ားတစ်ယောက်ကို ငွေနဲ့ပေါက်ပြီး နောက်ဆုတ်ပေးဖို့ ပြောကတည်းက နင် သိပ်ရိုင်းသွားတာလေ ကနုတ်ရဲ့...၊ ပြီးတော့ နင်က နန္ဒီ့အမေလည်း မဟုတ်..."

"နန္ဒီ့အမေ ကိုယ်တိုင် သွားပြောလိုက်ရင် နန္ဒီက သူ့အမေကို ရွဲ့ပြီး ခိုးရာလိုက်သွားမှာစိုးလို့ ဝင်ကူညီပေးရတာလေ"

"ကူညီချင်လည်း ဒီနည်းနဲ့တော့မကူညီသင့်ဘူးလေ ကနုတ်ရဲ့...၊ နင် နည်းနည်းပါးပါး စဉ်းစားပါဦးတော့လား နန္ဒီနဲ့ငါတို့က ဘယ်လောက်ချစ်တဲ့ သူငယ်ချင်းပဲဖြစ်ဖြစ် တစိမ်းပဲလေ...၊ သွေးသားရင်းဖြစ်တဲ့ သူ့အမေက ဘာပြောပြော သားအမိချင်းဆိုတာ မုန်းတယ်လို့မရှိဘူး၊ အချိန်တန်ရင် ပြန်အဆင်ပြေကြမှာ၊ နင့်ကျတော့ နန္ဒီက သူ့ကိုကို ခွက်ဖက်တယ်ဆိုပြီး မုန်းသွားမှာ၊ နာကြည်းသွားမှာ"

ကနုတ်က ခဏငိုင်သွားကာ...

"အန်တီစန္ဒီက ငါ့ကို အားကိုးတကြီး တောင်းဆိုမှုဆာနေတာဆိုတော့ ငါလည်း သွားပြောမိတာပေါ့..."

ကနုတ် လေသံက ချက်ချင်းလို ပျော့တော့သွားရပါသည်။

"နန္ဒီ ဒီအကြောင်းပြန်သိရင် ငါ့ကို မုန်းသွားမလား မသိဘူးနော် ဓာဖြူ..."





"နန္ဒီ မုန်းမမုန်းတော့ မသိဘူး၊ နေက နင့်ကို မုန်းသွားမှာတော့ သေချာတယ်"

"မုန်းပစေ... သူမုန်းတာ ငါ ဂရုစိုက်စရာလား၊ သူ့ကို ဒါရိုက်တာစိုင်း အိမ်မှာ စတွေ့ကတည်းက သိပ်ကြည့်ရတာမဟုတ်ဘူး၊ လူကိုကြည့်နေလိုက်တာများ စူးစူးရဲရဲ မိန်းမလှ မမြင်ဖူးတဲ့အတိုင်းပဲ..."

"နေ့လောက် မိန်းမလှတွေနဲ့ လက်ပွန်းတတီး ပြောဆိုအလုပ်လုပ်ရတဲ့သူ ရှိဦးမလား၊ သူ့အတွက် မိန်းမလှဆိုတာ မဆန်းပါဘူး၊ နင့်ကို တွေ့တွေ့ချင်း ငြိသွားလို့ကြည့်တာလည်း ဖြစ်နိုင်တာပဲ..."

"သူ့အဆင့်နဲ့များ ငါ့ကို လာငြိစရာလား...၊ ငြိလာရင်လည်း ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်မယ်"

ကနုတ်က လက်တစ်ဖက်ဖြင့် လွှင့်ပစ်သလို ဟန်ပြယမ်းရင်း ပြောလိုက်တာမို့ ဓာဖြူက ရယ်ရင်း ခုတင်ဘေး စားပွဲပေါ်မှာ အန်တီလေး လာတင်ပေးသွားသည့် လက်ဖက်သုပ် ပန်းကန်ကို လှမ်းယူကာ တစ်ဇွန်း ခပ်စားလိုက်သည်။

ကနုတ်က ဓာဖြူနှင့်အတူ ဓာဖြူ့ ခုတင်ပေါ်မှာ ထိုင်နေရင်းက အိပ်ရာပေါ်သို့ လှဲချလိုက်ပြီး ဓာဖြူ့ မွေးပွရုပ်ကြီးကို ပွေ့ဖက်လျက် ငြိမ်သက်နေမိသည်။ ထိုခဏ၌ ကနုတ် မြင်ယောင်လာမိသည်မှာ နေ့ရဲ့ စူးရှ စိမ်းလက်သော မျက်လုံးများဖြစ်သည်။ စိမ့်ညို့နက်ရှိုင်းသော အကြည့်တွေထဲမှာ ... နေ့တွေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိမထင်မှုတွေ ပါသည်။ ဒေါသရောင်လည်း တောက်ပြောင်နေခဲ့သေးသည်။ သူ ပခုံးတွန့်ပုံ၊ သရော်တော်တော် ပြုံးတတ်ပုံ ...။ အဟက်ခနဲ တစ်ချက် အသံထွက်၍ ရယ်တတ်ပုံ ...။ ပြတ်သားခိုင်မာသော စကားလုံးတွေဖြင့် ကနုတ်ကို ပြန်လည်ထိုးနှက်တတ်ပုံ ...။ ကနုတ်နဲ့ ပတ်သက်ရင် ဘယ်တော့မှ အနိုင်မခံ အရှုံးမပေးဘူးဟူသော ဆုံးဖြတ်ချက်ဖြင့် မာနတံခွန် လွှင့်ထူမည့် သူ တစ်ယောက်ဆိုတာကို သူ့မျက်လုံးနှင့် သူ့အမူအရာတွေက ပီပြင်ပြတ်သားစွာ ဖော်ပြနေပုံတွေကို ကနုတ်က မြင်ယောင်လာခဲ့မိသည်။

ဒီလူဟာ ကနုတ် ဂရုစိုက်ရမယ့် အဆင့်အတန်းထဲက လူမျိုးလည်းမဟုတ်။

သူ့အကြည့် သူ့အပြုအမူတွေအားလုံးဟာ ကနုတ်ရဲ့ အမြင်မှာတော့ အရိုင်းဆန်လွန်းသည်။ ပြီးတော့ သူ့ဘဝအဆင့်အတန်းဟာ ကနုတ်ဘဝ အဆင့်အတန်းနှင့် အပ်စပ်ခြင်းမရှိ၊ နီးလည်း မနီးစပ် ...။ ကနုတ်လို မိန်းမတစ်ယောက်အနေနဲ့ သူလို ယောကျ်ားတစ်ယောက်နှင့် မျက်နှာချင်းဆိုင် စကားအခြေအတင် ပြောလိုက်ရတာကိုက ကနုတ်အတွက် နစ်နာနိမ့်ကျသည်ဟုပင် ထင်မိသေးသည်။ သို့သော် ... သူနဲ့ စတွေ့ခဲ့တဲ့နေ့က ကနုတ်ကို မျောနစ်စွာ စိုက်ကြည့်ခဲ့တဲ့ သူ့အကြည့်တွေကို မြင်ယောင်တိုင်း ရေခဲရေနဲ့ အပက်ခံလိုက်ရသလို ကနုတ်စိတ်ထဲမှာ စိမ့်ကျင်ရူးရှသွားတတ်သည်။ ဓာတ်လှေကားဆီ ပြေးလိုက်လာသော သူ့ကို အထင်သေးစကား ဆိုခဲ့ချိန်မှာ အံ့သြဆွံ့အ နာကျင်သွားသော သူ့မျက်လုံးတွေကိုလည်း ကနုတ်က ခုထိ အမှတ်ရနေသေးသည်။





သို့သော် ... အမှတ်ထင်ထင် ဖြစ်ရပ်တွေကြောင့်သာ သူ့ကို သတိရမိသော်လည်း သူဟာ ကနုတ်အတွက် စာရင်းမရှိသော ယောကျ်ားမျိုး ဖြစ်သည်။

"ကနုတ် ..."

"အင်ဟင် ..."

"လာစားဦးလေ ...၊ နင်ပဲ လက်ဖက်သုပ် စားချင်တယ်ဆိုလို့ အန်တီအေး ကိုယ်တိုင် သုပ်လာပေးတာ"

"အေးပါ ... စားမှာပေါ့၊ ထမင်းဖြူ တောင်းပေးဦး၊ ထမင်းဖြူလေးနဲ့ဆို ပိုစားကောင်းတယ် ..."

"ဒီမှာ အဆင်သင့်ပဲ၊ ထမင်းပါ လာပို့ထားတာ ..."

"အန်တီအေးက သိပ်ချစ်ဖို့ကောင်းတာ၊ ငါ အဲဒီလို စားတတ်မှန်းသိလို့ လာပို့တာ ..."

ကနုတ်သည် ဖက်ထားသည့်အရုပ်ကြီးကို ခေါင်းအုံးပေါ်သို့ ပစ်တင်လိုက်ပြီး ထထိုင်ကာ လက်ဖက်သုပ် ပန်းကန်ကို လှမ်းယူခပ်စားလိုက်ပါသည်။

"ဒါနဲ့ ကနုတ် ... နင် ကိုမိုးမြင့်နိုင်နဲ့ အဆင်ပြေတယ်မဟုတ်လား"

"ပြေတာပေါ့၊ ဘာမပြေစရာရှိလဲ၊ အစ်ကိုက ငါ့ကို သိပ်ဂရုစိုက်တာ ..."

"နင် သူ့ကို ချစ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင် ..."

ကနုတ်က လက်ဖက်သုပ်ကို ဝါးရင်းက ငြိမ်သွားတာမို့ ဇာဖြူက ကနုတ် လက်မောင်းကို လှမ်းရိုက်လိုက်ရင်း ...

"ဘာဖြစ်သွားတာလဲ ...၊ ငါ့မေးခွန်းကို ဖြေဖို့ ဒီလောက် စဉ်းစားစရာ လိုလို့လား ..."

"လိုတာပေါ့ ...၊ ငါလည်း ငါ့ကိုယ်ငါ သိပ်မသိလို့ မဖြေတတ်တာလေ၊ သူ့ကို ငါ သဘောကျပါတယ်၊ ခင်ပါတယ်၊ သူနဲ့တွေ့ရင်လည်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် စကားပြောဖြစ်ပါတယ်၊ ဒါပေမယ့် တခြားဟာတွေတော့ မဖြစ်ဘူး ..."

"တခြားဟာတွေ ဆိုတာက ..."

"ဟို ... အများပြောပြောနေတဲ့ ရင်ခုန်တာတို့၊ စိတ်တွေလှုပ်ရှားတာတို့၊ ကတုန်ကရင် ဖြစ်တာတို့ ဘာတို့ပေါ့ ...၊ အင်း ... ဒါပေမယ့် ကိစ္စတော့မရှိပါဘူး၊ နောက် တဖြည်းဖြည်း ဖြစ်ချင်ဖြစ်လာမှာပါ၊ အဲဒါတွေက သိပ်မှအရေးမကြီးတာ ..."

"သိပ်အများကြီး အရေးမကြီးပေမယ့် နည်းနည်းတော့ အရေးကြီးမယ်ထင်တယ်ဟ၊ အဲဒါမျိုးတွေ လုံးဝဖြစ်မလာရင်တော့ မကောင်းဘူးလေ၊ ခြောက်ကပ်ကပ် အေးစက်စက်နဲ့ ပျင်းစရာကြီး ဖြစ်နေမှာပေါ့ ..."

"မသိပါဘူးဟာ၊ ငါ အဲဒါတွေ မတွေးချင်ပါဘူး၊ ခုအတိုင်းလေးက စိတ်ချမ်းသာပါတယ်"





"အေးလေ ... နှစ်စိတ်ချမ်းသာရင် ပြီးတာပဲ၊ ဒါနဲ့ နှင့်နောက်ကို အသည်းအသန် လိုက်နေတဲ့ ဟိန်းသီဟတစ်ယောက်တော့ ပေါ်မလာတော့ဘူး မဟုတ်လား"

"အံမယ်လေး ... ပေါ်လာပါ့ဟယ်၊ အန်တီစန္ဒီနဲ့ ငါနဲ့ Signature မှာ တွေ့တဲ့နေ့က သူ ငါ့ကားနားမှာ သွားစောင့်နေတာ၊ နီနီကလည်း တွိုင်းလက်ဝင်နေတဲ့အချိန် ဖြစ်နေတော့ ငါနဲ့တွေ့တော့တာပေါ့ ...၊ ရှူးကြောင်မူးကြောင်နဲ့ အချစ်အကြောင်းတွေ ပြောသွားလိုက်တာ အစုံပဲ၊ အာရုံနောက်တယ်"

"နှင် သူ့ကိုတော့ နည်းနည်း သတိထားနော် ကနုတ်၊ သူက သိပ်ပုံမှန်မဟုတ်ဘူး၊ ဒါက တစ်မျိုး ..."

ဇာဖြူက သူ့ခေါင်းသူ လက်ညှိုးနှင့် ပြန်ထိုးပြရင်း ရှုံ့မဲ့ပြသည်။

"တစ်ခါလည်း ဆေးဖြတ်ဖို့ဆိုလား သူ့အိမ်က သူ့ကို စိတ်ရောဂါကု ဆေးရုံကို ပို့လိုက်ရဖူးတယ်၊ သူ နှင့်ကို စွဲလမ်းနေပုံကလည်း တကယ့်ကို အိုဗာကြီး ...၊ နှင့်မှာ ကိုမိုးမြင့်နိုင် ရှိတာလည်း သူသိသားနဲ့ မိုက်ရူးရဲ လုပ်နေတာ ..."

"အေးပါ ... ငါ သတိထားပါတယ်၊ နီနီလည်း ရှိနေတာပဲ၊ ခဏ ... ဖုန်းလာနေလို့ ကိုင်လိုက်ဦးမယ်"

ကနုတ်ရဲ့ လက်ကိုင်အိတ်ထဲက ဖုန်းမြည်လာတာမို့ ကနုတ်က ဖုန်းကို အိတ်ထဲမှ ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလဲ ..."

"အစ်ကိုဆီက ..."

ကနုတ်က ဇာဖြူ့ကို ပြန်ဖြေပြီး ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ကနုတ် ... ကနုတ် အခု ဘယ်မှာလဲ"

"ဇာဖြူတို့အိမ်မှာ အစ်ကို ..."

"ဟုတ်လား ...၊ အစ်ကိုက ကနုတ်တို့အိမ်နားက ဟိုတယ်တစ်ခုကို ရောက်နေတာ ...၊ ဟိုတယ်က ညှေသည်ကိုလာတွေ့တာ၊ အမေရိကားက ကိုယ့်မိတ်ဆွေတစ်ယောက်ရောက်နေလို့လေ၊ ကနုတ် ဘွားဘွားနဲ့ မေမေ့ဖို့ အားဆေးတွေ မှာလိုက်လို့ သူ့ဆီမှာ လာယူတာ၊ ဘွားဘွားအတွက် ဆီးချိုသမား စားလို့ရတဲ့ အာဟာရမှုန့်တွေရောပဲ၊ ဒီကအပြန် ဝင်ပေးမလို့ ... ကနုတ် ရှိလားလို့ ဆက်လိုက်တာ"

"ကနုတ် ပြန်ခဲ့ရမလား အစ်ကို ..."

"မပြန်ခဲ့ပါနဲ့ ...၊ သူငယ်ချင်းနဲ့ စကားပြောနေကြတာမဟုတ်လား၊ အေးအေးဆေးဆေးမှပဲ ပြန်လာပါ၊ ကနုတ်မေမေတော့ ရှိတယ်မဟုတ်လား"

"ရှိပါတယ် အစ်ကို ..."

"ဒါဆို ကိုယ် ဝင်လိုက်မယ်၊ see you နော်"

"ဟုတ်ကဲ့ ... အစ်ကို"

ကနုတ်က ဖုန်းပိတ်လိုက်ပြီး ...





"မေမေတို့အတွက် အားဆေး လာပို့မလို့တဲ့၊ ဖုန်းဆက်တာ၊ သူက သူ့ကုမ္ပဏီက တင်သွင်းတဲ့ ဆေးတင်မဟုတ်ဘူး၊ USA က ဆေးတွေပါ လူကြုံရှိတိုင်း မှာပေးနေတာလေ"

"နင် အရမ်းကံကောင်းတယ်နော် ... ကနုတ်၊ ကိုမိုးမြင့်နိုင်က နင့်ကို သိပ်ဂရုစိုက်တာပဲ ..."

"ငါကံကောင်းတယ်ဆိုတာထက် မေမေတို့က ပိုကံကောင်းနေတာဟ ...၊ ကိုမိုးမြင့်နိုင်ကို မေမေရော ဘွားဘွားရောအရမ်းသဘောကျကြတာလေ ...၊ ကိုမိုးမြင့်နိုင်ကလည်း မေမေတို့ကိုပါ ဂရုစိုက်တာကိုး ..."

"နန္ဒီ့ကိုလည်း အဲ့ဒီလိုမျိုးလေး ဖြစ်စေချင်တယ်ဟာ ..."

"နင်ကရော ..."

"ငါက !... ငါက ဘာဖြစ်လို့လဲ"

"နင်ရော ဘယ်လိုဖူးစာဖက် ရွေးမှာလဲလို့"

"အဟင်း ... အဲ့ဒီလို ကိစ္စတွေ မစဉ်းစားသေးဘူး၊ သမီးက ငယ်သေးတယ်"

ဇာဖြူ့အပြောကြောင့် ကနုတ်က ရယ်မိသည်။ အလုပ်ကိစ္စတွေထဲမှာ အမြဲလို နစ်မြုပ်နေတတ်သော ဇာဖြူကတကယ်လည်း အချစ်ကိစ္စကို စိတ်မဝင်စားပါ။

"နန္ဒီက အစကတည်းက ငါတို့နဲ့ မတူတာ ကနုတ်ရဲ့ ...၊ နင်ဆိုရင် နင့်စိတ်မှာ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး အဆင့်အတန်း ခွဲခြားတဲ့စိတ်မျိုး ရှိတယ်၊ ငါလည်း နင့်လောက်တော့ မပြင်းထန်ပေမယ့် ကိုယ့်အခြေအနေနဲ့ မအပ်



www.burmeseclassic.com

www.burmeseclassic.com



စပ်တဲ့ လူမျိုးကို စိတ်ဝင်စားလို့ကို မရခဲ့တာ၊ နန္ဒီကတော့ အရင်ကတည်းက အဆင့်အတန်း ခွဲခြားတဲ့စိတ် မရှိဘူး၊ သူဌေးသမီးဆိုပြီး တသီးတသန့် မနေဘူး၊ သူ့အိမ်က အိမ်ဖော်အလုပ်သမားတွေနဲ့တောင် တရင်းတနှီး ဆက်ဆံတတ်တဲ့ သူမျိုးလေ၊ အဲ့ဒီလို စိတ်ထားမျိုးရှိတဲ့သူဆိုတော့ ဖေသော့်လောက်ကို သူ့အိမ်ထောင်ဖက်အဖြစ် စဉ်းစားနိုင်တာ ဆန်းတော့လည်း မဆန်းဘူးပေါ့ဟာ ...”

ကနုတ်သည် ဇာဖြူနှင့်အတူ စကားပြောရင်း အချိန်ကုန်မှန်းမသိ ကုန်လာသည်။ ညနေစာစားချိန်သို့ပင် ရောက်လာတာမို့ ဇာဖြူက နာရီ တစ်ချက်လှမ်းကြည့်ရင်း ...

“၆ နာရီတောင် ခွဲသွားပြီ၊ နင် ဒီမှာပဲ ထမင်းစားလိုက်တော့ ကနုတ်၊ ညကျမှပဲ အေးအေးဆေးဆေး ပြန်တော့၊ ဒီတနင်္ဂနွေလေးပဲ နင်နဲ့ငါ အေးအေးဆေးဆေး တွေ့ရတာ”

“အေးပါ ...၊ ဒါပေမယ့် အောက်ထပ်မှာ နီနီ စောင့်နေတာတော့ အားနာစရာ ...”

“သူ့ကိုပါ ထမင်းခေါ်ကျွေးလိုက်မယ်လေ ...”

“စားမှာမဟုတ်ဘူး၊ သူ့ကို ငါ ခဏခဏ ခေါ်ကျွေးဖူးတယ်၊ သူ တစ်ခါမှ မစားဘူး ...”

“ဒါဆိုလည်း ပြန်လွှတ်လိုက်တော့လေ၊ နင်ပြန်ရင် ငါ ကားမောင်းပြီး လိုက်ပို့ပေးမယ်၊ နင့်အမေဆီ ဖုန်းဆက်ပြီး ခွင့်တောင်းလိုက်ပေါ့”

“အေး ... ငါ ဖုန်းဆက်လိုက်ဦးမယ်”





ကနုတ်က မေမေ့ဆီ ဖုန်းခေါ်လိုက်ပြီး ...

“မေမေ ... ကနုတ် ဇာဖြူတို့အိမ်မှာ၊ ဒီမှာပဲ ထမင်းစားလိုက်တော့မလို့၊ အပြန် နည်းနည်း နောက်ကျမယ်နော် မေမေ၊ ဇာဖြူ ပြန်ပို့မှာပါ၊ နီနီ့ကိုတော့ ပြန်ခိုင်းနှင့်လိုက်တော့မယ်”

“အန်တီရေ ... ဇာဖြူ ပြန်ပို့မှာပါ၊ စိတ်ချ ... စိတ်ချ ...”

ဇာဖြူက ဖုန်းနားကပ်ကာ လှမ်းပြောတာမို့ တစ်ဖက်က မေမေက စိတ်ချသွားပုံဖြင့် ...

“အေးပါ ... အေးပါ၊ သူငယ်ချင်းတွေ တွေ့ရင် စကားစဖြတ်မရတော့ဘူး မဟုတ်လား၊ သိပ်တော့ နောက်မကျစေနဲ့နော် သမီး၊ ညဘက်ကြီး အပြင်တွေဘာတွေလည်း ထွက်မနေနဲ့ဦး၊ အိမ်မှာပဲ အေးအေးဆေးဆေး စကားပြောကြ၊ မောင်မိုးမြင့်နိုင်လည်း ခုလေးပဲ ပြန်သွားတယ်၊ မေမေနဲ့ ဘွားဘွားဖို့ အားဆေးတွေ ဝင်ပို့တာလေ၊ သမီးနဲ့လည်း ဖုန်းပြောပြီးပြီ ပြောတယ်”

“ဟုတ်ကဲ့ ... မေမေ၊ အစ်ကိုက ကနုတ်ကို ပြန်မလာလည်းရတယ်ဆိုလို့ ကနုတ် ပြန်မလာတော့တာ ...”

“သူ လာမယ်ဆိုလို့ သမီးက ရောက်ရာအရပ်က အမြန်ပြန်လာခဲ့ရတာမျိုး ဘယ်ဖြစ်စေချင်မှာလဲကွယ်၊ ဒီကလေးက သိပ်အလိုက်သိတာလေ ...”

မေမေက အခွင့်ကြုံရင် ကြုံသလို ကိုမိုးမြင့်နိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အမွှန်းတင်နေတာမို့ ကနုတ်က ပြုံးစိစိဖြင့် ပခုံးလေးတွန့်ကာ မေမေ့ကို နှုတ်ဆက်ပြီး ဖုန်းချလိုက်ပါသည်။

ဇာဖြူကလည်း ကနုတ်ကို ပြုံးစိစိကလေး ကြည့်လာရင်း ...

"နင့်အမေကလည်း နင့်ကို ကလေးတစ်ယောက်လို အုပ်ထိန်းနေတော့တာပဲနော် ...၊ ငါဆို အေးဆေးပဲ၊ ညဘက် သွားစရာရှိရင်လည်း ကိုယ့်ကား ကိုယ်မောင်းပြီး သွားလိုက်တာပဲ၊ ငါလုပ်နေတဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းကလည်း လူမျိုးစုံနဲ့ တွေ့ဆုံဆက်ဆံ ပြောဆိုနေရတဲ့ လုပ်ငန်းဆိုတော့ နင့်လိုမျိုးလေး နုနုရွရွ ညင်ညင်သာသာလေး မနေနိုင်ပါဘူး၊ တစ်ခါတလေ နေပြည်တော်က ဟိုတယ်မှာ ကိစ္စတစ်ခုခုရှိရင် နေပြည်တော်အထိ တစ်ယောက်တည်း ကားမောင်းပြီး ထွက်သွားလိုက်တာပဲ ..."

"အဲ့ဒီလို လွတ်လပ်တာ ကောင်းတာပေါ့၊ မေမေကတော့ မရပါဘူး၊ ညဘက်တွေဆို နီနီပါရင်တောင် အပြင် သိပ်လွှတ်ချင်တာ မဟုတ်ဘူး၊ ရှောင်လွှဲလို့မရတဲ့ ဒင်နာပွဲတွေ သွားရမယ်ဆို သူလိုက်ရင်လိုက်၊ သူမလိုက်ရင် နီနီပါမှ လွှတ်တာ၊ ငါ့မှာကလည်း ညဘက် သွားချင်စရာကိစ္စ အထွေအထူး မရှိတော့ မေမေ ချုပ်ချယ်ပေမယ့် စိတ်မကျဉ်းကြပ်လှပါဘူး"

"နင့်အမေ စိတ်မချတာ နင် သိပ်လှတာကြောင့်လည်း





ပါမယ်၊ ငါနဲ့ စန္ဒီက နင့်ခြေဖျားတောင် မီအောင်မလှတော့ ငါတို့အိမ်တွေကလည်း ဆော်ဒီဂတ်တွေ ဘာတွေ ထားမပေးတော့ဘူးပေါ့ဟာ ... အဟဲ ဟဲ ..."

"နင်တို့လည်း တစ်မျိုးစီ လှကြပါတယ် ဇာဖြူရယ်၊ အချင်းချင်းတွေ ကပ်မြှောက်မနေပါနဲ့ ..."

"နင့်လောက်ကြီး မလှတာတော့ အမှန်ပဲလေ၊ နင်ကကျတော့ ရွှေမင်းသမီးလေးလို နုအိုဖုနေတာ"

"အံမယ် ... တော်ပါတော့ဟယ်၊ ဗိုက်ဆာပြီဟဲ့၊ ထမင်းကျွေးတော့ ..."

"အေးပါ ... အေးပါ၊ အန်တီအေးရေ ... သမီးတို့ ထမင်းစားမယ်၊ လာ ... ကနုတ်"

ဇာဖြူက အန်တီအေးကို လှမ်းပြောပြီး ကနုတ်လက်ကို ဆွဲကာ အပေါ်ထပ်မှ ဆင်းလာပါသည်။

အောက်ထပ်ရောက်တော့ ကနုတ်က နီနီ့ဆီသွားကာ အကျိုးအကြောင်းပြောပြီး ပြန်လွှတ်လိုက်သည်။ ပြီးမှ ဇာဖြူတို့ရဲ့ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့ပါသည်။

"ကနုတ် ... သမီး ... လာ၊ ဟင်းတွေတော့ သမီးကြိုက် မကြိုက် မသိဘူး၊ မကြိုက်ရင်ပြောနော် ... အားမနာနဲ့၊ အန်တီအေး ချက်ချင်း ချက်ပေးလို့ ရတယ်၊ တစ်ခါတလေလေး လာစားတာဆိုတော့ သမီးအကြိုက် ဟင်းကလေးတွေ ချက်ကျွေးချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီအေးကလည်း ... အန်တီအေး စကားက တစ်ခါ တလေ လာစားတာမို့လို့ ကနုတ်အကြိုက် ဟင်းတွေ ကျွေးချင်တယ်ဆိုတော့ အမြဲလာစားရင် ဘာဖြစ်ဖြစ် ကျွေးမယ် ဆိုတာမျိုး ဖြစ်မနေဘူးလား"

ဇာဖြူက လှမ်းနောက်လိုက်တာမို့ အန်တီအေးက 'ဟောတော့ ... အဲ့ဒီလို သဘောမျိုး ဖြစ်သွားလား' ဟု ပြောရင်း ရယ်လေသည်။ ကနုတ်ကလည်း ရယ်ရင်း ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။

ငါးကြင်းပေါင်း၊ ငါးသလဲထိုးကြော်၊ ကြက်တောင်ပံ နှင့် ငုံးဥ အစပ်ချက်၊ ကျောက်ပွင့်သုပ် ... စသဖြင့် ဟင်းတွေက ဖွယ်ရာစုံလင်လာတာမို့ ကနုတ်က အန်တီအေးကို လှမ်းကြည့်ရင်း

"ဟင်းတွေကတော့ ကနုတ်အတွက် အတိုင်းထက်အလွန် ပါပဲ အန်တီအေးရယ် ..."

"ဒါဆို နောနော် ပေါ့ ..."

"အွန် ... ဘာကိုပြောတာလဲဟင်"

ကနုတ်က အူကြောင်ကြောင်လေး ပြန်မေးတာမို့ ဇာဖြူက ကနုတ် ပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးနေရင်းက ကနုတ်ကို မျက်ခုံးပင့်ကြည့်လာရင်း ...

"အံ့ပါ ... ဒါတောင် မသိဘူးလား"

"ဘာကိုလဲ ..."

"အတိုင်းထက်အလွန် ဆိုတာ အဆိုတော် နောနော်ရဲ့ သီချင်းလေ၊ အန်တီအေးကမှ နင့်ထက်သိသေးတယ် ..."





"ဟ ... အဲ့ဒါတွေ သိပ်မသိဘူးဟ၊ သီချင်းတွေတော့ ကြားကြားနေတာပဲ၊ ဘယ်သူဘယ်ဝါဆိုတာတော့ အကုန်ဘယ် သိပါ့မလဲ ..."

"စတိတ်ရှိုးတောင် တစ်ခါမှ မကြည့်ဘူးလား၊ နင်တော့ လူထူးလူဆန်း ဖြစ်တော့မှာပဲ၊ နောက်မှ တစ်ခါလောက် စတိတ်ရှိုးကြည့်ဖို့ ခေါ်သွားရမယ်၊ စား ... ကနုတ်၊ ငါးကြင်း ပေါင်း နင်ကြိုက်တယ် မဟုတ်လား"

"အေး ... ကြိုက်တယ်"

ကနုတ်နှင့် ဇာဖြူက စကားတပြောပြောနှင့် အေးအေးဆေးဆေး ထမင်းအတူစားနေမိကြသည်။ ထမင်းစားပြီးခါနီး လေးမှာပဲ ထမင်းစားပွဲပေါ်မှာ တင်ထားသည့် ကနုတ်ရဲ့ ဖုန်းလေး က အသံမြည်လာသည်။ ကနုတ် ငုံ့ကြည့်မိတော့ ကနုတ် မသိ သော နံပါတ်တစ်ခုကို တွေ့ရပါသည်။

"ဘယ်ကလဲ ..."

"မသိဘူးဟ၊ နံပါတ်တွေ အများကြီးပဲ၊ နိုင်ငံခြား call ထင်တယ်"

ကနုတ်က ဖွန်းခက်ရင်းကို ချကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို ..."

"သမီးရေ ... ကနုတ်၊ အန်တီပါ ... အန်တီစန္ဒီပါ"

"သြော် ... ဟုတ်ကဲ့ အန်တီ၊ အန်တီ ဘယ်ကဆက်နေတာ လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ စင်ကာပူရောက်နေတာ၊ သမီးကို အကူအညီလေး တောင်းချင်လို့ ဆက်လိုက်တာ ..."

'အကူအညီ' ဆိုသော စကားကြောင့် ကနုတ် နည်းနည်းတော့ လန့်သွားမိပါသည်။ အန်တီစန္ဒီ့အသံကလည်း စိုးရိမ်တကြီး အသံမျိုး ဖြစ်နေတာမို့ ကနုတ် နည်းနည်းတော့ စိတ်ပူသွားမိပါသည်။

"အန်တီ ... ဘာဖြစ်လို့လဲဟင်"

"နန္ဒီတစ်ယောက်အတွက်နဲ့တော့ အန်တီဖြင့် သေသာသေချင်တော့တာပဲ သမီးရယ် ...၊ ခုလေးပဲ အိမ်က အန်တီ့ညီမနဲ့ ဖုန်းရတယ်၊ သူနဲ့ပြောပြီးပြီးချင်း သမီးဆီ ဆက်လိုက်တာ၊ နန္ဒီ့ကောင်လေးတို့ dancer အဖွဲ့က ဒီည Traders Hotel မှာ လုပ်တဲ့ မဂ္ဂဇင်း နှစ်ပတ်လည် ညစာစားပွဲ တစ်ခုမှာ ကကြမှာတဲ့ ...၊ အဲ့ဒီပွဲကို နန္ဒီ သွားကြည့်မှာ၊ အန်တီ့ ညီမနဲ့ စကားများပြီး ပွဲကြည့်ဖို့ထွက်သွားတာတဲ့၊ ပူညံ ပူညံလုပ်ရင် ပြန်မလာတော့ဘူးလို့ ပြောသွားတယ်တဲ့ သမီး ရယ်၊ ပွဲပြီးရင် နီးရာလိုက်ပြေးမလားတောင် မသိပါဘူး၊ အန်တီ ရင်တွေပူလိုက်တာ၊ အန်တီ့မှာ ချက်ချင်း ပြန်လာလို့လည်း မရ၊ သူ့အဖေသိမှာလည်း စိုး၊ အန်တီ့ ညီမ အပျိုကြီးကလည်း ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့ ဒုက္ခပါပဲ သမီးရယ် ..."

"အဲ့ဒီလောက်လည်း စိတ်မပူပါနဲ့ အန်တီရယ်၊ နန္ဒီ ဒီလောက်တော့ မိုက်မယ်မထင်ပါဘူး"





"နန္ဒီ့ကို လျှော့မတွက်နဲ့ သမီးရေ၊ ဒီကောင်မလေးက ဖျက်လုပ်လိုက်တဲ့ အရုပ်လို ပြောင်းလဲသွားပြီ၊ အချစ်အတွက် ဘာမဆို လုပ်မှာပဲဆိုတဲ့ မိုက်ရူးရဲစိတ်မျိုး ဝင်နေပြီ ..."

အန်တီစန္ဒီ့ကို ဖျောင်းဖျနေရပေမယ့် ကနုတ်လည်း နည်းနည်းတော့ စိတ်ပူလာမိပါသည်။ နန္ဒီ့ကို ဇေသော်နဲ့ မဖြစ်သင့်ဘူးဟု ယူဆထားသည့် လူတွေထဲမှာ ကနုတ်လည်း အပါအဝင်မို့ပင်။

ဇာဖြူကလည်း ကနုတ် အန်တီစန္ဒီနှင့် ပြောနေတာကို သိကာ ကနုတ်ကို မျက်လုံးပြူးကြည့်နေသည်။ သူ့မျက်လုံးတွေထဲမှာလည်း စိုးရိမ်ပူပန်သည့် အငွေ့အသက်တွေ ရှိနေတာမို့ ကနုတ်က ဖုန်းစပီကာကို ဖွင့်ကာ ဇာဖြူ့ကိုပါ နားထောင်စေလိုက်သည်။

"သမီး ... ကနုတ်"

"ရှင် ... အန်တီ"

"ကျေးဇူးပြုပြီးတော့ သမီးရယ် နီနီ့ကို ခေါ်ပြီး အဲ့ဒီဟိုတယ်ကို လိုက်သွားလိုက်ပါနော်၊ အန်တီ အနူးအညွတ် အကူအညီ တောင်းပါတယ်နော်၊ သမီး သူငယ်ချင်းကို ဖျောင်းဖျပြီး ပြန်ခေါ်လာပေးပါနော် ..."

"ဟို ... အန်တီ ... အခု ကနုတ်က နီနီနဲ့ အတူမရှိဘူး၊ ဇာဖြူတို့အိမ်ကို ရောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဇာဖြူ့အိမ်မှာလား၊ ဒါဆိုလည်း ဇာဖြူ့ကို အဖော်ခေါ်ပြီး လိုက်သွားလိုက်ပါ သမီးရယ်နော်၊ အန်တီ တောင်းပန်ပါတယ် သမီးရယ် ...”

“ဟုတ် ... ဟုတ်ကဲ့ပါ၊ ကနုတ် အခုပဲ လိုက်သွားပါ့မယ် အန်တီ ...”

ကနုတ်က ရင်မောပင်ပန်းစွာဖြင့် ကတိပေးလိုက်ရသည်။ ကနုတ်သည် ဖုန်းပိတ်ကာ ဇာဖြူ့ကို ကြည့်လိုက်ရင်း

“ဇာဖြူ ... နန္ဒီ့ဆီ ငါတို့ လိုက်သွားမှဖြစ်မယ်”

“ဘယ်ကိုလဲ ...”

“Traders ကို ...၊ ဒီည အဲဒီမှာ ဇေသော်တို့အဖွဲ့ ကကြမှာ၊ ပွဲပြီးရင် နန္ဒီနဲ့ ခိုးပြေးနိုင်တယ်တဲ့ ...၊ ငါတို့ အချိန်မီ တားမှ ဖြစ်မယ်”

“ဒုက္ခပါပဲဟာ ...၊ ငါတို့နှစ်ယောက်တည်း လိုက်သွားလို့ ဖြစ်ပါ့မလား ...”

“နင်လည်း ကြားတဲ့အတိုင်းပဲ၊ အန်တီစန္ဒီက စင်ကာပူက နေ အရမ်းစိတ်ပူနေရှာတာ ...”

“အန်တီစန္ဒီကလည်း နင့်ပဲ အကူအညီတောင်းနေတော့တာပဲ”

“မကူညီလို့မှ မဖြစ်ဘဲ၊ ငါတို့သူငယ်ချင်းအတွက် ငါတို့မှာလည်း တာဝန်ရှိတယ်၊ ငါလည်း ဘယ်သွားချင်ပါ့မလဲ၊ အဲဒီကိုသွားရင် နေ ဆိုတဲ့ အရိုင်းအစိုင်းနဲ့လည်း တွေ့ချင်





တွေ့နိုင်တယ်လေ၊ ငါ သူရှိတဲ့ နေရာကို မသွားချင်ပါဘူး၊ ဒါပေမယ့်လည်း နန္ဒီ့အတွက် သွားမှဖြစ်မယ်”

ကနုတ်နှင့် ဇာဖြူက စားလက်စ ထမင်းကို ဆက်စားတော့ဘဲ အိမ်မှ ခပ်မြန်မြန် ထွက်လာခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ညှော်ခံပွဲကျင်းပနေသော ဟိုတယ်ခန်းမထဲသို့ ကနုတ်တို့ ဝင်သွားလျှင် ခန်းမထိပ် စင်မြင့်ပေါ်၌ နာမည်ကြီး အဆိုတော်တစ်ယောက် သီချင်းဆိုနေတာကို လှမ်းမြင်ရလေသည်။

ကနုတ်သည် ခန်းမထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း နန္ဒီ့ကို ရှာမိသည်။ ဇာဖြူကလည်း လိုက်ကြည့်ရှာဖွေနေသည်။ ကနုတ်က နန္ဒီ့ကို မတွေ့တာမို့ ရင်မောလာကာ ဇာဖြူ့နားသို့ တိုးတိုးကပ်ကပ် ပြောမိသည်။

"ပါသွားပြီလားတောင် မသိပါဘူးဟယ် ..."

"မပါနိုင်သေးပါဘူး ကနုတ်ရယ်၊ ပွဲက ခုမှစပုံရပါတယ်၊ လူတောင် သိပ်မစုံသေးဘူး၊ ဟိုမှာကြည့် ... ရှေ့ဘက်စားပွဲဝိုင်းတွေ လွတ်နေသေးတယ်၊ တွေ့လား ..."

"အေး ... တွေ့တယ်"

"ငါသိသလောက်ကတော့ နေတို့အဖွဲ့က သူတို့ ကရမယ့်





ပွဲဆို သေချာပေါက် ကတာပဲ၊ ပြီးတော့ နေတို့အဖွဲ့ ကတိုင်း ဖေသော် မပါဘူးဆိုတာ မရှိဘူး၊ ပြီးတော့ ဒီလိုပွဲမျိုးတွေမှာ အကအဖွဲ့ကရင် ပွဲချိန် အလယ်လောက်ကျမှ ကတာများတယ်၊ နန္ဒီ့ကို ခိုးပြေးမယ်ဆိုလည်း သူ က ပြီးမှ ခိုးပြေးမှာပါ ကနုတ်ရယ်၊ နင် အရမ်းစိတ်ပူမနေစမ်းပါနဲ့၊ သူ မကခင် နန္ဒီ့ကို ငါတို့ ရှာတွေ့ချင် တွေ့နိုင်တာပဲ၊ ဟော ... ဟိုမှာ နန္ဒီလား မသိဘူး"

ဇာဖြူ ကြည့်သည့်ဘက်သို့ ကနုတ်က လှမ်းကြည့်လိုက်ရင်း ...

"မဟုတ်ပါဘူးဟဲ့ ...၊ ဆင်ဆင်တူတာပါ"

"နန္ဒီ့ကို ဖုန်းခေါ်ကြည့်ဟာ ..."

ဇာဖြူ အကြံပေးသည့်အတိုင်း ကနုတ်က နန္ဒီ့ကို ဖုန်းခေါ်ကြည့်လိုက်သည်။ သုံးခါဆက်တိုက် ခေါ်သော်လည်း နန္ဒီက ဖုန်းမကိုင်ချေ။ ကနုတ်က စိတ်မလျှော့ဘဲ ထပ်ခါထပ်ခါ ခေါ်ကြည့်နေတော့မှ တစ်ကြိမ်မှာ နန္ဒီက ဖုန်းကိုင်လိုက်ပါသည်။ နန္ဒီက ဖုန်းကိုင်ကိုင်ချင်းပင် လေသံမာဆတ်ဆတ်ဖြင့် ...

"ဘာလဲ ... ဘာကိစ္စ ဒီလောက် ဖုန်းခေါ်နေရတာလဲ"

"နင် မကိုင်လို့ အခါခါခေါ်နေရတာပေါ့ဟဲ့၊ နင် အခု ဘယ်မှာလဲ ..."

"ဘာလုပ်မလို့လဲ ..."

"ဘာမှမလုပ်ဘူး၊ သိချင်လို့မေးတာ ..."

"ကနုတ် ... နင် သိပ်လွန်နေပြီ သိလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... ငါက ဘာလွန်လို့လဲ"

"နင် ဇေသော်တို့ အကခန်းမကို လာသွားတာ ငါသိတယ်၊ ကိုနေကတော့ ငါ့ကို ဘာမှမပြောပါဘူး၊ ဇေသော့်ကိုလည်း ဘာမှမပြောဘူး၊ ငါ့ကို လာရှာသွားတယ်ပဲ ပြောတယ်၊ ဒါပေမယ့် ငါမယုံဘူး၊ နင် အဲဒီကိုသွားပြီး ငါနဲ့ ဇေသော့် ကိစ္စကို ဖျက်ဖို့ တစ်ခုခုတော့ သွားပြောတာ သေချာတယ်"

"ပြောတော့ရော ဘာဖြစ်လဲ၊ အမြင်မတော်ဘူးထင်ရင် ပြော ရမှာပဲ"

"အဟက် ... အပျို လူပျို ချစ်ကြိုက်တဲ့ကိစ္စဆိုတာ အမြင် မတော်တဲ့ ကိစ္စမှ မဟုတ်တာ၊ နောက်ကို ငါတို့ကိစ္စထဲ နင်ဝင်မပါပါနဲ့၊ ခုကတည်းက သတိပေးထားလိုက်မယ်"

"နင်က ဒီလောက်တောင် ဖြစ်သွားပြီလား နန္ဒီရယ်၊ သူငယ် ချင်း အချင်းချင်း ဒီလောက် တင်းမာစရာ မလိုပါဘူး"

"တင်းမာအောင် နင်ပဲလုပ်ခဲ့တာလေ ..."

"နင် အခုဘယ်မှာလဲ နန္ဒီ ..."

ကနုတ်က လန့်သွားကာ အလောတကြီး မေးမိသည်။ တစ်ဖက်က အသံကို နားစွင့်ကြည့်မိတော့ သီချင်းဆိုသံ မကြားရတာမို့ ဒီခန်းမထဲမှာ နန္ဒီမရှိတာတော့ သေချာသည်။

"နန္ဒီ ပြောလေဟာ၊ နင် အခု ဘယ်မှာလဲ ..."

"လမ်းမှာ ..."

"လမ်းမှာ ... !၊ နင် ဘယ်ကိုသွားနေတာလဲ"

"ဇေသော့်ဆီ ..."





"ဘာ ..."

"ငါချစ်သူဆီ သွားတဲ့ကိစ္စက နင့်အတွက် တော်တော် တုန်လှုပ်စရာ ဖြစ်သွားလို့လား ..."

"နင် သူ့ဆီ ဘာသွားလုပ်မှာလဲ"

"ရော် ... ခက်ပြီ၊ ရည်းစားနဲ့ တွေ့ဖို့ သွားပါတယ်ဆိုမှ ဘာလုပ်မှာလဲဆိုတော့ ငါက ဘယ်လိုဖြေရမှာလဲ၊ အရမ်း သိချင်နေရင်လည်း ဖြေလိုက်ပါမယ်၊ ဇေသော်က ငါ့ကို တွေ့ရင် ငါ့လက်ကလေးကို ဆွဲမယ်၊ ငါက သူ့ပခုံးလေး ကို မှီမယ်၊ သူက ငါ့နဖူးလေးကို ..."

"နန္ဒီ တော်တော့ ...၊ နင် ငါ့ကို မရွဲ့နဲ့၊ နင့်အမေ နင့် အတွက် အရမ်းစိတ်ပူနေတယ်၊ နင် အိမ်ပြန်လိုက်တော့"

"ငါ မပြန်တော့ဘူးလေ၊ ဇေသော့်နောက်ကို အပြီးလိုက် သွားတော့မှာ၊ ကဲ ... ငါ ဖုန်းချလိုက်တော့မယ်နော်၊ ဘိုင့် ..."

"နန္ဒီ ... နင်"

နန္ဒီက ဖုန်းချသွားချိန်မှာ ကနုတ်က ရင်တွေတုန်၍ ကျန်ခဲ့သည်။ ချက်ချင်းလိုပင် ကနုတ်ရဲ့ နဖူးဖြူဝင်းဝင်းကလေး ထက်မှာ ချွေးဥကလေးတွေ စို့သီးလာရပါသည်။ ကနုတ်သည် ဖေဖြူ့ဘက်ကို လှည့်ကြည့်လိုက်ရင်း ...

"ဖေဖြူ ... နန္ဒီက ဇေသော်နဲ့အတူ ထွက်ပြေးတော့မှာ၊ ဇေသော် သူ့ဆီမသွားအောင် ငါတို့ တားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က အသံလေး တုန်အက်စွာဖြင့် ပြောဆဲမှာ ကောင်မလေးတစ်ယောက်က ကနုတ်တို့ဆီသို့ လျှောက်လာကာ

"မမကနုတ် ..."

"သြော် ... ညီမ"

နာမည်ကို မမှတ်မိသော်လည်း လူကို မှတ်မိတာမို့ ကနုတ်က ပြန်ပြုံးပြ နှုတ်ဆက်မိသည်။ မဂ္ဂဇင်းတစ်စောင်မှာ ကနုတ်တို့ ဆိုင်ကြော်ငြာထည့်ဖို့ ကနုတ်တို့ဆီ လာခဲ့ဖူးသည့် မတ်ကတ်တင်း ဝန်ထမ်း မိန်းကလေးပင်။

"မမ ... ထိုင်ဖို့နေရာ ရှာမတွေ့လို့လား၊ ဟိုရှေ့မှာ ခုံလွတ်တွေရှိတယ်လေ၊ လာပါ ... ညီမ လိုက်ပို့ပေးပါ့မယ်"

"ရတယ် ညီမလေး၊ မတို့က ဒီကိုရောက်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို လာရှာတာပါ၊ မရဲ့ သူငယ်ချင်းက ဒီပွဲမှာ ကမယ့် dancer အဖွဲ့က တစ်ယောက်နဲ့ သူငယ်ချင်းလေ၊ အဲ့ဒီအဖွဲ့နဲ့အတူတူ ရှိနေသလားတောင် မသိဘူး"

"သြော် ... နေတို့အဖွဲ့က စင်နောက်ဘက်မှာ မမ၊ ဟိုဘက် ထိပ်အစွန် ဝင်ပေါက်ကနေ ဝင်သွားလို့ရတယ်၊ နေတို့အဖွဲ့ ကဖို့ အချိန်တောင် နီးနေပြီထင်တယ်၊ လာပါ မမ ... ညီမ လိုက်ပို့ပေးပါ့မယ်"

ကနုတ်က ဇာဖြူ့ကို မျက်ရိပ်ပြကာ ထိုမိန်းကလေး နောက်မှ လိုက်လာခဲ့ပါသည်။

"ဝင်သွားလိုက်ပါ မမ ..."

"ကျေးဇူးပဲ ညီမလေး ..."





မိန်းကလေးက ကနုတ်တို့ကို ထားခဲ့ပြီး ပြန်ထွက်သွားသည်။ ဇာဖြူက ကနုတ်နားသို့ တိုးကပ်လာကာ ...

"ကနုတ် ... ဝင်သွားလို့ ဖြစ်ပါ့မလားဟယ်"

"မဝင်လို့မှ မဖြစ်တာ၊ ငါ နန္ဒီ့အတွက် အရမ်းစိတ်ပူနေပြီ"

"စိတ်ပူတာကတော့ ငါလည်း ပူတာပါပဲ ကနုတ်ရယ်"

ကနုတ်သည် ဇာဖြူနှင့် စကားပြောနေရင်းက လှမ်းမြင်နေရပြီဖြစ်သော စင်နောက်ဘက် နေရာလေးဆီသို့ လှမ်းမျှော်ကြည့်မိရာ ခေါက်ကုလားထိုင်လေးပေါ်မှာ ခြေချိပ်ထိုင်ရင်း သူ့အဖွဲ့သားတွေနှင့် စကားပြောနေသော နေ့ကို တွေ့ရလေသည်။

အနက်ရောင် ကိုယ်ကျပ် လက်ရှည်အကျႌနှင့် ဘောင်းဘီအနက်ကို ဝတ်ထားသော သူ့ပုံစံက အားလုံးထဲမှာ ထင်းလင်းနေသည်။ ပြောဆိုနေသည့် စတိုင်လ်က ဖျတ်လတ်တက်ကြွ စတိုင်လ်ကျသည်။ ကနုတ်သည် သူ့ကို ရုတ်တရက် အတွေ့မှာ အနိုက်အတန့်လေး ငြိမ်သက်သွားပြီးမှ သူနဲ့ ကနုတ်ရဲ့ မပြေလည်ခဲ့သော ဆက်ဆံရေးကို ပြန်သတိရကာ သွေးနွေး လှုပ်ခတ်လာသည်။

ကနုတ်သည် မျက်နှာထား တင်းတင်းနှင့်ပင် သူတို့အဖွဲ့ဆီသို့ လျှောက်လာခဲ့ပါသည်။

ဇာဖြူကတော့ အားနာတတ်သူမို့ ကနုတ်နောက်မှ ခပ်လျှိုလျှိုလေး လျှောက်လိုက်လာသည်။

နေက စကားပြောနေရင်းက ကနုတ်ကို လှမ်းမြင်သွားကာ မျက်မှောင်ကြုတ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇေသော်နဲ့ တွေ့ချင်လို့ပါ ..."

ရွှေကနုတ်က နေ့ကိုမကြည့်ဘဲ နေ့အဖွဲ့သားတွေဘက်သို့ ဝေ့ဝဲကြည့်ရင်း ခပ်တင်းတင်း ဆိုလိုက်သည်။ ဒါက ဘာသဘောနည်း ...။ ငါ့ပတ်ဝန်းကျင်ကို လိုက်လိုက်လာပြီး ငါ့ကို ရန်စနေတာလား ရွှေကနုတ်ရယ် ...။ မင်း တော်တော် လွန်နေပါပြီ ...။

"ဘာကိစ္စ ရှိလို့လဲ ..."

နေသည် ရွံ့တဲ့တဲ့ အပြုံးတစ်ခုကို ဆင်မြန်းလျက် ထိုင်နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ရင်း သူမကို လှမ်းမေးလိုက်သည်။

"ကိစ္စကတော့ ဇေသော်နဲ့တွေ့မှ ပြောမယ်"

"ဇေသော် မရှိဘူး ..."

"ရှင်တို့အဖွဲ့ ကရင် ဇေသော် ပါနေကျပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီနေ့တော့ မပါဘူး၊ သူ ကိစ္စရှိလို့ မလာနိုင်ဘူးလို့ ပြောထားတယ်"

"သူ ဘယ်မှာရှိမလဲ ..."

"သူရှိနိုင်မယ့် နေရာတွေကတော့ အများကြီးပဲ"

"ဒါဆို ရှင် ကျွန်မတို့နဲ့ လိုက်ခဲ့ပါ"

နေက ခါးတစ်ဖက်ထောက်၍ ရပ်နေရင်းက နေ့ ထုံးစံအတိုင်း ဟက်ခနဲ ရယ်လိုက်ရင်း မျက်နှာလွှဲကာ ...

"လူကို ခေါ်တိုင်းလိုက်တဲ့ အမျိုးအစားများ ထင်နေသလား မသိဘူး"





ဟု ခပ်တိုးတိုး ရေရွတ်လိုက်ပါသည်။

ကနုတ်က သေသေချာချာ မကြားလိုက်တာမို့ မျက်မှောင်ကြုတ်ကာ ...

"ရှင် ဘာပြောလိုက်တာလဲ ..."

ဟု ခပ်ဆတ်ဆတ် ပြန်မေး၏။

နေက ကနုတ် မေးခွန်းကို မဖြေဘဲ ကနုတ်ဘက်သို့ ပြန်လှည့်ကြည့်လာကာ မျက်မှောင်ကြုတ်ကြုတ်နှင့်ပင် မေးခွန်း ပြန်ထုတ်လိုက်၏။

"နေစမ်းပါဦး မရွှေကနုတ်ရဲ့၊ ခင်ဗျားခေါ်တိုင်း လိုက်ရအောင် ခင်ဗျားနဲ့ ကျုပ်ကြားမှာ ထူးခြားတဲ့ ချည်နှောင်မှု တစ်စုံတစ်ရာများ ရှိနေလို့လား ..."

"ဒီလို အဆင့်မရှိတဲ့ မေးခွန်းမျိုးကို ကျွန်မ မဖြေတတ်ဘူး ရှင်လည်း မမေးသင့်ဘူး"

"ဒါဆို ခင်ဗျားဘက်ကလည်း ကျုပ်အပေါ် အဆင့်ရှိရှိလေး ဆက်ဆံလိုက်လေ ...၊ ကျုပ်ရှေ့မှာ ရန်လာစတဲ့ စကားမျိုးတွေ မပြောမိစေနဲ့၊ ခင်ဗျား ရန်လာစရင် ကျုပ် ဘက်ကလည်း ရန်ပြန်ဖြစ်ဖို့ အဆင်သင့်ပဲဆိုတာ မမေ့နဲ့"

"ရှင့်ကို တွေ့ရတဲ့နေ့ဟာ ကျွန်မအတွက် မင်္ဂလာမရှိလွန်းလို့ ရှင့်ရှေ့ကိုလည်း ရောက်မလာချင်ပါဘူး၊ ကျွန်မ သူငယ်ချင်း ရေတိမ်နစ်မှာစိုးလို့သာ ရောက်ရောက်လာရတာပါ၊ ဒီနေ့ ဇေသော်က နန္ဒီကို ခိုးပြေးဖို့ ချိန်းထားတယ်၊ နန္ဒီအမေက နိုင်ငံခြား ရောက်နေလို့ ကျွန်မကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတောင်းတယ်၊ ကျွန်မသူငယ်ချင်းအတွက် ကျွန်မ ဒီကိုရောက်လာတာပါ၊ ကျွန်မတို့နဲ့ ရှင်လိုက်ခဲ့ပြီး ဖေသော့ကို လိုက်ရှာပေးပါ၊ ဖေသော် နန္ဒီ့ကို ခေါ်ပြီးထွက်မသွားဖို့ ရှင် တားပေးပါ"

"အရွယ်ရောက်ပြီးတဲ့ ယောကျ်ားနဲ့ မိန်းကလေး နိုးပြေးမယ့် ကိစ္စကို လိုက်တားပေးဖို့ ကျုပ်မှာ တာဝန်မရှိဘူး၊ သူတို့ချစ်လို့၊ သူတို့ မခွဲနိုင်လို့၊ သူတို့ အတူတူနေချင်လို့ သွားတာ သွားပါစေပေါ့၊ ကျုပ်တို့က မုဒိတာ ပွားမပေးသင့်ဘူးလား"

"ကိုနေ ... ကျွန်တော်တို့ ကဖို့ ခေါ်နေပြီ"

"အိုခေ ... သွားစို့ ..."

"ရှင် ခဏနေဦး"

နေက စကားစဖြတ်ပြီး ကနုတ်ရှေ့က လှည့်ထွက်လိုက်လျှင် ကနုတ်က ခပ်ဆတ်ဆတ် အော်၍ တားမြစ်လိုက်လေသည်။

နေက စင်မြင့်ဆီသို့ သွားတော့မည့်ဆဲဆဲ ခြေလှမ်းတွေကို တုံ့ရပ်၍ ကနုတ်ကို လှည့်ကြည့်သည်။

"ဘယ်လောက် ပေးရမလဲ ..."

သူမရဲ့ မေးခွန်းကို ချက်ချင်း နားမလည်တာမို့ နေက မျက်ခုံးတစ်ချက် တွန့်မိစဉ် သူမက သူ့မာနကို ထိုးဆွသည့် နောက်ထပ် မေးခွန်းတစ်ခု မေးလိုက်ပြန်သည်။

"ရှင် ကတာ ဘယ်လောက် ရသလဲ ..."





"ဘာ ..."

"ရှင် အခု သွားကရင် ဘယ်လောက်ရမှာလဲ၊ ရှင်ရတာထက် ကျွန်မ ပိုပေးမယ်၊ ရှင် အခု ကျွန်မနဲ့ လိုက်ခဲ့ပြီး ဖေသော့ကို လိုက်ရှာပေးပါ ..."

"အဟင်း ..."

နေသည် ဒေါသကိုထိန်းကာ သူမဘက်သို့ လှည့်လိုက်သည်။ သရော်တော်တော် အပြုံးဖြင့် လက်ပိုက်ရပ်ရင်းက ခင် ကနုတ်ရဲ့ မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ရင်း ...

"ခင်ဗျားရဲ့ ပါးကလေးတစ်ဖက်ကို တစ်ချက်လောက် နမ်းချင်တယ်၊ ဘယ်လောက် ပေးရမလဲ ..."

"ရှင် ... ရှင် ... မိုက်ရိုင်းလှချည်လား"

"ဟင်း ... ဟင်း ... မင်းဘက်က စပြီး ရိုင်းခဲ့တာလေ ...၊ ငါ့မေးခွန်းအတွက် မင်း နာကျင်ခါးသီးသွားရင် မင်းမေးခွန်းအတွက် ငါလည်း နာကျင်ခါးသီးသွားခဲ့တယ်ဆိုတာကိုပါ သတိရလိုက်ပါ မရွှေကနုတ် ...၊

"သူတစ်ပါးရဲ့ အသက်မွေးဝမ်းကျောင်းကို အထင်သေးတဲ့ စကားမျိုး နောက် ဘယ်တော့မှ မပြောမိစေနဲ့၊ မင်းလို စိန်ရွှေရောင်းတဲ့ အလုပ်မျိုးလုပ်မှ တန်ဖိုးရှိတာမဟုတ်ဘူး၊ မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိတယ်ဆိုတာ သေချာမှတ်ထားလိုက်ပါဦး ..."



www.burmeseclassic.com

www.burmeseclassic.com



နေသည် စကားဆုံးသည်နှင့် ကနုတ်ရှေ့မှ ချာခ လှည့်ထွက်သွားပြီးနောက် စင်မြင့်ဆီသို့ သူ့အဖွဲ့နှင့်အတူ ဖျတ် လတ်စွာ လှမ်းတက်သွားလေသည်။

ကနုတ် ပါးကလေးတွေသည် ထူပူရှိန်းဖိန်းလျက် ရင်တလှပ်လှပ် တုန်ရင်စွာဖြင့် ရပ်တန့်ကျန်ရစ်ခဲ့ရင်း နားတွေ အူလျက် ပြာဝေမူးမိုက်ချင်လာသည်။ စင်မြင့်ထက်ဆီက ဆူညံပြင် ထန်သော ဂီတသံက ကနုတ်ရဲ့ ရင်ကို လာလာဆောင့်နေသည် နေတို့အဖွဲ့ ကနေတာကို တစ်ချက် လှမ်းကြည့်လိုက်ချိန်မှာ မြင် ကွင်းတွေ ဝါးသွားခဲ့သည်။

ကနုတ်သည် တစ်ချက် ယိုင်သွားသော်လည်း အား ပြန်တင်းကာ အံကြိတ်လိုက်မိသည်။ ဒေါသစိတ်နှင့် ရှက်စိတ်က စင်မြင့်ပေါ်က ဂီတသံလို ကနုတ်ရင်ကို ပြေးဝင်ဆောင့်နေသည်

"ကနုတ် ... နင်ဘာဖြစ်တာလဲ၊ ခေါင်းမူးလို့လား"

"ရတယ် ... ငါ ဘာမှမဖြစ်ဘူး"

"စိတ်လျှော့ပါ ကနုတ်ရယ်၊ သူပြောတာ လွန်ပေမယ့် နင်ကလည်း မပြောသင့်တဲ့ စကားမျိုး ပြောတာကိုး၊ လာ လာ ... သွားကြရအောင်၊ ဇေသော်ရှိတဲ့ နေရာကို မသ လည်း နန္ဒီ့ကိုပဲ အရင်ရှာရအောင်လေ ..."

ကနုတ်သည် အံကြိတ်လျက် ဟိုတယ်ခန်းမထဲ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။ ထွက်ပေါက်နားသို့ရောက်လျှ ကနုတ်သည် ဘာ့ကြောင့်မှန်းမသိ၊ စင်မြင့်ထက်ဆီသို့ သမင်လည် ပြန် တစ်ချက် လှည့်ကြည့်ခဲ့မိသည်။ သူကတော့ သူ့ကကွက်တွေ





ထဲမှာ အာရုံအပြည့်အဝ နစ်ဝင်လျက် ဘာကိုမှ မသိတော့ပြီ။ ကနုတ်မှာသာ ရင်ဝကို မြားစိုက်ခံထားရသလို ခံစားချက်ဖြင့် ထွက်ခွာလာခဲ့ရသည်။

ကနုတ်တို့ ကား ဟိုတယ်ဝန်းထဲက မောင်းထွက် လာချိန်မှာတော့ ကနုတ်ရဲ့ ဖုန်းသံ မြည်လာကာ နန္ဒီ့အိမ်ဖုန်း နံပါတ်က ဖုန်းလေးမှာ ပေါ်လာခဲ့သည်။ နန္ဒီ့ဒေါ်လေး ဆက်တာ များလားဟု ထင်လျက် ကနုတ်က ဖုန်းကိုင်လိုက်သည်။

"ဟဲလို ... အန်တီလေးလား"

"အန်တီလေး မဟုတ်ဘူး၊ အန်တီလေး တူမ နန္ဒီ ..."

"ဟင် ... နန္ဒီ၊ နင် ... နင်က အိမ်မှာလား"

"ဟုတ်တယ်လေ ... ဇေသော်က သူ့အမေ နေမကောင်း လို့ နယ်ပြန်သွားတာနဲ့ လွမ်းလွမ်းနဲ့ အိမ်မှာပဲ ပြန်နပ်နေ တာ၊ နင်တို့ အကဲပိုလွန်းလို့ ပညာပြလိုက်တာ ...၊ ဒီနေ့ တော့ နိုးရာမလိုက်ဖြစ်တာ သေချာတယ်၊ နောက်နေ့ဆိုရင် တော့ မသေချာတော့ဘူး"

ကနုတ်သည် နန္ဒီ့ကို ဘာမှပြန်ပြောမနေတော့ဘဲ သက်ပြင်းလည်းချ၊ ဖုန်းလည်းပိတ်ကာ ဖုန်းကို ကားဒက်ရှ်ဘုတ် ပေါ်သို့ ပစ်တင်လိုက်ပြီး ထိုင်ခုံနောက်မှီကို ဖြေလျှော့မှီချ ငြိမ် သက်နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ညီမ ... နေမကောင်းဘူးလား"

"အင် ...၊ အဟင်း ... ကောင်းပါတယ် အစ်ကို"

ကနုတ်သည် ကိုမိုးမြင့်နိုင်နှင့်အတူ ထိုင်နေသော်လည်း စိတ်က တခြားရောက်နေကာ ငြိမ်ငြိမ်လေး ငေးတွေးနေရာမှ ဟန်မပျက် ပြုံးကာ ပြန်ဖြေရသည်။

ကိုမိုးမြင့်နိုင်က မနက်ဖြန် အမေရိကား ခဏသွားမှာမို့ သွားခါနီး နှုတ်ဆက်သည့်အနေနှင့် ကနုတ်နှင့်အတူ Signature Garden မှာ ညနေစာ လာစားဖြစ်ကြတာပင် ...။ သူက ကနုတ်ကို အိမ်မှာလာခေါ်တာမို့ မေမေက နီနီ့ကို ထည့်မပေးလိုက်တော့၊ အပြန်လည်း သူလိုက်ပို့မှာမို့ပင် ...။

"ကောင်းပါတယ်သာ ဆိုတယ်၊ မျက်နှာလေးက ညှိုးနေလိုက်တာ ...၊ ထမင်းစားတာလည်း သိပ်စိတ်မပါသလို





ပဲ၊ ငေးငေးတွေးတွေးလေး ဖြစ်နေသလိုပဲ ...၊ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုခု ရှိနေလို့လား ..."

"မရှိပါဘူး အစ်ကိုရဲ့၊ ကနုတ် ညက လက်ဝတ်ရတနာဒီဖိုင်းလေးတွေ ထိုင်ဆွဲရင်း ညဉ့်နက်သွားလို့လေ၊ မနက်ကျတော့လည်း အစောကြီးထပြီး မေမေနဲ့အတူ အလှူတစ်ခုသွားလိုက်ရတာ၊ လူက အိပ်ရေးမဝလို့ မလန်းတာပါ၊ အိပ်ရေးပျက်တော့ အစားလည်း နည်းနည်းပျက်တာပေါ့"

"နောက်ဆို ညဉ့်နက်ခံပြီး အလုပ်မလုပ်ပါနဲ့ ညီမရယ်၊ အိပ်ရေးဝဝ အိပ်နော်"

"ဟုတ်ကဲ့ပါ ..."

ကနုတ် ညာပြောတာကို သူ ယုံသွားပုံရသည်။ ကနုတ်ကို ဘာမှဆက်မမေးတော့ဘဲ ကနုတ် ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေးနေခဲ့သည်။

ကနုတ်သည် သူထည့်ပေးသမျှကို စားနေရသော်လည်း စိတ်ကတော့ တခြားမှာတည်း ...။

ကနုတ်သည် ဒဏ်ရာရထားသော လူတစ်ယောက်လို တစ်နေရာက နည်းနည်းနာနေသည်။ နာကျင်အောင် လုပ်သွားသူကိုလည်း သတိရကာနေသည်။ လွန်ခဲ့သော နှစ်ရက်က အဖြစ်အပျက်က ခုချိန်ထိ ကနုတ်စိတ်ထဲက ထွက်မသွားသေး ...။ သူ့ စကားလုံးတွေ၊ အပြုအမူတွေ၊ အကြည့်တွေက ကနုတ်စိတ်ကို မွှေနှောက်နေဆဲပင်တည်း။ ထိုညက သူနဲ့ဆုံတဲ့ တစ်ခဏကို သတိရတိုင်း ကနုတ် စိတ်သည် မှိုင်းညို့သွားတတ်၏။ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ပူနွေး၍လည်း လာ၏။ ဒေါသတဖျင်းဖျင်း ထ၍လည်း လာလေ၏။

ပြီးတော့ . . . နန္ဒီ့အတွက်လည်း ကနုတ်က စိတ်မအေးနိုင်ချေ . . . ။ နန္ဒီဟာ အဲဒီညကသာ ခိုးရာမလိုက်ပေမယ့် အနေးနဲ့အမြန်ဆိုသလို ခိုးရာလိုက်မှာပဲဟု ထင်မိ၏။ နန္ဒီ့မေမေကလည်း ပြန်မလာနိုင်သေး . . . ။ နန္ဒီ့ မေမေ ပြန်မလာခင် နန္ဒီ ဖေသော်နဲ့အတူ ထွက်ပြေးမှာပဲဟု ဇာပြုကလည်း ထင်၏။ ကနုတ်လည်း ထင်၏။ ခုလောလောဆယ်မှာတော့ ဇာပြုကသူ့ဟိုတယ်ကိစ္စဖြင့် ချောင်းသာရောက်နေတာမို့ နန္ဒီ့ကိစ္စကို အာရုံမစိုက်အားပေ။

ကနုတ်သည် ကိုမိုးမြင့်နိုင်နှင့်အတူ ထမင်းလက်ဆုံစားရင်း ကစားစမြည် ပြောနေရပေမယ့် စိတ်က ကြည်လင်မလာဘဲ ရှုပ်ထွေးနောက်ကျိနေခဲ့ရသည်။

ကိုမိုးမြင့်နိုင်ကလည်း ကနုတ် စိတ်မကြည်တာကို သိတာမို့ အလိုက်တသိပင် အိမ်သို့ ခပ်စောစော ပြန်ပို့ပေးသွားခဲ့ပါသည်။

အဝတ်အစားလဲပြီး အိပ်တော့မည်ဟု စဉ်းစားကာ အိပ်ရာပေါ်မှာ လဲလျောင်းပြီး မျက်စိမှိတ်လိုက်ချိန်မှာ ကနုတ်ရဲ့ စိတ်က အဝေးသို့ လွင့်သွားသည်။ ကနုတ်ရဲ့ နားထဲမှာ ဂီတသံတွေ ဆူညံလာသည်။ ကနုတ်ရဲ့ မျက်စိထဲမှာ ကကွက်တွေ ရှုပ်ယှက်ခတ်လာသည်။





မင်းရဲ့ပါးကလေး တစ်ဖက်ကို တစ်ချက်လောက်နမ်းချင်တယ်၊ ဘယ်လောက်ပေးရမလဲတဲ့ . . . ။

ရှင် တော်တော် ရိုင်းစိုင်းပါလား နေ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"တူတူ ... တီတီ ... တူ ..."

အဆက်မပြတ်မြည်နေသော ဖုန်းသံကြောင့် ကနုတ်သည် အိပ်ရာမှ လန့်နိုးလာခဲ့ရသည်။

အိပ်ရာဘေးက မီးစုန်းဖြင့် လင်းနေသော နာရီလေးကို လှမ်းကြည့်မိတော့ ည ၁၂ နာရီ ...။

ကနုတ် ဖုန်းကိုယူကြည့်မိတော့ စင်ကာပူက အန်တီစန္ဒီ ဆက်နေကျ ဖုန်းနံပါတ်ကို တွေ့သည်။

နန္ဒီ့ကိစ္စ ဘာထူးလို့ ဒီအချိန်ကြီး ဖုန်းဆက်ပါလိမ့်ဟု ရင်ထိတ်သွားကာ ကနုတ်က ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ..."

"သမီးရေ ... အန်တီပါ၊ သမီး သူငယ်ချင်း ... သမီးသူငယ်ချင်းတော့ ရေတိမ်နစ်တော့မယ် ထင်ပါရဲ့ သမီးရယ်"





"အန်တီ ... အန်တီ"

တစ်ဖက်က စကားသံက ငိုရှိုက်သံနှင့် ရောနှောကာ ဗလုံးဗထွေး ထွက်ပေါ်လာတာမို့ ကနုတ်ရဲ့ အိပ်ချင်မူးတူး မျက်လုံးလေးတွေ ပြူးကျယ်လာရပါသည်။

"အန်တီ ... နန္ဒီ ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ ..."

"သူ့အန်တီလေးက သူ့ကို အပေါ်ထပ် အိပ်ခန်းထဲမှာပဲ အိပ်နေတယ် ထင်တာလေ၊ စောစောကမှ အပေါ်တက်သွားကြည့်တော့ နန္ဒီ့ကို မတွေ့တော့ဘူးတဲ့၊ အန်တီ သိထားတာကတော့ ကောင်လေးက ဒီလို စနေနေ့ ညမျိုးဆို (... ...) ဟိုတယ်က night club မှာ ကတတ်တယ်တဲ့၊ နန္ဒီ အဲဒီကိုသွားတာ ဖြစ်လိမ့်မယ်၊ ဒီလိုအချိန်ကြီး သူ့ရည်းစားနဲ့ သွားတွေ့တော့ ကောင်းနိုင်ပါဦးတော့မလား သမီးရယ်၊ သူတို့ ဘယ်အဆင့်ထိ တက်သွားမယ်ဆိုတာ မှန်းနိုင်တာမှ မဟုတ်တာ၊ အဲဒီကနေ အပြန်နောက်ကျရင် မထူးဇာတ်ခင်းပြီး ကောင်လေးနောက် လိုက်သွားနိုင်တယ်လေ၊ နီနီ့ကို အဖော်ခေါ်ပြီး အဲဒီကို လိုက်သွားပေးပါဦး သမီးရယ်၊ ဟိုတယ်နဲ့ သမီးအိမ်နဲ့ကလည်း နီးနီးလေးဆိုတော့ လမ်းလျှောက်သွားရင်တောင် ရောက်ပါတယ်"

"နီနီ့ကို ခေါ်လို့ရမှာ မဟုတ်ဘူး အန်တီ၊ မေမေ ခွင့်မပြုဘဲ နီနီက ကနုတ်နောက်ကို လိုက်မှာမဟုတ်ဘူး၊ မေမေကလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ အန်တီလေးကို လိုက်သွားခိုင်းလို့ မဖြစ်ဘူးလား အန်တီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး အန်တီ့ညီမ အပြင်ထွက်ရင် နန္ဒီ့အဖေက ရိပ်မိသွားမှာ၊ သူ ဒီည အိမ်မှာရှိတယ်၊ သူသိရင် မိုးမီး လောင်တော့မှာ သမီးရဲ့၊ အန်တီ့ကိုလည်း ဒီသမီးတစ် ယောက်ကို နိုင်အောင်မထိန်းရကောင်းလားဆိုပြီး ပြဿနာ ရှာဦးမှာ၊ အန်တီ့အမျိုးအဆွေ အသိုက်အဝန်းထဲက လူတွေ ကို အကူအညီတောင်းရင်လည်း သတင်းတွေ ပျံ့နှံ့ပြီး လူသိကုန်ရင် နန္ဒီ့အတွက် မကောင်းဘူးလေ၊ အန်တီလည်း မနက်ဖြန် ပြန်လာတော့မှာပါ၊ ဒီတစ်ညလေးပဲ ကူညီပေးပါ သမီးရယ် … နော်၊ နီနီ့ကို ချော့မော့ခေါ်ရင် နီနီလည်း သမီးနောက်ကို လိုက်မှာပါ၊ ဇာဖြူကို ခေါ်သွားရင်လည်း ရတာပဲ မဟုတ်လား"

"ဇာဖြူက ချောင်းသာရောက်နေတယ် အန်တီ"

"ဒုက္ခပါပဲ သမီးရယ်၊ ဘယ်လိုလုပ်ရမှန်းတောင် မသိပါ ဘူး၊ အန်တီ ရင်တွေပူလိုက်တာ …"

အန်တီစန္ဒီက ပြောရင်း ငိုပြန်သောအခါ ကနုတ်က သက်ပြင်းချမိရင်း …

"အန်တီရယ် … မငိုပါနဲ့၊ သမီး လိုက်သွားလိုက်ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ သမီးရယ်"

အန်တီစန္ဒီက ကျေးဇူးစကား အထပ်ထပ်ဆိုရင်း ဖုန်းချသွားခဲ့သည်။

ကနုတ်မှာတော့ စိတ်ရှုပ်ရှုပ်နှင့် ဘာလုပ်ရမှန်းတောင်





မသိတော့။ နီနီ့ကို ခေါ်ပြန်ရင်လည်း နီနီက မေမေ့ကို သံတော်ဦး လှမ်းတင်မှာ သေချာသည်။ အဲ့ဒီလိုဆို ကနုတ်လည်း အပြင်ထွက် ခွင့်ရမှာ မဟုတ်တော့ပါ။

ကနုတ်သည် စိတ်ဆုံးဖြတ်လိုက်ပြီး ခပ်မြန်မြန်ပင် အဝတ်အစား လဲလိုက်သည်။

ကနုတ် ခရီးသွားလျှင် ဝတ်တတ်သော ဂျင်း ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီတစ်ထည်ကို ဝတ်ကာ Rain coat အဖြူကို အပေါ်က ထပ်ဝတ်လိုက်သည်။ ပေါ့ပေါ့ပါးပါး ညှပ် ဖိနပ်တစ်ရံကို ဝတ်သည်။ ဆံပင် ညိုရွှေရောင်တွေကိုတော့ ထိပ် အား မရောက်တရောက်မှာ ဆံထုံးသေးသေးလေး လိမ်ပတ်ထုံးပြီး ဆံညှပ်နှင့် ထိုးညှပ်လိုက်သည်။ အပေါ်ကနေ လျှာထိုးဦးထုပ် တစ်လုံး ဖိဆောင်းလိုက်သည်။ ထို့နောက် ပိုက်ဆံအိတ် ပါးကလေး ကို Rain Coat အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်ပြီး အခန်းထဲမှ တိတ်တိတ်လေး ခိုးချောင်း၍ ထွက်လာသည်။

အန်တီစန္ဒီ ပြောသည့် ဟိုတယ်က ကနုတ်တို့အိမ် နှင့် အလွန်နီးသည်။ ကနုတ်တို့ လမ်းသွယ်ကလေးကနေ ထွက် သွားပြီး လမ်းမထိပ်သို့ရောက်လျှင် ထိုဟိုတယ်ကို ရောက်ပြီ …။ တားနဲ့ သွားရလောက်အောင်လည်း မဝေးတာမို့ ကနုတ်က ဂိုဒေါင်ထဲက စက်ဘီးတစ်စီးကိုသာ ယူလာခဲ့ပါသည်။ ကနုတ် ငယ်ငယ်က အမြဲစီးနေကျ စက်ဘီးလေးကို တစ်ခါတလေ နီနီ ယူစီးပြီး 'သ' ထားတတ်တာမို့ စက်ဘီးလေးက စီးလို့အကောင်း ပြေနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်သည် လမ်းသွယ်ကလေးအတိုင်း စက်ဘီး ကလေးကို ခပ်သွက်သွက် နင်းထွက်လာလေသည်။



(၁၂)

♥ ♥ ♥

night club ထဲသို့ ဝင်လိုက်သည်နှင့် ကနုတ်၏ မျက်လုံးတွေ ကျိန်းစပ်ပြာဝေကာ နားတွေပါ အူသွားခဲ့သည်။

မီးရောင်စုံ ဆလိုက်များက လှုပ်ရှားယိမ်းထိုးနေကာ ဒီဂျေသံက ပူလောင်ဆူးရှနေသည်။ ယောကျ်ားတွေ ... မိန်းမတွေ အသီးသီး လှုပ်ရှားကခုန်နေကြသည်။ ကနုတ်သည် လူရှုပ်ရှုပ် ဆွေးတွေးထဲသို့ တရွေ့ရွေ့ လှမ်းဝင်လာရင်း ခြေဖျား လက်ဖျား လေးတွေ အေးစက်လာလေသည်။

နန္ဒီ ... နန္ဒီ ဘယ်မှာလဲ။

ဖေသော်ကရော ဘယ်မှာ ကနေတာလဲ ...”

ဟိုမှာ ကနေတဲ့ လူတွေကတော့ အများကြီးပဲ ...”

ကနုတ် ဘယ်လိုရှာရမလဲ ...”

အားတင်း၍သာ လာခဲ့ရသော်လည်း ဒီလို ရှည်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုလောင်သည့် ပတ်ဝန်းကျင်မျိုးကို မရောက်ဖူးတာမို့ ကနုတ် တဖြည်းဖြည်း ကြောက်လာမိသည်။

"အမေ့ ..."

ကနုတ်ကို ယောကျ်ားလေးတစ်အုပ်က တွန်းတိုက်ပြီး အထဲသို့ တိုးဝင်သွားကြသည်။ ကနုတ်သည် ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို ပြန်မတ်လိုက်စဉ် နောက်ထပ်ဝင်လာသော လူများစွာနှင့်အတူ ရောနှောညပ်ပါလျက် ခန်းမကျယ်ကြီး၏ အလယ်ဗဟိုသို့ ရောက်မှန်းမသိ ရောက်လာသည်။

ထိုအချိန်မှာပဲ ကနုတ်ကို လူတစ်ယောက်က ဝင်တိုက်လိုက်တာမို့ ဟန်ချက်ပျက် ယိမ်းယိုင်ကာ ကနုတ်ခေါင်းပေါ်မှ ဦးထုပ်က ကျွတ်ထွက်သွားသည်။

ဆံညှပ်ဖြင့် ဖြစ်သလို ထိုးညှပ်ထားသော ဆံထုံးလေးလည်း ပြုတ်ထွက်ကာ ရွှေညိုရောင် ဆံပင်ဖျော့ကလေးတွေ ဖွားခနဲ ထွက်ကျလာလေသည်။

"အိုး ..."

လှုပ်ရှားလည်ပတ်နေသော စူးရှသည့် မီးဆလိုက်တန်းကြီး တစ်ခုက. ကနုတ် မျက်နှာပေါ်သို့ တည့်တည့်မတ်မတ်ဖြာကျလာတာမို့ ကနုတ်က မျက်လုံးတွေကို မှိတ်ထားပြီး နေရာမှာပင် ရပ်တန့်နေမိသည်။

"ဟား ... အမိုက်စားလေးပါလား"

"ချစ်ချာလေး ... ချစ်ချာလေး"





ကနုတ် နားနားမှာ ကပ်၍ အသံတွေ ထွက်ပေါ်လာတော့မှ ကနုတ်က အလန့်တကြား မျက်လုံးဖွင့်ကြည့်မိသည်။ ဆံပင်ပုံ အဆန်းအပြားတွေနှင့် လက်မှာ တက်တူးတွေ ပြည့်နှက်နေသော လူငယ်တစ်စုက ကနုတ်ကို ဝိုင်းပတ်၍ လှုပ်ရှားတွန့်လိမ်ကခုန်နေကြသည်။ ထိုလူအုပ်ကြားထဲကနေ ထွက်ဖို့ ကြိုးစားသော်လည်း မရ...။ ကနုတ်သည် ကြောက်ရွံ့တုန်လှုပ်လာကာ မျက်ရည်တွေ ကျလာသည်။ ဒီဂျေသံကလည်း ကနုတ်ရဲ့ ခေါင်းကို တူနဲ့ထုနေသလိုပင် ...။ သူတို့တွေကို တွန်းတိုက်ပြီးတော့လည်း မထွက်ရဲဘဲ ချောင်ပိတ်မိနေဆဲမှာ ...

"ဟေ့ကောင်တွေ ဖယ်ကြစမ်း ...၊ ဒါ ငါ့မမကွ"

ဟိန်းသီဟ ...။

ဟိန်းသီဟကို မမျှော်လင့်ဘဲ တွေ့လိုက်ရချိန်မှာ ကနုတ် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားတောင် မသိတော့ဘဲ စိတ်တွေရှုပ်ထွေးသွားသည်။

ဟိန်းသီဟက သူ့ဘော်ဒါတွေ ဖြစ်ဟန်တူသော လူစုကို တွန်းတိုက်လျက် ကနုတ်လက်ကို လှမ်းဆွဲကာ လူအုပ်ထဲမှ ဆွဲထုတ်လာခဲ့ပါသည်။

club အပြင်ရောက်တော့ ကနုတ်က ဟိန်းသီဟကိုင်ထားသည့် ကနုတ်လက်ကို ဆောင့်ရုန်းပစ်လိုက်သည်။

"မမ် ... မမ ဒီကို ဘာလာလုပ်တာလဲ"

"သူငယ်ချင်းတစ်ယောက်ကို လာရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ဒီနေရာကို တစ်ယောက်တည်း လာစရာလား မမရယ် ...၊ မမသာ တစ်ခုခုဖြစ်သွားရင် ကျွန်တော် တကယ် ရင်ကျိုးရမှာ ..."

"အပိုတွေ ပြောမနေစမ်းပါနဲ့ ဟိန်းသီဟ၊ ငါ့ရှေ့ကဖယ်၊ ငါသွားတော့မယ် ..."

"မမတစ်ယောက်တည်း စိတ်မချဘူးဗျာ၊ ကျွန်တော် လိုက်ပို့မယ်"

"မလိုဘူး ..."

ကနုတ်က ကနုတ် စက်ဘီးလေး ရပ်ထားသည့် ကားပါကင်ဘက်သို့ ခပ်သွက်သွက် လျှောက်လာလိုက်ပါသည်။ အမှန်အတိုင်း ပြောရရင် ဒူးတောင်တုန်ချင်နေတာ ...။ ကနုတ် အရမ်းကြောက်နေခဲ့တာ။ ဒီပတ်ဝန်းကျင်ကို လာမိတာ မှားပြီဟု နောင်တအကြီးအကျယ် ရသွားမိတာပါ။

ကနုတ်က စက်ဘီးလေးကို ဆွဲလှည့်လိုက်ချိန်မှာ ...

"မမ ... လာ"

"ဟင် ... မင်း ... မင်း ဒါဘာလုပ်တာလဲ"

ဟိန်းသီဟက ကနုတ်လက်ကို ဆွဲကာ သူ့ကားဆီသို့ ဇွတ်ဆွဲခေါ်သွားသည်။

"မင်း ... မင်း ... လွှတ်စမ်း ..."

ကနုတ် လက်ကို ဆောင့်၍ရုန်းသော်လည်း မရ...။ ကားနားသို့ရောက်လျှင် ဟိန်းသီဟက ကားတံခါးကို ဆွဲဖွင့်ပြီး ကနုတ်ကို ကားပေါ်သို့ တွန်းတင်လိုက်သည်။ ထို့နောက် ကနုတ်





အားမှာ ဝင်ထိုင်လိုက်ပြီး ကနုတ် မျက်နှာကို ရီဝေဝေ မျက်ဝန်းများဖြင့် စိုက်ကြည့်လာကာ ...

"ကျွန်တော်နဲ့ မမနဲ့ ဖူးစာပါတယ်ဆိုတာ ယုံလိုက်ပါ မမ၊ မမကို ကျွန်တော် ဒီလိုညမျိုးမှာ ဒီလောက် လွတ်လွတ်လပ်လပ်ကြီး တွေ့ခွင့်ရလိမ့်မယ်လို့ လုံးဝ ထင်မထားခဲ့တာ ...၊ ဖူးစာပါလို့သာ ဒီလို အခွင့်အရေးကြီး ရလာတာပဲလို့ တွေးမိတော့ မမကို ကျွန်တော် အိမ်ပြန်ပို့ပေးချင်စိတ် မရှိတော့ဘူး ..."

"အရူး၊ ရူးမနေစမ်းနဲ့ ...၊ မင်း ငါ့ကို ခေါ်သွားရင် မင်း အချုပ်ထဲရောက်မှာပဲ"

"အချုပ်ထဲရောက်ရတာက နောက်၊ မမကို ရတာက အရင် ..."

ဟိန်းသီဟက ပြောပြောဆိုဆို ကားကို ဟိုတယ်ဝန်းထဲမှ မောင်းထွက်လာသည်။ သို့သော် ... ဟိုတယ်ဝန်းဝရှေ့မှာပဲ စက်ဘီးတစ်စီးက ကားရှေ့မှာ ပိတ်ရပ်လာခဲ့သည်။

"ကျွိ ... ကျွိ"

"ကျွတ် ... ဘယ်က လဒက လာနှောင့်ယှက်တာလဲကွ၊ မသာပေါ်သွားမယ်၊ ဘာမှတ်လဲ"

ဟိန်းသီဟက ကားကို ဘရိတ်ဆောင့်အုပ်လိုက်ရင်း ခပ်ရိုင်းရိုင်း အော်ဟစ်လိုက်သည်။

စက်ဘီးက ကားရှေ့မှာ ပိတ်ရပ်ထားတာကို ဖယ်ခပေး ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ရှေ့ကဖယ်လိုက်စမ်း"

ဟိန်းသီဟက ကားမှန်ကို ချလိုက်ပြီး ကားပြတင်းမှ ခေါင်းထွက်၍အော်လိုက်သည်။ ကနုတ်ကလည်း ထိုသူ့ကို အော်ဟစ်အကူအညီတောင်းလိုက်ဖို့ ကြံစည်ဆဲမှာ ကားမီးရောင် ရှေ့တည့်တည့်ဆီမှ ရပ်နေသူ၏ ရုပ်သွင်ကို အထင်အရှား မြင်လိုက်ရလေသည်။

နေ ... ။

နေသည် စက်ဘီးပေါ်မှာ ထိုင်၍ လမ်းပေါ်သို့ ခြေတစ်ဖက်ထောက်၍ ရပ်နေရာမှ ကျန်ခြေတစ်ဖက်ကို လွှားခနဲ လွှဲမြှောက်ပြီး စက်ဘီးပေါ်မှ ဆင်းလာသည်။ ကနုတ်က အံ့သြစွာဖြင့် သူ့ကို ကြောင်ကြည့်နေမိချိန်မှာ သူက ကနုတ်တို့ ကားဆီ အားသွန်ပြေးလာကာ ဟိန်းသီဟရဲ့ အင်္ကျီကော်လံစကို ဆောင့်ဆွဲလိုက်ရင်း ...

"ဟော့ကောင် ... ကားတံခါးဖွင့်ပေးစမ်း"

"မင်း ... မင်းက ဘယ်သူလဲ"

"မင်း သိစရာမလိုဘူး၊ ဖွင့်ဆို ခုဖွင့် ...၊ မဖွင့်ရင် မင်းကို ဒီကားပြတင်းကနေ ဆွဲထုတ်ပစ်လိုက်မယ်၊ မင်း သူ့ကို အလိုမတူဘဲ ခေါ်လာတာ ဟိုတယ်ရှေ့ကတည်းက ငါမြင်လို့ ဒီကလာစောင့်နေတာ၊ ဖွင့်စမ်းကွာ ..."

"အ ..."

နေက ဟိန်းသီဟ၏ အင်္ကျီစကို ပို၍ တင်းကြပ်စွာ





ဆောင့်ဆွဲပစ်လိုက်တာမို့ ဟိန်းသီဟက ခလုတ်ကို လှမ်းနှိပ်ပြီး ကားတံခါးလော့ခ်တွေကို ချပေးလိုက်သည်။

"ရွှေကနုတ် ... မင်း ထွက်ခဲ့"

ကနုတ်က ကားတံခါးကို ဆောင့်တွန်းဖွင့်လိုက်ပြီး ကားပေါ်မှ ဆင်းလာသည်။

"မင်း ... သွားတော့ ..."

ကနုတ် ကားအပြင်ရောက်သည်နှင့် နေက ဟိန်းသီဟကို ကားထဲသို့ ပြန်ဆောင့်တွန်းထည့်လိုက်ပြီး အင်္ကျီစကို လွှတ်ပေးလိုက်သည်။

ကားမောင်းထွက်သွားသော အခါမှာတော့ နေနှင့် ကနုတ်က ထိုနေရာလေးမှာ မျက်နှာချင်းဆိုင် ရပ်၍ ကျန်ရစ်ခဲ့လေသည်။

အချိန်ကား ည တစ်နာရီ ရှိတော့မည်။ အနောက်သို့ ယွန်းစပြုပြီဖြစ်သော လရောင်အနည်းငယ်နှင့် နီယွန်မီးရောင်တို့က ရောနှောလျက် ကနုတ်တို့ အတူရပ်နေသော လမ်းကလေးပေါ်သို့ လင်းဖြာနေခဲ့သည်။

ကနုတ်သည် ဘာပြောရမှန်းမသိ၊ ဘာလုပ်ရမှန်းလည်း မသိ၊ သူ့ကို ဘယ်လိုသဘောထားရမှန်းလည်း မသိတော့တာမို့ သူ့ရှေ့မှာ ခေါင်းငုံ့ကာ မလှုပ်မယှက်လေး ရပ်နေခဲ့မိသည်။

"မင်း ... ဒီအချိန်ကြီး ဒီနေရာကို တစ်ယောက်တည်း ဘာလာလုပ်တာလဲ ..."

"နန္ဒီ့ကို လာရှာတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ..."

နေက စိတ်ပျက်သလို မျက်နှာလွှဲလိုက်ပြီးမှ ကနုတ်ဘက်သို့ ပြန်လှည့်လာကာ ...

"တော်သေးတာပေါ့၊ သူများချစ်ခြင်းကို ခွဲချင်တာနဲ့ပဲ မင်းဘဝပျက်တော့မလို့ ..."

" ... ... "

"club ထဲကို မင်းဝင်လာကတည်းက ငါ လှမ်းမြင်တယ်၊ အဝေးကြီးမှာမို့လို့ လူတွေလည်း အရမ်းရှုပ်နေလို့ မင်းဆီကို လာလို့မရတာ၊ ဟိုကောင်တွေအုပ်စုနဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာမြင်လို့ ငါ မင်းဆီလျှောက်လာတော့ မင်းကို ဟိုကောင်က ဆွဲခေါ်သွားပြီ ...၊ မင်း အလိုမတူမှန်းသိလို့ ငါ ဒီက လာကြိုစောင့်ပြီးတားတာ၊ ငါတားတာကို မင်း ကြိုက်ရောကြိုက်ရဲ့လား ..."

"ကြိုက်တယ် ..."

"မင်း လေသံက မာတယ်၊ နည်းနည်းလျှော့၊ ခုလောလောဆယ်မှာ မင်းဘဝကို ငါ ကယ်တင်ထားတာ၊ ငါက မင်းရဲ့ ကျေးဇူးရှင် ..."

"ကျေးဇူးတင်တယ်"

"ဒါလား တကယ်ကျေးဇူးတင်တဲ့ အသံ..."

"ကျေးဇူးတင်ပါတယ် ..."

"ကျေးဇူးတင်ရုံပဲလား၊ ကျေးဇူးဆပ်ဖို့ရော မစဉ်းစားဘူးလား"





"ကျွန်မ ဘယ်လိုကျေးဇူးဆပ်ရမလဲ ပြောပါ၊ ရှင်ဘာလိုချင်လဲ၊ ရှင်လိုချင်တာ ဝယ်ပေးမယ်၊ တန်ဖိုးကြီးကြီးထဲက ဆိုလည်း ဝယ်ပေးနိုင်တယ်"

"နိုး၊ မလိုဘူး ...၊ မင်းဆီက အဲ့ဒါတွေ ယူလိုက်ရင် မင်းက ကျေးဇူးကြွေး ကြေသွားပြီဆိုပြီး အေးဆေးဖြစ်သွားမှာလေ၊ ငါက ပစ္စည်းနဲ့ ကျေးဇူးဆပ်တာကို မလိုချင်ဘူး၊ ငါ့ကို မင်းရဲ့ မိတ်ဆွေကြီးအဖြစ် တစ်သက်လုံး ကျေးဇူးတင်နေရင်းနဲ့ အမြဲ ပတ်သက်တွေ့ဆုံနေရတာမျိုးကိုပဲ လိုချင်တယ်"

"ကျွန်မ ရှင်နဲ့ မပတ်သက်ချင်ဘူး ..."

"တစ်သက်လုံး မပတ်သက်ချင်ရင်တော့ သုံးလလောက် ငါနဲ့တွဲရမယ် ..."

"ဘာ ..."

"မလန့်ပါနဲ့ ...၊ ငါ မင်းကို မဟုတ်တာ မကြံစည်ပါဘူး၊ နေဆိုတာ နာမည်တစ်လုံးနဲ့ နေတဲ့ကောင်ပါ၊ မင်း ထင်သလောက် ရိုင်းစိုင်းအောက်တန်းမကျပါဘူး၊ ဒီသုံးလအတွင်းမှာ ငါ ဖုန်းဆက်ခေါ်ရင် မင်းလာရမယ်၊ ငါနဲ့ မုန့်အတူစား၊ စကားအတူတူပြော ...၊ ဟိုဟိုဒီဒီလေး ခဏတစ်ဖြုတ် သွားလာ၊ ဒီလောက်ပါပဲ ...၊ ဒီ သုံးလပြီးရင်တော့ မင်း ငါနဲ့ ဘယ်တုန်းကမှ မသိခဲ့ဖူးသလို နေလိုက်လို့ရတယ်၊ အဲ့ဒီတော့ မင်း စဉ်းစားပါ၊ ငါနဲ့ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပတ်သက်မလား၊ သုံးလလောက်ကလေးပဲ ငါတြော သလို လုပ်မလားဆိုတာ …”

ကနုတ်က အဖြေမပေးဘဲ ငြိမ်သွားသည်။

နေက ကနုတ်ကို စိုက်ကြည့်ကာ နှုတ်ခမ်းတစ်ဖက် တွန့်ရှုံ့ပြုံးလိုက်ရင်း …

“ဘယ်လိုလဲ … သုံးလလောက်တောင် ငါနဲ့ မိတ်ဆွေမဖြစ် ချင်ဘူးလား၊ ဒါဆိုလည်း ရတယ်လေ၊ ကျေးဇူးတင်တဲ့ အနေနဲ့ ငါ့ကို မင်းအိမ်မှာ ထမင်းဖိတ်ကျွေးပါလား၊ ထမင်း လာစားရင်းနဲ့ ဒီညကြုံရတဲ့ အဖြစ်အပျက်လေးကို မင်း အိမ်ကသိအောင် ပြောပြပေးလိုက်မယ်လေ၊ နောက်နေ့တွေ လည်း ကြုံရင် ကြုံသလို မင်းအိမ်ကို လာလာလည်မယ် ဘယ်လိုလဲ …”

ကနုတ် ခေါင်းကလေးက ဆတ်ခနဲ မော့လာကာ “ကောင်းပြီ …၊ သုံးလ … ရှင်ပြောသလို လုပ်မယ်၊ ပြီးရင် နောက် ဘယ်တော့မှ မပတ်သက်ကြေး …”

“အိုခေ …”

“ကျွန်မ သွားမယ်”

“ဘယ်ကိုလဲ …”

“အိမ်ပြန်မှာပေါ့ …”

“အိမ်က ဘယ်မှာလဲ”

“ဒီလမ်းဆုံးလို့ ညာဘက်ကွေ့လိုက်ရင် ရောက်ပြီ”

“လမ်းလျှောက်ပြန်မလို့လား”





“မလျှောက်ပါဘူး၊ စက်ဘီးနဲ့ ပြန်မှာ …”

“ဘယ်မှာလဲ စက်ဘီးက …”

“ရှင် ယူစီးလာတာ ကျွန်မ စက်ဘီးပေါ့ …”

“သြော် … ဟုတ်လား၊ အဟ … ကိုယ်က တွေ့ရာစက်ဘီး ဆွဲထွက်လာတာ၊ တိုက်တိုက်ဆိုင်ဆိုင် မင်းစက်ဘီး ဖြစ်နေ တာကိုး …၊ မင်းနဲ့ ကိုယ်က ရေစက်ကော့ ပါသားပဲ”

“ရှင်နဲ့ ရေစက်မပါချင်ပါဘူး”

“ရေစက်ဆိုတာ မပါချင်တိုင်း မပါလို့မရဘူးကွ၊ ရှေးရှေး ဘဝက ပြုခဲ့တဲ့ ကုသိုလ်တွေကြောင့် ရေစက်ဆိုတာ ဒီဘဝ မှာ သူ့အလိုလိုဖြစ်လာတာ …၊ အမုန်းကြောင့် ဖြစ်လာတဲ့ ရေစက်ရှိသလို အချစ်ကြောင့် ဖြစ်လာတဲ့ ရေစက်လည်း, ရှိတယ်၊ မင်းနဲ့ ကိုယ်ကတော့ အမုန်းကြောင့် ဖြစ်သော ရေစက်များပေါ့၊ ခဏစောင့် … မင်းစက်ဘီး သွားယူပေး မယ်”

နေက သူ့ပစ်လှဲချခဲ့သဖြင့် လမ်းဘေးမှာ လှွင့်စင် ပြိုလဲနေသော ကနုတ်ရဲ့ စက်ဘီးကလေးဆီ လျှောက်သွားသည်။ ထို့နောက် စက်ဘီးကို ဆွဲယူထူမတ်လျက် ကနုတ်ထံသို့ တွန်းယူ လာပါသည်။

“ကဲ … ရော့ မင်းစက်ဘီး …”

“သွားမယ် …”

ကနုတ်က သူလှမ်းပေးသော စက်ဘီးလက်ကိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆွဲယူပြီး လှည့်ထွက်လိုက်လျှင် သူက ကကွက်တစ်ကွက်လို ဆတ်ခနဲ ခုန်၍ ကနုတ်ရှေ့မှာ ပိတ်ရပ်လိုက်ရင်း ...

"တစ်ယောက်တည်းတော့ သွားခွင့်မပြုနိုင်ဘူး"

"ဘာ ..."

"ဟိုကောင်က တစ်ထောင့် တစ်နေရာကနေ စောင့်ချောင်း မနေဘူးလို့ မပြောနိုင်ဘူးလေ၊ မင်း ခုနေ တစ်ယောက်တည်း ပြန်သွားရင် ဟိုကောင့်လက်ထဲကို ကွိခနဲ ပါသွားမှာပေါ့ ..."

နေက ကျားတစ်ကောင် ခုန်အုပ်သလို လက်ဖဝါးနှစ်ဖက်ကို ဖြန့်ကား၍ ဆတ်ခနဲ လေထဲသို့ ကုပ်ချပြလိုက်တာမို့ ကနုတ်က သူ့အမူအရာကို အမြင်ကတ်လှစွာ မသိမသာ မဲ့၍ မျက်နှာလွှဲလိုက်သည်။ သူ့နားမှာ မနေချင်တော့တာမို့ ခပ်မြန်မြန် ထွက်သွားလိုက်မည်ဟု စဉ်းစားမိသော်လည်း သူပြောသလို တကယ်ဖြစ်လာလေမလားဟု စဉ်းစားကာ ကြောက်လာသဖြင့် ခြေလှမ်းမရွေ့ရဲဘဲ ဆက်ရပ်နေမိသည်။

"ပြန်လိုက်ပို့ပေးမယ်၊ လာ ..."

သူက ကနုတ် ကိုင်ထားသည့် စက်ဘီးလက်ကိုင်ကို လှမ်းဆွဲယူလိုက်တာမို့ ကနုတ်က လွှတ်ပေးလိုက်ရသည်။

"သိပ် စေတနာရှိလှလို့တော့ မဟုတ်ဘူး၊ အမြင်မတော်လို့ ကူညီတယ်မှတ်ပါ"

သူက ကနုတ်ရဲ့ စက်ဘီးလေးကို တွန်း၍ ဟိုတယ်





အထွက်လမ်းလေးအတိုင်း လျှောက်လိုက်သည်။ ကနုတ်ကလည်း စက်ဘီးရဲ့ တစ်ဘက်ခြမ်းကနေ သူနှင့်ယှဉ်လျှောက်လာခဲ့ရသည်။

တစ်ဝက်ကလေးသာ လင်းနေသော လရောင်က အားနည်းသော်လည်း လမ်းတစ်ဖက်တစ်ချက်ဆီက လမ်းမီးရောင်တို့က လမ်းပေါ်သို့ လင်းဖြာနေသည်။ ဒီနေရာဝန်းကျင်မှာ ခြံကျယ်ဝန်းကျယ်ကြီးများသာ ရှိတာမို့ လမ်းမကြီးဆီက ကားဖြတ်သွားသံသဲ့သဲ့မှအပ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘယ်ခြံဝန်းဆီကမှန်းမသိ မွှေးလွင့်လာသော ညမွှေးပန်းရနံ့လေးကို တစ်ချက်တစ်ချက်မှာ ရှူရှိုက်မိသည်။

နေက စက်ဘီးကိုတွန်းကာ ခပ်ဖြည်းဖြည်း လျှောက်နေရင်းက ကောင်းကင်ကို မော့ကြည့်လိုက်ရင်း ...

"မင်း ... ဇေသော်နဲ့ နန္ဒီတို့ နှစ်ယောက်ကို ခွဲဖို့ တော်တော်လေးကို စိတ်အားထက်သန်နေသလား ရွှေကနုတ် ..."

ကနုတ်က မဖြေ ...။ သူ ကနုတ်ကို တစ်ခုခု ကလိတော့မည်ဆိုတာ ကနုတ် သိနေသည်။

"သူတစ်ပါး ချစ်ခြင်းကိုခွဲရင် ဝဋ်လိုက်တတ်တယ် ရွှေကနုတ်ရဲ့ ...၊ ဝဋ်လိုက်မှာ မကြောက်ဘူးလား"

"မသင့်တော် မအပ်စပ်တဲ့ ချစ်ခြင်းမို့လို့ ခွဲသင့်လို့ခွဲတာ ဘာဖြစ်လဲ ..."

"အချစ်မှာ မသင့်တော် မအပ်စပ်တာတွေက အရေးကြီးလို့လား"

"ကျွန်မတို့ အဆင့်အတန်းအတွက်တော့ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟက် ..."

နေက ခပ်လှောင်လှောင် တစ်ချက်ရယ်ကာ ...

"အဆင့်အတန်း ||၊ ခင်ဗျား တော်တော် အမြင်ကတ်စရာကောင်းတဲ့ မိန်းမပဲ ...၊ မိဘချမ်းသာလို့ သူဌေးသမီးဖြစ်လာတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် တော်တော် အဆင့်အတန်း မြင့်နေပြီလို့ ဘဝင်မြင့်နေတာလား ...၊ ခင်ဗျားတကယ်ချစ်တတ်လာတဲ့ နေ့ကျရင် ခင်ဗျား သိပ်တန်ဖိုးထားတဲ့ အဲဒီအဆင့်အတန်းဆိုတာကြီးကို ခင်ဗျား မေ့သွားလိမ့်မယ်၊ ခင်ဗျားချစ်တဲ့ လူတစ်ယောက်ကို ခင်ဗျားနဲ့ မသင့်တော် မအပ်စပ်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အခွဲခံရရင် ခင်ဗျား ဘယ်လိုခံစားရမလဲ ..."

"ကျွန်မက ကျွန်မနဲ့ မသင့်တော် မအပ်စပ်တဲ့ ယောကျ်ားမျိုးကို ချစ်မယ့် ခပ်ညံ့ညံ့ နှလုံးသားနဲ့ မိန်းမမျိုး မဟုတ်ဘူး"

"အချစ်ဆိုတာ ဘယ်လိုလူမျိုးကို ချစ်မယ်၊ ဘယ်လိုလူမျိုးကိုတော့ မချစ်ဘူးဆိုပြီး ကြိုတင်မျှော်မှန်းထားလို့ ရတာမျိုးမှ မဟုတ်တာ ...၊ တကယ် ချစ်လာတဲ့ အချိန်ကျရင် နှလုံးသားက ခပ်ညံ့ညံ့ဖြစ်သွားတတ်တာပဲလေ ..."

"ရှင်နဲ့ ကျွန်မ အချစ်အကြောင်း ဆွေးနွေးငြင်းခုန်စရာအကြောင်းမရှိဘူး၊ ရှင် တိတ်တိတ်ဆိတ်ဆိတ် နေလိုက်ရင်ကောင်းမယ်၊ ကျွန်မကို တစ်ခါလောက် ကူညီဖူးတာနဲ့ပဲ





လိုတာထက်ပိုပြီး ရင်းနှီးပတ်သက်ခွင့်ရဖို့ တောင်းဆိုရဲတဲ့ ရှင့်ကို ကျွန်မ တော်တော် အစာမကြေဘူး ..."

"ဦးချိန်တီ သောက်ပါလား"

"ဘာ ..."

"တဘာဘာနဲ့ ဘာဖြစ်နေတာလဲ၊ အစာမကြေရင် ဦးချိန်တီအစာကြေဆေး သောက်ရတယ်လေ၊ ဒါလေးတောင် မသိဘူးလား ..."

ကနုတ်က သူ့ကို ဘာမှဆက်မပြောချင်တော့တာမို့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ တစ်ဖက်သို့မျက်နှာလွှဲရင်း လျှောက်လာခဲ့သည်။ ကနုတ်တို့ အိမ်ရှေ့ရောက်တော့ ကနုတ်က ရပ်လိုက်ရင်း ...

"ကဲ ... စက်ဘီး ပေးတော့"

"ရောက်ပြီလား ..."

"ရောက်ပြီ၊ ဒီအိမ်ပဲ ..."

"ဝါး ... ခမ်းနားလှချည်လား၊ မိုက်တယ်ဗျာ ... ဒီလိုအိမ်မျိုးမှာ နေခွင့်ရဖို့ ဘာလုပ်ရင်ကောင်းမလဲ"

နေက ကနုတ်တို့ အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်ရင်း သဘောကျစွာ ရေရွတ်လိုက်သည်။ ထို့နောက် ကနုတ်ကို ပြန်လှည့်ကြည့်လိုက်ပါသည်။ သူကြည့်ပုံက မချိုမချဉ်လိုလိုနှင့်။ သူ့ကြည့်ရတာတော့ ကနုတ် မခံချင်အောင် တစ်ခုခုပြောတော့မည့်ပုံပဲဟု ကနုတ်က တွေးမိကာ သူ့လက်ထဲက စက်ဘီးကို ပြန်ဆွဲယူပြီး ခြံထဲသို့ ဝင်မည့်ဆဲဆဲမှာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နည်းတော့ ရှိတယ်၊ ခင်ဗျားကို ယူလိုက်ရင်တော့ ဒီအိမ်မှာ နေလို့ရမယ် ထင်တယ်နော် ..."

"အိပ်မက် မက်မနေနဲ့ ..."

"အိပ်မက် မက်ရုံလေးလောက်တော့ စိတ်မဝင်စားပါဘူး၊ လက်တွေ့ အကောင်အထည်ဖော်ဖို့ပဲ စိတ်ဝင်စားတယ်"

ကနုတ်သည် သူ့ကို ဘာမှ ခွန်းတုံ့မပြန်တော့ဘဲ အံကြိတ်လျက် ခြံထဲသို့ လှမ်းဝင်လိုက်သည်။

"သြော် ... ပြောဖို့မေ့တော့မလို့၊ မင်းအတွက် ရင်ကွဲစရာ သတင်းတစ်ခု ပြောစရာရှိသေးတယ်"

"... ..."

"နန္ဒီနဲ့ ဇေသော်တို့ ဒီနေ့ညနေပဲ လက်ထပ်လိုက်ကြတယ်"

"ဘာ ..."

ကနုတ်သည် စက်ဘီးကို ဒေါက်ထောက်ရပ်လိုက်ပြီး သူ့ဘက်သို့ ဆတ်ခနဲ ပြန်လှည့်လိုက်သည်။ သူက ပခုံးတစ်ချက် တွန့်ပြရင်း ဆက်ပြောသည်မှာ ...

"ညနေက ( ... )မြို့နယ်တရားရုံးမှာ လက်မှတ်ထိုးတယ်၊ ကိုယ်ပဲ သက်သေအဖြစ် လက်မှတ်လိုက်ထိုးပေးလိုက်တယ်၊ လက်မှတ်ထိုးပြီးမှ နန္ဒီက အိမ်ခဏပြန်ပြီး အဝတ်အစားတွေ ပြန်ယူတာ၊ လွန်ခဲ့တဲ့ ၃ နာရီလောက်က သူတို့ ခရီးထွက်သွားကြပြီ၊ ဒီအချိန် ရန်ကုန်ရိုးယာထဲမှာ မရှိနိုင်တော့ဘူး"

"ရှင် ... ရှင် တကယ်ပြောနေတာလား"





"လိမ်ပြောစရာ ဘာအကြောင်းမှမရှိဘူး၊ နောက်ရက်တွေကျရင် မင်း နန္ဒီ့ကို လိုက်ရှာရင်း ရှာလည်နေမှာစိုးလို့ အမှန်အတိုင်းပြောတာ ...၊ မင်း စိတ်အေးလက်အေး စောင့်နေလိုက်၊ နန္ဒီနဲ့ ဇေသော်က လူကြီးတွေ လောလောဆယ် လိုက်မရှာနိုင်တဲ့ ဘေးကင်းလုံခြုံတဲ့ တစ်နေရာမှာ ကြင်စဦးဇနီးမောင်နှံအဖြစ် ပျော်ပျော်ရွှင်ရွှင် ရှိနေလိမ့်မယ်၊ ဒီနေ့ကစပြီး မင်း ဒီကိစ္စအတွက် ခုလို ပူပင်နေစရာ မလိုတော့ဘူး၊ စိတ်အေးလက်အေး နေလို့ရပြီ"

ကနုတ်သည် နန္ဒီ့ကိုလည်း နမြော၊ သူ့ကိုလည်း ဒေါသဖြစ်လျက် ...

"ရှင် ... ရှင်တို့တွေ ပူးပေါင်းကြံစည်ပြီး ကျွန်မ သူငယ်ချင်းကို ... ကျွန်မ သူငယ်ချင်းကို ..."

ကနုတ်မှာ သူ့ကိုသာ လက်ညှိုးထိုးရင်း စကားမဆက်နိုင်တော့ဘဲ ထစ်အတုန့်ရင်နေသည်။ နေက သူ့ကို ထိုးထားသည့် ကနုတ်ရဲ့ လက်ညှိုးကလေးကို ဖမ်းဆုပ်ထားလိုက်ရင်း ...

"ဘာလဲ ... အပိုင်ဖမ်းတယ်လို့ ပြောဦးမလို့လား၊ ငါရောငါတပည့်တွေပါ အဲဒီလောက်တော့ အောက်တန်းမကျဘူး ရွှေကနုတ်၊ ဇေသော့် အကျင့်စာရိတ္တကို ငါအာမခံနိုင်တယ်၊ ဇေသော့် အခြေအနေက မင်းတို့ထင်ထားသလောက်လည်း မနိမ့်ပါဘူး၊ သူဝါသနာပါလို့ ဒီအလုပ်ကိုလုပ်ပြီး ဘူ ... ဘာသာ ရပ်တည်နေပေမယ့် နယ်က သူ့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



အခြေမဲ့ အနေမဲ့ မဟုတ်ဘူး၊ နန္ဒီတို့လောက်သာ မချမ်းသာပေမယ့် သူ့စီးပွားနဲ့ သူ့ဂုဏ်ဒြပ်နဲ့ နေကြတဲ့သူတွေ၊ ဖေသော့်ကို ယူလို့လည်း နန္ဒီ့ဘဝ စုတ်ပြတ်သတ်မသွားဘူး၊ ဖေသော်သာ လူကောင်းမဟုတ်ရင် ငါကလည်း သူများသားသမီးကို ချောက်ထဲတွန်းချတဲ့ အလုပ်မျိုးကို မလုပ်ဘူး ရွှေကနုတ်"

နေက ကနုတ်ရဲ့ လက်ညှိုးကို ဆုပ်ထားလျက်က ကနုတ်မျက်နှာကို စေ့စေ့ကြည့်၍ ပြောနေခဲ့တာပင် ...။

"ရှင် ... ကျွန်မ လက်ညှိုးကို လွှတ်"

ကနုတ်က ကနုတ် လက်ကို ပြန်ဆောင့်ရုန်းတော့မှ သူက 'ဆောရီး' ဟု ပြောရင်း လွှတ်ပေးလိုက်သည်။

ကနုတ်သည် သူ တအားဆုပ်ထားသဖြင့် နာသွားသော ကနုတ်ရဲ့ လက်ညှိုးကလေးကို တစ်ချက် နှစ်ချက် ခါလိုက်ရင်း သူ့ကို ချာခနဲ ကျောခိုင်းလျက် စက်ဘီးကို ခပ်မြန်မြန်တွန်းကာ ခြံထဲသို့ လှမ်းဝင်လာခဲ့လျှင် ...

"ဟော့ ... နေဦးလေ၊ မင်း ဖုန်းနံပါတ် ပေးခဲ့မှ ကိုယ်တွေ့ချင်တဲ့အခါ ဖုန်းဆက်ခေါ်လို့ ရမှာပေါ့ ..."

ကနုတ်က အောက်နှုတ်ခမ်းလေးကို ဖိကိုက်ကာ ခဏရပ်၍ ဒေါသကိုထိန်းလိုက်ပြီးမှ ကနုတ်ရဲ့ ဟန်းဖုန်းနံပါတ်ကို ရွတ်ပြခဲ့လိုက်ပါသည်။



(၁၃)

ထိုညရဲ့ နောက်ပိုင်းမှာတော့ ကနုတ်သည် သူ ဘယ်အချိန် ဖုန်းဆက်လေမလဲဟု ရင်ထိတ်နေခဲ့ရသည်။ သို့သော် အံ့ဩစရာကောင်းသည်မှာ အချိန်တစ်ပတ်ကြာသည်အထိ သူက ဖုန်းဆက်မလာချေ။

ကနုတ် ထင်သည်မှာ နေဟာ ၃ လဆိုသည့်အချိန်ကို မနားတမ်း အသုံးချ၍ ကနုတ်နှင့် ရင်းနှီးခွင့်ရအောင် ကြိုးစားလိမ့်မည်ဟုပင်။ ခုတော့ ... သူဟာ ခုထိ ကနုတ်ရှေ့သို့ ထွက်ပေါ်မလာသေး။ သူထွက်ပေါ်မလာခြင်းက ကနုတ်အတွက် ထူးဆန်းသလို ဖြစ်နေလို့ပဲ။ ကနုတ်က သူ့ဖုန်းကို မျှော်သလို ဖြစ်နေရတာလား၊ အို ... မမျှော်ပါဘူး၊ ဘာလို့ မျှော်ရမှာလဲ ...။

ကနုတ်က အိပ်ရာပေါ်မှာ ထိုင်လျက် ကနုတ်ရဲ့ i pad ဖြင့် အင်တာနက်ထဲက လက်ဝတ်ရတနာ ဒီဇိုင်းတွေ ရှာကြည့်နေရင်းကပဲ အိပ်ရာဘေး စားပွဲပေါ်မှာ တင်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်ရဲ့ ဖုန်းကလေးဆီက အသံကို မသိမသာကလေး နားစွင့်နေခဲ့မိသည်။ တစ်ချက် တစ်ချက်မှာ ဖုန်းလေးကို လှမ်းလှမ်းကြည့်မိသည်။

ထိုအခိုက်မှာပဲ ဖုန်းမြည်သံပေါ်လာတာမို့ ရင်ထဲထိတ်ခနဲ လန့်သွားကာ ဖုန်းကို လှမ်းယူကြည့်လိုက်မိသည်။

နေ့ဖုန်း မဟုတ်ဘဲ နန္ဒီ့ဖုန်း ဖြစ်နေတာမို့ ကနုတ်က ဝမ်းသာအားရ ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ကနုတ် ..."

မကြားရတာ ကြာပြီဖြစ်သော နန္ဒီ့အသံကို ကြားလိုက်ရတာမို့ ကနုတ်က ဝမ်းနည်းမျက်ရည် လည်လာကာ ...

"နန္ဒီ ... နင် အရမ်းနေနိုင်တာပဲဟာ၊ နင် အခု ဘယ်မှာလဲ၊ ဘယ်ကဆက်နေတာလဲ၊ နင့်အမေဆီ မဆက် သွယ်သေးဘူးလား၊ အန်တီစန္ဒီလည်း အရမ်းစိတ်ပူနေတယ်၊ ငါလည်း အရမ်းစိတ်ပူတယ် ..."

"နင် အရမ်းစိတ်ပူနေတာ ငါသိပါတယ် ကနုတ်ရယ်၊ ငါ့ကို ကိုနေ ပြောပါတယ်၊ ကိုနေနဲ့ ဇေသော်နဲ့က အမြဲ ဖုန်းအဆက်အသွယ်ရှိတော့ ငါနဲ့လည်း တစ်ခါတစ်ခါ ဖုန်းပြောဖြစ်ပါတယ်၊ သူက နင်စိတ်ပူနေတယ် ဆက်လိုက်ဦးဆိုလို့ ငါဆက်တာ ..."

"ဪ ... နင်က သူပြောလို့သာ ဆက်တာပေါ့လေ"





"အဟင်း ... ဟင်း ... ငါကိုယ်တိုင်လည်း နင့်ကိုလွမ်းလို့ပါ ကနုတ်ရာ ...၊ နင် ဘာမှစိတ်မပူနဲ့ သိလား ...၊ ငါတို့ အရမ်းအဆင်ပြေတယ်၊ ငါလည်း အရမ်းပျော်နေတယ် သိလား ..."

နန္ဒီ့အသံက တကယ်ပဲ မြူးရွှင်နေတာမို့ ကနုတ်က အမြင်ကတ်သွားကာ ...

"နင်ကတော့ ပျော်နေမှာပေါ့၊ ငါ့မှာသာ နင့်ကြောင့် ..."

"ဟင် ... နင် ဘာဖြစ်လို့လဲ"

"ဘာ ... ဘာမှ မဖြစ်ပါဘူး"

ကနုတ်က နေနဲ့ ကတိထားခဲ့ရတဲ့ ကိစ္စကို ဖွင့်ပြောမိတော့မလို ဖြစ်သွားပြီးမှ ဖုံးကွယ်ထားလိုက်မိသည်။

"အန်တီစန္ဒီ နင့်ကို အရမ်းစိတ်ဆိုးနေတယ် နန္ဒီ၊ အမွေဖြတ်မယ်လို့လည်း ပြောနေတယ်"

"ဖြတ်လည်း ဖြတ်ပေါ့ဟာ ...၊ ငါက အမွေထက် အချစ်ကို ပိုမက်မိတာကိုး ..."

"နင် နည်းနည်းလေးမှ စိတ်မကောင်းမဖြစ်ဘူးလား"

"စိတ်မကောင်း ဖြစ်တာကို ပျော်တာက ဖုံးသွားတော့ အိုခေပါတယ်ဟာ၊ ဪ ... ဒါနဲ့ ဇာဖြူတစ်ယောက်ရော၊ ငါဖုန်းဆက်တော့ သူ ဖုန်းပိတ်ထားတာနဲ့ပဲ တိုးနေတယ်"

"သူ နိုင်ငံခြား သွားတယ်"

"သူပြန်လာရင်လည်း ပြောပြလိုက်ပါဟာ ...၊ ငါလည်း နင်တို့ ငါ့ကို ဇေသော်နဲ့ ခါးခါးသီးသီး သဘောမတူနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြတာကို မကျေနပ်လို့ နင်တို့အပေါ် လေစိမ်းတွေတိုက်ခဲ့မိတာပါ၊ တကယ်တမ်းကျတော့ နင်တို့အပေါ် ငါ သံယောဇဉ်မပြတ်နိုင်ပါဘူး၊ ငါ့ကြောင့် နင်တို့ စိတ်ဆင်းရဲခဲ့ရတယ်ဆိုရင် ငါ နင်တို့ကို တောင်းပန်ပါတယ်၊ ချစ်ခြင်းအားဖြင့် မှားယွင်းခဲ့ရှာတာပါလို့ ယူဆပြီး ခွင့်လွှတ်ပေးကြပါနော် ...”

လေပြေသွေးကာ ချော့လာသော နန္ဒီ့အပြောကြောင့် ကနုတ်က ပြုံးလိုက်မိသည်။

“မာမီ့ဆီတော့ ငါ ဖုန်းမဆက်ရဲသေးလို့ ငါ ဖုန်းဆက်တဲ့အကြောင်း မာမီ့ကို နင်ပဲ ပြောပြလိုက်ပါ၊ နောက် တစ်လလောက်ဆို ငါတို့ ရန်ကုန်ကို ပြန်လာကြမှာပါ၊ အဲ့ဒီတော့မှ နင့်ဆီ ဖုန်းထပ်ဆက်လိုက်မယ်နော်”

နန္ဒီ ဖုန်းချသွားတော့ ကနုတ်က ငိုင်ငိုင်လေး ကျန်ရစ်ခဲ့သည်။ သူငယ်ချင်းနဲ့ ပြန်ပြေလည်သွားတဲ့အတွက် ကြည်နူးမိသလို နန္ဒီရဲ့ ပျော်မြူးရွှင်ပျသည့် အသံကလေးကြောင့်လည်း စိတ်ချမ်းသာသွားရသည်။ သို့သော် နန္ဒီ့စိတ်ချမ်းသာမှုဟာ ရေရှည်မှ ခံပါ့မလားဟု သံသယအတွေးဖြင့် စိတ်ပူမိသေးသည်။

ကနုတ်က ဖုန်းကို ကိုင်ထားလျက်နှင့်ပင် သက်ပြင်းလေးချကာ ငိုင်နေဆဲမှာ ကနုတ်လက်ထဲက ဖုန်းက အသံထမြည်လာတာမို့ လန့်တောင်သွားမိသည်။

နန္ဒီ ပြောစရာကျန်သေးလို့ပဲ ဖုန်းထပ်ဆက်တာများလား ...။





ဖုန်းကို ငုံ့ကြည့်မိတော့ ကနုတ် မသိသော နံပါတ်အစိမ်းတစ်ခုကို တွေ့ရသည်။

ကနုတ် အနည်းငယ် ရင်တုန်စွာဖြင့် ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

“ရွှေကနုတ် ...”

နာမည်အပြည့်အစုံကို ခပ်ဆတ်ဆတ် ခေါ်တတ်သည့် ဒီအသံကို ကနုတ် ကောင်းကောင်းမှတ်မိပါသည်။

“ပြော ...”

“အဟ ...”

တစ်ဖက်က ရယ်လိုက်တာမို့ ကနုတ်က မျက်မှောင်ကြုတ်မိကာ ...

“ရှင် ဘာရယ်တာလဲ”

“သဘောကျလို့ပါ၊ မင်းက ကိုယ်နဲ့လည်း တစ်ခါမှ ဖုန်းမပြောဖူးဘဲနဲ့ ကိုယ့်အသံကို တန်းပြီး မှတ်မိသွားတယ်နော်၊ ဧကန္တ ကိုယ့်အသံက တော်တော် ထူးခြားတယ်ထင်တယ်၊ ဒါမှမဟုတ် မင်း ကိုယ့်အသံကို စွဲလမ်းနေခဲ့လို့များလား ...”

“လူကြီးလူကောင်း မဆန်တဲ့ ဂျလေဘီ စကားတွေ လာပြောမနေနဲ့၊ လိုရင်းကို ပြော ...”

“ကောင်းပြီ ... လိုရင်းပြောရရင် မင်း အခု ကြက်ဥပြုတ် ငါးလုံးရယ်၊ sprite အချိုရည်ဘူးကြီး တစ်ဘူးရယ် ဝယ်ပြီး သွေးလှူဘဏ်ကို လာခဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ၊ ဘာလုပ်ဖို့လဲ"

"လာဆို လာလိုက်ပေါ့ကွာ၊ ကိုယ် အခု သွေးလွှဘဏ် ခြံဝန်းထောင့်က တရုတ်စံကားပင်ကြီးအောက်မှာ ထိုင်နေတယ်၊ အဲ့ဒီကို လာခဲ့၊ သွေးလွှဘဏ်တော့ သိတယ်မဟုတ်လား၊ ရွှေတိဂုံဘုရားလမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်မှာ ..."

"ညကြီးမင်းကြီး ကျွန်မ မလာနိုင်ဘူး၊ နာရီလည်း ကြည့်လိုက်ဦး၊ ၉ နာရီခွဲနေပြီ"

"နိုက်ကလပ်လို နေရာမျိုးကိုတောင် ည ၁၂ နာရီလောက်ကြီး တစ်ယောက်တည်း လာရဲတဲ့သူက ၉ နာရီခွဲလောက် သွေးလွှဘဏ်ကို လာရမယ့်ကိစ္စကို စာလာဖွဲ့မနေနဲ့လေ ရွှေကနုတ်ရဲ့ ... ၊ နိုက်ကလပ်နဲ့စာရင် ဒီနေရာက အများကြီး အန္တရာယ်ကင်းတယ်"

ကနုတ်သည် ဘာပြောရမှန်းမသိတော့ဘဲ အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ရင်း ငြိမ်နေခဲ့မိသည်။

"ဟော့ ... ဘယ်လိုလဲ၊ လာမှာလား ..."

"... ..."

"ဟော့ ... မေးနေတယ်လေ"

"လာမယ် ... ဒါပေမယ့် ကြက်ဥပြုတ်တော့ ယူမလာနိုင်ဘူး၊ အိမ်မှာရှိတဲ့ ကြက်ဥစိမ်းပဲ ယူခဲ့မယ် ..."

"အစိမ်းမကြိုက်ဘူး၊ ညှီတယ်၊ အပြုတ်ပဲယူခဲ့"

"ပြုတ်ပြီးသား မရှိဘူးရှင့် ..."

"ကြက်ဥတောင် မပြုတ်တတ်ဘူးလား ..."





"မပြုတ်တတ်တာ မဟုတ်ဘူး၊ မပြုတ်ချင်တာ ... မပြုတ်ချင်တာ ... နားလည်လား ..."

"မပြုတ်ချင်ရင် ကြက်ဥနှစ်လုံးကို မင်းချိုင်းနှစ်ဖက်မှာ တစ်လုံးစီ ညှပ်ပြီးယူလာခဲ့၊ အဲ့ဒါဆိုရင်တော့ ကိုယ်ငွေ့နဲ့ ပြုတ်သလိုဖြစ်သွားနိုင်တယ်၊ မကျက်မချင်းတော့ ချိုင်းကြားမှာ ညှပ်ထားပေးရမယ် ... ဘယ်လိုလဲ"

"ရူးနေသလား မသိဘူး ..."

ကနုတ်က စိတ်ပျက်လက်ပျက် ရေရွတ်သည်။ သူက ရယ်သည်။ ကနုတ်သည် ဖုန်းကို ပိတ်ပစ်လိုက်ပြီး စိတ်ရှုပ်ရှုပ်နှင့်ပင် ထမင်းစားခန်းထဲသို့ ခပ်သွက်သွက်လေး ဆင်းလာခဲ့ရပါသည်။ ဒီအချိန်ဆို မေမေကလည်း သူ့အခန်းထဲမှာ၊ ဘွားဘွားကလည်း ဘုရားခန်းထဲမှာမို့သာ တော်တော့သည်။

ကနုတ်က ထမင်းစားခန်းထဲသို့ဝင်လာကာ ကြက်ဥစိမ်း လေးငါး လုံးကို ထုတ်ယူနေဆဲ ...

"မမကနုတ် ... ဘာလိုချင်လို့လဲဟင်"

ထမင်းစားခန်းနှင့် ကပ်လျက်က အိပ်ခန်းငယ်လေးမှာ အိပ်သည့် အိမ်အကူ ကောင်မလေးက အိပ်မှုန်စုံမွှားဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာရင်း လှမ်းမေးလိုက်သည်။

"သြော် ... အင်း ... ဟိုဟာပါ၊ ကြက်ဥပြုတ် စားချင်လို့"

"အရင်တုန်းကတော့ မမကနုတ်က ကြက်ဥအနံ့စားရင် အဆီတက်မှာစိုးလို့ မစားဘူးဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါပေမယ့် တစ်ခါတလေတော့လည်း စားချင်တာပေါ့ ..."

"မနက်ဖြန် မနက်စာ နန်းကြီးသုပ်လုပ်ရင် ပါးပါးလှီးထည့်ဖို့ ပြုတ်ထားတဲ့ ကြက်ဥ သုံးလုံးတော့ ရှိတယ်၊ မမ စားချင်ရင် ယူစားလေ၊ မနက်ကျမှ ကျွန်မ ထပ်ပြုတ်လိုက်မယ်"

ကောင်မလေးက ပလတ်စတစ်ဘူး အကြည်လေးဖြင့် ရေခဲသေတ္တာထောင့်မှာ ထည့်ထားသော ကြက်ဥပြုတ်တွေ ယူပေးတာမို့ ကနုတ်က 'တော်ပါသေးရဲ့' ဟု သက်ပြင်းချရလေသည်။

အဲ့ဒီနောက် ကနုတ်က ကြက်ဥပြုတ် သုံးလုံးနှင့် ရေခဲသေတ္တာထဲမှာ အသင့်ရှိနေသည့် မဖောက်ရသေးသော sprite တစ်ဘူးကိုယူကာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ ဖြန့်ချထားသည့် ဆံပင်ကို သိုးမွေးကွင်းလေးဖြင့် ခပ်မြင့်မြင့်မြှောက်စည်းလိုက်ပြီး ဂျင်းဘောင်းဘီတစ်ထည်နှင့် ရှပ်ကွက်ကျဲ တစ်ထည်ကို အလွယ်တကူ လဲလှယ် ဝတ်ဆင်လိုက်ပြီးနောက်မှာတော့ အိမ်မှ အသာလေး ခိုးထွက်လာခဲ့လေသည်။



## (၁၄)

♥ ♥ ♥

မီးတွေ လင်းထိန်နေသော သွေးလှူဘဏ်ရှေ့မှာ တက္ကစီကို ရပ်ခိုင်းလိုက်သည်။

သွေးလှူဘဏ်ဝန်းထဲသို့ လမ်းလျှောက်၍ဝင်လာပြီး ညာဘက်သို့ ချိုးကွေ့လျှောက်လာချိန်တွင် တရုတ်စံကားပန်းနံ့ သင်းသင်းလေးကို ရှူရှိုက်မိလေသည်။

တရုတ်စံကားပန်း ဖြူဖြူလေးတွေဟာ ကတ္တရာခင်းလမ်းကလေးထက်မှာ ဖွေးဖွေးလှုပ် ကြွေကျနေခဲ့သည်။

ခြံဝန်းထောင့်ရှိ တရုတ်စံကားပင်ကြီးကို ဝိုင်းပတ်ထားသည့် ကျောက်ခုံလေးပေါ်မှာ ထိုင်နေသော နေက ကနုတ်ကို မြင်လျှင် လက်မြှောက်ပြ၍ နှုတ်ဆက်လိုက်သည်။

ကနုတ်ကတော့ စိတ်တိုနေသူမို့ ပွန့်ခနဲ မဲ့ပစ်လိုက်မိပြီး သူ့ထံသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

"ပြောပါဦး ... ဒီကို ဘာကိစ္စ ခေါ်ရတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



နေက ပြုံးစိစိရုပ်နှင့် ကနုတ်ကို ကြည့်ရင်း ...

"ကြက်ဥစားချင်လို့ ခေါ်တာပေါ့"

"ဘာ ...၊ ရှင် ကြက်ဥစားချင်ရင် ကိုယ့်ဘာသာ ဝယ်စား ပေါ့"

"ကိုယ့်ဘာသာ သွားဝယ်မစားနိုင်သေးလို့ပေါ့ ...၊ ဟိုဘက်က သွေးရောဂါဌာနမှာ သွေးကင်ဆာ ဖြစ်နေတဲ့ လူနာ တစ်ယောက်ကို အရေးပေါ် သွေးသွင်းဖို့လိုလို့ သွေးလာလှူတာ၊ သွေးလှူပြီးစမို့လို့ နည်းနည်းမူးရိပ်ရိပ် ဖြစ်နေတာ၊ ကြက်ဥပြုတ်လေး စားပြီး အချိုရည်လေး သောက်လိုက်ရင် သက်သာသွားမှာပါ ..."

ကနုတ်က သူ့ကို မယုံသင်္ကာစိတ်ဖြင့် အကဲခတ်ကြည့်မိသည်။ သူ့လက်ဖျံမှာ ပလာစတာလေးတစ်ခု ကပ်ထားတာတော့ တွေ့ရပါသည်။

"ရှင်က သွေးလှူတယ် ... ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ... မင်းက မယုံဘူးလား၊ dancer အလုပ်နဲ့ သွေးလှူတဲ့အလုပ်က မအပ်စပ်ဘူး ထင်လို့လား၊ ဒါမှမဟုတ် ကျုပ်ရုပ်ကြီးနဲ့ သွေးလှူချင်စိတ် ရှိမယ်လို့ မထင်တာလား ..."

"ရှင်ပြောတာတွေ အကုန်လုံးပဲ"

"အဟ ... မယုံလည်း မတတ်နိုင်ဘူး၊ ကျုပ်က သွေးလှူအသင်း ဝင်ထားတယ်၊ ဆေးရုံမှာလည်း ကျုပ် ဖုန်းနံပါတ်ပေးထားတယ်၊ သွေးလိုလို့ ဖုန်းဆက်ခေါ်ရင် အရင်လှူတဲ့





အကြိမ်နဲ့ ၄ လကျော်ရင် လာလှူတယ်၊ ကဲ ... ပေး အချိုရည် အရင်သောက်မယ် ..."

နေက ကနုတ် လက်ထဲက အိတ်ကို လှမ်းယူပြီး အချိုရည်ဘူးကို ဖောက်၍မော့သောက်လိုက်သည်။

ကနုတ်က သူ့ဘေးမှာ ခပ်ခွာခွာလေး ဝင်ထိုင်လိုက်ပြီး သူ တကယ်ပြောတာလား ... ဟန်ဆောင်နေတာလားဟု တွေးရင်း သူ့ကို အကဲခတ်သလိုလေး စောင့်ကြည့်နေပါသည်။ သူ့ပုံစံက အိမ်နေရင်းကနေ ထထွက်လာသည့်ပုံစံမျိုးတော့ ပေါ်ပါသည်။ ဒူးလောက် ဘောင်းဘီပွပွနှင့် တီရှပ်လက်တို တစ်ထည်ကို ဝတ်ထားသည်။ ဆံပင်ကလည်း အရင်လိုပုံစံတကျလေး ထောင်မနေဘဲ ဖွာလွင့်လွင့်ဖြစ်နေသည်။

သူက အချိုရည် သောက်ပြီးတာနှင့် ဘေးမှာချထားသည့် အိတ်ထဲက ကြက်ဥတစ်လုံးကို ထုတ်ယူလိုက်ရင်း ...

"ကြက်ဥက အစိမ်းလား၊ အပြုတ်လား ..."

"အပြုတ် ..."

"ကိုယ်တိုင် ပြုတ်လာတာလား ..."

"မပြုတ်ပါဘူး၊ အိမ်မှာ ပြုတ်ပြီးသားတွေ့လို့ ယူလာ ... အား ..."

ကနုတ်သည် နဖူးဆီက နာကျင်မှုနှင့်အတူ လန့်၍ အော်လိုက်မိသည်မှာ မထင်မှတ်သည့် သူ့လုပ်ရပ်ကြောင့်ပင် တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ခနဲ အသံတစ်ချက်နှင့်အတူ သူက သူ့လက်ထဲက ကြက်ဥပြုတ်ကို ကနုတ် နဖူးနှင့်တိုက်၍ ခွဲလိုက်ခြင်းဖြစ်သည်။

"ရှင် ... ရှင် ဒါဘာလုပ်တာလဲဟင် ..."

ကနုတ်က ကိုယ့်နဖူးလေး ကိုယ်ပွတ်ကာ ဒေါသတကြီး မေးမိတော့ သူက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"ကြက်ဥခွဲတာလေ၊ ဒါမှ အခွံခွာလို့ရမှာပေါ့၊ မဆိုးဘူး မင်းခေါင်းက မာသားပဲ၊ ဒီမှာ ကြက်ဥ အစရာရပြီ တွေ့လား ..."

တကယ်ပဲ ကြက်ဥက အက်ကြောင်းကလေးတွေ ပေါ်လာပြီမို့ သူက အက်ကြောင်းရာအတိုင်း ဆွဲခွာလိုက်သည်။

ကနုတ်သည် ဒေါသဖြင့် ဆတ်ခနဲ ထရပ်လိုက်ရင်း

"ပြန်မယ် ..."

နေက ကြက်ဥခွာရင်းက ကနုတ်ကို မော့ကြည့်လိုက်ရင်း ...

"နေပါဦး ... ခုမှရောက်တာ"

"နေ ... ရှင် တော်တော် အနိုင်ကျင့်တဲ့သူပါလား၊ ကြက်ဥခွဲတာများ ခွဲစရာရှားလို့ ကျွန်မ နဖူးနဲ့ တိုက်ပြီးခွဲရသလား၊ ဒီကျောက်ခုံနဲ့ တိုက်ပြီးခွဲလိုက်ရင် အလွယ်ကလေး မဟုတ်လား"

"စားစရာကို ဖင်ထိုင်ခုံပေါ် ထုပြီး မခွဲချင်လို့ပေါ့၊ စားစရာဆိုတာ ခုလိုမျိုး အထွဋ်အမြတ်နေရာလေးနဲ့ ထုပြီးခွဲမှ





ပိုစားကောင်းတာ၊ ဥပမာ ... မင်းလို အထွဋ်အမြတ် အဆင့်မြင့်မြင့် မိန်းကလေးတစ်ယောက်ရဲ့ နဖူးနဲ့တိုက်ပြီးခွဲတဲ့ ကြက်ဥကို စားမိရင် အဆင့်လေးများ မြင့်လာမလားလို့"

"ရှင် ... ကျွန်မကို ခနိုးခနဲ့ မပြောဘဲ မနေနိုင်ဘူးလား ကျွတ် ... နာလိုက်တာ၊ နဖူးပေါက်သွားပြီလားတောင် မသိဘူး"

"မှန်း ..."

သူက ထိုင်ရာမှထကာ ကနုတ်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပါသည်။ ကနုတ်က နောက်တစ်လှမ်း ဆုတ်လိုက်တော့ သူက သူ့ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းကာ ကနုတ်ရဲ့ နဖူးကို ငုံ့ကြည့်လိုက်ရင်း ...

"ပေါက်တော့ မပေါက်ပါဘူး၊ နည်းနည်းတော့ ယောင်လာသလိုပဲ ...၊ ရော့ ... ပလာစတာ ကပ်ထားလိုက်"

"ဟင် ... ရှင်"

သူက ပြောပြောဆိုဆို သူ့လက်ဖျံမှာ ကပ်ထားသည့် ပလာစတာကို ဆွဲခွာကာ ကနုတ်ရဲ့ နဖူးကို ဖတ်ခနဲ လှမ်းကပ်လိုက်သည်။

သူ့လှုပ်ရှားမှုက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လျင်မြန်လွန်းတာမို့ ကနုတ်မှာ ရှောင်ချိန်ပင် မရလိုက်ပါ။

ကနုတ်သည် စိတ်တိုတိုဖြင့် ကိုယ့်နဖူးက ပလာစတာကို အမြန်ဆွဲခွာ လွှင့်ပစ်လိုက်ရင်း ...

"ရှင် ကျွန်မကို ပိုင်စိုးပိုင်နင်း လာမလုပ်နဲ့ နေ ... ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါကူညီဖူးထားလို့ ဒီလောက် သည်းခံနေတယ် မှတ်ပါ"

"လူလေး ... လူလေး ..."

အဘိုးကြီး တစ်ယောက်က ကနုတ်တို့အနားသို့ ရောက်လာပြီး သူ့ကိုလှမ်းခေါ်လိုက်တာမို့ သူက လှည့်ကြည့်လိုက်ရင်း ...

"ဩော် ... အဘ၊ ကလေး သက်သာရဲ့လား"

"သွေးသွင်းလိုက်တော့ မျက်နှာကလေးတောင် ပန်းရောင်သမ်းပြီး လန်းဆန်းလာတယ် လူလေးရဲ့၊ လူလေးကျေးဇူးကြီးပါတယ်၊ ဘရဲ့ မြေးလေးအသက်ကို လူလေး ကယ်တာပါ၊ သွေးထုတ်ပေးလိုက်ရတော့ လူလေး နုံးနေမှာပဲဆိုပြီး အအေးဘူးလေး သွားဝယ်လာခဲ့တယ်၊ ရော့ ... ရော့ သောက်လိုက်ဦး"

အဘိုးကြီးက ကျွဲရိုင်းဘူးလေးတစ်ဘူးကို ကမ်းပေးနေသည်။ နေက ပြုံးလျက် လက်ထဲက ကြက်ဥကို ထောင်ပြရင်း ...

"ဒီမှာ ကြက်ဥစားတော့မလို့ အဘရဲ့၊ အအေးလည်း သောက်ပြီးပါပြီ၊ အဘပဲ သောက်လိုက်တော့နော်၊ နောက်လိုအပ်ရင်လည်း ဖုန်းဆက်လိုက်လေ၊ ကျွန်တော်ကတော့ လေးလမပြည့်ခင် ထပ်လှူလို့မရပေမယ့် ကျွန်တော့် သင်တန်းက ကောင်လေးတွေကို အကူအညီတောင်းပေးမယ်"

ကနုတ်က သူစကားပြောနေတာကို အကဲခတ်ကြည့်





လေးဖြင့် ကြည့်နေလိုက်မိသည်။ လူပုံက ခပ်ဟော့ဟော့ ကျွတ်ဆတ်ဆတ် ဖြစ်ပေမယ့် အဘကိုပြောနေပုံကတော့ အကြင်နာအပြည့်နှင့်ဖြစ်သည်။

ကနုတ်တို့ ရပ်နေသော နေရာတစ်ဝိုက်မှာ လမ်းမဘက်ဆီက မီးရောင်နှင့် သွေးလှူဘဏ်ဘက်က မီးရောင်တွေကြောင့် အလင်းရောင်က သိပ်နည်းမနေ ...။ သူ့မျက်နှာထားကို ကောင်းစွာ မြင်ခွင့်ရနေပါသည်။

အဘိုးကြီးပြန်သွားတော့ သူက ကြက်ဥကို အပြီးသတ် ခွာ၍ အကာတွေကို ဖဲ့ထုတ်လိုက်ပြီး ...

"မင်းအတွက် အချစ်တွေပေးမယ်၊ ရော့ ... ယူ"

ဟုပြောကာ ကြက်ဥအကာကို ကနုတ်ထံ ကမ်းပေးလိုက်သည်။ ကနုတ်က မျက်မှောင်ကြုတ်လိုက်ရင်း ...

"ရှင် ဘာရိသ့်ရိသ့် ပြောတာလဲ"

"ဟော် ... မရိုရပါလား၊ အကာကအချစ် အနှစ်ကမေတ္တာဆိုတဲ့ စကားတောင် မကြားဖူးဘူးလား၊ မင်းတို့ မိန်းကလေးတွေက ဝမှာစိုးတော့ အဆီအဆိမ့်ရှောင်တယ် မဟုတ်လား၊ အဲ့ဒါကြောင့် မင်းကို အချစ်ကျွေးပြီး ငါက မေတ္တာကိုပဲ စားမှာ၊ ရော့ ... ယူလေ၊ မင်းက အကာစား၊ ငါက အနှစ်စားမယ် ..."

"မစားချင်ပါဘူး"

"မစားလည်း နေ၊ အချစ်ရော မေတ္တာပါ ငါ အကုန်စားရတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ကျောက်ခုံပေါ်မှာ အေးအေးဆေးဆေး ပြန်ထိုင်ပြီး ဖွဲ့ထုတ်ထားသော ကြက်ဥအကာတွေရော အနှစ်ကိုပါ သူ့ဘာသာ အားပါးတရ စားလိုက်လေသည်။

ကနုတ်သည် ကနုတ်ထင်ထားတာနှင့် ဆန့်ကျင်ဘက်ဖြစ်သော သူ့ရဲ့ကြင်နာသော လုပ်ရပ်နဲ့ ကနုတ်အပေါ် ရင်းနှီးသော အပြုအမူတွေကို အဆန်းတကြယ်ဖြစ်ရရင်း သူ့ကို နားမလည်နိုင်ပေ။

ကနုတ်က သူ့ကို မျက်မှောင်လေးကြုတ်ကြုတ်ဖြင့် ကြည့်ဆဲမှာ သူက နောက်ထပ် ကြက်ဥတစ်လုံး နှိုက်လိုက်ပြန်တာမို့ ကနုတ် လန့်ကာ နောက်ဆုတ်လိုက်မိတော့ သူကရယ်သည်။ ပြီးတော့ ကြက်ဥကို သူ့နဖူးနှင့်တိုက်၍ ခွဲလိုက်ပါသည်။

ကနုတ်နှင့် အရင်းနှီးဆုံး ယောကျ်ားတစ်ယောက်ဖြစ်သည့် ကိုမိုးမြင့်နိုင်ဆီမှာ တစ်ခါမှမတွေ့ဖူးသော အပြုအမူတွေကို သူ့ထံမှာ တွေ့နေရတာမို့ ကနုတ်အတွက်တော့ သူ့လုပ်ရပ်တိုင်းဟာ အံ့အားသင့်စရာချည်း ဖြစ်နေခဲ့ရသည်။

သူက ကြက်ဥခွာနေရင်းက ကနုတ်ကို မော့မကြည့်ဘဲ ...

"မင်းက ဒီလိုအဝတ်အစားနဲ့ ပိုလိုက်တယ် ..."

ပြောပုံက ခပ်တည်တည်ပင်။ ကနုတ်မှာ သူ့ကို ဘယ်လို တုံ့ပြန်ပြောရမှန်း မသိသဖြင့် ငြိမ်နေရသည်။

"ပိုးဖဲကတ္တီပါ မြန်မာဝတ်စုံတွေ ဝတ်ပြီး ထည်ထည်ဝါဝါ ပုံစံမျိုး ဖမ်းနေတာက မင်းအရွယ်နဲ့ မလိုက်ဘူး၊ မင်းအစား





ငါတောင် စိတ်အိုက်တယ်၊ ခုလိုလေး ဂျင်းဘောင်းဘီနဲ့ ပေါ့ပေါ့ပါးပါး အင်္ကျီလေးဝတ်ထားတော့ ပိုပြီး နုပျိုလန်းဆန်းတာပေါ့ ..."

"... ..."

"အမှန်အတိုင်း ပြောရရင် မင်းက စိတ်သာပုပ်သာ၊ လူကတော့ တော်တော်လေး လှတယ် ..."

"ဒါတွေ ရှင် ပြောစရာ မလိုပါဘူး"

"မြင်တဲ့အတိုင်း ပြောတာ ..."

"ကျွန်မကို စိတ်ပုပ်တယ်လို့ ရှင်တစ်ယောက်တည်း ပြောဖူးသေးတယ်"

"ကျန်တဲ့သူတွေက ငါ့လို ပြောဖို့ သတ္တိမရှိလို့ နေမှာပေါ့ စိတ်ပုပ်မရဲ့ ..."

"ရှင် ... ရှင် ကျွန်မကို ဒီလိုခေါ်စရာ မလိုဘူး"

"စိတ်ပုပ်မ ..."

"ရှင်သာ စိတ်ပုပ် ..."

"မင်းသာ စိတ်ပုပ်မ ..."

"စိတ်ပုပ်ကြီး ..."

"စိတ်ပုပ်မကြီး ..."

ကနုတ်က အနားက ပလတ်စတစ်အိတ်ပေါ်မှာ စုထားသည့် ကြက်ဥခွံတွေကို ကောက်ယူပြီး သူ့ကို ပစ်ပေါက်လိုက်သည်။ သူ့ပါးပေါ်မှာ ကြက်ဥခွံတွေ ကပ်သွားတော့ ကနုတ်က ရယ်သည်။ သူက နှုတ်ခမ်းတစ်ချက် ကိုက်လျက် တွေ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ပုံစံဖြင့် မတ်တတ်ထရပ်လိုက်သည်။ ပြီးတော့ အနားမှာ ကြွေကျနေသည့် တရုတ်စံကားပန်းတွေကို ပြေးကောက်ပြီး ကနုတ်ရဲ့ မျက်နှာ တည့်တည့်သို့ ချိန်ရွယ်ပစ်ပေါက်လိုက်ရာ ကနုတ်က လက်နှင့် ပုတ်ထုတ်ပစ်လိုက်လေသည်။

အဲဒီ အခိုက်အတန့်လေးဟာ ဘာဖြစ်သွားမှန်းကို မသိတော့ချေ။ ကနုတ်သည် အံ့ဩစရာကောင်းလှစွာဖြင့် မူလ သွင်ပြင် မူလစတိုင်လ်မှ ဆန့်ကျင်ဘက်သို့ ပြောင်းလဲသွားခဲ့ကာ လွတ်လပ်စွာ ရယ်မောမိ၏။ လွတ်လပ်ပေါ့ပါးစွာ ပြုမူမိ၏။ ထူးဆန်းသည့် အခိုက်အတန့်လေး ဖြစ်ခဲ့ရတာတော့ အမှန်ပင် တည်း...။

သူ့ကို ရက်ပေါင်းများစွာ ကြည့်မရခဲ့ မုန်းတီးခဲ့ရသော်လည်း ဒီအခိုက်အတန့်လေးတစ်ခုမှာပဲ သူနဲ့ ရင်းနှီးနီးကပ် သွားခဲ့ရတာ ဖြစ်သည်။

ညက အရမ်း လင်းမနေသော်လည်း မှောင်လို့တော့ မနေခဲ့...။ တရုတ်စံကားပန်းလေးတွေရဲ့ ရနံ့ကလည်း ဖျော့ဖျော့လေး မွှေးနေဆဲ...။

ထိုအခိုက်မှာပဲ လတ်ဆတ်စွာ လန်းစွင့်ဆဲဖြစ်သော တရုတ်စံကားပန်းလေး တစ်ပွင့်က ဖြုတ်ခနဲ ကြွေကာ မြေပြင်ဆီ လွင့်ဝဲလာခဲ့သည်။

နေက ထိုပန်းတစ်ပွင့်ကို လေထဲမှာပင် ဖမ်းယူထားလိုက်ပြီး ကနုတ်ရဲ့ နားရွက်ကြားမှာ ညှပ်ပေးလိုက်သည်။ ကနုတ်က ပန်းကို ဖြုတ်ပစ်ဖို့ လက်မြှောက်လိုက်လျှင်...





"မဖြုတ်နဲ့..."

"ဖြုတ်တော့ ဘာဖြစ်လဲ"

"ဖြုတ်ရဲ ဖြုတ်ကြည့်... တွေ့သွားမယ်၊ ဘာမှတ်လဲ"

"အံမယ်..."

ကနုတ်သည် သူ့အပေါ် တရင်းတနှီး ဖြစ်သွားသည့် ကိုယ့်လေသံကို ကိုယ် ပြန်အံ့ဩရင်းကပင် နားရွက်ကြားက တရုတ်စကားပွင့်ကလေးကိုလည်း ဖြုတ်မပစ်ရဲအောင် ရှိလေသည်။

"ပန်းကိုဖြုတ်ပစ်ရင် ပန်းလိုမွှေးမယ့် ပါးကလေးတစ်ဖက်ကို အဟမ်း... အဟမ်း..."

"ရှင်နော်... ရှင်၊ ကျွန်မကို လာမခြိမ်းခြောက်နဲ့..."

ကနုတ်သည် ပန်းကိုတော့ မဖြုတ်ရဲဘဲ သူ့ကိုသာ ဒေါသသံကလေးဖြင့် အပြစ်တင်ရင်း သူ့အနားမှ ချက်ချင်းမထွက်နိုင်သေးဘဲ သူ့ရှေ့မှာ ဆက်လက် ရပ်တန့်နေခဲ့မိပါသည်။

နေက သူ့ဗိုက်သူ ပွတ်လိုက်ရင်း...

"ဗိုက်ဆာလာပြီကွာ၊ တစ်ခုခု သွားစားရအောင်"

"ဟင်... ခုပဲ စားပြီးတာကို"

"ကြက်ဥလေး သုံးလုံးလောက်နဲ့ ဗိုက်ပြည့်မလားကွ"

"ဒီအချိန်ကြီး ဘယ်ဆိုင်မှ မဖွင့်တော့ဘူး"

"ဖွင့်တဲ့ဆိုင် ရှိပါတယ်၊ လာ... သွားမယ်"

နေက ရှေ့ကနေ ဦးဆောင် ထွက်သွားနှင့်တာမို့ ကနုတ်က နောက်မှ လျှောက်လိုက်လာရင်း...

"ရှင်ဘာသာ သွားတော့၊ ကျွန်မ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်း လိုက်ကျွေးဦးလေ ..."

"ပိုက်ဆံ ပေးလိုက်မယ်"

"ကျွတ် ..."

နေက သွေးလှူဘဏ်ရှေ့က ခုံတန်းဖြူလေးတွေရှေ့မှာ ရပ်လျက် ခါးတစ်ဖက်ထောက်ကာ ကနုတ်ကို ချာခနဲ လှည့်ကြည့်လိုက်ရင်း ...

"ပိုက်ဆံ ... ပိုက်ဆံ ... ပိုက်ဆံ၊ တော်တော် ပိုက်ဆံစကားပြောတဲ့ မိန်းကလေးပါလား၊ ခင်ဗျား ပိုက်ဆံ နှစ်ပဲခြောက်ပြားကို ကျုပ်က ဘာလုပ်ရမှာလဲ၊ ထမင်းတစ်နပ်လောက်တော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားနိုင်တယ်၊ ကျုပ်က ထမင်းကို ကျုပ်နဲ့အတူ လိုက်စားဖို့ ပြောနေတာ"

ကနုတ်သည် ကိုယ့်စကား လွန်သွားမှန်းသိ၍ အားနာသလိုလေး ဖြစ်သွားရကာ သက်ပြင်းကလေး ချမိရင်း ...

"ရှင့်ဆိုင်က ဘယ်နားမှာလဲ ..."

"ဒီဆေးရုံဝန်းကြီး နောက်မှာ၊ ဒီရှေ့က ပလက်ဖောင်းအတိုင်း လျှောက်သွားပြီးရင် လမ်းဆုံကျရင် ညာဘက်ကွေ့ နည်းနည်းထပ်လျှောက် ရောက်ပြီ ..."

"အဝေးကြီးပဲကို ..."

"အသက် ဘယ်လောက်ရှိပြီလဲ ..."

"... ..."

"အသက်က ၆၀ မို့လို့ ဒီလောက်လေးတောင် မလျှောက်နိုင်တာလား၊ မြမထိ မင်းသမီးရယ်၊ တစ်ခါတလေလေး များ ခြေထွက်အောင် လျှောက်ကြည့်စမ်းပါလား ..."





သူက ပြောပြောဆိုဆို ရှေ့ကသွားနှင့်ပြီမို့ ကနုတ်က သူ့နောက်ကနေ စိတ်မပါတပါ လျှောက်လိုက်လာခဲ့ပါသည်။

သူက ကနုတ်ကို လှည့်မကြည့်ဘဲ ...

"ငါ့နောက်က လျှောက်တဲ့သူ ငါ့ချစ်သူ ..."

"ဟင် ..."

ကနုတ်သည် သူ့စကားကြောင့် မခံချင်စိတ်ဖြင့် ခပ်သွက်သွက်လေး သူ့ကိုကျော်တက်၍ လျှောက်လိုက်သည်။

"ငါ့ရှေ့ကသွား ... ငါ ... အဟင်း ... ဟမ်း ဟမ်း ..."

"ရှင်နော် ... ရှင်၊ မဟုတ်တာ လျှောက်မပြောနဲ့ ..."

"ဘာပြောရသေးလို့လဲ၊ ကဲ ... ကဲ ... ငါ့ဘေးကသွား ... ငါ့ရည်းစား ..."

"ဟင် ... ရှင်နော်၊ တော်ပြီ ... ပြန်တော့မယ်"

ကနုတ်က ချာခနဲ နောက်လှည့်ပြန်တော့ နေက ဆတ်ခနဲ ခုန်ကာ ကနုတ်ရှေ့မှာ ပိတ်ရပ်လိုက်ရင်း ...

"ကဲ ... ဒေါသမကြီးပါနဲ့၊ စာချိုး ပြင်ပေးပါ့မယ်၊ ငါ့ဘေးကနေ ငါ့ရှေ့နေ ... ဟုတ်ပြီလား"

"ရှင့်ရှေ့နေ ဘာလို့ဖြစ်ရမှာလဲ ...၊ အပိုစကားတွေ လျှောက်ပြောမနေနဲ့ ..."

"ဩော် ... ရှေ့နေမဖြစ်ချင်ဘူးဆိုတော့ ရည်းစားပဲ ဖြစ်ချင်တယ်ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ချင်ဘူး"

"နှစ်ခုထဲက တစ်ခုခုရွေး ..."

"မရွေးဘူး ..."

"မင်းမရွေးရင် ငါရွေးလိုက်ရမလား ..."

"ဘာမှထပ်မပြောနဲ့၊ ထမင်းဆိုင်ကိုပဲ မြန်မြန်လျှောက် ..."

"အိုခေ ..."

ကနုတ်က နေနဲ့အတူ ဘေးချင်းယှဉ်ကာ ခပ်ခွာခွာလေး လျှောက်လာရပါသည်။

ကနုတ်သည် လမ်းလျှောက်နေရင်းကပဲ ပေါ့ပါးလန်းဆန်းသည့် အရသာကို ခံစားလာခဲ့ရသည့်အတွက် ကနုတ်ကိုယ်ကနုတ် အံ့သြမိရသည်။

ညအခါဆိုသော်လည်း ကနုတ်စိတ်ထဲမှာ ကြောက်စိတ်မရှိဘဲ ဝံ့စားလုံခြုံနေသည်။ ညတွေမှာ တစ်ယောက်တည်း တစ်ခါမှ အပြင်မထွက်ခဲ့ဖူးသော ရွှေကနုတ်ဟာ ခုလို တစ်စိမ်းယောကျ်ားတစ်ယောက်နဲ့ အတူယှဉ်၍ ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေး လမ်းလျှောက်နေခဲ့မိတာကို နန္ဒီ သိရင် ဘယ်လိုပြောမလဲ ...။ ဇာဖြူ သိရင် ဘယ်လိုပြောမလဲ ...။ တခြား ကနုတ်ကို သိတဲ့လူတွေ မြင်ရင်ရော ဘယ်လိုထင်ကြမလဲ ...။ မေမေ သိရင်တော့ ကနုတ်ဖြင့် တွေးတောင်မတွေးရဲ ...။

အလွန် သက်သောင့်သက်သာ ရှိလှသည့် သူဌေးသမီးလေးဘဝကို သမားရိုးကျကလေးဖြတ်သန်းနေခဲ့သော ကနုတ်





အတွက် ဒီအဖြစ်ဟာ အံ့ဘနန်း ဆန်းကြယ်လှပါသည်။ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင် အရဲကိုးလွန်းလှပါသည်။

သူရွေးချယ်သော ထမင်းဆိုင်ကလေးကို ရောက်တော့လည်း ကနုတ် အံ့သြရပြန်သည်။ လမ်းဘေးမှာ ခုံပုကလေးတွေ ချပေးကာ ထမင်းကြော်နှင့် ဟင်းမျိုးစုံရောင်းသည့် ဆိုင်ဟာ ကနုတ် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မစားဖူးခဲ့သော ဆိုင်မျိုး ဖြစ်သည်။

နေကတော့ ဟင်းအိုးတွေ တန်းစီချထားသောရှေ့မှာ ရပ်လျက် ဟင်းအိုးတွေထဲ ခေါင်းစိုက်မတတ် ငုံ့ကြည့်ရင်း ...

"အမဲနှပ် တစ်ပွဲ၊ ဝက်ချို တစ်ပွဲ၊ ကြက်ကြော်တစ်တုံး၊ ကဲ ... သူဌေးသမီးကော ဘာစားမလဲ ..."

"ဘာ ... ဘာမှ မစားပါဘူး"

"ဘာလဲ ...၊ လမ်းဘေးဆိုင်မို့ မစားချင်ဘူးလား"

"မဟုတ် ... မဟုတ်ပါဘူး"

သူက ဆိုင်ရှင်ရှေ့မှာ ပြောင်ပြင်းတာမို့ ကနုတ်က အားနာကာ ...

"ဟို ... ဟိုဟာလေးနဲ့ တစ်ပွဲ"

"ဘယ်ဟာလေးလဲ ..."

"ဟို ... ငါးကြော်သေးသေးလေးတွေ"

"သြော် ... ငါးကျည်းကြော်လား၊ အစ်မရေ ... ဒါလေးပါ တစ်ပွဲထည့်"



www.burmeseclassic.com

www.burmeseclassic.com



စားစရာ မှာခဲ့ပြီး လမ်းဘေးခုံလေးမှာ ကနုတ်က မထိုင်တတ်ထိုင်တတ်ဖြင့် ဒူးကလေးဇောကာ ထိုင်သည်။ လက်ဖက်ရည်ဆိုင်တွေမှာ သုံးသည့် ခုံပုပုလေးတွေမို့ ကနုတ်မှာ ဒူးကို ဘယ်လိုထားရမှန်း မသိဘဲ ကသိကအောက် ဖြစ်နေတာကို နေက ကြည့်ရင်း ပြုံး၏။

ထမင်းကြော် ပူပူနွေးနွေးနှင့် ဟင်းတွေ လာချတော့လည်း ကနုတ်မှာ စားဖို့ မရွံ့မရဲ ...။ ထမင်းကြော်ထည့်သည့် မယ်လ်မင်း ပန်းကန် အဟောင်းကလေးကို ကြည့်ရင်း စိတ်ပျက်နေမိသည်။

"သူဌေးသမီး မစားဘူးလား"

ဟင်အင်းဟု ပြောပြန်လျှင်လည်း သူဌေးသမီးမို့ ဘဝင်မြင့်သည်ဟု အပြောခံရဦးမည်။

ကနုတ်သည် အားတင်းကာပင် ဇွန်းကို ကောက်ကိုင်လိုက်သည်။ ပထမတော့ နှစ်လုတ်သောက်ကို စိတ်မပါတပါ စားမိသည်။ နောက်တော့ တဖြည်းဖြည်း ခံတွင်းလိုက်ကာ စိတ်ပါလာရတာမို့ ထမင်းကြော် တစ်ပွဲဟာ ခဏလေးနှင့် ပြောင်လေသည်။

အဲဒီညဟာ ကနုတ်ဘဝမှာ အထူးခြားဆုံး ညတစ်ညအဖြစ် မှတ်တမ်းတင်ရမည့် ညဖြစ်သည်။

ထိုဆိုင်လေးမှာ ထမင်းစားပြီးတော့မှ နေက တက္ကစီငှားကာ ကနုတ်ကို အိမ်ရှေ့အထိ လိုက်ပို့ပေးသည်။





အိမ်ထဲသို့ ခိုးကြောင်ခိုးဝှက် ပြန်ဝင်လာခဲ့သော သူဌေးသမီးလေးသည် အိပ်ခန်းထဲသို့ လှမ်းဝင်လာကာ မှန်တင်ခုံရှေ့၌ ရပ်မိလျှင် မှန်ထဲ၌ ဘယ်တုန်းကမှ မတွေ့ဖူးခဲ့သော လန်းဆန်း ပျို့မြစ်သည့် အပျိုမလေးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကနုတ် အမှားတွေ လုပ်မိနေသလား၊ ကနုတ်လုပ်နေတာတွေက အမှန်တွေပဲလား ...၊ ဒီလိုလုပ်ရပ်တွေကို စိတ်ရင်းနဲ့ လုပ်နေတာလား၊ ကတိပေးမိလို့ ဝတ္တရားကြေ လုပ်နေရတာလားဟု ကိုယ့်စိတ်ကို ကိုယ် မဝေခွဲနိုင်ခင်မှာပင် ရွှေကနုတ်သည် နေနှင့် တဖြည်းဖြည်း နီး၍ နီး၍ လာလေသည်။

တစ်ညနေမှာတော့ သူက သူ့အကခန်းမသို့ လိုက်လည်ဖို့ ဖိတ်ခေါ်သဖြင့် ကနုတ် လိုက်သွားမိခဲ့သည်။

နီနီ့ကိုတော့ ဒါရိုက်တာ စိုင်းဆီ သွားမည်ဟု ညာပြောခဲ့သည်။ ဒါရိုက်တာ၏ အမျိုးသမီးလည်း ရှိနေတာမို့ အေးအေးဆေးဆေး စကားပြောမည်ဟု အကြောင်းပြကာ နီနီ့ကို ကားထဲမှာ စောင့်နေခိုင်းခဲ့သည်။

နေနှင့်အတူ အခန်းထဲသို့ ဝင်လာချိန်တွင် အခန်းထဲ၌ သင်တန်းသားများ မရှိ၊ နေ့အဖွဲ့သားတွေလည်း မရှိ ...၊





အခန်းထောင့်မှာ ကြမ်းပြင်တွေကို တိုက်နေသော သန့်ရှင်းရေး အမျိုးသမီးကြီး တစ်ယောက်ကိုသာ တွေ့ရလေသည်။

ဒီအခန်းကို ကနုတ် ရောက်ဖူးခဲ့ပါသည်။ နှုတ်ကိစ္စ ပြောဖို့ ပထမဦးဆုံးအကြိမ် ရောက်လာခဲ့တုန်းက သူနဲ့ ကနုတ်ဟာ ရန်သူတွေပမာ ဖြစ်ခဲ့ရသည်။ ခုကော ... သူနဲ့ ကနုတ်ဟာ ဘယ်လိုအနေအထားမျိုးလဲဟု မေးရင် ကနုတ် မဖြေတတ်ပါ ...။

နေက အခန်းတွင်းသို့ လှမ်းဝင်လာရင်း ...

"ဒီအခန်းမျိုးကို ငှားပြီး အကသင်တန်းကျောင်း ဖွင့်နိုင်ဖို့ ကိုယ် အများကြီး ကြိုးစားခဲ့ရတာလေ၊ ဒီအခန်းကို ကိုယ် အရမ်းစွဲလမ်းတယ်၊ ခုလို ဘယ်သူမှမရှိတဲ့ အချိန်မျိုးမှာ အခန်းထဲမှာ တစ်ယောက်တည်း ဖြစ်နေရင်တောင် ကိုယ် ဒီအခန်းထဲမှာ ကခဲ့ဖူးတဲ့ ကကွက်တွေကို ပြန်မြင်ယောင်မိတယ်၊ ဘယ်သူမှ ဒီမှာ မရှိရင်တောင် ကကွက်တွေနဲ့ ပြည့်နှက် ရှင်သန် အသက်ဝင်နေမယ့် အခန်းပေါ့၊ ဒီထဲမှာ ရှိနေရင် အမြဲ အဖော်တွေရှိနေသလို ခံစားရတယ်"

ပစ္စည်းပစ္စယတွေ သိပ်များများစားစား မရှိဘဲ လူလည်း များများမရှိသည့် အခန်းကျယ်ထဲမှာ သူ့အသံက သာမန်ထက် ပို၍ ဟိန်းထွက်နေသည်။ အခန်းလေး တစ်ခန်း ငှားနိုင်ရုံနှင့် ဒီလို တက်ကြွကျေနပ်နေပုံမျိုးကို ကနုတ် ခုမှတွေ့ဖူးတာပင် ...။ ကနုတ်အတွက် ဘာမှမဖြစ်လောက်သော ကိစ္စဟာ သူ့အတွက်တော့ အကြီးကြီးဖြစ်နေသည်။

ကနုတ်သည် သူ့စကားတွေကို နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်ပြောင်ချောနေသော အကခန်းမ၏ ကြမ်းပြင်ကို ခြေဖဝါးလေးနှင့် အသာအယာ ပွတ်ဆွဲကြည့်နေဆဲ သူက ကနုတ်ကို ပြုံးကြည့်ကာ ...

"အက သင်မလား ..."

"ဟင် ... မသင်ပါဘူး"

"တစ်ကွက် နှစ်ကွက်လောက် သင်ကြည့်ပါလား၊ စိတ်ဝင်စားဖို့ ကောင်းတယ်၊ လူကျန်းမာရေးအတွက်ရော စိတ်ကျန်းမာရေးအတွက်ပါ ကောင်းတယ်"

"တကယ်လို့ သင်ချင်ရင်တောင် ရှင့်ဆီမှာတော့ မသင်ပါဘူး"

"ဘာဖြစ်လို့လဲ ..."

"မသင်ချင်လို့ပေါ့"

သူက ဘာမှမပြောတော့ဘဲ ကက်ဆက်ရှိရာ အခန်းထောင့်သို့ လျှောက်သွားကာ ကက်ဆက်ကို ဖွင့်လိုက်လျှင် ဂီတသံကို ကြားရလေသည်။ ကနုတ်သည် ဂီတကို မကျွမ်းကျင်သူမို့ ဘာဂီတအမျိုးအစားလဲတော့ မသိ ...။ ကချင်သဖွယ် ငြိမ့်ညောင်းညင်သာတာကိုသာ သိသည်။

နေက ကနုတ်ကို အကသင်ဖို့ မဆွဲဆောင်တော့ဘဲ သူ့ဘာသာ ခြေထောက်တွေကို ရွှေ့လျား လှည့်ပတ်လျက် ခပ်ငြိမ့်ငြိမ့်လေး ကနေလေသည်။

ကနုတ်သည် သူ့ကိုမကြည့်သလိုလိုနှင့် ခိုးခိုးကြည့်ရင်း သူ အကကောင်းတာကို အသိအမှတ်ပြုရသည်။ ပြီးတော့





ကနုတ်ပါ ကချင်လာပြီမို့ သူ့ကကွက်တွေကို အတုခိုးကာ ခြေဖဝါးလေးကို ထောက်၍ ထောက်၍ ရွှေ့ကြည့်သည်။ သူ့ခြေထောက်ရွှေ့ပုံကို တစ်ချက်လှမ်းကြည့်လိုက်၊ ကနုတ်ခြေထောက်တွေကို သေမသာလေး ရွှေ့ရွှေ့ကြည့်လိုက် လုပ်နေဆဲမှာ သူက ကနုတ်ရဲ့ လက်တစ်ဖက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်လေသည်။

"အို ..."

ကနုတ်ရဲ့ ခန္ဓာကိုယ်လေးသည် ရုတ်တရက် တစ်ပတ်လည်၍သွားသည်။

"ခိုးခိုး ကမနေနဲ့၊ လာ ... ဒီလို က၊ ခြေထောက်တွေကို ကိုယ်ရွှေ့သလို လိုက်ရွှေ့ ..."

ကနုတ်သည်လည်း စိတ်ပါလာပြီမို့ သူ့ခြေထောက်တွေကို သေသေချာချာ ကြည့်ရင်း သူရွှေ့သလို လိုက်ရွှေ့ကြည့်မိ၏။ သူ လှုပ်ရှားသလို လိုက်၍ လှုပ်ရှားမိ၏။ တစ်ချက်တစ်ချက်မှာ သူက ကနုတ်လက်ကို လှမ်းဆွဲပြီး ကကွက်လေး တစ်ကွက်ကလိုက်ပြန်လျှင်လည်း မငြင်းဖယ်မိဘဲ အလိုက်သင့်လေး ပါပါသွားလေသည်။

အခန်းကျယ်ကြီးထဲမှာ ဂီတသံလေးသာ ပျံ့လွှင့်နေပြီး ကနုတ်နဲ့ နေတို့ရဲ့ ခြေထောက်တွေက စည်းချက်ကျကျ လှုပ်ရှားလျက် ရှိသည်။ ထိုခဏမှာ ကနုတ်သည် ပျော်ရွှင်နေခဲ့သည်။ ကကွက် တစ်ကွက် ကသည်။ ပျော်သည်။ ခြေထောက် တစ်ချက် အရွှေ့မှာ ပျော်သည်။ ခန္ဓာကိုယ် တစ်ပတ်လှည့်သည်။ ပျော်သည်။ ကနုတ်၏ ခန္ဓာကိုယ်သည် လေထဲမှာ လွင့်နေသ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပေါ့ပါးကာ ပျော်ရွှင်လာခဲ့ရသည်။ ကနုတ်ရဲ့ စိတ်ဟာလည်း လေနှင့်အတူ လွင့်နေသည့် တိမ်စိုင်ဖြူကလေးလိုပင် …။ ကနုတ်သည် ကနုတ်မဟုတ်တော့ဘဲ တခြားတစ်ယောက် ဖြစ်၍နေလေသည်။

ထိုအခိုက်တွင် ရုတ်တရက် မီးများ ပြတ်တောက်လျက် အခန်းထဲမှာ မှောင်အတိကျသွားခဲ့သည်။ ထိုအချိန်ဟာ ကနုတ်လက်ကို သူလှမ်းကိုင်ကာ ကကွက်တစ်ခု ကဖို့ ပြင်ဆင်လိုက်သော အချိန်လည်း ဖြစ်သည်။

အမှောင်ထဲတွင် ကနုတ်တို့ နှစ်ယောက်လုံးမှာ တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေခဲ့ကြသည်။ သူက ကနုတ်လက်ကို ဆုပ်ကိုင်ထားဆဲ …။ ကနုတ်ကလည်း မရုန်းဖယ်ဘဲ အလိုက်သင့်ကလေး ငြိမ်နေခဲ့မိသည်။ သူ့လက်ဖဝါး နွေးနွေးထဲမှာ ကနုတ်ရဲ့ လက်ကလေးတစ်ဖက် ရှိနေသည့်အတွက် အမှောင်ကိုလည်း မကြောက်မိတော့ဘဲ စိတ်ထဲမှာ လုံခြုံနေခဲ့သည်။ နွေးထွေးနေခဲ့သည်။ ငြိမ်းချမ်းနေခဲ့လေသည်။

ထိုအခိုက်အတန့်လေးဟာလည်း ကနုတ်အတွက် နောက်ထပ်တစ်ခါ ထူးဆန်းရပြန်သော အခိုက်အတန့်လေး ဖြစ်သည်။ ကနုတ်သည် နေနှင့် ပတ်သက်ပြီး ထူးဆန်းသည့် အခိုက်အတန့်လေး များစွာကို တစ်ခုပြီးတစ်ခု ရရှိနေခဲ့ရသည်။ ထိုအခိုက်အတန့်လေးတွေကို စုဆောင်းထားလိုက်ရင် အချိန်တွေ အကြာကြီး ဖြစ်လာလေမလား …။





ရှဲခနဲ အသံတစ်ချက်ကို ကြားရပြီး ကနုတ်တို့အနားမှာ မီးတောက်ကလေးတစ်ခု ပေါ်လာတော့မှ နှစ်ယောက်လုံး လှုပ်လှုပ်ရှားရှားဖြင့် သတိပြန်ဝင်လာခဲ့ရသည်။

သန့်ရှင်းရေးဝန်ထမ်း အဒေါ်ကြီးက ကနုတ်တို့နားမှာ မီးခြစ်ခြစ်၍ ဖယောင်းတိုင်လေး တစ်တိုင်မှာ မီးညှိပေးလိုက်သည်။

နေက ကနုတ် လက်ကို လွှတ်ပေးလိုက်ပြီး သူ့လည်ကုပ်ကို လက်ဖဝါးဖြင့် အုပ်၍ ခေါင်းကို ဟိုဒီလှည့်ကာ ကနုတ်ကို မကြည့်ဘဲ တောင်လိုလို မြောက်လိုလို လုပ်နေသည်။

ကနုတ်ကလည်း ခပ်ပြင်းပြင်း ခုန်နေသော ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်လန့်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ဆက်ရပ်နေရမလား … ထွက်သွားရမလား မသိ။ သူ့ကို စကားပြောရမလား မပြောရမလား မသိဘဲ အူချာချာလေး ဖြစ်နေသည်။

ကနုတ်တို့ရှေ့မှာ ဖယောင်းတိုင်ကလေး ကိုင်ရင်း ရပ်နေသော အဒေါ်ကြီးက ကနုတ်နှင့် နေ့မျက်နှာကို တစ်လှည့်စီကြည့်ရင်း …

"မီးက တစ်ခါတလေ …၊ အင်း … တစ်ခါတလေ မကပါဘူး၊ ဒီလိုပဲ ပြတ်တတ်ပါတယ်၊ အင်ဗာတာလည်း အားသွင်းမထားမိဘူး၊ ခဏလေးနော် … မီးအားသွင်းထားတဲ့ မီးချောင်းလေး သွားရှာပေးမယ်"

ဟုပြောပြီး တစ်တိုင်တည်းသော ဖယောင်းတိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်၍ အခန်းထောင့် စားပွဲလေးဆီသို့ လျှောက်သွားသောအခါ ကနုတ်တို့ကြားမှာ ခပ်မှောင်မှောင် ပြန်ဖြစ်သွားလေသည်။

"အဟမ်း ... ဟမ်း ... ဟမ်း"

သူက လည်ချောင်းရှင်းလိုက်ပြီး ...

"ဒီအခန်းက တံခါးတွေပိတ်ပြီး အဲကွန်းအမြဲဖွင့်ထားတော့ အပြင်မှာ မှောင်လို့မှောင်မှန်း မသိဘူး၊ မိုးတောင်ချုပ်နေပြီပဲ ..."

"ဟုတ်တယ် ... ကျွန်မလည်း နာရီမကြည့်မိဘူး၊ ပြန်တော့မယ်၊ အောက်မှာ နီနီ မျှော်နေတော့မယ်"

အဒေါ်ကြီးက ဖယောင်းတိုင်လေး ကိုင်၍ ကနုတ်တို့နားသို့ ပြန်ရောက်လာကာ ...

"မီးချောင်းကလည်း အားမပြည့်လို့ မလင်းဘူး၊ ဖယောင်းတိုင်ပဲ ထွန်းထားရတော့မယ်၊ ခဏနေ မီးစက်နဲ့ ချိန်းပေးပါလိမ့်မယ်"

ဟု ပြောပြီး ကနုတ်တို့ ရှေ့က စားပွဲပေါ်မှာ ဖယောင်းတိုင် ထွန်းပေးထားလိုက်သည်။

ဖယောင်းတိုင် မီးရောင်ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် နီးနီးကပ်ကပ် မြင်လိုက်ရချိန်မှာ လန့်ဖျပ်သွားသလို ပြိုင်တူ မျက်နှာလွှဲမိကြသည်။

"တစ်ခုခု စားသွားပါဦးလား"

နေ့အံ့ပြောကြောင့် ကနုတ်က ချက်ချင်း ခြေလှမ်း မရွေ့နိုင်သေးဘဲ ...





"ဘာစားစရာ ရှိလို့လဲ ..."

"ခေါက်ဆွဲခြောက်ထုပ်တော့ ရှိတယ်၊ စားချင်ရင် ပြုတ်ပေးမယ်"

"မီးဖြင့် မလာဘဲနဲ့ ..."

"လာတော့မှာပါ၊ ဒီအချိန်ပျက်ရင် ခဏပါပဲ၊ မကြာဘူး၊ ပြန်လာတော့မှာ၊ မီးပြန်လာရင် ပြုတ်ကျွေးမယ်"

ဒီလိုဆို ရှင့်စကားက ကနုတ်ကို မီးပြန်လာတဲ့အထိ နေပါဦးဆိုတဲ့ သဘောလား ...။

ကနုတ်ရဲ့ ခြေလှမ်းတွေဟာ ခုထိ မရွေ့နိုင်သေး။

"ဟော ... မီးပြန်လာပြီ"

ဖျတ်ခနဲ ပြန်လင်းလာသည့် မီးရောင်များနှင့်အတူ အဒေါ်ကြီး၏ အသံက ဝမ်းမြောက်ဝမ်းသာ ထွက်ပေါ်လာသည်။

"ခဏစောင့် ... ခေါက်ဆွဲ သွားပြုတ်လိုက်ဦးမယ်"

နေက နောက်ဘက်သို့ လျှောက်သွားသည်။

ကနုတ်က အခန်းထောင့်ရှိ ဆိုဖာရှည်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

အဒေါ်ကြီးက ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။

ခဏနေတော့ နေက အငွေ့တထောင်းထောင်း ထနေသည့် ခေါက်ဆွဲပြုတ် နှစ်ပန်းကန်ကို လင်ဗန်းတစ်ချပ်ပေါ် တင်ကိုင်၍ ကနုတ်ဆီသို့ လျှောက်လာပါသည်။

"ကဲ ... တစ်ယောက် တစ်ပန်းကန် စားလိုက်ကြတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း ဗိုက်ဆာနေတာ၊ မင်းလည်း ဆာတယ်မဟုတ်လား ...”

“အင်း ...”

“ရော့ ... တူ ...”

ကနုတ်က သူလှမ်းပေးသော တူတစ်စုံကို လှမ်းယူလိုက်ချိန်မှာပဲ မီးက ပြန်ပြတ်သွားပြန်သည်။

အဒေါ်ကြီးက မီးခြစ်ခြစ်ကာ ဖယောင်းတိုင် ထွန်းရပြန်သည်။

“မီးကလည်း လာလိုက် ပြတ်လိုက်နဲ့ လူတွေကို အရူးလုပ်ပြန်ပြီ”

အဒေါ်ကြီးက ညည်းညူစကားဆိုရင်း အခန်း၏ တစ်ဖက်ထောင့်သို့ ပြန်လျှောက်သွားခဲ့သည်။

“ကဲ ... စားလိုက်ကြရအောင်”

နေက ပြောပြောဆိုဆို တူတစ်စုံကို ကောက်ကိုင်၍ အားပါးတရ စားလေသည်။ ကနုတ်ကလည်း ဗိုက်ဆာနေပြီမို့ ခေါက်ဆွဲပြုတ်ကို နှစ်နှစ်သက်သက် စားမိသည်။ ဖယောင်းတိုင် မီးကလေးကို အလယ်မှာထားကာ ပူနွေးအငွေ့ထွက်နေသည့် ခေါက်ဆွဲပြုတ်ကို နှစ်ယောက် ခေါင်းချင်းဆိုင်လုမတတ် ခပ်မြန်မြန်လေးစားရင်း နဖူး၊ နှာခေါင်းနှင့် မေးစေ့မှာ ချွေးတွေ စိမ့်ထွက်လာသည်။

နေက အရင်စားပြီးလျှင် အနားက ဂျာနယ်တစ်





စောင်ကို လှမ်းယူ၍ တစ်ဝက်ချိုးကိုင်လျက် ကနုတ်ကို ယပ်ခတ်ပေးနေရင်းက ...

“ဖြည်းဖြည်းစားပါကွ၊ လည်ပင်း နင်နေပါဦးမယ်၊ ချွေးတွေ သုတ်လိုက်ဦးလေ၊ ချွေးပေါက်တွေ ခေါက်ဆွဲပြုတ်ထဲ ပြုတ်ကျရင် ခေါက်ဆွဲက ပိုငန်လာတတ်တယ်”

ကနုတ်က နဖူးပေါ်က ချွေးတွေကို လက်ဖမိုးဖြင့် ပွတ်သုတ်လိုက်ရင်း တစ်ချက် ရယ်မိသည်။

ကနုတ် ခေါက်ဆွဲတစ်ပန်းကန် ကုန်ချိန်မှာ မီးပြန်လာသည်။

ကနုတ် ဖုန်းလေးကလည်း အသံမြည်လာသည်။

နီနီ ကနုတ်ကို ခေါ်နေပြီ ...။

“ဟဲလို ... နီနီ”

“မမလေး ... မမလေး တက်သွားတဲ့ တိုက်က မီးလာလိုက်ပြတ်လိုက် ဖြစ်နေတယ်၊ ဓာတ်လှေကားက မီးမလာရင် မရဘူး မဟုတ်လား၊ ကျွန်မ လာခေါ်ရမလား ...”

“နေ နေ ... မလာနဲ့ နီနီ၊ ငါ ခုပဲဆင်းလာတော့မယ်၊ ဒီတိုက်က ဓာတ်လှေကားအတွက် မီးစက်သီးသန့်ရှိတယ်၊ ခု မီးလည်းပြန်လာနေပြီလေ၊ အောက်ကပဲ စောင့်နေလိုက်၊ ငါ ခုလာပြီ”

ကနုတ် ဖုန်းပိတ်ပြီး နေ့ကိုလှမ်းကြည့်တော့ ကနုတ်မျက်နှာကို ငေးကြည့်နေခဲ့သော နေက ...

“သွားတော့မလား ...”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သွားတော့မယ်"

သွားတော့မယ်ဟုသာ ပြောရပေမယ့် ချက်ချ ခြေထောက်တွေက မရွေ့နိုင်ပါ။

"သွားတော့မယ် ..."

နောက်တစ်ကြိမ် နှုတ်ဆက်ပြီးချိန်မှာတော့ ကနှ သည် ကနုတ်အတွက် ထူးခြားသည့် အနိုက်အတန့်တစ်ခု ရင်ထဲထည့်သိမ်းလျက် အကခန်းမထဲမှ ထွက်လာခဲ့ရသည်။

နေက ခပ်ငိုင်ငိုင် ရပ်ကျန်နေခဲ့ပြီးမှ ရုတ်တရက် သိစိတ်ဝင်လာသလို ပုံစံဖြင့် ဆတ်ခနဲ ထရပ်လျက် ကနုတ်နောက် သို့ လိုက်လာပြီး လှမ်းမေးလိုက်သည်။

"အောက်ထိ လိုက်ပို့ရမလား"

"မပို့နဲ့ ..."

"ဒါဆို ဓာတ်လှေကားထိတော့ လိုက်ပို့မယ်"

ကနုတ် မငြင်းဖြစ်ပါ။

နေက ကနုတ်နောက်မှ လျှောက်လိုက်လာသည်။

ထို့နောက် ဓာတ်လှေကားဘက်ကို မျက်နှာမူ ဘေးချင်းယှဉ်ကာ ခပ်ခွာခွာလေး ရပ်လိုက်ကြသည်။

နေက ဓာတ်လှေကား ခလုတ်ကို လှမ်းနှိပ်လိုက် သည်။

ဓာတ်လှေကား အလာကို စောင့်ဆိုင်းနေချိန်မှာ နှစ်ယောက်စလုံး စကားမပြောဖြစ်ကြတော့ပါ။





ထိုအချိန်၌ သူနဲ့ ပထမဆုံး စဆုံခဲ့စဉ်က အဖြစ် အပျက်တွေကို ကနုတ် ပြန်မြင်ယောင်လာခဲ့မိသည်။

ဒီဓာတ်လှေကားရှေ့မှာပေါ့။ နာကျင် အံ့အားသင့် သွားသော မျက်နှာကလေးနဲ့ သူ ရပ်ကျန်ခဲ့ဖူးတာ ...။

ကနုတ် ပါးစပ်ကနေ သူ့ကို အထင်သေး နှိမ့်ချတဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်ခဲ့တာ ...။

အဆင့်မရှိတဲ့ ယောကျ်ားကို အထင်သေးလို့ ဆိုတဲ့ စကားမျိုးပြောခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ဟာ ခုတော့ ထိုယောကျ်ား ဘေးမှာ ရပ်တန့်လျက် ရင်ခွေးခွေး ခုန်လှိုက်နေခဲ့ရခြင်းဟာ ကနုတ်ကို ကံတရားက ပညာပေးလိုက်ခြင်းလား ...။ ကိုယ် မုန်းတီးအထင်သေးတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ရင်းနှီးတွယ်ငြိ လာမိတာဟာ အချစ်စောင့်နတ်ရဲ့ ဒဏ်ခတ်မှု တစ်ခုပဲလား ...။

"ကလင် ..."

ဓာတ်လှေကားတံခါး ပွင့်လာသံ ကြားရသည်။

ကနုတ်က သူ့ကို ကြည့်လည်းမကြည့်၊ နှုတ်ဆက် ဖို့ကိုပင် ထူပူမေ့လျော့စွာဖြင့် ဓာတ်လှေကားထဲသို့ လှမ်းဝင်လိုက် သည်။

ဓာတ်လှေကား တံခါး ပိတ်စပြုလျှင် ...

"ကနုတ် ..."

ခေါ်သံနှင့်အတူ ဓာတ်လှေကားတံခါးက ပြန်ပွင့် သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေက တံခါးကြားထဲသို့ သူ့လက်ကို ထည့်ကာ တံခါး ပြန်ဖွင့်စေခဲ့တာပင် ...။

ကနုတ်သည် ရင်ခုန် ထိတ်လန့်လျက် သူ့ကို လှမ်းကြည့်မိလျှင် သူကလည်း ကနုတ်ကို မျှောနစ်မောလျှစွာ စိုက်ကြည့်နေရင်း ...

"ခဏလေး နေပါဦး ... မင်းမျက်နှာလေးကို ကိုယ် ကြည့်နေချင်သေးလို့ ..."

အို ... ဘယ်လောက်တောင် ရင်ခုန်စရာကောင်းလိုက်တဲ့ အသံကလေးပါလိမ့် ...။ ခါတိုင်းနဲ့မတူ ထူးထူးခြားခြား နူးညံ့လိုက်လှဲနေလိုက်တာ။

"ကိုယ် ကြည့်ပါရစေ ... ကျေးဇူးပြုပြီး အရင်လို အထင်သေး လှောင်ပြောင်တဲ့ အပြုံးမျိုးတော့ မပြုံးလိုက်ပါနဲ့ ..."

သူ့ မျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်လေးတွေ ဝေ့ဝဲလျက်ရှိတာကို ကနုတ်ရဲ့ မျက်ရည်ဝေ့ဝဲသော မျက်ဝန်းများဖြင့် မြင်နေခဲ့ရပါသည်။

ထိုအခဏမှာ ဓာတ်လှေကားတံခါးက ပြန်ပိတ်သွားခဲ့ကာ သူ ကနုတ် မြင်ကွင်းရှေ့မှ ပျောက်ကွယ်သွားသည်။

ဓာတ်လှေကားက ငြိမ့်ခနဲ ဆင်းလာသည်။

ကနုတ် ရင်ထဲမှာလည်း သိမ့်ခနဲ လှုပ်ခါသွားခဲ့ရပါသည်။



(၁၆)

♥ ♥ ♥

"ကနုတ် ..."

"ဟင် ... အစ်ကို ..."

ဓာတ်လှေကားထဲမှ ထွက်၍ ကားပါကင်ဘက်သို့ လျှောက်လာခဲ့သော ကနုတ်သည် မမျှော်လင့်ဘဲ ကိုမိုးမြင့်နိုင်ကို တွေ့လိုက်ရတာမို့ လန့်သွားခဲ့မိသည်။

"အ ... အစ်ကို ဘယ်တုန်းက ပြန်ရောက်လဲ"

"ဒီနေ့ညနေပဲ ပြန်ရောက်တာ ...၊ ကနုတ်ဆီ လာမလို့ အိမ်ကထွက်လာရင်း ဒီကွန်ဒိုမှာ နေတဲ့ သူငယ်ချင်းဆီ ခဏဝင်ပြီး သူမှာလိုက်တဲ့ ပစ္စည်းတစ်ခု ဝင်ပို့တာ၊ တိုက်တိုက်ဆိုင်ဆိုင် ကနုတ်နဲ့ လာတွေ့နေတယ်၊ ကိုယ်က ဒီအချိန်ဆို ကနုတ်အိမ်မှာ ရှိမယ်လို့ပဲ ထင်တာ ...၊ ဒီက ထွက်တော့မှ ကားမောင်းရင်း ကနုတ်ဆီ ဖုန်းလှမ်းဆက်မလို့ပဲ၊ ကနုတ် ဘယ်ကိုလာတာလဲ၊ တစ်ယောက်တည်းလား၊ နီနီ မပါဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... နီနီက ကားထဲမှာ စောင့်ကျန်နေခဲ့တယ်၊ ကနုတ်ကို ဒီက မိတ်ဆွေမိသားစုက ထမင်းစားဖိတ်လို့ ထမင်းလာစားတာ"

"ထမင်းလာစားတာများ ဒီလောက်တောင် ပျော်လာရသလား ..."

"ရှင် ..."

"ကနုတ် ခတ်လှေထားထဲက ထွက်လာကတည်းက ကိုယ်လှမ်းကြည့်နေတာ၊ ကနုတ် မျက်နှာလေးက ပြုံးနေတာပဲ"

"ဟင် ... ဟုတ်လို့လား၊ ကနုတ် မပြုံးမိပါဘူး"

"ကိုယ့်ကိုယ်ကိုယ် ပြုံးမှန်းမသိအောင်တောင် ပြုံးလာတယ်ဆိုတော့ ဘာတွေများ ကြည်နူးပြုံးပျော်စရာ တွေ့လာလို့လဲ"

"အဟင်း ... ဒီလိုပါပဲ၊ မိတ်ဆွေအရင်းအချာတွေနဲ့ ဆုံတုန်းရယ်စရာတွေ ပြောဖြစ်လာတာပေါ့"

"ကနုတ် အရမ်းပြောင်းလဲနေတယ်နော်"

"ရှင် ..."

"ရော် ... ဘာလေးပဲ ပြောလိုက်ပြောလိုက် အလန့်တကြား 'ရှင်' နေတော့တာပဲ၊ ကိုယ့်စကားက ဘာများ လန့်စရာကောင်းလို့လဲ ... ၊ ကိုယ်က ကနုတ်ပုံစံလေး ထူးထူးခြားခြား ဖြစ်နေတာကို သဘောကျလို့ပါ၊ ဒီလို ဆောင်းဘီဖိုးကွာတားလေးနဲ့ တီရှပ်လေး ဝတ်ထားတဲ့ ပုံမျိုး ကိုယ်တစ်ခါမှ မတွေ့ဖူးဘူးလေ၊ ပြီးတော့ ဒီလို ပေါ့ပါးလန်း





ဆန်း တက်ကြွနေတဲ့ ပုံမျိုးလည်း မမြင်ဖူးဘူး၊ ကနုတ်ကို ကြည့်လိုက်ရင် အမြဲတမ်း ဣန္ဒြေလေးတစ်ခွဲသားနဲ့ ခပ်ငြိမ်ငြိမ် ပုံစံလေးပဲ ဖြစ်ဖြစ်နေတတ်တာလေ ..."

"ဟိုလေ ... ကနုတ်လည်း တစ်ခါတလေ အပြောင်းအလဲလေး ဖြစ်အောင် ပေါ့ပေါ့ပါးပါး ဝတ်စားနေထိုင်ကြည့်တာပေါ့ ..."

"ကောင်းပါတယ် ... ကိုယ်ကတော့ သဘောကျတယ်၊ ကဲလာ ... ဟိုဘက်လမ်းကြားထဲက ကော်ဖီဆိုင်လေးမှာ သွားထိုင်ကြရအောင် ... ၊ ပြီးရင် ကနုတ်ကို အိမ်ပြန်လိုက်ပို့ရင်း ကနုတ် မေမေနဲ့ ဘွားဘွားကို ဝင်နှုတ်ဆက်မယ်၊ နီနီ့ကို ပြန်လွှတ်ချင် လွှတ်လိုက်လေ၊ အန်တီ့ဆီ ကိုယ်ဖုန်းဆက်ပြီး ခွင့်တောင်းလိုက်ဦးမယ်"

သူက မေမေ့ဆီဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်းပြောကာ ခွင့်တောင်းလိုက်ပါသည်။ မေမေ ခွင့်ပြုတော့မှ နီနီ့ကို ပြန်လွှတ်လိုက်ပြီး လမ်းတစ်ဖက်ခြမ်းက ကော်ဖီဆိုင်လေးသို့ ထွက်လာခဲ့ကြသည်။

အဲ့ဒီနောက် ကော်ဖီသောက်ရင်း စကားတွေ ပြောကြသည်။ သူက သူ ဟိုမှာ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံတွေကို ဗဟုသုတဖြစ်ဖွယ်ရာ စိကာပတ်ကုံး ပြောပြသည်။ ကနုတ်က ဖွင်းလာသည်။ ကနုတ်ကို သတိရကြောင်းတွေပြောသည်။ ကနုတ် ဘယ်လိုမှ မခံစားရ ... ။ သူက သဘောကျစရာကောင်းသည့် သို့သော် ငြိတွယ်ဖို့မကောင်းတာကို ကနုတ် သိလာသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



မက်မောစရာကောင်းသော်လည်း ကနုတ် စိတ်ကို မတုန်လှုပ်စေနိုင်ပေ။

သူနဲ့အတူ ထိုင်နေရင်းကပင် ကနုတ်ရဲ့ ပူဆွေးခဲ့သော နှလုံးသားသည် ပြန်လည် အေးစက်သွားခဲ့ရသည်။ ပူဆွေးခြင်းကို သိလာတော့မှ အေးစက်ခြင်းဟာ ဒီလိုပါလားဟု သိမြင်လာသည်။ ရင်ခုန်ခြင်းကို သိလာရတော့မှ ရင်မခုန်တာဟာ ပျင်းရိဖွယ်ဖြစ်ကြောင်း သိလာရသည်။ လေနှင့်အတူ လွင့်သော တိမ်စိုင်ဖြူကလေးလို ပေါ့ပါးမျောလွင့် လွတ်လပ်သော စိတ်ခံစားမှုကို သိတော့မှ အကျဉ်းကျ လေးလံသော စိတ်ခံစားမှုဆိုတာ ဒီလိုပါလားဟု သိလာရသည်။ ဂုဏ်ဒြပ်တွေ ပကာသနတွေရဲ့ အရိပ်မိုးမှုမပါဘဲ လူကို လူချည်းသက်သက် မြင်တတ်လာတော့မှ ဂုဏ်ဒြပ် အရောင်ခြယ်သထားသော လူဆိုတာ ဘာမှလည်း ထူးခြားမနေပါလားဟု တွေးမိလာသည်။

အို ... ကနုတ် ဘာတွေ တွေးမိနေတာပါလိမ့် ... ။

အစ်ကိုဟာ ကနုတ် လက်ထပ်ရမည့် ကနုတ် ဘဝအတွက် သင့်တော်ဆုံး လူတစ်ယောက်ဆိုတာကို ကနုတ် မမေ့သင့် ... ။

သုံးလဆိုတဲ့ အချိန်ကာလ လွန်မြောက်ချိန်မှာ အိပ်မက်ပမာ လွင့်ပြယ်သွားရမည့် ယောကျ်ားတစ်ယောက်ကို အတွေးထဲအထိတောင် ကြာကြာ ခေါ်ဆောင်ထားဖို့ မသင့်တာကို ရွှေကနုတ်ရဲ့ ဦးနှောက်ထဲမှာ သံမှိုစွဲ၍ မှတ်ထားသင့်ပေသည်။



(၁၇)

♥ ♥ ♥

တေးဂီတသံက သာယာဖွယ်ဖြစ်သော်လည်း ကနုတ် မသာယာမိပေ ... ။

နေ့ရဲ့ ကကွက်တွေက လှပသော်လည်း ကနုတ် မျက်စိထဲမှာတော့ ကြည့်လို့ကို မရပေ ... ။

နေသည် အဖြူရောင် ဘောင်းဘီနှင့် အဖြူရောင် ကိုယ်ကျပ် လက်ရှည်အင်္ကျီလေးကို ဝတ်ထားကာ သူ့လိုပဲ အဖြူရောင်လေး ဝတ်ထားသော လှိုင်းနှင့်အတူ တွဲကနေခဲ့သည်။

စတိတ်စင်မြင့်ပေါ်မှာ အဆိုတော်က သီဆိုနေပြီး နေနှင့် လှိုင်းက သီချင်းနှင့် လိုက်ဖက်သည့် ပါဖောမင့် ကကွက်တွေဖြင့် ကပြနေခဲ့ကြခြင်းပင် ... ။

မီးရောင်စုံ ဆလိုက်တွေက သူတို့နှစ်ယောက်အပေါ်သို့ လင်းဖြာနေသည်။ အဖြူရောင် ဂါဝန်ကားကားလေး ဝတ်ထားသော လှိုင်းရဲ့ ခြေတံတွေက လှပပျော့ပျောင်းလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နေက လှိုင်းရဲ့လက်ကိုဆွဲ၍ ခါးကလေးကို ဖက်လိုက်တိုင်း လှိုင်းရဲ့ ခန္ဓာကိုယ်လေးက ညွတ်ပျော့လျက် နေ့ရင်ခွင်နှင့် နီးကပ်သွားတတ်တာကို ကြည့်ရင်း ကနုတ်ရဲ့ ရင်ဘတ်ထဲမှာ လှိုက်ဟာဟာကြီး ဖြစ်ဖြစ်လာတတ်သည်။

ကကွက်တွေက တယ်လည်း ဖက်ပါလား ...။ နေဟာ လှိုင်းနဲ့ ကမှာမို့လို့ လက်ကလေးကို လှမ်းလှမ်းဆွဲပြီး ခါးကို လှမ်းလှမ်းဖက်ရတဲ့ ကကွက်မျိုးကို ဦးစားပေး ထွင်ထားခဲ့တာလားဟု တွေးမိတော့ ကနုတ်က နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်သည်။

တကယ်ဆို ဒီလိုပွဲတွေကို ကနုတ် မကြည့်ချင်ပါဘူး။ နေက လက်မှတ်တစ်စောင် ပေးပြီး ဖိတ်ခေါ်လို့သာ စွန့်စွန့်စားစား လာကြည့်ရတာ ...။ ကိုမိုးမြင့်နိုင်နဲ့အတူ dinner စားမှာလို့ လိမ်ပြီး ကနုတ်တစ်ယောက်တည်း ထွက်လာခဲ့ရတာ ...။

နေရဲ့ ဘာမဟုတ်တဲ့ စုံတွဲအကကို ကြည့်ဖို့အတွက် ဒီလို စွန့်စွန့်စားစား ထွက်လာခဲ့မိတာ ကနုတ့် အမှားပဲပေါ့ ...။

သီချင်းဆုံးသွားချိန်မှာ လက်ခုပ်သံတွေ ဟိန်းထွက်သွားသည်။ ကနုတ်ကတော့ တမင် လက်ခုပ်မတီးဘဲ နေလိုက်သည်။

နေတို့အတွဲက စင်နောက်ဘက်သို့ ဝင်သွားခဲ့ပြီ။

ကနုတ်ကလည်း ဆက်ကြည့်ချင်စိတ် မရှိတော့တာမို့ စတိတ်ရှိုးကျင်းပရာ သုဝဏ္ဏကွင်းထဲက ပြန်ထွက်လာခဲ့ပါသည်။

ကနုတ်က ကားရပ်ထားသည့်ဘက်သို့ လျှောက်လာနေဆဲ ...





"ဟော့ ... ရွှေကနုတ် ..."

နေ့ ခေါ်သံကြောင့် ကနုတ်က ခပ်တည်တည်ပင် လှည့်ကြည့်လိုက်သည်။

သူက ကနုတ်ဆီ ပြေးလာကာ ...

"ပြန်တော့မလို့လား၊ နောက် နှစ်ပုဒ် ဆိုပြီးရင် ကိုယ်တို့ နောက်တစ်ခါ ကရဦးမှာ၊ အားမပေးတော့ဘူးလား ..."

"မပေးတော့ဘူး ..."

"ဘာဖြစ်လို့လဲ ..."

"ပျင်းစရာကောင်းလို့ ..."

ကနုတ်က နှုတ်ခမ်းတစ်ဖက်ကို အိုဗာအမူအရာနှင့် မဲ့၍ ပြောလိုက်တော့ နေက ဟက်ခနဲ ရယ်ရင်း ...

"ဒီလောက် မြူးကြွတဲ့ အကကိုများ ပျင်းစရာကောင်းတယ်ဟုတ်လား ..."

"ပျင်းစရာကောင်းရုံတင် မဟုတ်သေးဘူး၊ စိတ်ညစ်စရာကလည်း ကောင်းသေး၊ ကတာ လှမှမလှတာ၊ ခြေထောက်တွေကလည်း ကြက်ခွပ်နေသလိုပဲ၊ ဘာကြီးမှန်း မသိဘူး၊ လုံးဝ ပုံမကျ ပန်းမကျ ကနေတာများ မနည်းကို ပြီးတဲ့အထိ သည်းခံကြည့်ခဲ့ရတယ်"

"ကိုယ် သိပါတယ်၊ မင်း သဝန်တိုလို့ အမြင်စောင်းသွားတာပါ"

"ဘာ၊ ဘာကိစ္စ သဝန်တိုရမှာလဲ ...၊ ရှင်နဲ့ ကျွန်မက သဝန်တိုရမယ့် ဆက်ဆံရေးမှ မဟုတ်တာ ... ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးထားမိလို့သာ ...၊ ရှင် ကူညီပေးခဲ့တဲ့ ကျေးဇူးကို ထောက်ထားလို့သာ ဒီသုံးလ ဆက်ဆံရေးကို အောင့်အီး ကြိတ်မှိတ် သည်းခံနေနေတယ် မှတ်ပါ၊ သုံးလပြည့်သွား ပြီးရင်တော့ ရှင်က ကျွန်မအတွက် စာရင်းမရှိတဲ့ လူ တစ်ယောက်ပဲ ...”

“မင်း တကယ်ပြောနေတာလား ...”

“ဟုတ်တယ်၊ အမေ့ ...”

ကနုတ်က ခေါင်းညိတ်မိဆဲမှာ သူက ကနုတ်ရဲ့ လက်ဖဝါးကလေးကို ဖျတ်ခနဲ လှမ်းဆွဲလိုက်တာမို့ ကနုတ်က ရုတ်တရက် သူနဲ့ ပို၍နီးကပ်သွားသည်။ ကနုတ်က တုန်လှုပ်စွာ ဖြင့် သူ့ကိုမော့ကြည့်စဉ် သူက ကနုတ် မျက်နှာလေးကို နီးကပ်စွာ ငုံ့ကြည့်လိုက်ရင်း ...

“ကိုယ့်မျက်လုံးတွေကို သေသေချာချာ ကြည့်ပြီး နောက် တစ်ခါ ထပ်ဖြေလိုက်ပါဦး ...၊ မင်း အခုပြောနေတာ အတည်လား ...”

“ဟုတ်တယ် ... အတည်ပဲ”

“ညာတာ ...”

နေက ကနုတ်ရဲ့ ပခုံးစွန်းကလေးကို လက်ဖနောင့် ဖြင့် ဆတ်ခနဲ တွန်းပစ်လိုက်ပြီး ချာခနဲ လှည့်ထွက်လိုက်စဉ် ...

“ဖြောင်း ... ဖြောင်း ... ဖြောင်း ...”

နီးကပ်စွာ ကြားလိုက်ရသော လက်ခုပ်သံ သုံးချက် ကြောင့် နေက လက်ခုပ်သံလာရာသို့ ချာခနဲ လှည့်ကြည့်လိုက်၏။





နေ့မျက်နှာ တင်းမာသွားတာကို မီးရောင် ဖျော့ဖျော့အောက်မှာပင် သေချာစွာ မြင်လိုက်ရတာမို့ ကနုတ်ကလည်း နေ ကြည့်သည့် ဘက်သို့ လှမ်းကြည့်လိုက်သည်။

အသက် ၅၀ ဝန်းကျင်ဟု ထင်ရသော ယောကျ်ား တစ်ယောက်က ရပ်ထားသော ကားတွေကြားမှ ကနုတ်တို့ဘက်သို့ လျှောက်လာရင်း ...

“ငါ့သားက တယ် အောင်မြင်နေပါလား၊ မင်းဘယ်ဆိုး လို့လဲကွ ... ဟင်”

“ဒက်ဒီ ...”

နေက ဟန့်တားသလို ခပ်ဆတ်ဆတ် အော်လိုက် ရင်း ကနုတ်ဘက်သို့ ပြန်လှည့်လာသည်။ ထိုသူကတော့ ကနုတ် ကိုသာ စူးစူးစိုက်စိုက်ကြည့်ရင်း ကနုတ်ဆီသို့ လျှောက်လာလိုက် ပါသည်။

“ဒက်ဒီ ... ဒီကိုဘာလာလုပ်တာလဲ”

“ဟောဗျာ ...၊ ဒီအချိန် ဒီကိုလာမှတော့ စတိတ်ရှိုးကြည့်ဖို့ ပေါ့ကွ ...၊ သက်လေး ကြည့်ချင်တယ်ဆိုလို့ လိုက်ပို့တာ၊ မင်း ကတာ တွေ့လိုက်ပါတယ်၊ မဆိုးပါဘူး၊ ငါက ကားထဲမှာ ဖုန်းကျန်နေခဲ့လို့ ပြန်လာယူရင်း မင်းတို့ကို တွေ့လို့ လာနှုတ်ဆက်တာပါ၊ nice to meet you သမီး၊ တွေ့ရတာ ဝမ်းသာပါတယ်၊ အန်ကယ်လ်က နေ့ ဒက်ဒီပါ၊ သမီးကိုတော့ အန်ကယ် မြင်ဖူးပါတယ်၊ သမီး ပွဲတက်တဲ့ ဓာတ်ပုံတွေ တော်တော်များများကို မဂ္ဂဇင်းတွေထဲမှာ မြင်ဖူး

www.burmeseclassic.com



တယ်၊ သမီးက နာမည်ကြီး သူဌေးသမီးလေးပဲ၊ သမီးတို့ ဆိုင်ကလည်း အရမ်းအောင်မြင်တယ်နော် ...”

ထိုသူက ကနုတ်ကို ပြုံးပြ စကားဆိုရင်း ကနုတ်ထံ လက်ကမ်းပေးလိုက်သည်။ ကနုတ်ကလည်း လူကြီးကို မရိုင်းမှု ချင်တာမို့ လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

နေ့မျက်နှာ တင်းသထက် တင်းလာတာကိုတော့ ကနုတ် နားမလည်နိုင် ...။

“ဒက်ဒီ ... ကျေးဇူးပြုပြီး သွားပါတော့”

နေ့ ဒက်ဒီက တစ်ချက် ရယ်လိုက်ရင်း ...

“ငါ ဒီမှာ အေးအေးဆေးဆေး နှုတ်ဆက်ပါရစေဦးကွာ မင်း သွားလေ၊ ကစရာရှိတာ သွားကတော့ ...”

“ဒက်ဒီ သွားပါတော့ ...”

“အိုခေ ... မင်း မနှင်လည်း ငါသွားမှာ စိတ်ချ၊ ကားထဲမှာ ပစ္စည်းယူပြီး ပွဲခင်းထဲကို ပြန်သွားလိုက်မယ် ...”

နေက နောက်တစ်ပုဒ်အတွက် ကရမည့်အချိန် နီး ကပ်နေပြီမို့ မတတ်သာတော့ဘဲ ရုံထဲသို့ ပြန်ဝင်သွားခဲ့ရသည်။

နေ့ ဒက်ဒီက ကတိမတည်ပါ။

လက်ပိုက်လျက် ကနုတ်ရှေ့မှာ ပိတ်ရပ်ထားလိုက် ရင်း ...

“သားအကြောင်း သမီးသိအောင် ပြောပြထားရဦးမယ်။ သားက လှုပုံကြည့်ရင်သာ ဟောရောလို့ ထင်ရပေမယ့် သူ့နှလုံးသားကတော့ ရိုးစင်းလွန်းတယ် သမီးရဲ့ ...။





သူ့ဘေးနားမှာတော့ မိန်းကလေးတွေ ဝိုင်းနေတာပဲ၊ ဒါပေ မယ့် သူက ဘယ်သူ့မှ စိတ်မဝင်စားဘူး၊ အပျော်လည်း မတွဲဘူး၊ သူ့လို လူငယ်လေး တစ်ယောက်က ခုချိန်ထိ ရည်းစားမထားဖူးသေးဘူးလို့ ပြောရင် ယုံမယ့်သူ တော် တော်ရှားလိမ့်မယ် ...”

“အန်ကယ်လ် တစ်ခုခု နားလည်မှုလွဲနေပုံရတယ်၊ ကျွန်မ နဲ့ နေက မိတ်ဆွေတွေပါ ...”

နေ့ ဒက်ဒီက ပြုံးသည်။ သူ့အပြုံးက မယုံသကာ့ အပြုံးမျိုး။

“မိတ်ဆွေတွေလား ...၊ အင်း ... မိတ်ဆွေဆိုလည်း မိတ် ဆွေတို့ ဝတ္တရားအရ အန်ကယ့်လ်သားမှာ အခက်အခဲလေး တွေ ရှိရင် ကူညီဖြေရှင်းပေးလိုက်ပါ သမီးရယ်၊ နေက အခု အကသင်တန်းကျောင်း ဖွင့်ထားတဲ့ အခန်းကို ငှား ထားရတာ သမီးရဲ့၊ အခန်းခက အရမ်းများတော့ သူ့ခများ အဆင်မပြေရှာဘူး၊ သမီးမှာ ဒီလိုအခန်းမျိုးတွေ ပေါပေါ များများ ရှိမှာပဲ ...၊ သူ့အတွက် ကွန်ဒိုတစ်ခန်းလောက် ပေးလိုက်လို့လည်း သမီးအတွက် အပမ်းမကြီးဘူး မဟုတ် လား ...”

ကနုတ်သည် နေ့ဒက်ဒီကို တအံ့တသြကြည့်မိရင်း ဒေါသလည်းထွက်၊ အထင်လည်း သေးသွားမိသည်။ အဆင့်မရှိတဲ့ လူ ...။ သားကို အယောင်ပြပြီး သူဌေးသမီးဆီက ချူချယ်ချင်တဲ့ သူ ...။



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုရေ… ကိုကို၊ ဖုန်းသွားယူတာ ကြာလိုက်တာ၊ ဘာလုပ်နေတာလဲ …”

“ဟော … သက်လေး”

မလှမ်းမကမ်းက ခေါ်သံကြောင့်သာ နေ့ ဒက်ဒီက စကားမဆက်တော့ဘဲ …

“လာပြီ သက်လေးရေ…၊ ဒီမှာ သားရဲ့ မိတ်ဆွေ… အင်း … မိတ်ဆွေပဲ ဆိုပါတော့ကွာ၊ ရွှေကနုတ်လေ …၊ တော်ဝင်ဂန္ထမာ စိန်ဆိုင်က သူဌေးသမီး၊ သူနဲ့တွေ့လို့ စကားကောင်းနေတာ၊ သမီး အန်ကယ်လ် သွားပြီနော်”

ကနုတ်ရှေ့မှ ထွက်သွားလိုက်ပြီဖြစ်သော နေ့ဒက်ဒီရဲ့ ကျောပြင်ကို လှမ်းကြည့်ရင်း ကနုတ်က ဒေါသ တန့်နံ့ ဖြစ်ကျန်ခဲ့ရလေသည်။



(၁၈)

❤ ❤ ❤

နောက်တစ်နေ့ မနက်မှာ ကနုတ်က နေ့ကို စကားအပြတ်ပြောဖို့ ဆုံးဖြတ်လျက် နေ့ အကခန်းမသို့ ရောက်လာသည်။

ရုံးခန်းကျဉ်းကျဉ်းလေးထဲကို ဝင်လာမိတော့ စားပွဲနောက်မှာ ထိုင်၍ ဂိမ်းဆော့နေသော နေ့ကို တွေ့ရသည်။

“နေ …”

သူက မော့ကြည့်လာသည်။

သူ မခေါ်ဘဲ ရောက်လာသည့် ကနုတ်ကို ကြည့်သည့် မျက်ဝန်းတွေက ဖျတ်ခနဲ တောက်ပလာသော်လည်း နှုတ်ခမ်းတွေက ခပ်တင်းတင်းစေ့နေသည်။

“ရှင့်ကို ကျွန်မ ပြောစရာရှိလို့ လာတာ …”

“… …”

“ရှင်နဲ့ ကျွန်မက သုံးလပြည့်မှ စာရင်းမရှိတော့မှာ မဟုတ်ဘူး၊ ခုကတည်းက စာရင်းမရှိတော့ဘူးလို့ပဲ မှတ်လိုက်ပါ”

“… …”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင်တို့လို လူမျိုးတွေနဲ့ မပတ်သက်ချင်တော့ဘူး"

"ရှင်တို့ ဆိုတာက ၊ ..."

"ရှင်နဲ့ ရှင့်အဖေပေါ့ ...၊ ရှင့်အဖေ ကြည့်ရတာ ကျွန်မရဲ့ မိန်းကလေးတစ်ယောက်ကိုသာ ချွေးမတော်လိုက်ရရင် အပိုင်ပဲဆိုတဲ့ ပုံမျိုး အရှမ်းသိသာလွန်းတယ်၊ ရေလာမြောင်းပေး စကားတွေက အရမ်းလည်း ရယ်စရာကောင်းတယ်၊ ကျွန်မ ပိုင်ဆိုင်တဲ့ ဘဝနဲ့ ခနကို မက်မောပုံက ဖုံးမရ ဖိမရ ပေါ်လွင်လွန်းတယ်၊ ရှင့်အဖေကို ရှင် ဘာတွေပြော ထားလို့ ရှင့်အဖေက ဒီလောက် အပိုင်တွက်ထားတာလဲ၊ ယောကျ်ားတန်မဲ့နဲ့ မိန်းကလေးတစ်ယောက်ဆီက ပေးကမ်း မှုကို မျှော်လင့်နေတာလောက် ရက်စရာကောင်းတာ မရှိ တော့ဘူး နေ၊ ကျွန်မမှာ ကျွန်မနဲ့ အဆင့်အတန်းချင်းတူတဲ့ ကျွန်မ လက်ထပ်ရမယ့် သူတစ်ယောက် ရှိပြီးသားဆိုတာ ရှင့်အဖေကို ပြောပြလိုက်စမ်းပါ၊ ရှင် ကျွန်မကို ကူညီထား တဲ့အတွက်တော့ ရှင့်ကို ကျေးဇူးတင်ပေမယ့် ကျွန်မ ရှင်နဲ့ မပတ်သက်ချင်တော့ဘူး ...၊ ကျွန်မ ရှင့်ဆီကို ဘယ်တော့မှ မလာပါရစေနဲ့တော့ ..."

သူ့မျက်လုံးတွေဟာ စိမ်းလက်စူးရှလာပါသည်။

"ကောင်းပြီ ..."

"... ..."

"သွားပေါ့ ..."

"... ..."





"နောက် ဘယ်တော့မှ မလာနဲ့တော့၊ ကိုယ်က ယောကျ်ား ပိုင်းလုံးလေ၊ မင်းလို သူဌေးသမီး နုနုထွတ်ထွတ်လေးကို ငါ့ထောင်ချောက်ထဲ ကျလာမလားလို့ နည်းမျိုးမျိုးနဲ့ ဖျား ယောင်းကြည့်နေတာ ...၊ မင်း ငါ့ကိုချစ်လာအောင် ငါ ကြိုးစားနေတာ၊ မင်းမှာ လက်ထပ်ရမယ့်သူရှိလည်း ငါ ဂရုမစိုက်ဘူး၊ အဲ့ဒီသူကို ထားခဲ့ပြီး မင်း ငါ့ကို ချစ်လာစေ ရမယ်၊ မင်း ငါ့ကိုချစ်လာပြီးရင် လက်ထပ်ခွင့်ရဖို့ နည်း အမျိုးမျိုးနဲ့ ကြိုးစားဦးမှာ၊ မင်းနဲ့သာ လက်ထပ်ခွင့်ရလိုက် ရင် ငါတို့သားအဖရဲ့ဘဝမှာ ဘာမှပူစရာ မလိုတော့ဘူး၊ ပွဲသိမ်းပဲ ..."

နေသည် ကနုတ်ကိုကြည့်လျက် တစ်လုံးချင်း ပြတ်သားစွာ ပြောလိုက်လေသည်။

"ကဲ ..."

ကနုတ်သည် ဖျတ်ခနဲ သူ့ပါးကို လှမ်းရိုက်လိုက်၏။ သူက ဟွန့်ခနဲ တစ်ချက်ရယ်ကာ ကနုတ်ကို ထိမထင်ကြည့် နေခဲ့သည်။

ကနုတ်မှာတော့ သူ့ကို ရိုက်မိသည့် တစ်ခဏမှာ ငိုချင်ပြင်းပြလာသည်။

ငိုမချမိခင်လေးမှာပင် ကနုတ် သူ့ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရက်နဲ့တောင် သူမကို ကိုယ့်နှလုံးသားထဲထိ အဝင်ခံလိုက်မိတာဟာ ကိုယ့်ရဲ့ မိုက်ပြစ်တစ်ခုသာပေါ့ ...။

ကိုယ့်ကို အထင်သေးတဲ့ မိန်းမတစ်ယောက်ကို မုန်းရင်း မုန်းရင်းနဲ့ပဲ ချစ်မိသွားတဲ့ ကိုယ့်အဖြစ်ဟာ တဆိတ်တော့ ရင်နာစရာကောင်းလွန်းသည်ဟု ထင်သည်။

ခုမှ သူမနဲ့ရင်းနှီးခွင့်ရခဲ့တာ နှစ်လလေ ...။ နှစ်လဆိုတဲ့ အချိန်ကာလလေးမှာ ဘာ့ကြောင့် ကိုယ့်စိတ်တွေ ဒီလောက်ပြောင်းလဲခဲ့ရတာလဲ ...။

တကယ်တော့ သူမကို နိပ်ကွပ်ချင်စိတ်လေးတစ်ခုတည်းနဲ့ သုံးလတွဲခွင့်ရဖို့လောက်သာ ရည်ရွယ်ခဲ့တာပါ။

ချစ်ဖို့လည်း မရည်ရွယ်ခဲ့ပါ ...။ ဒုက္ခပေးဖို့လည်း မကြံရွယ်ခဲ့ပါ။ သူမ အထင်သေးတဲ့ ယောက်ျားတစ်ယောက်နဲ့ တွဲရတဲ့အတွက် သူမစိတ်မှာ ကသိကအောက် စိတ်ဒုက္ခရောက်ဖို့လောက်ပဲ ဦးတည်ချက် ရှိခဲ့တာပါ ...။

ခုတော့ ဘာဖြစ်ရတာလဲ ...။ ဟောဒီ နှလုံးသားကြီးက ဘာဖြစ်ရတာလဲ ...။

ဒက်ဒီနဲ့ ပတ်သက်ပြီး နာကျင်ရတဲ့ ခံစားမှုရယ်၊ သူမကို တွယ်ငြိမိတဲ့အတွက် ခံစားရတဲ့ နာကျင်မှုရယ် ...။ ခံစားချက် နှစ်ခုက ကိုယ့်နှလုံးသားကို ထိုးဆွနေလိုက်တာ ရင်ခွင်တစ်ခုလုံး ပဲ့ကြွေကျမတတ်ပါပဲ ...။

မင်း ဒီလောက်တောင် ပျော့ရသလား နေ့...။



(၁၉)

❤ ❤ ❤

နေက အရိုက်ခံလိုက်ရသည့် ပါးတစ်ဖက်ကို လက်ဖြင့် အုပ်ကိုင်လိုက်ရင်း ဟက်ခနဲ တစ်ချက်ရယ်သည်။ ရယ်သာရယ်ရသော်လည်း ရင်ထဲမှာ နာကျင်လှတာကိုတော့ ကိုယ့်ဘာသာသိပါသည်။

ကိုယ့်ဘဝ၊ ကိုယ့်အခြေအနေ၊ ကိုယ့်အဖေနဲ့ ပတ်သက်ပြီး ခံစားရသမျှကို စာဖွဲ့ ညှိုးငယ်မနေချင်သော နေကခုလိုပဲ နာကျင်ခံစားရတိုင်း ရယ်မောခြင်းဖြင့်သာ အစွဲ့တိုက်လေ့ရှိခဲ့တာပင်။

အထူးသဖြင့်တော့ မတန်မရာ ချစ်မြတ်နိုးမိပါသော သူဌေးသမီးကလေးနဲ့ ပတ်သက်ရင် ပိုပြီး အစွဲ့တိုက်ချင်ခဲ့ပါသည်။

သူမရဲ့ နာကြည်းစရာကောင်းသော စကားလုံးတွေက ခုထိ ရင်ထဲကို စူးဝင်နေတုန်းပင်။ အဆင့်မရှိတဲ့ ယောက်ျားတဲ့၊ အထင်သေးတယ်တဲ့ ...။ ထိုစကားလုံးတွေက နာကြည်းစရာ



www.burmeseclassic.com

www.burmeseclassic.com



နေသည် ပျော့ကျလာတဲ့ ကိုယ့်စိတ်ကို ကိုယ် မုန်းတီးစွာ အံတစ်ချက်ကြိတ်လိုက်ပြီး ဆတ်ခနဲ ခေါင်းတစ်ချက် ခါလိုက်သည်။

ထို့နောက် သူ့အကခန်းမရဲ့ တံခါးမကြီးကို ပိတ်ပစ်လိုက်ပါသည်။

ရှင်းလင်းတိတ်ဆိတ်နေသော ခန်းမကျယ်ကြီးထဲမှာ သူတစ်ယောက်တည်းသာ ရှိနေခဲ့ပါသည်။

နံရံပြည့် မှန်ချပ်ကြီးရှေ့က ဖြတ်အလျှောက်တွင် သူ့မျက်လုံးတွေကို သူပြန်မြင်ကာ လန့်သွားခဲ့ရသည်။

အမြဲလို စူးရှတောက်ပလျက် ရဲရင့်ဝံ့စားနေခဲ့သော၊ စိတ်ငြိမ်မှုနှင့် ထက်မြက်မှုတွေကို ဖော်ပြနေခဲ့သော သူ့မျက်ဝန်းတွေဟာ အံ့ဩဖွယ်ရာ မှေးမှိန်ဖျော့တော့လျက် ရှိသည်။

အမြဲတမ်း အကပြီး အက၊ အကမှာသာ ငြိတွယ်နေခဲ့သော သူ့မျက်ဝန်းများသည် အချစ်မှာ ငြိတွယ်ခြင်းဖြင့် ကျဆုံးမှိန်ဖျော့လျက်ရှိသည်။

သူ့မျက်ဝန်းတွေဟာ ယုံကြည်မှုမဲ့သော မျက်ဝန်းတွေအဖြစ်သို့ အရောင်ပြောင်းနေသည်။

မျှော်လင့်ချက်မဲ့သော မျက်ဝန်းများအဖြစ် ညှိုးမှိန်လျက်ရှိသည်။

သွားစမ်းကွာ … ဒါဟာ နေ မဟုတ်ဘူး။

နေ့ရဲ့ မျက်ဝန်းတွေ မဟုတ်ဘူး။

ခုလိုဖြစ်ရတာဟာ နေ့ ထုံးစံမဟုတ်ဘူး။





မဟုတ်ဘူး …။

မဟုတ်ဘူး …။

သူက သူ့စိတ်ထဲသို့ ရောက်ရှိလွှမ်းမိုးလာသမျှတွေကို အပြင်းအထန် ငြင်းပယ်နေရသည်။

တကယ်တော့ နေ ဆိုတဲ့ dancer တစ်ယောက်ရဲ့ ဘဝကို အက ကသာ လွှမ်းမိုးနိုင်ခဲ့တာ မဟုတ်လား …။ အက ကသာ အရေးကြီးဆုံးပဲ မဟုတ်လား။

ခုတော့ ကံတရားရဲ့အလိုတော်အရ အချစ်က သူ့ဘဝကို လွှမ်းမိုးလာခဲ့ပြီ။ အရေးကြီးလာခဲ့ပြီ …။

နေသည် ခံစားရသမျှကို ငြင်းပယ်ရင်း ဒေါသဖြစ်လာသည်။ ငြင်းပယ်လို့မရနိုင်သည့်အတွက် ပို၍ ဒေါသထွက်လာသည်။

နေက အခန်းထောင့်က ကက်ဆက်ကို ရီမုဖြင့် လှမ်းဖွင့်လိုက်သည်။

ထို့နောက် သူ့ရဲ့ စိတ်ဖိစီးမှုတွေ၊ နာကျင်မှုတွေ၊ ခံစားမှုတွေကို ဖယ်ထုတ်ပစ်နိုင်ဖို့ street dance ကို ပြင်းပြင်းထန်ထန် ကလေသည်။

ချွေးတွေ တစ်ကိုယ်လုံး ရွှဲနစ်လာသည်အထိ သူ မရပ်သေး …။

မောဟိုက်စ ပြုလာသည်အထိ သူ မရပ်သေး။

သူ့တစ်ကိုယ်လုံးရှိ အားအင်တွေအားလုံး ထုပ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်အထိ၊ ခြေကုန်လက်ပန်းကျသည့်အထိ သူ ကနေခဲ့ပါသည်။

အဲဒီနောက်တော့ အခန်းထောင့် ကြမ်းပြင်ပေါ်သို့ သူ အရုပ်ကြိုးပြတ် ထိုင်ချပစ်လိုက်သည်။

အခန်းနံရံကို မှီ၍ ဒူးနှစ်ဖက်ကို ပိုက်ကာ ဒူးပေါ်သို့ မျက်နှာမှောက်အပ်ရင်း သူ ငြိမ်သက်စွာ ထိုင်နေခဲ့မိသည်။ သူ့ကမ္ဘာကြီး တစ်ခုလုံးလည်း မှောင်အတိကျနေခဲ့သည်။



(၂၀)

❤ ❤ ❤

ကားစတီရာရင်ကို ကိုင်ထားသော ကနုတ်လက်တွေ တုန်နေသလို ကနုတ်ရဲ့ ရင်ထဲမှာလည်း တုန်ရင်နေခဲ့ပါသည်။

မျက်စိအမြင်တွေလည်း မှုန်ဝါးလာခဲ့ပြီမို့ မျက်တောင် တဖျတ်ဖျတ် ခတ်ပစ်လိုက်ရင်း ကားကို သတိထား၍ မောင်းလာခဲ့ရသည်။

ကိုမိုးမြင့်နိုင်နှင့် တွေ့ဖို့ ချိန်းထားသည်ဟု ညာပြောကာ နီနီ့ကို မခေါ်ဘဲ ကိုယ့်ဘာသာ ကားမောင်းထွက်လာခဲ့တာမို့ ချက်ချင်း အိမ်ပြန်လို့လည်း မဖြစ်သေး။ ပြန်ချင်စိတ်လည်း မရှိသေး။ ခုနေ အိမ်ပြန်သွားရင် ကနုတ် မျက်နှာအပျက်ပျက်ကို မေမေ မရိပ်မိဘဲ မနေ ...။

ကနုတ်သည် ဇာဖြူတို့အိမ်ဘက်သို့ သွားမည်ဟု စဉ်းစားကာ ပြည်လမ်းမကြီးအတိုင်း မောင်းလာနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ကြောင်း ပြန်လှည့်ချင်တဲ့ ကိုယ့်စိတ်ကို ကိုယ် နားမလည်နိုင်။

စွတ်စိုလာသော ပါးပြင်ကို လက်ဖြင့် ပြန်စမ်းကြည့်မိတော့ မျက်ရည်တွေက လက်မှာ ရွှဲရွှဲစိုလျက် ပါလာသည်။ နောက်တစ်ကြိမ် ပြန်စမ်းတော့လည်း မျက်ရည်တွေက ပါလာမြဲပင်။ သုတ်လို့ပဲ မနိုင်တော့ ...။

ကနုတ်သည် ဒီလောက်တောင် တသွင်သွင် စီးကျနိုင်သော မျက်ရည်တွေကို ဘယ်လိုတားရမည်မသိတာမို့ ဒေါသတွေ ထွက်လာရသည်။

ဒီယောကျ်ားတစ်ယောက်ကို ပြောမိတဲ့ စကားတွေအတွက် မျက်ရည်ကျတာလား ...။

ဒီယောကျ်ားက ပြောလိုက်တဲ့ စကားတွေကြောင့် မျက်ရည်ကျတာလား ...။

ရိုက်မိတဲ့ လက်ဖဝါးကို ယောင်ရမ်း ထောင်ဖြန့်ကြည့်မိတော့ မျက်ရည်က ပို၍ ပို၍ သွန်ကျလာကာ တစ်ချက်နှစ်ချက်တောင် ရှိုက်လိုက်မိသေးသည်လေ။

ထိုခဏမှာပဲ ဖုန်းမြည်သံလေး ပေါ်လာခဲ့ပါသည်။

ဖုန်းပေါ်မှာ ပေါ်လာတာက 'လှိုင်း' ရဲ့ ဖုန်းနံပါတ်လေးပင် ...။

စောစောက အကခန်းမထဲကို ကနုတ် ဝင်သွားတဲ့အချိန်မှာ လှိုင်း ရှိနေတာကိုတော့ သတိထားမိခဲ့သည်။





ကနုတ် ပြန်ထွက်လာချိန်မှာ လှိုင်းကိုမတွေ့ရတော့။ ခန်းမထဲမှာလည်း ဘယ်သူမှ ရှိမနေခဲ့တော့ဘဲ နေတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တာပင်။

နေနဲ့ ရင်းနှီးလွန်းတဲ့ လှိုင်းကို သိပ်ကြည့်မရလှပေမယ့် သူ ဘာကြောင့် ဆက်သလဲဆိုတာ သိချင်တာမို့ ကနုတ်က ဟန်းဖရီးဖြင့် ပြောရန် ဖုန်းကို ဖွင့်လိုက်ပါသည်။

"ဟဲလို ..."

"မမ ... လှိုင်းပါ"

"သိတယ် လှိုင်း ... ပြောပါ"

ကနုတ်က ငိုသံမပါအောင် ထိန်းရင်း ပြောလိုက်ရသည်။

လှိုင်းက ခဏတုံ့ဆိုင်းနေပြီးမှ ...

"မမကို လှိုင်း ပြောစရာလေး ရှိလို့ပါ"

"... ..."

"ကိုနေကတော့ သူ့အဖေအကြောင်း မမကို ပြောပြမှာမဟုတ်ဘူး၊ လှိုင်းကတော့ မမသိအောင် ပြောပြချင်ပါတယ်၊ တကယ်တော့ ကိုနေ့စိတ်ရင်းက သူ့အဖေနဲ့ တခြားစီပါ မမရယ် ...၊ ကိုနေ့ ဖေဖေအကြောင်းကို လှိုင်းတို့လည်း သိခဲ့ပါတယ်၊ ကိုနေ့ဖေဖေက ကိုနေတို့ သားအမိကို စွန့်ပစ်ထားခဲ့လို့ သူတို့သားအမိမှာ ခက်ခက်ခဲခဲနဲ့ ရုန်းကန်ခဲ့ရတာပါ၊ ကိုနေ့ ဖေဖေက နောက်အိမ်ထောင် ပြုတယ်၊ ကိုနေ့ မေမေဆုံးတော့လည်း အန်ကယ်လ်က ကိုနေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မကြည့်ခဲ့ပါဘူး၊ ကိုနေ နည်းနည်းလေး အဆင်ပြေလာတော့မှ သူ့မိန်းမအတွက် ပိုက်ဆံလိုတိုင်း ကိုနေ့ဆီမှာ လာလာတောင်းနေခဲ့တာပါ၊ သူ့အဖေကို နာကြည်းပေမယ့် အဖေဆိုတော့ ကင်းလို့မရဘူးပေါ့ မမရယ်၊ လာတောင်းရင်တော့လည်း ပေးလိုက်ရတော့တာပါပဲ၊ အန်ကယ်လ်က အရမ်းလောဘကြီးတော့ ကိုနေ့ကို သူဌေးသမီးတစ်ယောက်ယောက်နဲ့ အဆင်ပြေသွားစေချင်တယ်၊ အဲဒီနည်းနဲ့ ကိုနေ့ကို ချမ်းသာစေချင်တယ်၊ ဒါပေမယ့် ကိုနေ့မှာတော့ အဲဒီလိုစိတ်ထားမျိုး မရှိပါဘူး၊ ချစ်ခြင်းမေတ္တာသန့်သန့်ကိုပဲ သူတန်ဖိုးထားတာပါ၊ အန်ကယ်လ် ကိုနေ့ဆီလာရင်း သူတို့သားအဖတွေ စကားများကြတာကို လှိုင်း ကြားခဲ့ရလို့ ဒါတွေကို သိခဲ့ရတာပါ ...၊

"ကိုနေက အရမ်း သနားစရာကောင်းတဲ့ သူပါ မမရယ် ...၊ ရင်ထဲမှာ အနာတရတွေ အများကြီးနဲ့ ရှင်သန်နေတဲ့သူပါ၊ မမ ကိုနေ့ကို အထင်မမှားလိုက်ပါနဲ့နော်"

လှိုင်း ဘာတွေဆက်ပြောသလဲဆိုတာ ကနုတ် မသိတော့ ...။

ဖုန်းကျသွားချိန်မှာတော့ ကနုတ်ရဲ့ ကားကို ခပ်ကြမ်းကြမ်းပင် ဂငယ်ကွေ့ ဆွဲကွေ့လိုက်မိပြီး ဖြစ်လေသည်။



(၂၁)

♥ ♥ ♥

စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်လျှင် ရှင်းလင်းတိတ်ဆိတ်နေသော အကခန်းမကိုသာ တွေ့ရလေသည်။ အခန်းကျယ်ကြီးထဲမှာ မီးလေးတစ်ပွင့်သာ ခပ်မှိန်မှိန်လင်းနေခဲ့သည်။

နေ ဘယ်မှာလဲ ...။

ကနုတ်သည် သူနဲ့အတူ ရင်ခုန်ပျော်ရွှင်စွာ ထိတွေ့ကခုန်ခဲ့ဖူးသော အကခန်းမ၏ ကြမ်းပြင်ကို ဖွဖွလေး နင်းလျှောက်ဝင်လာပါသည်။

ဟော ... ဟိုမှာ နေ ...။

ခန်းမကျယ်၏ အတွင်းကျကျ ထောင့်တစ်ထောင့်မှာ ဒူးကို လက်နှစ်ဖက်ဖြင့် ပြန်ပွေ့ကာ ဒူးပေါ် မျက်နှာအပ်၍ ငြိမ်သက်နေသော သူ့ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်သည် ခြေဖွနင်းလျက်ပင် သူ့ထံသို့ လျှောက်သွားလိုက်ပါသည်။

သူ့ရှေ့မှာ ခြေစုံရပ်၍ သူ့ကို ငုံ့ကြည့်မိလျှင် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရင်လျက်ရှိတာကို တွေ့လိုက်ရသည်။ ပြီးတော့ မပီမသ ရှိုက်သံတစ်ချက် …။

"နေ …"

ကနုတ်က သူ့ရှေ့မှာ ညင်သာစွာ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ရဲ့ ပခုံးနှစ်ဖက်ကို လှမ်းဆုပ်ကိုင်ရင်း တိုးဖွဖွလေး ခေါ်လိုက်၏။

သူ ခေါင်းမော့လာခဲ့သည်။

သူ့မျက်နှာမှာတော့ မျက်ရည်တွေရော ချွေးတွေပါ ရွှဲရွှဲစိုနေခဲ့သည်။

ကနုတ်သည် သူ့ပါးနှစ်ဖက်ကို ကနုတ်ရဲ့ လက်ဖဝါးလေး နှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်မိရင်း …

"နေ … ငိုနေတာလားဟင်၊ ဘာလို့ ငိုနေရတာလဲ နေရယ်"

"မုန်းလို့ … မင်းကို မုန်းလို့ ငိုတာ၊ မင်းကို အရမ်းမုန်းလို့ …"

အမုန်းစကား ဆိုသော်လည်း သူ့မျက်ဝန်းတွေက နူးညံ့လွန်းနေခဲ့သည်။

ပြီးတော့ … ကနုတ်ရဲ့ ပါးကလေးနှစ်ဖက်ကို သူ့လက်တွေဖြင့် အုပ်ကိုင်လိုက်ရင်း …

"မင်းမှာလည်း မျက်ရည်တွေနဲ့ပဲ၊ မင်းရော ငိုခဲ့တာလား"





"ဟုတ်တယ် … မုန်းလို့၊ ရှင့်ကို အရမ်းမုန်းလို့ ငိုတာလေ"

ကနုတ်က သူ့ကို တမ်းတတွယ်ငင်စွာ စိုက်ကြည့်၍ မမုန်သော စကားကို ဆိုဆဲတွင် သူက ကနုတ်ရဲ့ ခေါင်းကလေးကို ဆွဲယူကာ နဖူးချင်း ထိကပ်လျက် မျက်လုံးတွေကို မှေးမှိတ်ငြိမ်သက်နေလေသည်။

အဲ့ဒီအခိုက်အတန့်အချိန်လေးမှာ ကနုတ်ရဲ့ နှလုံးသားလေးသည် ထိလိုက်ရင် ပဲ့ကြွေကျရတော့မတတ် နုအိနေခဲ့ရပါသည်။

(ဆက်)



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

“တူတူ ... တီတီ ...”

“ဟဲလို ...”

“ဟိတ် ... သူ့ဌေးသမီး ထွက်လာပြီလား၊ ကိုယ်တော့ ထွက်လာပြီနော် ...”

“ဒီမှာ ထွက်ဖို့ ကြိုးစားနေရတုန်း နေရေ ...၊ အစောကြီး ရှိသေးတာကို ရှင်ကြီးက တော်တော် ဝီရိယကောင်းနေပါလား ...”

“ကိုယ်တို့က အေးဆေးပဲ၊ ရောင်စရာ ရှားစရာ ဆော်ဂီဂတ်လည်း မရှိတော့ ဖရီးပဲပေါ့ ...”

“အံမယ် ... ဒီမှာလည်း ဖရီးပါပဲနော်၊ နီနီ့ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းထုတ်လိုက်မှာပါ၊ ဒီမှာ အလှတွေပြင်နေလို့သာ ထွက်မလာနိုင်သေးတာ ...”





“ဟာကွာ ... လှပြီးသားကို ဘာပြင်စရာလိုသေးလို့လဲ၊ ဘယ်မိတ်ကပ် ဘယ်ရေမွှေး ဘယ်လောက်ကောင်းကောင်း ကိုယ့်အချစ်ကလေးရဲ့ သဘာဝအလှနဲ့ သဘာဝ ကိုယ်သင်းနံ့လေးကို မမီနိုင်ပါဘူး”

“အို ... ဒါပေမယ့်လည်း ရည်းစားဖြစ်ပြီးမှ ပထမဦးဆုံး ချိန်းတွေ့ရမယ့် နေ့ဆိုတော့ လှချင်သေးတာပေါ့၊ ဒီမှာ ဆံပင်တွေကို တွန့်တွန့်ကောက်ကောက်လေးတွေဖြစ်အောင် ကိုယ့်ဘာသာ လုပ်နေရတာ၊ နေနဲ့ လိုက်အောင် အလန်းစတိုင်လ်လေး လုပ်မလို့လေ ...”

“အဟား ... ဘယ်လောက်လန်းနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့၊ ကတိပေးထားတာတော့ မမေ့နဲ့နော် ...”

“အင် ... ဘာကိုလဲ ...”

“ကြည့် ... မေ့ပြီကွာ၊ ချိန်းထားတဲ့နေရာကို နောက်မကျအောင် လာခဲ့လို့ မှာထားတယ်လေ၊ နောက်ကျရင် မိုးမိုးလှပါးဝတဲ့ သီချင်းအတိုင်း လုပ်မယ်လို့ ပြောထားတယ် မဟုတ်လား ...”

“အဆိုတော် မိုးမိုး လှပါးဝတဲ့ သီချင်းက ဘာသီချင်းမှန်းမှ ကနုတ် မသိတာ ...”

“သိသိ မသိသိကွာ ... အဲ့ဒီသီချင်းအတိုင်း လုပ်ပါမယ်လို့ ကနုတ် ကတိပေးထားပြီးသားပဲဟာ”

“အင်းပါ ... အင်းပါ၊ ဒါဆို ဒါပဲ၊ ဖုန်းချလိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က ဖုန်းကိုပြန်ချပြီး ဆံပင်လိပ်သည့် အမှုချောင်းလေးမှာ ဆံပင်တွေကို အမြန်ပတ်လိုက်သည်။ ကနုတ် ဘေးခုတင်ပေါ်မှာတော့ အဝတ်အစားမျိုးစုံ ပြန့်ကျဲလို့နေသည်။ မှန်တင်ခုံပေါ်မှာလည်း နှုတ်ခမ်းနီတောင့်တွေ မွစာကြဲနေသည်။ ဒီနေ့အဖို့ ကနုတ် တစ်ယောက်တည်း နာရီပေါင်းများစွာ ပျာယာတွေ ခတ်နေပါသည်။ အကြောင်းကတော့ နေနဲ့ ချိန်းတွေ့ဖို့ ဟန်ပြင်နေရတာကြောင့်ပင်။

နေနဲ့ အကြိမ်ကြိမ် တွေ့ဖူးပြီဖြစ်သော်လည်း ဒီနေ့ကတော့ ရည်းစားအဖြစ်နဲ့ ပထမဦးဆုံး တွေ့ရမည့်နေ့မို့ ရင်တွေခုန်ကာ ပြာတုန်နေသည်။

နေ ပြောတဲ့ မိုးမိုးလှပါးဝတဲ့ သီချင်းဆိုတာကိုတော့ ကနုတ် ခုထိ မသိရသေး။ နေက 'ကိုယ်တို့ ချိန်းတွေ့တဲ့နေ့ကျရင် အဲ့ဒီသီချင်းထဲက အတိုင်းပဲနော်' ဟု ပြောတာမို့ ဘုမသိ ဘမသိ ခေါင်းညိတ်လိုက်မိတာပင် ...။

ကနုတ်သည် ပြင်သလို့ ပြီးသွားပြီဖြစ်သော ဆံပင်တွန့်တွန့်ဖွာဖွာလေးတွေကို ဆတ်ခနဲ ခါကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် သဘောကျသွားကာ ခိခနဲ ရယ်မိသေး၏။

ကနုတ်က အမည်းရောင် ဘောင်းဘီကျပ်ကျပ်လေးနှင့် ပန်းနုရောင် တီရှပ်လက်တို အကျပ်လေးကို ဝတ်လိုက်သည်။ ပြီးတော့ ကြိုးရှည်ရှည် အိတ်သေးသေးလေးကို စလွယ်သိုင်း၍ လွယ်လိုက်သည်။ စီးဖို့ ဖိနပ်ကိုတော့ နေနဲ့အတူ သွားရင် လမ်း





များများ လျှောက်ရမှာ သေချာတာမို့ လမ်းလျှောက်လို့ ကောင်းသည့် Nike ဖိနပ် ပန်းရောင်လေးကိုပဲ ရွေးချယ်လိုက်ပါသည်။

မှန်ရှေ့မှာ ရပ်မိတော့ နုပျိုလန်းဆန်း ဖလန်းဖလန်းဖြစ်နေသော ရည်းစားရခါစ အပျိုမလေးကို တွေ့ရလေသည်။

ကနုတ်သည် ဖိနပ်လေးကို ကိုင်ကာ အပေါ်ထပ်မှ အပြေးအလွှား ဆင်းလာရင်း ကိုယ့်ဘာသာ ပျာယာခတ်ကာ ခလုတ်တစ်ချက်လောက် တိုက်လိုက်မိပြီးမှ အိမ်တံခါးဝသို့ ရောက်လာသည်။ တော်သေးတာက ဒီနေ့ အိမ်မှာ မေမေ မရှိ၊ ဘွားဘွားလည်း မဟာစည် သာသနာ့ရိပ်သာမှာ ရက်ရှည် တရားစခန်းဝင်နေတာမို့ ကနုတ် မူပျက်နေတာကို ရိပ်မိမည့်သူ မရှိ။ နီနီ့လောက်ကိုတော့ ကနုတ် ဂရုစိုက်စရာ မလို ...။

"နီနီရေ ... သွားကြမယ်၊ နောက်ကျနေတော့မယ်"

ကနုတ်က တံခါးဝက ခုံပုလေးမှာ ထိုင်ကာ ဖိနပ်ကို ခပ်မြန်မြန် စီးရင်း လှမ်းအော်လိုက်တော့ နီနီက ကားကို ပေါ်တီကိုအောက်သို့ မောင်းဝင်ရပ်ပေးလိုက်ပြီး တံခါးကိုပါ အသင့်ဖွင့်ထားပေးလိုက်သည်။

ဖိနပ်စီးပြီးတာနှင့် ကနုတ်က ကားပေါ်သို့ အပြေးအလွှား တက်လိုက်ရင်း ...

"မောင်း ... နီနီ၊ မြန်မြန်လေး မောင်း ..."

နီနီက ကားမောင်းထွက်လိုက်ရင်း နောက်ကြည့်မှန်မှတစ်ဆင့် ကနုတ်ကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်ကတော့ စလွယ်သိုင်း လွယ်လာသည့် အိတ်လေးကိုဖွင့်ကာ အိတ်ထဲက မှန်သေးသေးတစ်ချပ်ကို ထုတ်ယူကြည့်လိုက်ပြီး နှုတ်ခမ်းနီ သိပ်မညီဘူးထင်တာမို့ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းလေးကို တစ်ချက် နှစ်ချက် ဖိပွတ်ဆွဲလိုက်ပါသည်။ ခေါင်းလေးကို ငဲ့ကာ စောင်းကာ ဆံပင်တွေကို လှပ်ကြည့် ခါကြည့်ကာ မှန်ဆက်ကြည့်နေရင်းကပင် ...

"နီနီ ... ငါ ဒီနေ့ ကိုမိုးမြင့်နိုင်နဲ့ အတူလျှောက်လည်မှာဆိုတော့ နင် ငါ့ကို ကန်တော်ကြီး အဝင်ဝမှာ ထားခဲ့ပြီးရင် ပြန်လို့ရပြီ၊ ငါ ပြန်ခါနီးရင် နင့်ကို ဖုန်းဆက်ခေါ်လိုက်မယ် ... ကြားလား၊ သြော် ... မေးရဦးမယ်၊ နင့်အဆိုတော် မိုးမိုးရဲ့ သီချင်းတွေ ရလား ...၊ သူ့သီချင်းတွေထဲမှာ လှပါး၀၀လေး ဆိုထားတဲ့ သီချင်းမျိုး ရှိလား"

"ကျွန်မ မသိဘူး မမလေး"

"အင်း ... ငါလည်း အဲ့ဒါ ဘာသီချင်းမှန်း မသိလို့ ခက်နေတာ"

ကနုတ်သည် ညည်းညူသလိုလေး ရေရွတ်လိုက်ရင်း မှန်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

နီနီက ကနုတ်ကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် လှမ်းကြည့်ပြန်ရင်း ...

"မမလေး ... ဒီနေ့ ဘာဖြစ်နေတာလဲ"

"အင်ဟင် ... ငါ ဘာဖြစ်လို့လဲ"





"ဒီလိုမျိုး ဖလန်းဖလန်း ဖြစ်နေတဲ့ပုံမျိုး ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး၊ ခုလိုမျိုး ပျာယာခတ်ပြီး မတည်မငြိမ် ဖြစ်နေတာ မမလေးရဲ့ စတိုင်လ်မှ မဟုတ်တာ၊ မမလေးက အမြဲ တည်တည်ငြိမ်ငြိမ်လေး နေတတ်တဲ့ သူလေ"

"သြော် ... အင်း ... အဟမ်း ... ဒါကတော့ တစ်ခါတလေ အပြောင်းအလဲလေးပေါ့၊ လူပဲ တသမတ်တည်းတော့ ဘယ်နေနိုင်ပါ့မလဲ၊ ပြီးတော့ ငါ့အသက်က ငယ်ငယ်လေးပဲ ရှိသေးတာ"

"အရင် မမလေး ကိုမိုးမြင့်နိုင်နဲ့ တွေ့ဖို့သွားရင် ဒီလိုပုံစံမျိုး မဟုတ်ပါဘူး"

"ယောကျ်ားဆိုတာ တစ်ပုံစံတည်းကိုပဲ အမြဲမြင်ရင် ရိုးသွားတတ်တယ်တဲ့ ...၊ အဲ့ဒါကြောင့် သူ ငါ့ကို အမြင်ရိုးမသွားအောင် ပုံစံပြောင်းရတာပေါ့၊ ဘာမှလည်း မသိဘဲနဲ့ ..."

ကနုတ်က ပါးစပ်ကသာ လျှောက်လိမ်နေရပေမယ့် နီနီများ ရိပ်မိသွားလေမလားဟု တွေးရင်း စိုးရိမ်သွားကာ အရင်လို ခပ်ငြိမ်ငြိမ်လေး ထိုင်လိုက်လာခဲ့ရပါသည်။ ကနုတ်ရဲ့ အမူအရာတွေဟာ သိပ်သိသာနေလို့များ နီနီ မသင်္ကာဖြစ်နေပြီလား။ နီနီဟာ လူပုံကြည့်တော့သာ ထုံနန ဆိုပေမယ့် လုစ်နေအောင် ပါးတာမို့ သတိတော့ထားရပေမည်။ သူ မသင်္ကာလို့ မေမေ့ကို အတို့အထောင်လုပ်ရင်လည်း အခက်ပဲမဟုတ်လား။

ကန်တော်ကြီး ဝင်ပေါက်ရှေ့မှာ ကားရပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က လန်းနေ ရှင်နေသည့် ကိုယ့်စိတ်ကို ကိုယ်ထိန်းကာ ကားပေါ်မှ ဤမြွေရရလေး လှမ်းဆင်းလိုက်ရပါသည်။

နီနီ့ ကား ပြန်ထွက်သွားပြီဆိုတော့မှ ကနုတ်က ကန်တော်ကြီးထဲသို့ ခပ်သွက်သွက်လေး လျှောက်ဝင်လာခဲ့သည်။

"ဟိတ် ... သူဌေးသမီး"

"အမေ့ ..."

ရုတ်တရက် နေက ကနုတ်ရှေ့သို့ ပြေးဝင်ရပ်လိုက်တာမို့ ကနုတ်က လန့်သွားကာ ရင်ဘတ်ကလေးကို ဖိထားရင်း

"လန့်လိုက်တာ နေရယ် ..."

"အဟား ... လန့်အောင်လုပ်တာပဲဟာ လန့်မှာပေါ့၊ အဟမ်း အဟမ်း ... ဒီဇိုင်းက တယ်လန်းနေပါလား ..."

နေက လက်ပိုက်လျက် နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်ပြီးမှ ကနုတ်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ပြောလိုက်တာမို့ ကနုတ်က ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ ...

"နေပဲ ပြောထားတာလေ ... ကနုတ်နဲ့ ဒီလိုအဝတ်အစားနဲ့ ပိုလိုက်တယ်ဆို၊ နေ ပြောလို့ ဒီဇိုင်းပြောင်းလာရတာရှင့်"

"ချစ်စရာလေးကွာ ..."

နေက နှာခေါင်းတစ်ခြမ်း တွန့်၍ ပြုံးစိစိလေးပြောရင်း ကနုတ်ရဲ့ နဖူးကို လက်ညှိုးကလေးဖြင့် ခပ်ဖွဖွ လှမ်းတောက်လိုက်သည်။

အဲ့ဒီလို အပြုအမူလေးကိုပဲ ကနုတ်က ရင်ခုန်ရပြန်သည်။





"ကဲ ... လာ နောက်ကျတယ်ဆိုတော့ မိုးမိုး သီချင်းထဲက အတိုင်း လုပ်ရမယ်၊ လာခဲ့ ..."

နေက ကနုတ်ရဲ့ လက်လေးတစ်ဖက်ကို လှမ်းဆွဲကာ ခြေလှမ်းကျဲဖြင့် လျှောက်သွားပြီမို့ ကနုတ်က ခြေလှမ်းစိပ်စိပ်လေးဖြင့် သူ့ကိုမှီအောင် သွက်သွက်ကလေး လျှောက်လိုက်လာရင်း ...

"မိုးမိုးသီချင်းက ဘယ်လိုဆိုထားလို့လဲ၊ ကနုတ်ကို ရှင်းပြဦးလေ နေရဲ့"

"သီချင်း ဖွင့်ပြမယ်လေ ... နားထောင်ကြည့်ပေါ့"

နေက ရေစပ် ခုံတန်းလေးသို့ ကနုတ်ကို ခေါ်လာသည်။ ဒီလိုနေရာမျိုးမှာ ချစ်သူနဲ့အတူ ထိုင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ ကနုတ် မတွေးမိခဲ့။ ကနုတ်တို့ အသိုက်အဝန်းမှာတော့ အေးမြတိတ်ဆိတ်သော၊ ခမ်းနားလှပသော ဟိုတယ်ကြီးများ၏ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များသည်သာ ချစ်သူတို့၏ ကျင်လည်ရာ ဖြစ်သည်။

ကနုတ်က ခုံတန်းလေးပေါ်မှာ မရဲတရဲလေး ဝင်ထိုင်လိုက်သည်။ နေကလည်း ကနုတ်၏ဘေးမှာ ဝင်ထိုင်လိုက်ပြီး သူ့ဖုန်းလေးရဲ့ ခလုတ်တချို့ကို နှိပ်လိုက်ပြီး ...

"ကဲ ... ဒီမှာ မိုးမိုး သီချင်း နားထောင်ကြည့် ..."

ဟုဆိုကာ ဖုန်းကလေးကို ကနုတ်တို့ နှစ်ယောက်ကြားမှာ ချထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က နားစွင့်နေမိဆဲ . . .

"မနက်ကျရင် ထွက်လာခဲ့ xx
ချိန်းထားတာ မမေ့နဲ့
ဘယ်သူမှာ မသိတုန်း ခိုးထွက်လာခဲ့ပါ xx
လမ်းထိပ်မှာ စောင့်နေမယ် xx
၁၅ မိနစ် ကြိုရောက်မယ်
ဖြီးလိမ်းတာလေး ခပ်မြန်မြန်လုပ်ပါ xx
နင်နောက်ကျရင် နင့်ကို နမ်းမယ်
ငါနောက်ကျရင် ငါ့ကိုနမ်းပါ xx
ဘာဘာညာညာ ဟန်ပန်တွေမလိုဘူး xx"

"ဟင် . . ."

ကနုတ်သည် ခုမှပင် သူ လူလည်ကျထားတာကို သဘောပေါက်သွားကာ ပါးကလေးနှစ်ဖက်မှာ ရက်သွေးဖြင့် ရှိန်းလာသည်။

သူက ကနုတ်ကို ကြည့်ကာ မျက်စတစ်ဖက် ပစ်ပြလိုက်ရင်း . . .

"ကဲ . . . ကြားတယ်နော်"

"နေ . . . လူလည်မကျနဲ့နော်"

"ကတိပေးထားပြီးသားနော်၊ ဖျက်လို့ မရတော့ဘူး"

"ဟွန်း . . . ဟိုတစ်ယောက်ကလည်း လူပါး၀၊ ဒီတစ်ယောက်ကလည်း လူလည်ကျ . . ."





"အစကတည်းက ကိုယ် လူလည်ကျတာ မခံချင်ရင် ဘာမှန်း ညာမှန်းမသိဘဲ ခေါင်းတွေ စွတ်ညိတ်မထားနဲ့ပေါ့၊ အတဲ့လူ ခံပေါ့၊ လည်တဲ့သူကတော့ အဟမ်း အဟမ်း လာခဲ့ . . ."

"နေ နော် . . . နေ . . ."

နေက ပြုံးစိစိ ရုပ်ကလေးဖြင့် ကနုတ်ဘက်သို့ တိုးလာတာမို့ ကနုတ်က တစ်ဖက်စွန်းသို့ ရွှေ့ထိုင်လိုက်သည်။ သူက တိုးလာပြန်သည်။ ကနုတ်က ရွှေ့မိပြန်သည်။ နောက်ထပ် ရွှေ့စရာ မရှိတော့ချိန်မှာပဲ ကနုတ်ရဲ့ ပါးကလေးတစ်ဖက် ရုတ်တရက် နွေးထွေးသွားတာကို သိလိုက်ရလေသည်။

ရင်ထဲမှာ လှုပ်ခနဲ တုန်ကာ အသိစိတ်ဟာ တိမ်တွေလို မျောလွင့်သွားခဲ့တာဟာ အချစ်ကြောင့်လား . . .။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားကာ နားတွေတောင် အူလာရတာဟာ အချစ်ကြောင့်လား။ ချစ်သူကသာ ပေးနိုင်တဲ့ စိတ်လှုပ်ရှားမှုကို ကနုတ် ခုမှ သိရပေပြီ . . .။

အချစ်ကြောင့် ပျော်ရွှင်ရခြင်းကို သိလာရချိန်၌ နန္ဒီကိုလည်း အပြစ်မမြင်နိုင်တော့ဘဲ နန္ဒီ့စကားတွေကိုသာ ပြန်သတိရလာခဲ့သည်။

အချစ်ဆိုတာ ချစ်နိုင်အောင် ကြိုးစားချစ်ရတာမျိုး မဟုတ်သလို ချစ်သွားမှာပါ ဆိုတဲ့ မရေရာ မသေချာတဲ့ မှန်းဆမှုမျိုးလည်း မဟုတ်ဘူးတဲ့။ တကယ့် အချစ်ကို ခံစားရတဲ့သူဟာ ချစ်တယ်လို့ ပြတ်ပြတ်သားသား ပြောနိုင်တယ်တဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က ရှက်စိတ်ဖြင့် ခေါင်းကလေးငုံ့ကာ ငြိမ်ထိုင်နေမိရာမှ ခေါင်းမော့လာကာ သူ့ကို ရဲရင့်ခြင်းတစ်မျိုးဖြင့် စိုက်ကြည့်လိုက်ရင်း ...

"နေ့ကို ချစ်တယ် ..."

ဟု ... လေးနက်စွာ ပြောလိုက်ပါသည်။ နေက သူ မမေးဘဲ ပြောလာသည့် ကနုတ်ကို မျက်ခုံးပင့်၍ ကြည့်နေရင်းက ချိုမြစွာ ပြုံးလာပြီး ကနုတ်ရဲ့ ခေါင်းကလေးကို လှမ်းဆွဲကာ အသာအယာ ပါးချင်းအပ်ပြီး ငြိမ်သက်နေတော့သည်။

အဲဒီအချိန် ခဏလေးအတွင်းမှာ ကနုတ်ရဲ့ အချစ်နဲ့ ပတ်သက်တဲ့ အယူအဆတွေအားလုံး ပြောင်းလဲကုန်သည်။ အချစ်ဆိုတာ အဆင့်အတန်းနဲ့ မဆိုင်ဘူးဆိုတာကိုလည်း နားလည်လာသည်။ ဘယ်ယောကျ်ားရဲ့ အချစ်ကိုမှ လက်ခံဖို့ စိတ်ကူးမရှိတဲ့ မိန်းမတစ်ယောက်ဟာလည်း သူကိုယ်တိုင် အချစ်ကို မွေးဖွားလာတတ်ပါလားဟု သိမြင်လာသည်။

နေကတော့ မာနခေါင်ခိုက်ခဲ့သော ကနုတ်ကို ခုထိကလိလို ရိလိုသူ ဖြစ်သည်။

ကနုတ်တို့ အတူထိုင်ကာ စကားပြောကြပြီးနောက် နေက အတည်ပေါက် ပုံစံမျိုးဖြင့် ...

"သူဌေးသမီး ... သူဌေးသမီးက တစ်ဦးတည်းသော သမီးနော်"

"အင်းလေ ..."





"ဒါဆို မိဘအမွေတွေအားလုံးကို တစ်ယောက်တည်း ရမှာပေါ့ ..."

"အင်းပေါ့ ..."

"အခု အောင်မြင်နေတဲ့ ရတနာဆိုင်ကြီးကိုလည်း သူဌေးသမီးပဲ ရမှာပေါ့ ..."

"အင်းပေါ့ ..."

"ဟား ... ပွတာပဲ၊ ဒါဆို ကနုတ်နဲ့သာ လက်ထပ်ခွင့်ရရင် ကိုယ် သူဌေးဖြစ်ပြီပေါ့၊ မိုက်တယ်ကွာ ... နေတို့တော့ ကောင်းစားရချည်သေးရဲ့၊ သူဌေးသမီးကို လုံးဝအလွတ် မပေးတော့ဘူးကွာ၊ အပိုင်ဖမ်းထားလိုက်တော့မယ်ကွာ"

သူ့ပါးစပ်က ဘာပဲပြောနေပြောနေ သူ့မျက်လုံးတွေက စင်ကြယ်လျက်ရှိတာမို့ ဒါဟာ သူ့စိတ်ရင်းမဟုတ်ဘူးဆိုတာ ကနုတ်က ယုံကြည်ကာ သူ့ကို မျက်စောင်းထိုးရင်း ရယ်မိသည်။

အဲဒီနောက်တော့ ခုံတန်းကလေးမှ ထကာ ရေစပ်က အကြော်ဆိုင်လေးမှာ အကြော်သွားစားကြသည်။ ပြီးတော့ ဟိုဒီလျှောက်သွားကြသည်။ ဘာရယ်လို့ ဦးတည်တာမျိုး မဟုတ်ဘဲ ရောက်တတ်ရာရာ လျှောက်သွားပြီး ကြုံသလို စားနေရတာကိုက ကနုတ်အတွက် အသစ်အဆန်း အတွေ့အကြုံဖြစ်၍ ပျော်ရွှင်နေခဲ့မိသည်။

နီနီနှင့် ချိန်းထားသည့် အချိန်ရောက်တော့မှ ကနုတ်တို့က ကန်တော်ကြီးထဲမှာ ပြန်စောင့်နေလိုက်သည်။

အပြင်မှာပဲ စောင့်နေဖို့ မှာထားရက်နဲ့ ကန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲဝင်လာပြီး ကနုတ်ကို ရှာဖွေနေသည့် နီနီ့ကို ရှောင်ရှားရတာ လည်း စိတ်လှုပ်ရှားစရာ တစ်မျိုးပင်။

ကနုတ်တို့ နှစ်ယောက်က ရေစပ်တံတားလေးပေါ် မှာ အတူထိုင်နေရင်းက နေက ကနုတ်ရဲ့ ဆံပင် ပွတွန့်တွန့်ကို လက်နှင့် လှမ်းပုတ်လိုက်ရင်း ...

"ဆံပင်ကလည်း ချုပုတ်ကျနေတာပဲ၊ လာခဲ့ ... စည်းပေး မယ်"

ဟုပြောကာ သူ့လက်မှာ ပတ်ထားသည့် ကြိုးလေး ကို ဖြုတ်ပြီး ကနုတ်ရဲ့ ဆံပင်တွေကို စုစည်းပေးနေဆဲမှာ နီနီ့ကို တွေ့လိုက်ရတာမို့ ကနုတ်က လန့်သွားကာ ...

"ဘုရားရေ ... နီနီ လိုက်ရှာနေပြီ၊ နေရေ ... နီနီ လာရှာ နေပြီ၊ ဘယ်လိုပုန်းမလဲ"

"လာ ... လာ ... ဟိုဘက် ကျောက်တုံးအကွယ်ကို ပြေး မယ်"

နီနီ တစ်ဖက်သို့ သွားတုန်းမှာ နေက ကနုတ်လက် ကိုဆွဲ၍ ကရဝိက်ဘက်ခြမ်းက ကျောက်တုံးတွေဘက်သို့ ပြေးသွား ကာ ကျောက်တုံးတွေအကွယ်မှာ နှစ်ယောက်သား ဝပ်ပုနေလိုက် သည်။ ပုန်းနေရတာမို့ ကနုတ်က သူ့ရင်ခွင်ထဲ မြုပ်ဝင်ကာ သူ့ရင်ခုန်သံကို အတိုင်းသား ကြားလိုက်ရသေးသည်။

နီနီ ပြန်ထွက်သွားတော့မှ ကနုတ်တို့ နှစ်ယောက်က ပုန်းနေရာမှ ထွက်လာပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ရယ်မိကြသည်။





ပြီးတော့မှ ကနုတ်က နေနှင့် လမ်းခွဲကာ နီနီနှင့် ချိန်းထားရာ ဝင်ပေါက်ဝဆီသို့ ရပ်တည်ကလေးဖြင့် လျှောက်လာ ရင်း နီနီ့ကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ဟဲလို ... နီနီ၊ ကိုမိုးမြင့်နိုင်က အရေးတကြီး ကိစ္စရှိလို့ သူ့ရုံးကို ပြန်သွားရတော့ ငါ့ကို ပြန်လိုက်မပို့နိုင်တော့ဘူး၊ ငါပြန်တော့မယ်၊ ငါ့ကို လာခေါ်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

♥ ♥ ♥

"ဟော ... ကြက်ဥပြုတ်သည်ကြီး လာပါပြီဗျာ ..."

ကြက်ဥပြုတ်တွေ အပြည့်နီးပါး ထည့်ထားသည့် ပလတ်စတစ်ခြင်းတောင်းကြီးကို မနိုင်မနင်းဆွဲ၍ သွေးလှူဘဏ်ထဲသို့ ဝင်လာသော ကနုတ်ကို မြင်မြင်ချင်းပင် နေက ဝမ်းသာအားရ ထအော်လိုက်သည်။

ကနုတ်က သူ့ကိုမျက်စောင်းထိုးကြည့်ကာ နှာခေါင်းရှုံ့ပစ်လိုက်ရင်း ...

"ဟွန်း ... ဒီမှာ လက်ပြုတ်တော့မယ်ရှင့်၊ လာကူမဆွဲဘဲ အသံပြဲနဲ့ အော်မနေနဲ့ ..."

"ဟုတ်ကဲ့ပါ ... လာပါပြီ ခင်ဗျာ"

နေက ကနုတ်ဆီ ပြေးလာပြီး ကနုတ်လက်ထဲက ခြင်းကို ဆွဲယူသွားကာ ...





"ကဲ ... ကဲ ... ဘော်ဒါတို့ရေ၊ ဒီမှာ ကြက်ဥပြုတ် ရပါပြီ၊ ဒါ ရိုးရိုး ကြက်ဥပြုတ် မဟုတ်ဘူးနော်၊ သူဌေးသမီးကိုယ်တိုင် ပြုတ်တဲ့ ကြက်ဥပြုတ်၊ တန်ဖိုးကြီးတယ်၊ အဆင့်မြင့်တယ်"

"နေနော် ... နေ၊ အဲ့ဒီပါးစပ်က ပတွတ်ပတွတ် လျှောက်ပြောမနေနဲ့"

နေက ရယ်မောပြောဆိုရင်း သူ ကမကထပြုပြီး ခေါ်ဆောင်လာသည့် သူ့သင်တန်းသားက လူတွေနှင့် သူ့သူငယ်ချင်းတွေကို ကြက်ဥပြုတ်တွေ လိုက်ဝေပေးနေသည်။ ကနုတ်လည်း မနေသာတော့သဖြင့် သူနဲ့အတူ ဝိုင်းကူဝေပေးရင်း ဒီလိုလုပ်နေရတာကို ကြည်နူးပီတိလေး ဖြစ်လာမိသည်။

ပရဟိတအလုပ်တွေဆို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် လုပ်တတ်သော သူနဲ့အတူ ပူးပေါင်းပါဝင်ရင်း သူ့စိတ်ထားလေးကို ပိုလို့ သဘောကျလာခဲ့မိပါသည်။

ဒီနေ့လည်း သူတို့ အကအဖွဲ့ရဲ့ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သူ့အဖွဲ့သားတွေနှင့် သူငယ်ချင်းတွေပါ စု၍ သွေးလှူဘဏ်မှာ စုပေါင်း သွေးလာလှူကြတာကို ကနုတ်က ကြက်ဥစပွန်ဆာ ပေးရခြင်းပင်။

တစ်ယောက်ပြီးတစ်ယောက် သွေးဖောက်လှူနေကြဆဲမှာ ကနုတ်နှင့် နေက သွေးလှူဘဏ်ရှေ့က ခုံတန်းဖြူလေးမှာ အတူထိုင်မိကြပါသည်။

နေက ကနုတ်ရဲ့ လက်ကလေးတစ်ဖက်ကို ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ လှမ်းဆွဲယူကာ တံကောက်ကွေးနားဆီက သွေးကြောစိမ်းစိမ်းလေးတွေကို ဖိညှပ်စမ်းကြည့်လိုက်ရင်း ...

"သွေးကြောလေးတွေက သေးသေးလေးတွေပဲ၊ သွေးဖောက်ဖို့ သွေးကြောရှာရတာ တော်တော်ခက်မယ်၊ ဒါပေမယ့် ဖောက်လို့မရဘူးဆိုတာတော့ မရှိပါဘူး၊ အချိန်နည်းနည်း ကြာတာပဲရှိမှာပါ၊ ကြုံတုန်းလေး သွေးဝင်လှူသွားပါလား ..."

ကနုတ်က တွန့်ခနဲဖြစ်သွားကာ ပခုံးလေးကြုံ့လိုက်ရင်း ...

"မလှူရဲပါဘူး ..."

"ဘာဖြစ်လို့လဲ ..."

"အပ်နဲ့ အထိုးခံရမှာ ကြောက်လို့ပေါ့၊ ကနုတ်က ကိုယ်တိုင်လည်း ဆေးထိုးခံရမှာကြောက်တယ်၊ သူများကို ဆေးထိုးရင်လည်း ကြောက်လို့ မကြည့်ရဲဘူး၊ သွေးမြင်ရင်လည်း အရမ်းလန့်တတ်တယ်၊ ကိုယ့်သွေးကို အပ်နဲ့ထိုးပြီး စုပ်ယူလိုက်တာကိုသာ မြင်ရရင် မူးမေ့လဲကျသွားနိုင်တယ်"

"ပီတိ မစားဖူးသေးလို့ ကြောက်တာပါ၊ ကိုယ့်ခန္ဓာကိုယ်ထဲက သွေးကို ဖောက်ထုတ်ပြီး လှူတာကို ဇီဝအလှူလို့ခေါ်တယ်၊ အသက် အလှူလို့ တင်စားတာပေါ့၊ သွေးလှူတာက ကုသိုလ်လည်းရတယ်၊ ကိုယ့်ကျန်းမာရေးအတွက်လည်းကောင်းတယ်၊ သွေးတစ်ပုလင်းထုတ်ပြီး လှူလိုက်ရင် ကယ်လိုရီ ၆၀၀ ကျော်လောက်ပဲ ကုန်သွားတာ၊ သွေးဆဲလ်





အသစ်တွေက သူ့အလိုလို ပြန်ပြည့်လာတာပဲ၊ သွေး ခဏခဏလှူရင် သွေးတွင်း ကိုလက်စတရောကိုပါ အလိုလိုလျော့ချပြီးသား ဖြစ်ပြီး နှလုံးရောဂါတို့ လေဖြတ်တာတို့ ဖြစ်နိုင်ချေကိုတောင် လျော့ချပေးသေးတယ် ..."

"ဟုတ်လား ... အဲ့ဒါ ကနုတ်မသိဘူး နေရဲ့၊ ကနုတ်ကြားဖူးတာတော့ သွေးခဏခဏလှူရင် ဝလာတတ်တယ်ဆို"

"အဲ့ဒါ အယူအဆ မှားတွေပါကွာ"

"ကနုတ် လှူတော့ လှူချင်ပါတယ်၊ ဒါပေမယ့် ..."

"သွေးဖောက်ခံရမှာ ကြောက်တယ်ဆိုပါတော့"

"အဟင်း ... ဟုတ်တယ်၊ ဪ ... ဒါနဲ့ နေကရော ဒီနေ့ဘာလို့ သွေးမလှူတာလဲ ..."

"ကိုယ်လှူထားတာ လေးလမပြည့်သေးဘူးလေ၊ လေးလပြည့်မှ ထပ်လှူလို့ရမှာ"

"ဪ ... အဲ့ဒီလိုလား"

ကနုတ်က ခေါင်းလေး တညိတ်ညိတ်လုပ်ရင်း ပြောတော့ နေက ကနုတ် ခေါင်းလေးကို တစ်ချက်လှမ်းပုတ်သည်။ သူ အဲ့ဒီလို အမှတ်တမဲ့ အပြုအမူကလေးတစ်ခု ပြုလိုက်တိုင်း ကနုတ် ရင်ထဲမှာ ကြည်နူးရသည်။

"သူဌေးသမီးက ဘာသွေးလဲ"

"ဘီသွေး ..."

"ကိုယ်နဲ့ အတူတူပဲ ..."

"ဟင် ... တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ..."

"ဒါဆို ကနုတ်မှာ ရောဂါတစ်ခုခုဖြစ်လို့ သွေးလိုရင် နေ့ဆီက သွေးရနိုင်တာပေါ့နော်၊ ကောင်းလိုက်တာ ကိုယ့်ချစ်သူရဲ့ သွေးတွေ ကိုယ့်ခန္ဓာကိုယ် သွေးသားထဲ စီးဝင်လာပြီဆိုတဲ့ အသိလေးနဲ့တင် ကနုတ် အရမ်းကြည်နူးပြီး အားတွေရှိလာမှာ ..."

"ယူဖို့ပဲ စဉ်းစားမနေနဲ့လေ သူဌေးသမီးရဲ့၊ ပေးဖို့လည်း စဉ်းစားဦး၊ အက်ဆီးဒင့် တစ်ခုခုဖြစ်လို့ပဲဖြစ်ဖြစ်၊ ရောဂါဖြစ်လို့ပဲဖြစ်ဖြစ် ကိုယ့်မှာ သွေးလိုရင်ရော သူဌေးသမီး လှူမှာလား ..."

"လှူမှာပေါ့ ..."

"ခုနပြောတော့ဖြင့် သွေးမမြင်ဝံ့ဘူးဆို၊ သွေးဖောက်ခံရမှာ ကြောက်တယ်ဆို ..."

"ကြောက်တော့ ကြောက်ပေမယ့် ကိုယ်ချစ်တဲ့သူအတွက်ပဲဟာ လှူရမှာပေါ့"

"အင်း ... ဒါဆို ကိုယ်လည်း ကိုယ့်ချစ်တဲ့သူရဲ့ သွေးတွေ ကိုယ့်ခန္ဓာကိုယ်ထဲ စီးဝင်လာပြီဆိုတဲ့ အသိလေးနဲ့ ကြည်နူးခွင့် ရရဦးတော့မှာပေါ့"

"ကြည်နူးခွင့် ရချင်တာနဲ့ပဲ တစ်ခုခု ဖြစ်ရတော့မလို ဖြစ်နေပြီနော်"

ကနုတ်က ပြောရင်းရယ်တော့ သူကလည်း ရယ်ပါ၏။





နောက်အနာဂတ်ဟာ ဘယ်လိုပဲရှိရှိ လောလောဆယ်မှာတော့ နှစ်ယောက်အတူရှိသော အခိုက်အတန့်ကလေးတွေမှာ ကနုတ် အမြဲပျော်ရွှင်ရသည်။

ကနုတ်တို့ နှစ်ယောက်မှာ စကားတပြောပြောနှင့်ပင် နေ့ သူငယ်ချင်းတွေ သွေးလှူနေတာကို ထိုင်စောင့်နေခဲ့ကြတာပင်။ နေက ခြံဝန်းထောင့်ရှိ တရုတ်စံကားပင်ကြီးဆီသို့ လှမ်းကြည့်လိုက်ရင်း ...

"တရုတ်စံကားပင်ကြီးကတော့ ပွင့်တုန်း ကြွေတုန်းပါလား၊ ဒီအပင်ကြီးကတော့ ကိုယ်တို့နှစ်ယောက်အတွက် အမှတ်တရပဲနော်"

"အင်းနော် ..."

"ကိုယ်တော့ နောက်ဆို ကြက်ဥပြုတ်ရယ်၊ သွေးလှူဘဏ်ရယ်၊ တရုတ်စံကားပင်ရယ် တွေ့တိုင်း မင်းကို သတိရနေမိတော့မှာပဲ ..."

နေ့ စကားကြောင့် ကနုတ် ငိုချင်သွားရပါသည်။

တစ်ချိန်ချိန်မှာ ခွဲရမှာပဲလား ...

ခွဲဖို့ အသင့်ပြင်ထားတာလား နေရယ် ...။

အခိုက်အတန့်လေးတွေမှာ ပျော်ရွှင်ရလွန်းလို့ ခွဲခွာဖို့ကိစ္စကို ခဏလေးတော့ မေ့ထားပါရစေဦး။

နေက ထိုင်ရာမှထကာ ခြံဝန်းထောင့်ရှိ တရုတ်စံကားပင်ကြီးဆီ လျှောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ တရုတ်စံကားပွင့်ကြွေ သွားကောက်တာလားဟု ထင်မိသော်လည်း နေက ပန်းကြွေကို မကောက်ဘဲ အပင်အောက်မှာ ရပ်၍ အပင်ကို မော့ကြည့်စောင့်မျှော်နေသည်။ လေတစ်ချက် အဝှေ့မှာ ပန်းပွင့်တချို့ ကြွေကျလာတော့မှ ပန်းပွင့်လေးတစ်ပွင့်ကို ဆီးဖမ်းပြီး ကနုတ်ဆီ ပြန်လျှောက်လာသည်။

နေက တရုတ်စံကားပွင့်လေးကို လှည့်၍ကိုင်လာရင်းက ...

"သူဌေးသမီး ပန်ဖို့ ပန်းဆိုတော့ အပင်အောက်မှာ ကြွေနေတာတွေကို မကောက်ရဲဘူးလေ"

ဟု ပြောပြီး ပန်းပွင့်လေးကို ကနုတ်ရဲ့ နားရွက်ကြားမှာ ထိုးညှပ်ပန်ပေးလိုက်သည်။

"နေ့ကိုလည်း ဘယ်တော့မှ မကြွေတဲ့ ပန်းလေးတစ်ပွင့် လက်ဆောင်ပေးမယ်၊ လာ ..."

ကနုတ် စကားကြောင့် နေက ဘာများပါလိမ့်ဆိုသည့် သဘောဖြင့် မျက်ခုံးလေးပင့်ကြည့်လိုက်ပြီး ကနုတ်အနားမှာ ပြန်လာထိုင်လိုက်သည်။

ကနုတ်က သူ့လက်တစ်ဖက်ကို ဆွဲကာ ဘောပင်လေးဖြင့် တရုတ်စံကားပန်းပွင့်လေး တစ်ပွင့်ကို သူ့လက်ခုံပေါ်မှာ ဆွဲပေးလိုက်သည်။ သူက သူ့လက်ခုံလေးကို မြှောက်ကြည့်ရင်း 'ဒါက မကြွေသော ပန်းပေါ့ ဟုတ်လား' ဟု ပြောရင်း ရယ်မောပါသည်။





ခဏနေတော့ သူ့သူငယ်ချင်းတွေ တစ်ယောက်ပြီး တစ်ယောက် သွေးလှူဘဏ်ထဲမှ ထွက်လာသည်။ သွေးလှူတဲ့ သူတွေထဲမှာ လှိုင်းလည်းပါတာမို့ လှိုင်းက ကနုတ်တို့ဆီ လျှောက်လာရင်း ...

"မမ ... ကြက်ဥကျန်သေးရင် ကျွေးဦးနော်"

"ကျန်ပါ့ရှင် ... ဒီမှာ ကြိုက်သလောက်သာ ယူစားတော့၊ သူများတွေလည်း ဝေပေးလိုက်ဦး"

"ဟီ ... ကျေးဇူး မမ"

ခုတော့ ကနုတ်လည်း လှိုင်းအပေါ်မှာ ဝန်တိုစိတ်မရှိတော့ဘဲ ခင်မင်နေခဲ့ပြီမို့ ရယ်မောပြောဆိုရင်း ကြက်ဥခြင်းကို လှမ်းပေးလိုက်သည်။

လှိုင်းက ကနုတ် လှမ်းပေးသည့် ခြင်းကို လှမ်းယူရင်းက နေ့ကို လှမ်းကြည့်ရင်း ...

"ကိုနေ ... ခုတော့ ကြက်ဥပဲ စားလိုက်တော့မယ်နော်၊ နောက် မကြာခင် ကော်ဖီရယ်၊ မုန့်လေးမျိုးရယ်၊ ရေခဲမုန့်ရယ် စားချင်ပြီ ..."

နေက ချက်ချင်း သဘောမပေါက်ဘဲ ...

"စားချင် ဝယ်စားလေ ..."

"ဝယ်မစားချင်ပါဘူး၊ လက်ဖွဲ့လေးပေးပြီးတော့ပဲ စားချင်တာ ..."

လှိုင်းက ပြုံးစိစိလေးပြောပြီး ထွက်သွားတော့ နေရော ကနုတ်ပါ ငိုင်ကျန်နေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးလှူဘဏ်က ပြန်တော့ နေက မကြာခင်ကမှ ဝယ်ထားသည့် သူ့ ဘောက်စ်ဝက်ဂွန် ကားလေးဖြင့် ကနုတ်တို့ လမ်းထိပ်ထိ လိုက်ပို့ပေး၏။

"နေ ... ကနုတ် သွားတော့မယ်၊ တာ့တာနော် ..."

ကနုတ်က မခွဲနိုင်မခွာရက် မျက်လုံးလေးတွေဖြင့် သူ့ကိုကြည့်ရင်း လက်ပြနှုတ်ဆက်၏။ သူကလည်း ကနုတ်ကို လှည့်တကြည့်ကြည့်ဖြင့် လက်ပြရင်း ကားမောင်းထွက်သွားသည်။ သူ့ကားလေး ဝေးသွားသည်အထိ လက်ပြလို့မဆုံးနိုင်သော ကနုတ်သည် လက်ပြရင်းကပင် နောက်ဆုတ် နောက်ဆုတ်နှင့် လျှောက်မိကာ တစ်စုံတစ်ယောက်ကို တိုက်မိတော့မှပင် လက်ပြရပ်၏။ ကနုတ်က ထိုတစ်စုံတစ်ယောက်ကို အမှတ်တမဲ့ ကြည့်မိသောအခါ ...

"ဟင် ... နီနီ"

ကနုတ်ရှေ့မှာ မားမားရပ်နေသူကား နီနီပင် ဖြစ်တော့၏။



(၂၄)

♥ ♥ ♥

"နီနီရယ် ... ငါ တောင်းပန်ပါတယ်ဟယ် နော်၊ မေမေ့ကို ပြန်မပြောလိုက်ပါနဲ့နော်၊ ရိုက်ချင်ရိုက် ရိုက်ပါမယ်၊ ဒူးထောက်ဆို ထောက်ပါ့မယ်၊ မေမေ့ကိုတော့ သွားပြန်မပြောပါနဲ့နော် ..."

အရို့ကျိုး အနှိမ့်ချဆုံး စကားလုံးတွေဖြင့် နီနီ့ကို မနားတမ်း တောင်းပန်နေသော ကနုတ်ရဲ့မျက်နှာငယ်လေးကို နီနီက စိတ်မကောင်းစွာ စိုက်ကြည့်ရင်းက ခေါင်းယမ်းလိုက်ရင်း

"မမလေး ဒီလိုမလုပ်ပါနဲ့၊ ဒီလိုအပြုအမူ အပြောအဆိုတွေက မမလေးပုံစံမှ မဟုတ်တာ၊ မမလေး အဆင့်အတန်းနဲ့ ကျွန်မကို ဒီလို အောက်ကျို့တောင်းပန်နေစရာမှ မလိုတာ၊ ဒီကိစ္စအတွက် ဒီလောက်ကြီး ပြောင်းလဲမသွားပါနဲ့၊ မမလေး ဒီလိုလုပ်တော့ ကျွန်မ ဘယ်စိတ်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



နီနီ ပြောတော့မှပင် ကနုတ်မှာ အသိစိတ်လေး ပြန်ဝင်လာရသည်။ ငါ မက်မောရတဲ့ ငါ့ရဲ့ အခိုက်အတန့်အချိန်လေးတွေ မြန်မြန်ဆန်ဆန်ကြီး ကုန်ဆုံးသွားမှာ ကြောက်လွန်းလို့ ငါ ခုလို ကယောင်ချောက်ချား ဖြစ်နေခဲ့ရတာပါ နီနီရယ် ...။

"ကျွန်မက မမလေးနဲ့ အနီးကပ်နေရတဲ့သူဆိုတော့ မမလေး မှုပျက်တာကို မရိပ်မိဘဲမနေပါဘူး၊ မမလေး မှုပျက်တဲ့အချိန်ကတည်းက ကျွန်မ မမလေး ဘယ်သွားပြီး ဘာလုပ်တယ်၊ ဘယ်သူနဲ့ တွေ့တယ်ဆိုတာ စုံစမ်းပြီးသားပါ၊ ကျွန်မ ဝတ္တရားက မမလေးကို စောင့်ရှောက်ဖို့ပဲလေ၊ မမလေး dancer နေနဲ့ ချစ်သူဖြစ်နေတာ ကျွန်မ သိပါတယ်၊ အဲ့ဒီကိစ္စကို ကျွန်မ အန်တီ့ကို မပြောမိခင် ရပ်တန်းက ရပ်ပါ မမလေး ..."

ကနုတ်က အောက်နှုတ်ခမ်းလေးကို ဖိကိုက်ကာ ခေါင်းငုံ့ငြိမ်သက်နေသည်။ နီနီ့ကို ဘယ်လိုပြောရမှန်း စဉ်းစားမရတော့လို့ပင်။ မေမေ သိမှာတော့ ကနုတ် တကယ် ကြောက်မိတာပင်။

ကနုတ်က သက်ပြင်းလေးချကာ မျက်ရည်စို့လာသော မျက်လုံးကလေးတွေဖြင့် နီနီ့ကို မော့ကြည့်လိုက်ရင်း ...

"မေမေ့ကိုတော့ မပြောပါနဲ့ နီနီ၊ ငါ ... ငါ ... သူနဲ့ လက်မထပ်ပါဘူး ..."

"မမလေး ညာတာ၊ မမလေး ဒီလောက်ချစ်နေတာ လက်မထပ်ချင်ဘဲ နေပါ့မလား"





"လက်ထပ်ချင်တာက တစ်ပိုင်း၊ တကယ် လက်ထပ်တာက တစ်ပိုင်းပါ နီနီ ...၊ ငါ သူ့ကို လက်ထပ်ချင်ပေမယ့် လက်မထပ်ပါဘူး ..."

"ဒါဆို မမလေး သူနဲ့ ထွက်မပြေးပါဘူးလို့ ကျွန်မကို ကတိပေးပါ၊ ပြီးတော့ ... အန်တီနဲ့ ကိုမိုးမြင့်နိုင်တို့ မရိပ်မိခင် သူနဲ့လမ်းခွဲပါ"

"ငါ ကြိုးစားပါ့မယ်၊ ငါ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် နီနီရယ် ..."

"ကြိုးစားပေမယ့် လမ်းမခွဲနိုင်ရင် ဘယ်လိုလုပ်မလဲ"

"လမ်းမခွဲနိုင်တာက တစ်ပိုင်း၊ လမ်းခွဲရတာက တစ်ပိုင်းပါ နီနီ၊ ငါ သူ့ကို လမ်းမခွဲနိုင်ပေမယ့် လမ်းခွဲမှာပါ၊ လမ်းမခွဲခင် အခိုက်အတန့်လေးမှာတော့ ပျော်ပျော်ရွှင်ရွှင် နေပါရစေ နီနီရယ် ..."

နီနီက သက်ပြင်းချ၏။ စိတ်မကောင်းစွာ မျက်နှာလွှဲ၏။

ကနုတ်ကတော့ ကိုယ့်ပါးပြင်ပေါ် အလိုလို စီးကျလာသော မျက်ရည်တစ်စက်ကို လက်ညှိုးကွေးကလေးဖြင့် ပင့်သုတ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

♥ ♥ ♥

အဲ့ဒီနောက်မှာတော့ ကနုတ်သည် နီနီ့ရဲ့ နားလည်မှုဖြင့် နေနဲ့ ဆက်လက်တွေ့ဆုံခွင့် ရခဲ့လေသည်။

မေမေ့ရှေ့မှာတော့ ကနုတ် မူမပျက်မိအောင် ကြိုးစားရသည်။ သို့သော်လည်း နေနဲ့တွေ့ပြီး ပြန်လာတိုင်း ရွှင်လန်းတက်ကြွနေတတ်သော ကနုတ်ပုံစံက သိသာလွန်းသည်ဟု နီနီက သတိပေး၏။

ကနုတ်သည် မေမေ့ကိုတော့ အကြောင်းအမျိုးမျိုးပြကာ လိမ်ရ၏။ နေနဲ့ တွေ့ဖို့သွားတိုင်း ကိုမိုးမြင့်နိုင်နဲ့ ချိန်းထားလို့ပါဟု လိမ်ရပြီး ကိုမိုးမြင့်နိုင်က ကနုတ်ဆီ ဖုန်းဆက်ချိန်းတိုင်းလည်း မေမေခိုင်းထားသော အလုပ်တွေ လုပ်နေသဖြင့် မအားလို့ပါဟု အကြောင်းပြရ၏။

ကနုတ်တို့ နှစ်ယောက်အတွက်တော့ အချိန်တွေဟာ အကုန်မြန်လွန်းလှသည်။ တကယ်တမ်း ချစ်မိပြီဆိုရင် အချိန်





ကာလ အကန့်အသတ်ဆိုတာကို ထည့်မတွက်နိုင်တော့တာဟာ သဘာဝပဲလားတော့ မသိ …၊ သူနဲ့တွဲပြီး တစ်လခွဲအကြာမှာ ချစ်သူဖြစ်ခဲ့ကြရ၏။ ခုဆို ချစ်သူသက်တမ်းဟာ တစ်လလေးပဲ ရှိသေး၏။ မူလသတ်မှတ်ချက်အတိုင်းဆို ကနုတ် ကတိပြုခဲ့တဲ့ သုံးလပြည့်ဖို့ ၁၅ ရက်သာ လိုတော့၏။ သူနဲ့သာ ချစ်သူမဖြစ်ခဲ့ကြလျှင် သုံးလပြည့်မည့်အချိန်ကို ကနုတ်က စိတ်စောစွာ စောင့်ဆိုင်းနေမိလိမ့်မည်။ ခုတော့ သုံးလ သတ်မှတ်ချက်ကို နှစ်ယောက်လုံး ဂရုမစိုက်နိုင်တော့ဘဲ နောက်အနှစ်သုံးဆယ်မက ခုလိုလေး တွေ့နေခွင့်ကိုသာ လိုချင်မိလေသည်။

သို့သော် … ရှောင်လွှဲမရနိုင်သည့် အခြေအနေတစ်ခုကတော့ တဖြည်းဖြည်း နီးကပ်လာခဲ့သည်။

တစ်ညနေမှာ ကနုတ် နေနဲ့တွေ့ပြီး ပြန်လာတော့ မေမေက တံခါးဝမှ ဆီးကြိုနေကာ …

"သမီး … ဒီနေ့တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ …"

"ဩော် … ဟိုလေ အစ်ကို့ရုံးခန်းကို ရောက်နေတာ မေမေ၊ အစ်ကို့အလုပ်ကိစ္စလေးတွေ ဝင်လေ့လာနေတာ၊ ခုပဲ သူနဲ့ အတူ ထမင်းစားပြီး ပြန်လာခဲ့တာ …"

"မောင်မိုးမြင့် ရောက်နေတယ် သမီး"

"ရှင် …"

မေမေ့စကားကြောင့် ကနုတ် လန့်ဖျပ်သွားပါသည်။ ခုမှပဲ ဧည့်ခန်းထဲသို့ လှမ်းကြည့်မိတော့ ဧည့်ခန်းဆိုဖာပေါ်မှာ ထိုင်နေသော အစ်ကို့ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ပြုံးလျက် ကနုတ်တို့ သားအမိဆီ လျှောက်လာရင်း ...

"ကိုယ် ခုပဲ ရောက်ရုံရှိသေးတယ်၊ အန်တီနဲ့တောင် စကား သေသေချာချာ မပြောရသေးဘူး၊ ကိုယ် ကားမမောင်းချင်လို့ ဒရိုင်ဘာ လိုက်ပို့ပြီး ကားဆီသွားဖြည့်နေတယ်၊ ခုနပဲ ကနုတ်နဲ့ လမ်းခွဲပြီး ကိုယ်က အရင်ကြိုရောက်နေတော့ ကနုတ် ငြီးငွေ့သွားတော့မှာပဲ ..."

ကနုတ်အတွက် သူလိမ်ပေးနေတာမို့ ကနုတ်က သူ့ကို ကျေးဇူးတင်စွာ ကြည့်မိသည်။

"ကနုတ် ပြန်သွားပြီးမှ ကနုတ်တို့လမ်းထဲမှာ နေတဲ့ ဒါရိုက်တာ ကိုမော်က ဖုန်းဆက်လို့ သူ့အိမ်မှာ ခွေလာယူရင်း ကနုတ်ဆီ ဝင်လာခဲ့တာ၊ နမူနာခွေလေးလည်း ပေးချင်လို့လေ၊ ကိုယ်တို့ ကုမ္ပဏီကဖြန့်မယ့် ဆေးအသစ်တစ်မျိုးအတွက် တီဗီကြော်ငြာ ရိုက်ထားတာ၊ ကနုတ် ဒီည ကြည့်ပြီး အကဲဖြတ်ပေးပါဦး"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကို"

အစ်ကို လိမ်တာ ပိရိသဖြင့် မေမေက ယုံသွားပုံရသည်။

"မေမေ ... ကနုတ်တို့ ခြံထဲမှာ လမ်းလျှောက်ရင်း စကားပြောလိုက်ဦးမယ်နော်"

"အေး ... အေး ... သွားလေ သမီး"





ကနုတ်က အစ်ကိုနှင့်အတူ ခြံထဲသို့ ဆင်းလာခဲ့ကြပါသည်။

ကနုတ်က အစ်ကိုနှင့်အတူ ယှဉ်၍လျှောက်နေရင်းက သူ့ကို ငဲ့ကြည့်မိရင်း ...

"အစ်ကို ..."

"အင်ဟင် ..."

"ကနုတ် အစ်ကို့ကို အသုံးချပြီး လိမ်ပြောမိတဲ့အတွက် တောင်းပန်ပါတယ်၊ တကယ်တော့ ကနုတ် ဒီနေ့ ..."

"လက်ထပ်ကြရအောင် ကနုတ် ..."

"ရှင် ..."

"လက်ထပ်ကြမယ်လေ ...၊ ကိုယ်တို့ရဲ့ နှစ်ဖက်မိဘတွေကလည်း ကိုယ်တို့ကို လက်ထပ်ပေးဖို့ ရည်ရွယ်ထားခဲ့တာပဲ၊ ကိုယ်တို့ နှစ်ဖက်အသိုက်အဝန်းကလည်း သိထားပြီးကြပြီလေ၊ ပြီးတော့ ကိုယ်ရော ကနုတ်ပါ လက်ထပ်ဖို့ ချိန်ခါသင့်တဲ့အရွယ်ကို ရောက်နေကြပြီပဲ၊ မနက်ဖြန် ကိုယ့်မေမေကို ပြောခိုင်းလိုက်မယ်၊ လူကြီးချင်း တိုင်ပင်ပြီး နေ့ကောင်းရက်သာ ရွေးထားရအောင်"

" ... ... ... "

"ညီမက ကိုယ့်ထက်လည်း ငယ်တဲ့သူဆိုတော့ ငယ်ငယ်လေးကတည်းက မိဘရဲ့ အုပ်ထိန်းမှုအောက်မှာ ကျဉ်းကျဉ်းကြပ်ကြပ် နေခဲ့ရသူဆိုတော့ တစ်ခါတလေ မွန်းကြပ်ပြီး စိတ်အလိုလိုက် မှားယွင်းမိတာမျိုးလည်း ရှိကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်တယ်၊ အဲ့ဒီလို အမှားအယွင်းရှိမိရင်လည်း ကိုယ်က တော့ ညီမတစ်ယောက်အပေါ် ကြင်နာစိတ်မျိုးနဲ့ ခွင့်လွှတ်ပါတယ် ...”

“... ... ...”

“လက်ထပ်ဖို့ စီစဉ်ခိုင်းလိုက်တော့မယ်နော်၊ ဟုတ်ပြီလား၊ ကဲ ... ကိုယ်လည်း မိတ်ဆွေတွေနဲ့ ချိန်းထားတဲ့ကိစ္စလေး ရှိလို့ သွားရဦးမယ်၊ ဟော ... ဟိုမှာ ကားလည်းပြန်လာ ခေါ်နေပြီ၊ အန်တီ့ကို သွားနှုတ်ဆက်လိုက်ဦးမယ်”

အစ်ကိုက အိမ်ဘက်သို့ ပြန်လျှောက်သွားပြီမို့ ကနုတ်လည်း သူ့နောက်မှ လိုက်လာခဲ့ရသည်။

သူက မေမေ့ကို နှုတ်ဆက်ပြီး ကားပေါ်တက်ကာ ကနုတ်ကို လက်ပြနှုတ်ဆက်သွားသည်။

ကနုတ်ကတော့ ငေးငိုင်ရင်း ကျန်ခဲ့ရသည်။

ကနုတ် ဘာလုပ်ရရင် ကောင်းမလဲ နေ ...။



(၂၆)

♥ ♥ ♥

နောက်တစ်နေ့မှာပဲ မေမေက ပြုံးရွှင်စွာဖြင့် ကနုတ်ကို ခေါ်ပြောလေသည်။

“သမီးရေ ... မောင်မိုးမြင့်တို့ကတော့ မလွယ်ဘူးပဲ၊ လူကြည့်တော့သာ တည်ငြိမ်ရင့်ကျက်ပုံ ပေါက်ပေမယ့် စိတ်ကတော့ ခပ်နုနုပဲ ထင်ပါရဲ့၊ မနေ့က တစ်နေ့လုံး သမီးနဲ့ တွေ့ပြီးတာတောင် ညနေ အိမ်လိုက်လာလို့ ထူးဆန်းပါတယ် ထင်နေတာ ...၊ သူက မေ့သမီးနဲ့ မခွဲချင်တော့လောက်အောင် ဖြစ်နေပြီကိုး၊ ဒီနေ့ပဲ သူ့အမေ ဒေါ်မိမိနိုင် ဖုန်းဆက်တယ်လေ ...၊ သူ့သားက သမီးနဲ့ လက်ထပ်ချင်ပြီလို့ ပူဆာတယ်ဆိုပဲ ...၊ သမီး ကြည့်ရတာလည်း ခုတလော စိတ်မတည်မငြိမ်နဲ့ မောင်မိုးမြင့်နဲ့ ခဏခဏ ချိန်းချိန်းထွက် နေတာဆိုတော့ သမီးတို့ချင်း ဆန္ဒညီတယ်လို့ပဲ မေမေ သတ်မှတ်လိုက်ပြီနော် ...”



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်သည် တက်ကြွနေသော အမေ့ကိုကြည့်ရင်း ဘာပြန်ပြောရမှန်း မသိ။ မေမေ့ရဲ့ အိပ်မက်တွေကိုလည်း မဖျက်ဆီးရက်။

"မနက်ဖြန် ဗေဒင်ဆရာဆီ သွားဖို့ မိန့် ချိန်းထားလိုက်ပြီးပြီ၊ တခြား ဘာမှမလုပ်ခင် နေ့ကောင်းရက်သာ အရင်ရွေးရမယ် မဟုတ်လား ..."

"ရွှေရွှေတို့ကတော့ဟော့ သူ့သမီး လက်ထပ်မှာကို သူလက်ထပ်တုန်းကထက်တောင် တက်ကြွနေသေး ..."

ဘွားဘွားကလည်း ကနုတ်တို့ စကားဝိုင်းထဲသို့ တက်ကြွစွာ ပါဝင်လာပြန်သည်။

မေမေက ဘွားဘွားကို ခပ်ပြုံးပြုံး လှမ်းကြည့်ရင်း

"တက်ကြွရတာပေါ့ မာမီရယ်၊ မျိုးကောင်း ရိုးကောင်း လူကောင်းသူကောင်း ယောကျ်ားတစ်ယောက်က ကိုယ့်သမီးလေးကို အမြတ်တနိုး တန်ဖိုးထားပြီး လက်ထပ်ဖို့တောင်းဆိုလာတာ ဆိုတော့လည်း ဘယ်အမေက မပျော်ဘဲရှိမလဲ ..."

"ဟို ... မေမေ နည်းနည်းများ စောမနေဘူးလားဟင်"

ကနုတ်က မရဲတရဲ ဝင်ပြောမိတော့ ဘွားဘွားက မျက်ခုံးကလေး ပင့်ကာ ...

"ဘယ်ကလာ စောရမှာလဲ ငါ့မြေးရဲ့၊ ဒီအရွယ်ဟာ လက်ထပ်ဖို့ အသင့်တော်ဆုံး အရွယ်ပဲ၊ ဒီအချိန်လောက် အိမ်





ထောင်ပြုထားမှ အရွယ်ကောင်းလေးမှာ သားတွေ သမီးတွေ စုံစုံညီညီနဲ့ ပျော်ပျော်ရွှင်ရွှင် နေခွင့်ရမှာပေါ့၊ ဘွားဘွားဖြင့် မြေးကို မြေးသူငယ်ချင်း နန္ဒီလေးလို ဖြစ်မှာ သိပ်စိုးရိမ်ခဲ့တာ၊ နန္ဒီဆိုကြည့်စမ်း ... စိတ်အလိုလိုက်မိတော့ သူ့ဘဝက မလှတော့ဘူး၊ သူ့အမေခမျာလည်း သောကတွေ ရောက်နေရှာတယ်၊ သူလည်း စုထိ ရှောင်တိမ်းနေရတုန်း မဟုတ်လား၊ ခမျာ ဘယ်လောက်တောင် ဒုက္ခရောက်လိုက်မလဲကွယ် ..."

"နန္ဒီက ဒုက္ခမရောက်ပါဘူး ဘွားဘွားရဲ့၊ ကနုတ်ဆီတောင် ဖုန်းဆက်ပါသေးတယ်၊ သူ ပျော်နေတာပါ"

"ပျော်လည်း ခဏပါကွယ်၊ ကဲ ... ကဲ ... သူများအကြောင်း ခဏထား၊ ကိုယ့်အကြောင်းလေးပဲ ကိုယ်စဉ်းစား၊ အချိန်တွေ ဆွဲမနေနဲ့တော့၊ ဘွားဘွားလည်း မသေခင် မြေးချွဲသွားချင်တယ်"

ဘွားဘွားက ကျန်းမာရေးမကောင်းလှသူမို့ သူ့ကျန်းမာရေး ဆိုးဝါးမလာခင်မှာ ကနုတ်ကို မင်္ဂလာဆောင်စေချင်ခဲ့သူပင်။

ကနုတ်သည် မင်္ဂလာပွဲ ရွှေ့ဆိုင်းဖို့ အကြောင်းပြချက် ရှာမရတော့တာမို့ မေမေ စီစဉ်ပြောဆိုနေသမျှကို ငြိမ်ငြိမ်လေး နားထောင်နေရင်း ရင်ထဲမှာတော့ တုန်ခါနေသည်။

ကနုတ် အခန်းထဲကို ဝင်လာခဲ့ချိန်မှာ ဆောင်းကတည်



www.burmeseclassic.com

www.burmeseclassic.com



ရာမရသော စိတ်ဖြင့် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်မိသည်။ ထို့နောက် ရုတ်တရက် အားပြတ်သလို ဖြစ်လာကာ ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။

ကနုတ် ငေးငိုင် ငြိမ်သက်နေဆဲမှာပဲ ဖုန်းမြည်သံကြားရသည်။

ကနုတ် ဖုန်းကောက်ကိုင်လိုက်ရာ ...

"ကနုတ် ... ငါပါ"

"နန္ဒီ ..."

"အေး ... ငါတို့ ဒီနေ့ပဲ ရန်ကုန် ပြန်ရောက်တယ် ..."



(၂၇)

♥ ♥ ♥

အထပ်မြင့် တိုက်ခန်းကျဉ်းကလေးထဲမှာ ပစ္စည်းတွေ ရှုပ်ပွနေတာကိုကြည့်ရင်း ကနုတ် စိတ်ရှုပ်နေပေမယ့် နန္ဒီ့မျက်နှာလေးကတော့ ကြည်လင်နေပါသည်။

နန္ဒီက အခန်းထောင့်မှာ လိပ်ထားသည့် ဖယောင်းပုဆိုးလိပ်ကို ဖြည်ချကာ တမံသလင်း ကြမ်းပြင်ပေါ်သို့ ဖြန့်ချလိုက်ရင်း ...

"လာ ... ထိုင် ... ကနုတ်၊ အိမ်ကတော့ ခုမှ လိုအပ်တာတွေ ပြင်ဆင် ထည့်နေရတုန်းဆိုတော့ ရှုပ်ပွနေတုန်းပေါ့၊ သော် ငှားနေတဲ့ အခန်းက ဆက်မငှားတော့လို့ ပြန်အပ်လိုက်ရတာနဲ့ အခန်းသစ် ငှားထားရတာ၊ ထိုင်ခုံတွေလည်း မဝယ်ရသေးတော့ ဧည့်သည်လာရင် နည်းနည်းတော့ အားနာရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က ဖယောင်းပုဆိုးအခင်းပေါ်မှာ ဝင်ထိုင်လိုက်ရင်း ဟိုဒီ မျက်စိဝေ့ကြည့်ကာ ...

"ဖေသော်ရော ..."

"သူ အပြင်သွားပြီး လိုအပ်တာလေးတွေ ဝယ်နေတယ်"

"နင် နင့်အမေဆီ မဆက်သွယ်ဘူးလား"

"ငါ ဖုန်းဆက်ထားတယ်၊ မာမီက အရမ်းစိတ်ဆိုးနေတယ်လေ၊ ကြည့်ရတာ အမွေပြတ်တောင် စွန့်ပစ်မလားပဲ ..."

"နင် တောင်းပန်လိုက်ရင် စိတ်ပြေသွားမှာပါ၊ အချိန်တော့ နည်းနည်း စောင့်ရမှာပေါ့"

"အေးပေါ့ ...၊ ငါကတော့ မာမီ့ဆီက နားလည်ခွင့်လွှတ်မှုအပြင် တခြား ဘာမှမလိုချင်ပါဘူး၊ ငါတို့ ဒီလိုလေးပဲ နေရမယ်ဆိုလည်း နေနိုင်ပါတယ်၊ သော်ရော ငါပါ အလုပ်လုပ်ရင် စားဝတ်နေရေးတော့ မပူရပါဘူး"

လူကြီးလေးလို တည်တည်ငြိမ်ငြိမ်လေး ပြောနေသော နန္ဒီ့ကို ကြည့်ရင်း ကြည့်ရင်း ကနုတ်က အံ့ဩလာမိကာ

"နန္ဒီ ... နင် ပြောင်းလဲသွားလိုက်တာ၊ အရင်ကဆို နင်က အရမ်းဇိမ်ခံတတ်တဲ့သူ၊ အကောင်းကြိုက်တတ်တဲ့သူလေ၊ နင်ထိုင်ဖို့ ဆိုဖာတောင်မှ ဟိုဟာ ဒီဟာ ကြေးများနေတတ်တဲ့သူ မဟုတ်လား၊ ဆိုဖာလေး နည်းနည်း ဒီဇိုင်းအောက်ရင်တောင် အသစ်ဝယ်လဲပစ်တဲ့သူက ခုလို အေးစက်စက် ဖယောင်းပုဆိုးပေါ်မှာ ထိုင်နိုင်တာ ငါ အံ့ဩလို့မဆုံးဘူး၊





ဒီလောက် အဆင်မပြေတဲ့ဘဝမှာ နင့်မျက်နှာ တစ်ချက်မညှိုးတာလည်း တကယ် ထူးဆန်းတယ်"

"အဆင်မပြေတဲ့ ဘဝ ...! ဟုတ်လား ..."

နန္ဒီက ကနုတ်ပြောသွားသည့် စကားလုံးကို ရေရွတ်ကာ ပြုံးလိုက်ရင်း ...

"အလုံးစုံ အဆင်ပြေတဲ့ အိမ်ထောင်သည်ဘဝဆိုတာ ဘယ်မှာရှိလို့လဲ ကနုတ်ရယ် ...၊ အိမ်ထောင်သည်ဘဝ ရောက်လာရင် တစ်ခုမဟုတ် တစ်ခုတော့ အဆင်မပြေတာ ရှိလာကြမှာပဲ၊ ငါ့အခုလက်ရှိဘဝက ငွေရေးကြေးရေး အဆင်မပြေပေမယ့် ငါတို့အချင်းချင်း ချစ်ပြီး နားလည်မှုရှိကြတဲ့အတွက် ငါကျေနပ်တယ်၊ ငွေကြေးရော ဂုဏ်ဒြပ်ပါ ပြည့်စုံတဲ့ အိမ်ထောင်တွေမှာလည်း ကိုယ့်အိမ်ထောင်ဘက်ကို စိတ်တိုင်းမကျတာ၊ ဆက်ဆံရေး အဆင်မပြေတာ၊ သဘောထား မတိုက်ဆိုင်တာတွေ ရှိမှာပဲ ...၊ ဆွေရေး မျိုးရေး ပြဿနာတွေ၊ အပေါင်းအသင်း ပြဿနာတွေဆိုတာလည်း ရှိနိုင်တာပဲ၊ ပိုက်ဆံရှိတိုင်းလည်း အိမ်ထောင်ရေး အဆင်ပြေတာမှ မဟုတ်တာ ...၊ ကိုယ့်အိမ်ထောင်ရေးကို အလုံးစုံ ကျေနပ်ပါတယ်လို့ ပြောတဲ့သူတွေက အလကား ကြွားတာ၊ ညာတာ ...၊

"အိမ်ထောင်ရေးမှာ အဆင်မပြေတာတွေကို ကျေနပ်နိုင်ဖို့သာ အရေးကြီးတာပဲ၊ အဲ့ဒီလို ကျေနပ်နိုင်ဖို့ အတွက် အချစ်က အရမ်းအရေးကြီးတယ်လေ၊ ချစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတာတွေကို သည်းခံနိုင်တယ်၊ ကျေနပ်နိုင်တယ်၊ နားလည်နိုင်တယ်၊ ခွင့်လွှတ်နိုင်တယ်၊ အဲ့ဒါကြောင့် ငါ အရမ်းချစ်တဲ့ သူကို ငါလက်ထပ်ခဲ့တာပေါ့ ...။ ငါ မချစ်ဘဲ့သူကိုသာ လက်ထပ်မိရင် တော်ရုံ အဆင်မပြေတဲ့ ကိစ္စ သေးသေးလေးတွေကိုတောင် ကျေနပ်နိုင်မှာမဟုတ်လို့လေ"

ကနုတ်သည် နန္ဒီ့ကို ငေးကြည့်နေမိရင်း ငိုချင်လာမိပါသည်။

ကနုတ် ... သူ့လို ဘာလို့ သတ္တိမရှိနိုင်ရတာလဲ ...။

"နန္ဒီ ..."

အနည်းငယ် တုန်ရင်သော အသံဖြင့် ခေါ်မိတော့ နန္ဒီက ကနုတ်ရဲ့ မျက်ရည်ဝဲနေသော မျက်ဝန်းတွေကို သတိထားမိသွားကာ ...

"ဟင် ... နင် ... ဘာဖြစ် ..."

"ငါ ... နင့်ကို ပြောပြစရာတွေ ရှိတယ်"

ကနုတ်က ကနုတ် ခံစားရင်ဆိုင်နေရတာ၊ တွေဝေဆုံးဖြတ်ရ ခက်နေတာတွေကို နန္ဒီ့ကို ရင်ဖွင့်ပြောပြခဲ့မိပါသည်။

ကနုတ် စကားဆုံးတော့ နန္ဒီက သက်ပြင်းချရင်း ...

"နင် ... ခုတော့ အချစ်ကို သိပြီပေါ့နော် ..."

"ဟုတ်တယ် နန္ဒီ၊ နင်ပြောခဲ့သလိုပါပဲ၊ အချစ်ဆိုတာ ချစ်နိုင်အောင် ကြိုးစားချစ်ရတာမျိုး မဟုတ်ပါဘူး၊ ငါ ရင်ထဲက အလိုလို ခံစားလာရတာပါ၊ ခုတော့ သူ့ကို ငါ





ချစ်တယ်လို့ ပြတ်ပြတ်သားသား ပြောနိုင်ပြီလေ၊ ပြီးတော့ အဲ့ဒီချစ်စိတ်ကြောင့်ပဲ အဆင့်အတန်း မညီမျှတာတွေကို ငါမေ့ထားနိုင်တယ်၊ ဒါ ... ဒါပေမယ့် လက်ထပ်ဖို့အတွက်တော့ ..."

"လက်ထပ်ဖို့အတွက်ကျတော့ အဲ့ဒီအဆင့်အတန်းကို နင် ထည့်စဉ်းစားပြီ မဟုတ်လား ..."

"... ..."

"နင် သူ့ကို လက်မထပ်ရဲဘူး မဟုတ်လား"

"မေမေ့ မျှော်လင့်ချက်တွေကို ငါ မဖျက်ဆီးချင်ဘူး၊ အစ်ကို့ကိုလည်း အားနာတယ်၊ ပြီးတော့ ..."

"အဲ့ဒါ ဆင်ခြေတွေပါ၊ တကယ်တမ်းက နင့်အတွက လက်မခံတာပါ၊ နင့်ရဲ့ စံနှုန်းတွေနဲ့ မကိုက်ညီလို့ နင် တွန့်ဆုတ်နေတာပါ၊ တကယ်တမ်းကျတော့ နင်က အချစ်ရေးမှာ ကလေးပဲရှိပါသေးတယ် ကနုတ်ရယ် ...၊ လူတစ်ယောက်ကို အကောင်းဆုံး မချစ်တတ်သေးသရွေ့တော့ နင့်အချစ်စိတ်ဟာ မရင့်ကျက်သေးဘူး၊ ရင့်ကျက်တဲ့ စိတ်နဲ့ ချစ်တတ်မှ အဲ့ဒီအချစ်က ပိုပြီး လေးနက်တည်ကြည်တာပါ"

ကနုတ်သည် သုံးလလောက် အတောအတွင်းမှာ အရမ်း ရင့်ကျက်ကာ လက်တွေ့ဆန်သွားသော နန္ဒီ့ကို ငေးကြည့်ရင်း အံ့သြပြီးရင်း အံ့သြခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီ့တိုက်ခန်းလေးက အပြန်မှာ ကနုတ်စိတ်တွေ ဆောက်တည်ရာမရချင် ...။

ကနုတ်က အိမ်မပြန်သေးဘဲ နေတို့ အကခန်းမဆီသို့ ဦးတည်လာခဲ့မိပါသည်။



(၂၈)

♥ ♥ ♥

"သူဌေးသမီးလေး ... မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ဖြူရော်သော မျက်နှာဖြင့် နေ့ရုံးခန်းလေးထဲသို့ ဝင်လာသော ကနုတ်ကို နေက လှမ်းမေးတော့ ကနုတ်က ငိုချင်မိမတတ် ဝမ်းနည်းလာမိပါသည်။ နေက ထိုင်ရာမှ ထလာကာ ကနုတ်ရဲ့ နဖူးကလေးကို စမ်းကြည့်ရင်း ...

"ကိုယ်တော့ မပူပါဘူး"

"နေ့ကို အရမ်းချစ်တယ် ..."

ကနုတ်က နေ့ မျက်နှာကို စိုက်ကြည့်ရင်း ပြောလိုက်တော့ နေက ရှက်သလိုလေး ပြုံးကာ နဖူးစပ်ကို လက်ညှိုးလေးနှင့် ကုပ်ခြစ်လိုက်ရင်း ...

"ဘာလဲကွာ ... ၊ ခဏခဏ အဲ့ဒီလို လာမပြောစမ်းပါနဲ့ကွာ၊ အသည်းယားတယ်ကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေရော ... ကနုတ်ကို ချစ်လား"

နေက ကနုတ်ကို ပြုံးကြည့်ရင်း ခေါင်းညိတ်၏။

"ပါးစပ်က ဖြေ ..."

"ချစ်တယ်ကွာ၊ ချစ်တယ် ... ချစ်တယ်၊ အရမ်းချစ်တယ်"

"ကနုတ်နဲ့ ချစ်နေရတာကို နေ ပျော်ရဲ့လား"

"... ..."

"ဟင် ... နေ၊ ဖြေလေ ... နေ ပျော်ရဲ့လား ..."

နေက မဖြေပါ ...။ ကနုတ်ကို စိုက်ကြည့်နေသော နေ့မျက်နှာက တဖြည်းဖြည်း သွေးရောင်လွှမ်းလာခဲ့ပြီးမှ ...

"မင်းရဲ့ စံနှုန်းတွေကို သတိမရရင် ပျော်တယ်၊ မင်းမှာ လက်ထပ်ရမယ့်သူ တစ်ယောက် ရှိနှင့်နေတာကို သတိမရရင် ပျော်တယ် ...၊ မင်းနဲ့ တွေ့တဲ့ အခိုက်အတန့်အချိန်လေးတွေကို မက်မောရင်းနဲ့ မင်းကို ငါ ချစ်ခဲ့မိတာ ...၊ မင်း ဘာဖြစ်လို့ ငါ မေ့ထားတာတွေကို သတိရလာအောင် လာဆွနေတာလဲ ...၊ မင်း ပြန်တော့ ကနုတ် ..."

နေက နီရဲလာသည့် သူ့မျက်လုံးတွေကို ဖုံးကွယ်လိုတာမို့ ရုံးခန်းအပြင်သို့ ထွက်သွားခဲ့သည်။

ကနုတ်က ငိုမချမိအောင် ကိုယ့်စိတ်ကို ကိုယ်ထိန်းရင်း အိမ်ပြန်လာခဲ့ရသည်။

ကနုတ်နဲ့ တွေ့တဲ့ အခိုက်အတန့် အချိန်လေးတွေကို မက်မောရင်းနဲ့ ချစ်ခဲ့တာတဲ့လား နေရယ် ...။



(၂၉)

♥ ♥ ♥

စတိတ်ရှိုး စင်မြင့်ထက်ဆီကို ကြည့်နေခဲ့သော ကနုတ်ရဲ့ မျက်ဝန်းတွေသည် တစ်စတစ်စ မှုန်ဝါးလာခဲ့လေသည်။

ဒီ စတိတ်ရှိုးဟာ ကနုတ်ကို ရင်ကွဲစေတဲ့ စတိတ်ရှိုးဆိုတာ ကနုတ် မသိခဲ့လို့သာ လာကြည့်မိတာပါ နေရယ် ...။

ကနုတ် မျက်တောင် တစ်ချက်ခတ်မိတော့ မျက်ရည်စတွေ ပါးပေါ် ကြွေသက်လာသည်။

အဆိုတော်၏ သီဆိုသံက ကနုတ်ရဲ့ နှလုံးသားကို ဆုပ်ညှစ်ထားသလို ခံစားရကာ ရင်နင့်မောကြပ်လာသည်။

*"အသိုင်းအဝိုင်းကြီး နှစ်ခုက တံတိုင်းလိုခြား ×××*
*ရှေ့ဆက်မိုက်ကြဖို့ မဖြစ်နိုင်တဲ့အခါ ×××*
*ခွဲရမယ့်ကိစ္စ ခဏမေ့ထား ×××*
*တစ်နေ့တော့ ဝေးရမယ့် ဒီလမ်းဆုံလေးမှာ ×××*
*ဘောဘီ မင်းရင်ခွင်ထဲ ခဏလောက်ပွေ့ဖက်ထားပါ*
*တကယ်ဆို ရင်ထဲ အမြဲ မင်းပဲရှိနေဦးမှာ ×××"*



www.burmeseclassic.com

www.burmeseclassic.com



နေနှင့် လှိုင်းက ထိုသီချင်းကို သရုပ်ဖော်ကာ ကလျက်ရှိသည်။ လှပသွက်လက်သော ကကွက်များနှင့်အတူ ကနေရင်းက ခွဲခွာသွားရသော ပါဖောမင့်စ် ကကွက်တွေက ကနုတ်ရဲ့ နှလုံးသားကို တမြေ့မြေ့ ဆွေးရိလာစေသည်။

*"ဒီလို ဆုံနိုင်ခွင့်လေး ခဏ x x x*
*သေပျော်ပြီ ရင်နင့်သွား x x x*
*ဒီအချိန် ကံကြမ္မာနဲ့ ကျန်တာ မေ့ထား x x x*
*ခဏလောက် ပတ်သက်ရုံလေးပဲ*
*အမြဲတမ်း အမှတ်တရကျန်ဖို့အတွက်*
*မင်းနဲ့ချစ်ကြရုံ အနိုက်လေး x x x*
*အရူးအမူး ချစ်ချင်တယ် x x x*
*ရှေ့ဆက်ဖို့ရန်လည်းခက်*
*နောက်ဆုတ်ဖို့ မဖြစ်တဲ့အတွက်*
*မင်းနဲ့ပဲ ချစ်ကြရုံအနိုက်လေး x x x*
*အရူးအမူး ချစ်ချင်တယ် x x x"*

နေရယ် … ကျွန်မနဲ့ ချစ်ကြတဲ့အနိုက်အတန့်လေးမှာ ရှင် အရူးအမူးချစ်သလို ကျွန်မလည်း အရူးအမူး ချစ်ပါတယ်။ ဒီသီချင်းလေးထဲကလိုပဲ ရှင်နဲ့ ဆုံရတဲ့ တစ်ခဏလေးက ကျွန်မအတွက် အမြဲတမ်း အမှတ်တရ ဖြစ်ကျန်ခဲ့မှာပါ …။

ကနုတ်သည် နေ ကနေတာကိုကြည့်ရင်း သီချင်းသံကို နားထောင်ရင်း မျက်ရည်တွေ ထိန်းသိမ်းမရအောင် ကျလာခဲ့ရသည်။





ကျွန်မ လာကြည့်မယ်ဆိုတာသိလို့ ဒီသီချင်းနဲ့ ကဖို့ ရွေးချယ်ခဲ့တာလား နေရယ် …။

ကနုတ်သည် အင့်ခနဲ ထွက်လာသော ရှိုက်သံတစ်ချက်ကြောင့် ပါးစပ်ကို လက်ဖဝါးလေးဖြင့် ပိတ်လိုက်ရင်း လူအများကြားမှ ထထွက်လာခဲ့မိသည်။

စိတ်နဲ့ ကိုယ် မကပ်လောက်အောင် ဆောက်တည်ရာမဲ့ ငိုကြွေးရင်းကပင် စတီတ်ရှိုးကျင်းပရာ ဟိုတယ်ရဲ့ပြင်ပသို့ တစ်ယောက်တည်း ခြေဦးတည့်ရာ လျှောက်ထွက်လာခဲ့မိစဉ် …

"မမလေး …"

နီနီ့ ခေါ်သံနှင့်အတူ နီနီ မောင်းလာသော ကားက လမ်းဘေးမှာ ထိုးရပ်သွားခဲ့သည်။ နီနီက ကားပေါ်မှ ဆင်းကာ ကနုတ်ဆီသို့ ပြေးလာပြီး …

"မမလေး ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာရတာလဲ၊ ကျွန်မသာ မမြင်လိုက်ရင် မမလေးတစ်ယောက်တည်း ဒီပုံစံနဲ့ ဘယ်လောက်ဝေးဝေးထိ လျှောက်သွားနေမှာလဲ၊ စိတ်ကိုထိန်းပါ မမလေးရယ်"

"နီနီ … နီနီရယ်၊ ငါ ဘာလုပ်ရမလဲ၊ ငါ သူ့ကိုချစ်တယ်၊ သူနဲ့ မခွဲချင်ဘူး၊ သူနဲ့ လက်ထပ်ဖို့လည်း သတ္တိမရှိဘူး"

ကနုတ်က နီနီ့ကို တိုင်တည်ရင်း ရှိုက်ကာ ရှိုက်ကာ ငိုလေသည်။ နီနီက ကနုတ်ကိုတွဲကာ ကားထဲသို့ ပို့ပေး၏။ အဲဒီနောက်တော့ ကနုတ် အားရပါးရ ငိုကြွေးလို့ပြီးတဲ့အထိ ကားမောင်းမထွက်သေးဘဲ စောင့်နေပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

♥ ♥ ♥

နောက်တစ်နေ့ မနက်စောစောတွင် ကနုတ်သည် နေ့ အကခန်းမသို့ ထွက်လာခဲ့လေသည်။

အဲဒီနေ့ဟာ တနင်္ဂနွေနေ့မို့ နေတို့ သင်တန်းကျောင်း ပိတ်ထားတာကိုတော့ ကနုတ် သိသည်။

ကနုတ် ရောက်သွားချိန်တွင် အခန်းတံခါး သော့ခ် ချပိတ်ထားတာကို တွေ့ရသည်။

ကနုတ်မှာ နေ ပေးထားသော သော့တစ်စုံ ရှိတာမို့ ဘဲလ်နှိပ်မနေတော့ဘဲ ကိုယ့်ဘာသာ သော့ဖွင့်ဝင်လာခဲ့သည်။

ခန်းမကျယ်ကြီးကတော့ ရှင်းလင်းတိတ်ဆိတ်လျက် ရှိသည်။

သင်တန်းသားတွေ ရှိချိန်ဆို ဆူညံစည်ကားမြဲဖြစ် သော အခန်းက သူတစ်ယောက်တည်းရှိချိန်မှာ ခုလိုပဲ တိတ်ဆိတ်





နေတတ်သည်။ အဲ့ဒီလိုအချိန်မျိုးတွေမှာ ရှင် သိပ်အထီးကျန်ရတယ် ဆိုတာ ကျွန်မ နားလည်ပါတယ် နေရယ် ...။

အဖြူရောင် ခန်းဆီးစ ပါးပါးရှည်ရှည်လေး လွင့် မြောနေသော ပြတင်းပေါက်ဆောက ဆိုဖာရှည်ပေါ်မှာတော့ နေက နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိသည်။

ဒီနေ့ဟာ ချစ်သူနဲ့ လမ်းခွဲရမယ့်နေ့ဆိုတာ မသိလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေနိုင်တာလား နေ ...။

မခွဲခင် နေ့မျက်နှာလေးကို တိတ်တဆိတ်လေး ငေး ကြည့်နေခွင့် ပေးလို့ ကျေးဇူးပါ နေ ...။

ကနုတ်က ဆိုဖာဆောင်း ကြမ်းပြင်ပေါ်သို့ အသာ အယာ ဒူးထောက်ထိုင်ချလိုက်ပြီး နေ့ မျက်နှာလေးကို ငေးကြည့် သည်။ ပြီးတော့ နေ့ နဖူးကို ဖွဖွလေး နမ်းလိုက်ပါသည်။

"အိပ်ပုပ် ..."

သူက မနိုးတာမို့ ကနုတ်က မျက်ရည်စတချို့ကို ပွတ်သုတ်ကာ သူ့ကို မျက်စောင်းထိုးရင်း တီးတိုး ရေရွတ်လိုက် သည်။ ပြီးမှ နေ့နားက ထလာခဲ့ပါသည်။

ဒီနေ့ တစ်နေ့လုံး နေ့ ဝေယျာဝစ္စလေးတွေ လုပ် ပေးမည်ဟု ကြံစည်ထားတာမို့ ဘယ်ကဘယ်လို စလုပ်ရင် ကောင်း မလဲဟု စဉ်းစားရင်း အခန်းထဲအနှံ့ လျှောက်ကြည့်မိသည်။

အခန်းထောင့်မှာ နေ အကြိုက်ဆုံး sport shoes တွေထားသည့် ဖိနပ်စင်ကြီး ရှိသည်။ ဖိနပ်စင်ပေါ်က ဖိနပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်ပြီး စနစ်တကျ ပြန်ထည့်မထားတာမို့ ဖိနပ်တွေက ရှုပ်ပွကာ တချို့သော ဖိနပ်တွေက ဖုန်တက်လျက် ရှိသည်။

ကနုတ်က ထိုဖိနပ်စင်နားသို့ လျှောက်သွားလိုက်ပြီး ဖိနပ်စင်ဘေး ခုံပုလေးမှာ ဝင်ထိုင်လိုက်ပါသည်။ ကိုယ့်ဝေယျာဝစ္စတွေကိုပဲ သူများက လုပ်ပေးတာခံရပြီး ကိုယ်ကတော့ ဘယ်သူ့ဝေယျာဝစ္စမှ လုပ်မပေးခဲ့ဖူးသော ရွှေကနုတ်ဟာ ခုတော့လည်း နေ စီးထားသော ဖိနပ်တွေကို သေချာ တိုက်ချွတ် စီရီပေးနေခဲ့သည်။

ထိုခဏမှာ ကနုတ်ရှေ့သို့ နေ့ ခြေတစ်စုံ ရပ်တန့်လာခဲ့ကာ ...

"ကနုတ် ... ဒါ ဘာလုပ်တာလဲဟင်၊ ဘာလို့ ဒါတွေလုပ်ရတာလဲ၊ ဒါ ကနုတ်လုပ်ရမယ့် အလုပ်မဟုတ်ဘူး"

နေက ကနုတ်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး တိုက်လက်စ ဖိနပ်တွေကို ဆွဲလုကာ စင်ထဲသို့ ဖြစ်သလို ထိုးထည့်လိုက်သည်။

"ကနုတ် လုပ်ပေးချင်လို့ပါ နေ့ရဲ့ ...၊ ဒီနေ့ ဟိုအဒေါ်ကြီးလည်း မလာဘူးနော်၊ ကြမ်းလည်း မတိုက်ရသေးဘူးမဟုတ်လား၊ နေ့အခန်း သန့်ရှင်းရေးကို ကနုတ် လုပ်ပေးပါ့မယ်၊ နေ အေးအေးဆေးဆေး ပြန်အိပ်လေ နော်၊ ညက အိပ်ရေးပျက်ထားတယ် မဟုတ်လား၊ ပြန်အိပ်မှ ဖြစ်မယ်လေ နေ့ရဲ့၊ နေ မိုက်ဆာရင် ကနုတ် ခေါက်ဆွဲပြုတ်ကျွေးမယ်လေ၊ နေ ဆာလား ..."





"အင်း ... ဆာတော့ ဆာသလိုပဲ"

"ဒါဆို ခဏစောင့်၊ ကနုတ် ခေါက်ဆွဲသွားပြုတ်လိုက်မယ်၊ အရင်တစ်ခါတုန်းက နေက ကနုတ်ကို ခေါက်ဆွဲပြုတ်ကျွေးထားတော့ ကနုတ်က အခု လက်စားပြန်ချေရမှာပေါ့ ..."

ကနုတ်က နောက်ဘက် ထမင်းစားခန်းလေးထဲသို့ ဝင်လာခဲ့ပြီး ခေါက်ဆွဲပြုတ်ဖို့ ရေနွေးအိုး တည်လိုက်သည်။ ရေနွေးအိုး မဆူခင်အချိန်လေးမှာ ထမင်းစားခန်းကို သန့်ရှင်းရေးလုပ်လိုက်သည်။

မကြာခင်မှာပဲ မွှေးပျံ့နေသော ခေါက်ဆွဲပြုတ်ပန်းကန်လေးကို ဗန်းလေးထဲထည့်ကာ နေရှိရာ အရှေ့ခန်းသို့ ပြန်ထွက်လာပါသည်။

"မွှေးလိုက်တာကွာ၊ ကျေးဇူး ... ကျေးဇူး၊ ကိုယ့်အချစ်လေးက အရမ်းလိမ္မာနေတယ်၊ အင် ... ခေါက်ဆွဲက ပြဲစိစိကြီးပါလား"

"ဟင် ... ဟုတ်လား၊ တော်တော် ပျော့သွားလား"

နေက ခေါက်ဆွဲမျှင်တွေကို တူနှင့် ညှပ်ယူလိုက်တော့ ခေါက်ဆွဲက အမျှင်လိုက် ပါမလာဘဲ ပြတ်ထွက်ကျန်ခဲ့သည်။

"ဘာလို့ ညှပ်မရတာလဲ မသိဘူးနော်"

"ပျော့ပြဲနေလို့ပေါ့ သူ့ခွေးသမီးရဲ့၊ ဒါလေးတောင် ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးလား၊ ကဲ … ဇွန်း သွားယူလာခဲ့၊ ဇွန်းနဲ့ပဲ ခပ်စားလိုက်တော့မယ် …"

ကနုတ် ဇွန်းယူလာပေးတော့မှ နေက ခေါက်ဆွဲပြုတ်ကို ခပ်စားရင်း မျက်နှာက ရှုံ့မဲ့နေသည်။ နေ လုပ်နေတဲ့ပုံက ရယ်စရာကောင်းတာမို့ ကနုတ်က ရယ်မိသည်။

"စားနော် … စား၊ ပျော့ပျော့ မာမာ ခေါက်ဆွဲက ခေါက်ဆွဲပဲဟာ၊ ဗိုက်ပြည့်မှာတော့ သေချာတယ်"

"ဩော် … ဟုတ်ကဲ့ပါ ခင်ဗျ၊ ကျေးဇူးတင်တယ်နော် …"

နေက ခပ်ငေါ့ငေါ့ ပြော၏။

ကနုတ်က နေ့ကို မျက်စောင်းထိုးလိုက်ရင်း …

"ကျေးဇူးတင်ရင် ပြီးတာပဲ၊ ကနုတ် ကြမ်းတိုက်လိုက်ဦးမယ်"

"ဟာ … ဘာလို့တိုက်မှာလဲ၊ အခေါက်ကြီး မနက်ဖြန် လာပါလိမ့်မယ် …"

"နေ့အခန်းကို ကနုတ်ကိုယ်တိုင် ကြမ်းတိုက်ပေးချင်လို့ပါ"

"ကဲ … ဒါဆိုလည်း ခဏစောင့်၊ အတူတူတိုက်မယ်"

"နေ့ ဘာသာ စားစရာရှိတာ ဖြောင့်ဖြောင့်စားပါ၊ ကနုတ်တိုက်ပါ့မယ် …"

နေ ခေါက်ဆွဲပြုတ် စားနေတုန်းမှာ ကနုတ်က နေ့အခန်းကို သန့်ရှင်းရေး လုပ်ပေးနေမိပါသည်။





နေ စားပြီးတော့ ကနုတ်ကို လာကူသည်။ ကနုတ်က နေ့ ရှပ်အင်္ကျီတွေ သွားယူလာကာ …

"ဒီမှာ ကြည့်စမ်း … ကော်လံအတွင်းဘက်မှာ ညစ်ပတ်နေတာပဲ၊ လျှော်တာ စင်လည်းမစင်ဘူး"

"အဝတ်လျှော်စက်နဲ့ လျှော်ထားတာပဲ"

"စက်နဲ့လျှော်တာ ဘယ်စင်မလဲ၊ ဒီလိုနေရာမျိုးကို လက်နဲ့ သေချာ ပွတ်လျှော်ရတာ …"

"သူဌေးသမီးက လျှော်နေကျလား …"

"ဟုတ်ပါဘူး … အိမ်က အိမ်ဖော်တွေ ပြောတာ ကြားဖူးလို့ ကြားဖူးနားဝနဲ့ ဆရာလုပ်ကြည့်တာပါ"

ကနုတ်က ပြောပြောဆိုဆို ဆပ်ပြာမှုန့်ထုပ်ကြီးကို အင်္ကျီပေါ် သွန်ချလိုက်ရာ ဆပ်ပြာမှုန့်တွေ ဖွေးခနဲ ကျလာပါသည်။

"ဟာ … ဟာ … အင်္ကျီလေး တစ်ထည်ကို ဒီလောက် အများကြီး ထည့်လျှော်ရလို့လား …"

"အဟီး … လက်လွန်သွားလို့"

"သူဌေးသမီးတို့ကတော့ကွာ …"

လုပ်လည်း လုပ်ပေးချင်၊ မလုပ်လည်း မလုပ်တတ်ဖြစ်နေသော ကနုတ်ပုံစံက နေ့အတွက် ဟာသတွေ ဖြစ်နေသည်။

ကနုတ်က ကြမ်းတိုက်ဝတ်ကို သွားယူကာ ကြမ်းပြင်တွေကို ပွတ်တိုက်တော့လည်း နေက အတူလာတိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားဟာ ကြမ်းတိုက်ဝတ်ကြီးကို အတူကိုင်ကာ …

"ကဲ … စမယ်၊ ရယ်ဒီ … ဝမ်း တူး သရီး … "

ဟု အော်ရင်း အခန်း ဒီဘက်ထောင့်ကနေ ဟိုဘက်ထောင့်ထိ ဒူးထောက်သွားကာ ခေါက်တုံ့ခေါက်ပြန် ပြိုင်တူညီညာ ကြမ်းတိုက်ရင်း တစ်ယောက်နဲ့ တစ်ယောက် ရယ်မောစနောက်နေခဲ့ကြသည်။

နှစ်ယောက်စလုံး မောဟိုက်လာတော့မှ ဒူးထောင်၍ ကြမ်းပြင်ပေါ် ပက်လက်လှဲချလိုက်ကြသည်။

ကနုတ်သည် မောလို့ ငြိမ်နေရင်းကပင် တဖြည်းဖြည်း ငိုချင်လာခဲ့ရသည်။

မှိတ်ထားသော မျက်ခွံအောက်က မျက်ရည်စတချို့ တိုးထွက်လာကာ ကြမ်းပြင်ပေါ် စီးကျသွားသည်။

လမ်းခွဲစကားပြောဖို့ လာခဲ့တာပါ နေ …။

လမ်းမခွဲခင် နေနဲ့ ခုလို နေချင်ခဲ့တာဟာ ကနုတ်ရဲ့ လောဘလား …။ ကနုတ် လောဘကြီးမိပြီလား။

ကနုတ်ရဲ့ လောဘက နေ့ကို နာကျင်စေဦးမှာလား။

"မောမောနဲ့ ပြန်အိပ်ချင်လာပြန်ပြီကွာ"

သူက မျက်လုံးမဖွင့်ဘဲ ပြောသည်။

ခဏကြာတော့ ကြမ်းပြင်ပေါ်မှာ ပက်လက်လှဲရက်ပင် သူ ပြန်အိပ်ပျော်သွားခဲ့သည်။





ကနုတ်က ကြမ်းပြင်ပေါ် လက်ထောက်၍ ထလိုက်ပြီး သူ့မျက်နှာကို ငုံ့မိုး၍ကြည့်နေမိသည်။

အဲဒီနောက်မှာတော့ ကနုတ်သည် သူနဲ့ မလှမ်းမကမ်း ကြမ်းပြင်ပေါ်မှာ ငုတ်တုတ်လေးထိုင်ရင်း သူ့ကို ငေးကြည့်နေခဲ့မိသည်မှာ အချိန်ဘယ်လောက်ကုန်လို့ ကုန်သွားမှန်းပင် မသိလိုက်ချေ …။

သူက အနည်းငယ် လူးလွန့်၍ မျက်လုံးဖွင့်ကြည့်လိုက်လျှင် …

"ဟင် … ကနုတ် …၊ မပြန်သေးဘူးလား"

သူက အမြန်ထထိုင်လိုက်ရင်း တအံ့တသြမေးသည်။

"နေ့ကို ပြောစရာရှိလို့ စောင့်နေတာ … "

"အင် … ပြောလေ … "

"ဒီနေ့ ဘာနေ့လဲ … သိလား"

"ဟင့်အင်း …၊ ဘာနေ့မို့လို့လဲ … "

"နေနဲ့ ကနုတ် စတွေ့တာ သုံးလပြည့်တဲ့ နေ့လေ … "

"အဲဒီတော့ … "

"အဲဒီတော့ မနက်ဖြန်က စပြီး ကနုတ်တို့ မတွေ့တဲ့ နေ့လိုက်ကြရအောင် … "

" "

… …

နေ့ မျက်လုံးတွေက နူးညံ့နေရာမှ ရှုးရှလာသည်။

"ဒီလိုဆို ငါတို့ အချစ်ကရော … "

"အချစ်က သိမ်းထားလိုက်လို့ ရပါတယ်၊ လက်ဆေပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်လို့ သိမ်းထားလိုက်ရတဲ့ အချစ်တွေ အများကြီး ရှိတတ်ပါတယ် ...”

“ငါကတော့ သိမ်းမထားနိုင်ဘူး၊ လွှင့်ပစ်လိုက်မယ်”

နေ့အသံက ကြွပ်ဆတ်ဆတ် ဖြစ်လာသည်။

နေ နာကြည်းလာပြီဆိုတာ ကနုတ် သိပါသည်။

“လွှင့်ပစ်လိုက်တာလည်း ကောင်းသားပဲနော်၊ ကျွန်မလည်း လက်ထပ်တော့မှာ ဆိုတော့ ...”

“မင်းက လက်ထပ်တော့မှာလား ...”

“ဟုတ်တယ်၊ ကျွန်မမှာ လက်ထပ်ရမယ့်သူ ရှိနေခဲ့တယ်လေ ...”

“မင်း လက်ထပ်မယ့်သူအကြောင်း နည်းနည်းလောက် ပြောပြပေးနိုင်မလား ...”

“သူက စီးပွားရေးလုပ်တဲ့ ဆရာဝန်တစ်ယောက်ပါ”

“အဆင့်လည်းမြင့်၊ ပိုက်ဆံလည်း ချမ်းသာ၊ ဂုဏ်လည်း ရှိ ဆိုပါတော့”

“ဟုတ်ပါတယ်”

နေက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

“မင်းကို ငါ နည်းနည်းတော့ သနားတယ် ကနုတ်၊ မင်းမှာ ဂုဏ်ရော ငွေရော အစစအရာရာ ပြည့်စုံရက်သားနဲ့ ယောကျ်ားတစ်ယောက်မှာ ရှိနေတဲ့ ဂုဏ်တွေ ငွေတွေကို တမက်တမော ဖြစ်နေတာ အရမ်းသနားဖို့ ကောင်းတာပဲ၊ ကိုယ့်မှာ ဘာမှမရှိလို့ သူများရဲ့ ဂုဏ်တွေ ငွေတွေကို





မက်ပြီး မချစ်တဲ့သူကို လက်ထပ်လိုက်ရတယ်ဆိုတာက သဘာဝကျတယ်၊ မင်းက အစစအရာရာ ပြည့်စုံရက်နဲ့ ကိုယ့်အချစ်တွေကို စတေးပြီး လက်ထပ်မယ်ဆိုတာက ရယ်စရာ မကောင်းဘူးလား”

“သူ့မှာ ကျွန်မ လက်ထပ်ဖို့ ထိုက်တန်တဲ့ အရည်ချင်းတွေ ရှိတယ် နေ ...၊ ရှင့်မှာတော့ ရှင် ရူးသွပ်တဲ့ အကအပြင် ဘာရှိလို့လဲ ...”

“သြော် ... သြော် ... အဲဒီလို တွက်ချက်ထားတာလား”

နေက သရော်လှောင်ပြောင် ရယ်မောလိုက်ပြီးမှ ချက်ချင်း ခက်ထန်လာကာ ...

“မင်း ငါ့ကို လက်မထပ်ဘူးဆိုတာ အစောကြီးကတည်းက သိပေမယ့် မင်းနဲ့ ချစ်ခဲ့ရတဲ့ အနိုက်အတန့်လေးတွေကို ငါ တန်ဖိုးထားခဲ့တယ် ကနုတ် ...၊ မင်းနဲ့ လက်ထပ်ဖို့ အထိလည်း ငါ လောဘမကြီးခဲ့ပါဘူး၊ ဒါပေမယ့် မင်း အခု ငါ့ကို ပြောနေတဲ့ လမ်းခွဲစကားက သိပ်ရင့်သီးမနေဘူးလား ...၊ မင်းလို ဘဝမြင့်တဲ့ မိန်းမမျိုးကို ငါကလည်း မက်မောမနေပါဘူး၊ မင်း သွားတော့ ရွှေကနုတ် ...”

နေက ဆတ်ခနဲ ထရပ်လိုက်ပြီး သူ့ရုံးခန်းထဲသို့ ဝင်သွားကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

အဲဒီနောက် တံခါးကို လျှောမှီ၍ ထိုင်ချကာ ဒူး နှစ်ဖက်ကို ကျစ်ကျစ်ပိုက်၍ မှောင်ရိပ်လေးမှာ ထိုင်ရင်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကို ကိုယ် ပြန်ကိုက်ထားကာ အသံမထွက်အောင် ကျိတ်ရှိုက်ရင်း တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရီလာသည်။

အကခန်းမ၏ တံခါးကို ပြန်ပိတ်သွားသံ ကြားရသည်။

ရင်ထဲမှာ လှိုက်ခနဲ ဟာကျသွားသည်။

ရွှေကနုတ်ရယ် ...

မင်းကိုချစ်သလောက် ငါ မုန်းတယ် ...။



(၃၁)

❤ ❤ ❤

"မေမေ ..."

အခန်းထဲသို့ ကနုတ် မျက်ရည်လည်ရွဲဖြင့် ဝင်လာတာကို မေမေက မသိဘဲ စားပွဲပေါ်မှာ ဖြန့်ချထားသည့် နမူနာဖိတ်စာတွေကြားမှာ အလုပ်ရှုပ်နေရင်းက ...

"သမီး ပြန်လာပြီလား၊ မောင်မိုးမြင့် ပြန်လိုက်ပို့သလား"

"မေမေ ... ကနုတ် အစ်ကို့ကို လက်မထပ်ချင်ဘူး"

မေမေက ကနုတ်ကို ဆတ်ခနဲ မော့ကြည့်လာသည်။

"သမီး ... ဘာဖြစ်တာလဲ"

ကနုတ်သည် မေမေ့ခြေရင်းမှာ ဒူးထောက်ထိုင်ချကာ ရှိုက်ကာ ရှိုက်ကာ ငိုလိုက်မိရင်း ...

"မေမေ သမီးမှာ ချစ်သူရှိတယ်၊ သမီး သူ့ကို လက်ထပ်ပါရစေ၊ သမီး တောင်းပန်ပါတယ်၊ သမီးကို ခွင့်ပြုပေးပါ မေမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကနုတ်က အဆက်မပြတ် ငိုကြွေးတောင်းပန်နေတာမို့ မေမေက ကနုတ်ရဲ့ ပခုံးလေးကို လှမ်းဖက်လိုက်ရင်း ...

"နေက သမီး လက်ထပ်ချင်တဲ့ သူမျိုးမှ မဟုတ်တာ"

"ဟင် ... မေမေ သိနေတယ်"

"နီနီ ပြောပြထားလို့ မေမေ သိတာ မကြာသေးဘူး၊ ကောင်လေးအကြောင်းလည်း မေမေ စုံစမ်းပြီးပါပြီ ...၊ ကောင်လေး အဖေက သိပ်အကျင့်စာရိတ္တ မကောင်းဘူးလို့ သိရတယ်၊ ကောင်လေးရဲ့ အနေအထားကလည်း သမီးနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူးလေ၊ သမီးကိုယ်တိုင်လည်း သူ့ကို လက်ထပ်ဖို့ စိတ်ကူးမရှိလို့ လမ်းခွဲဖို့ ဆုံးဖြတ်ပြီးသား မဟုတ်လား"

"ဒါပေမယ့် တကယ်တမ်းကျတော့ သမီး သူနဲ့ မခွဲနိုင်ဘူး မေမေ၊ ခု ... သမီး သူ့ကိုလမ်းခွဲစကားပြောပြီး ပြန်လာခဲ့တာပါ၊ သမီးရင်တွေ ကွဲထွက်တော့မလိုပါပဲ မေမေရယ်၊ သူနဲ့ လက်ထပ်မိလို့ အဆင်မပြေတဲ့ ဘဝကို ရင်ဆိုင်ရမယ်ဆိုလည်း သမီး ကျေနပ်ပါတယ်၊ သမီး မခံစားနိုင်တော့လို့ပါ၊ သမီးကို ခွင့်ပြုပေးပါ ..."

"မေမေနဲ့ ဘွားဘွားကို သတ်သာသွားတော့ သမီး ..."

"ရှင် ..."

"သမီး သူ့ဆီသွားချင်ရင် မေမေတို့ကို သတ်ပြီးမှ ထွက်သွားလိုက် ..."





အေးစက်စိမ်းကားသော မေမေ့ အကြည့်နဲ့ မေမေ့ စကားက ကနုတ်ကို ကြက်သီးဖြာထသွားစေသည်။

"အချစ်အတွက် ဒီလောက် သွေးရူးသွေးတမ်း ဖြစ်နေစရာ မလိုဘူး သမီး၊ သမီး ဒီလိုဖြစ်နေတဲ့ပုံကို မေမေ မမြင်ချင်ဘူး၊ မေမေ ဂုဏ်ယူရတဲ့ သမီးတစ်ယောက် ဒီလောက် ကယောင်ချောက်ချား ဖြစ်နေတာ မေမေ ဝမ်းနည်းလို့မဆုံးဘူး၊ လူ့ဘဝမှာ ချစ်ရတာ၊ မုန်းရတာ၊ ခွဲခွာရတာ၊ ပေါင်းဆုံရတာ ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတွေပဲ၊ ဘာမှမဆန်းဘူး ...၊ သွေးပျက် တုန်လှုပ်နေဖို့လည်း မလိုဘူး၊ ဣန္ဒြေဆိုတာ စောင့်စည်းထိန်းချုပ်ခြင်းတဲ့၊ ကိုယ့်စိတ်ထဲမှာ ခံစားရတဲ့အတိုင်း ထိန်းမနိုင် သိမ်းမရ ပေါက်ကွဲဖွင့်ထုတ်နေတဲ့ သူဆိုတာ ဣန္ဒြေမဲ့တဲ့သူပဲ ...၊ သမီးက ဣန္ဒြေရှိတဲ့ မိန်းကလေးပါ၊ ဒါကို သမီး နားလည်ပြီးသား ဖြစ်မှာပါ"

မေမေက ကနုတ်ရဲ့ ခံစားချက်တွေကိုပါ ချုပ်နှောင်ပစ်လိုက်သည်။

ကနုတ် တဖြည်းဖြည်းငြိမ်ကျသွားခဲ့သည်။

မျက်ရည်တွေ ရပ်တန့်သွားခဲ့သည်။

ဣန္ဒြေရှိတဲ့ မိန်းကလေး ဆိုတာ ...။



www.burmeseclassic.com

www.burmeseclassic.com

(၃၂)

♥ ♥ ♥

မေမေ့ကို မသတ်ရက်သော ကနုတ်သည် ကိုယ့်နှလုံးသားကို ကိုယ်ပြန်သတ်ပစ်လိုက်ရသည်။

ဣန္ဒြေရှင် မိန်းကလေး ပီသစွာဖြင့် ခံစားချက်တွေကို ထိန်းချုပ်ပစ်လိုက်သောအခါ ကနုတ်သည် သက်ရှိ ကျောက်ရုပ်ကလေးလို အေးစက် အသက်မဲ့သွားခဲ့သည်။

ကနုတ်သည် တစ်နေ့တစ်နေ့ မေမေ ခေါ်သည့်နောက်သို့ လျှောက်လိုက်ရပြီး မေမေ စီမံသမျှကိုသာ နာခံဆောင်ရွက်နေသည်။ ဝတ်စုံကိစ္စ၊ မိတ်ကပ်ကိစ္စ ... အစရှိသည့် မင်္ဂလာပွဲအတွက် ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်နေသော ကနုတ်မျက်နှာပေါ်မှာတော့ ပျော်ရွှင်ခြင်းလည်း မရှိ၊ ဝမ်းနည်းခြင်းလည်း မရှိ ခံစားချက်မဲ့သော မျက်နှာကို မေမေကတော့ တည်ငြိမ်သွားပြီဟု ယူဆထားပုံ ရပါသည်။





နေနဲ့လမ်းခွဲပြီးနောက် တစ်လခန့်အကြာ တစ်မနက်မှာတော့ နန္ဒီ့ဆီက ဖုန်းဝင်လာခဲ့ကာ ...

"ကနုတ်ရေ... ကိုနေ မနက်အစောကြီး သွေးလှူဖို့သွားရင်း လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်လို့ အခု ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနမှာ ရောက်နေတယ်"

ထိုသတင်းက ခံစားချက်မဲ့ခဲ့တာ ကြာပြီဖြစ်သော ကနုတ်ရဲ့ စိတ်ကို ပြန်လှုပ်နှိုးနိုင်ခဲ့သည်။

စိုးရိမ်ပူပန်ရခြင်း၊ ဝမ်းနည်းပူဆွေးရခြင်း၊ နှမြောတမ်းတရခြင်း စသည့် ခံစားချက်များဖြင့် ကနုတ်ရဲ့ နှလုံးသားသည် ပြန်လည် လန့်နိုးလာခဲ့ရသည်။

နန္ဒီနှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ ကနုတ်ရောက်ရှိသွားချိန်တွင် နေသည် သတိလစ်နေဆဲဖြစ်ပြီး သွေးသွင်းရန်သွေးလိုအပ်လျက် ရှိသည်။

ခုတင်ဘေးဘက်သို့ ကျနေသော နေ့ရဲ့ လက်ခုံပေါ်မှာတော့ တရုတ်စံကားပွင့်ပုံ တက်တူးရုပ်ကလေးကို တွေ့ရလေသည်။ အဲ့ဒီတက်တူးကလေးဟာ ကနုတ် သူ့လက်ခုံပေါ်မှာ ဆွဲပေး ခဲ့ဖူးသော တရုတ်စံကားပွင့်ပုံကလေးနှင့် ချွတ်စွပ်တူပါသည်။

ကနုတ်သည် သူ့ရဲ့ လက်ကလေးကို အသာအယာမ,ယူလိုက်ပြီး သူ့လက်ခုံကလေးကို ကနုတ်ရဲ့ နှုတ်ခမ်းလေးဖြင့် ဖျတ်ခနဲ ဖိကပ်လိုက်သည်။ ထို့နောက် ထိုင်ရာမှ ထလိုက်ရင်း ...

"ကျွန်မ B သွေးပါ၊ သူ့အတွက် သွေးလှူပါရစေ..."



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

♥ ♥ ♥

သူ့အတွက် ပေးရမည့် သွေးကို သူနဲ့အတူတူ လာခဲ့ဖူးသော သွေးလှူဘဏ်မှာ သွားဖောက်ရပါသည်။

သူပြောသလို ကနုတ်ရဲ့ အကြောကလေးက သေးကွေးသော်လည်း အကြောရှာရခက်တာကလွဲရင် သွေးဖောက်ယူဖို့တော့ အဆင်ပြေပါသည်။

ကနုတ်ရဲ့ သွေးကြောထဲသို့ အပ်ထိုးလိုက်တာကို ကနုတ် ရဲရဲဝံ့ဝံ့ ခံယူသလို တစ်စက်စက် စီးကျသွားသော သွေးတွေကိုလည်း ကြည့်ရဲခဲ့ပါသည်။

သူပြောခဲ့ဖူးသော စကားတွေကို ပြန်သတိရကာ ကြည်နူးပီတိ ဖြစ်ရပါသည်။

"အက်ဆီးဒင့် တစ်ခုခု ဖြစ်လို့ပဲဖြစ်ဖြစ် ရောဂါကြောင့်ပဲဖြစ်ဖြစ် ကိုယ့်မှာ သွေးလိုရင် သူ့ငွေးသမီးက လှူမှာလား"

"လှူမှာပေါ့ ..."





"ခုနပြောတော့ဖြင့် သွေးမမြင်ဝံ့ဘူးဆို၊ သွေးဖောက်ခံရမှာကြောက်တယ်ဆို ..."

"ကြောက်တော့ ကြောက်ပေမယ့် ကိုယ့်ချစ်သူအတွက်ပဲဟာ၊ လှူရမှာပေါ့ ..."

"အင်း ... ဒါဆို ကိုယ်လည်း ကိုယ်ချစ်တဲ့သူရဲ့ သွေးတွေကိုယ့်ခန္ဓာကိုယ်ထဲ စီးဝင်လာပြီဆိုတဲ့ အသိလေးနဲ့ ကြည်နူးခွင့် ရဦးတော့မှာပေါ့"

ကနုတ်သည် မျက်လုံးတွေကို မှေးမှိတ်ထားရင်း စကားသံနှင့် ရယ်မောသံတွေကို ပြန်လည်ကြားယောင်လာသည်။

ကြက်ဥပြုတ်ရယ်၊ ခုံတန်းဖြူကလေးရယ်၊ တရုတ်စကားပွင့်ကလေးရယ်၊ ဟောဒီ သွေးလှူဘဏ်ကြီးရယ်၊ ချစ်ရတဲ့သူရယ် ...။

သွေးဖောက်ပြီး ခဏကြာလျှင် ကနုတ်သည် သွေးလှူဘဏ်ထဲမှ ပြန်ထွက်လာပြီး သူနဲ့အတူ အကြိမ်ကြိမ် ထိုင်ခဲ့ဖူးသည့် သွေးလှူဘဏ်ရှေ့ ခုံတန်းကလေးမှာ ခဏထိုင်နေခဲ့မိသည်။

"အစ်မ ... ရော့ ... ဒါလေး စားလိုက်ဦး"

အဖော် လိုက်လာပေးသော နေ့ တပည့်လေးက ကြက်ဥပြုတ် တစ်လုံးနှင့် အချိုရည်တစ်ဘူး လှမ်းပေးသည်။

ကနုတ်က ကြက်ဥကို ယူကာ ကနုတ်ရဲ့ နဖူးနှင့်ပင်ဆတ်ခနဲ ထု၍ ခွဲလိုက်ပြီး အခွံခွာစားလိုက်ပါသည်။ ကြက်ဥစားရင်း ဝဲလာသည့် မျက်ရည်တွေဟာ နဖူးဆီက နာကျင်မှုသေးသေးလေးကြောင့်တော့ မဟုတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်ထားရာ တရုတ်စံကားပင်ကြီးအောက်သို့ ကနုတ် လျှောက်လာခဲ့ချိန်မှာ စကားတစ်ပွင့်က လေတွင် လွင့်ဝဲကြွေသက်လျက် ကနုတ်ရဲ့ ပခုံးစွန်းကလေးပေါ်မှာ တင်သွားပါသည်။

နေ့နံဘေးသို့ ကနုတ် ပြန်ရောက်လာချိန်တွင် နေက သတိလစ်လျက်ပင် ရှိသည်။

ကနုတ်သည် မြေမခသေးသည့် စကားပွင့်လေး တစ်ပွင့်ကို သူ့ဘေးနားမှာချထားခဲ့ပြီး သူ သတိရမလာသေးခင်မှာပင် ပြန်လည်ထွက်ခွာလာခဲ့သည်။

ကနုတ် ကတိတည်ပါတယ်နော် နေ။

ချစ်တဲ့သူရဲ့ သွေးတွေ ကိုယ့်ခန္ဓာကိုယ်ထဲ စီးဝင်လာပြီဆိုတဲ့ အသိစိတ်လေးနဲ့ ရှင် ကြည်နူးနိုင်ပါစေ ...။

ကျွန်မရဲ့ သွေးနဲ့ အသက်ဆက်ပြီး ရှင် အမြန်ဆုံး ရှင်သန်နိုးထလာနိုင်ပါစေ ...။



(၃၄)

♥ ♥ ♥

နောက် နှစ်လခန့်အကြာ ...

ကောင်းကင်မှာ တိမ်မြူကင်းစင်လျက် လရောင် ထိန်ထိန်သာသော တစ်ညမှာ ကနုတ်နှင့် ကိုမိုးမြင့်နိုင်တို့၏ စေ့စပ်ပွဲကို ဆီဒိုးနားဟိုတယ်၏ ရေကူးကန်ဘေးမှာ ကျင်းပခဲ့ပါသည်။

အဲ့ဒီနေ့ ညမှာပဲ ဟိုတယ်တွင်းရှိ ball room ထဲတွင် ကျင်းပနေသည့် ပွဲတစ်ခုမှာ ကဖို့ နေတို့အဖွဲ့သားတွေ အားလုံး ဟိုတယ်သို့ ရောက်ရှိလာခဲ့ကြပါသည်။

သန့်စင်ခန်း ခဏဝင်ဖို့ ဟိုတယ်တွင်းသို့ လျှောက်ဝင်လာသော ကနုတ်နှင့် ခန်းမဆီသို့ လျှောက်လာနေသော နေတို့သည် ခပ်ဝေးဝေးမှပင် တစ်ယောက်ကို တစ်ယောက် လှမ်းမြင်လိုက်ကြလေသည်။

နှစ်ဦးစလုံးမှာ ရောက်သည့် နေရာလေးမှာပင် တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ထားသလို ရပ်တန့်နေမိခဲ့ပြီး တစ်ယောက်ကို တစ်ယောက် နှင့်နေအောင် စိုက်ကြည့်နေခဲ့ကြသည်။ ထိုအချိန်လေးဟာ အခိုက် အတန့်လေးသာ ဖြစ်သော်လည်း တစ်သက်တာအတွက် ဖူလုံသွား ပါသည်။ ဆူးထက်စူးသော ခံစားချက်တွေဖြင့် နာကျင်ခဲ့ရသော နှလုံးသားနှစ်စုံကို နှစ်သိမ့်မှု ပေးနိုင်သော အခိုက်အတန့် ဖြစ်ခဲ့ ပါသည်။

"ကနုတ်ရေ ... သွားကြရအောင်လေ ..."

"ကိုနေရေ ... မြန်မြန် လာတော့လေ၊ အချိန်နီးနေပြီ ..."

မရှေးမနှောင်း ထွက်ပေါ်လာသော ခေါ်သံများ ကြောင့် နေက ပထမဦးစွာ ကျောခိုင်းထွက်ခွာသွားခဲ့သည်။

အဲဒီညက ...

dancer နေက စတိတ်ရှိုးစင်မြင့်ထက်၌ ဟန်မပျက် ကလျက်ရှိပြီး ...

ရွှေကနုတ်သည်လည်း အဖိုးထိုက်တန်သော သတို့ သားလောင်းနှင့်အတူ စေ့စပ်ပွဲကို ဆင်နွှဲလျက်ရှိလေသည်။



BURMESE CLASSIC .com

နောက် ၁ နှစ်ခန့်ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၃၅)

♥ ♥ ♥

"ကိုနေ … ကျွန်တော်တို့ အကတိုက်နေတဲ့ ရက်တွေမှာ အစ်မကြီး ချောချောလေးတစ်ယောက် လာလာချောင်းနေတာ ကိုနေ သတိထားမိလား …၊ ဟော … ဟိုမှာ … ကိုနေ အသာလေး လှည့်ကြည့်လိုက် …"

အကတိုက်ပြီး ခဏနားနေချိန်မှာ နေတို့အဖွဲ့ဝင်အသစ် ကောင်လေး ဖြိုးမင်းက နေ့အနားကပ်လာကာ ခပ်တိုးတိုး ပြောလိုက်တာမို့ နေက ခန်းမ အဝင်ဝဆီကို လှည့်ကြည့်လိုက်ချိန်မှာ ပန်းကလေး တစ်ဖက်ကိုသာ ရိပ်ခနဲ တွေ့လိုက်ရပါသည်။

ရှိုးပွဲတစ်ခုအတွက် ဒီခန်းမထဲမှာ အကတိုက်သည့် နေ့တွေမှာ တစ်စုံတစ်ယောက်က လာလာချောင်းကြည့်နေတတ်တာကို ရိပ်ခနဲ တွေ့လိုက်သော်လည်း ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲပါ။



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသော ကောင်လေးတွေကတော့ အရမ်းချောတဲ့ အစ်မကြီးဟု ဆိုကြပါသည်။

"ကတာကို သဘောကျလို့ လာကြည့်တာနေမှာပေါ့ကွာ၊ အထူးအဆန်းလုပ်ပြီး စိတ်ဝင်စားမနေစမ်းပါနဲ့၊ ကနေရင်း အာရုံတွေပြားလို့မဖြစ်ဘူးဆိုတာ သတိထားဦး"

"သူကြည့်တာက ကိုနေ့ တစ်ယောက်တည်းကိုမို့လို့ ထူးဆန်းနေတာပေါ့၊ ကိုနေ့ကို လာလာချောင်းကြည့်နေတာ၊ ကိုနေ့ကို ကြိုက်နေတဲ့ တစ်ယောက်ယောက် ဖြစ်မယ်ထင်တယ်"

"သွားစမ်းပါကွာ၊ စိတ်ကူးယဉ်မနေစမ်းပါနဲ့ ..."

နေက ဖြိုးမင်းရဲ့ ပခုံးကို တွန်းထုတ်ပစ်လိုက်မိပြီး ခန်းမထောင့်က ခုံတွေဆီ လျှောက်လာချိန်မှာ ဖျတ်ခနဲ လှုပ်ရှားသွားသော အရိပ်ကလေးကို တွေ့လိုက်ရပြန်သည်။

သူ နည်းနည်းတော့ စိတ်လှုပ်ရှားသွားမိသည်။ တစ်ခုခု ထူးဆန်းနေသလိုလည်း ခံစားရတာမို့ အခန်းဝဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်မိသည်။

မိန်းကလေးက ကုပ်ပေါ်ဝဲနေသည့် ဆားတစ်စောင်း အဖွေဆံပင်တွေ ဆတ်ခနဲ ခါသွားသည်အထိ ချာခနဲလှည့်ကာ ခပ်မြန်မြန် လျှောက်ထွက်သွားသည်။

ဂျင်းဘောင်းဘီရှည် အပြာနှင့် တီရှပ်ဖြူဖြူပွပွလေးကို ပေါ့ပေါ့ပါးပါး ဝတ်ထားသော မိန်းကလေးက စာအုပ်တချို့





ကို ပွေ့ထားပြီး အိတ်ကြီးကြီးတစ်လုံးကို စလွယ်သိုင်း၍ လွယ်ထားသည်။ ကြည့်ရတာ ကျောင်းတစ်ခုခု တက်နေတဲ့သူလား မသိ ...။ အမှတ်တမဲ့ လှမ်းကြည့်လျှင် ကနုတ်နဲ့ တူသလိုလို ထင်ရပေမယ့် ဝတ်ပုံစားပုံနှင့် ခပ်သုတ်သုတ် လျှောက်နေတဲ့ စတိုင်လ်ကတော့ မတူ ...။

နေသည် ဆန်းကြယ်သော စိတ်ခံစားမှုတစ်မျိုးနှင့် အတူ သူမနောက်မှ လျှောက်လိုက်လာခဲ့မိရင်း ဆွဲငင်အားတစ်ခုခုက သူ့ကို ဆွဲညှို့ခေါ်သွားသလို ခံစားမှုမျိုးကိုလည်း ခံစားလာခဲ့ရသည်။

ခန်းမကနေ ဝင်ဝ ထွက်ဝသို့ သွားရာ လမ်းတစ်လျှောက်မှာ အရာအားလုံး တိတ်ဆိတ်နေပြီး နေ့ခြေသံနှင့် သူမ၏ခြေသံကိုသာ ကြားနေရသည်။

ကနုတ်က အဆောက်အအုံထဲမှ လှမ်းထွက်လိုက်ချိန်မှာ ဝင်ဝဆီမှ ပြေးဝင်လာသော ကလေးတစ်ယောက်က သူမကို တိုက်ချပစ်လိုက်တာမို့ သူမလက်ထဲက စာအုပ်တွေအားလုံး ပြုတ်ကျကုန်သည်။

သူမက ဒူးတစ်ဖက်ထောက်၍ စာအုပ်တွေကို ခပ်မြန်မြန် ငုံ့ကောက်ချိန်မှာ သူက သူမရှေ့မှာထိုင်ချလိုက်ပြီး သူမ စာအုပ်တွေကို ကူကောက်ပေးလိုက်သည်။

ဆံပင်တွေ အုပ်ဆိုင်းနေသော မျက်နှာကလေးကို သူ သေချာကြည့်မိချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကနုတ် ..."

သူ ... တအံ့တသြ ခေါ်မိစဉ် သူမက မတ်တတ်ထရပ်လိုက်ပါသည်။

သူ မတ်တတ်ပြန်ရပ်လိုက်မိရင်း သူမကို အံ့သြစိတ်ဖြင့် ကြည့်မိသည်။

ကုပ်ပေါ်ဝဲနေတဲ့ ဆံပင်အတိုလေး၊ ခြယ်သမှု ကင်းစင်တဲ့ မျက်နှာပြောင်ချောကလေး၊ ပေါ့ပါးလွတ်လပ်တဲ့ ဝတ်စားဆင်ယင်မှု၊ သွက်လက်တဲ့ လှုပ်ရှားမှု၊ မာန်မာနကင်းစင် ရိုးရှင်းတဲ့ မျက်နှာထား။ အားလုံး အားလုံးဟာ အရင်က ရွှေကနုတ်နဲ့ လုံးဝမတူတော့ ...။

"ကနုတ် ... ဒီကို ဘာလာလုပ်တာလဲ ..."

"ကျောင်းတက်ရင်းနဲ့ နေတို့အဖွဲ့တွေ ဒီမှာ အကတိုက်နေတယ် သတင်းကြားလို့ လာကြည့်တာ ..."

"ကျောင်းတက်နေတယ် !"

"ဟုတ်တယ် ... စီမံခန့်ခွဲမှု ဒီပလိုမာ သင်တန်းတစ်ခုတက်နေတာ ..."

"အမျိုးသားက ကျောင်းတက်ဖို့ ခွင့်ပြုတယ်ပေါ့ ..."

"ကနုတ် လက်မထပ်ဖြစ်ပါဘူး"

ကနုတ် အဖြေက သူ့ကို ထပ်မံအံ့သြသွားစေသည်။

"မင်း အရမ်းပြောင်းလဲသွားတယ် ..."

"တိုက်ပွဲဝင်ထားတာကိုး ..."





"တိုက်ပွဲဝင်တယ် ... !"

"ဟုတ်တယ် ...၊ ကိုယ့်ဘဝမှာ ကိုယ့်ခံယူချက်အတိုင်း ကိုယ့်ဆုံးဖြတ်ချက်အတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်နေထိုင်ခွင့် ရဖို့ မေမေနဲ့ ဘွားဘွားဆီမှာ ရက်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ရတာလေ ...၊ ဘယ်ကရလိုက်မှန်း မသိတဲ့ စိတ်ခွန်အားတွေနဲ့ ဘဝမှာ အကြီးမားဆုံး ဆန့်ကျင်မှုကြီးတစ်ခုကို ကနုတ် လုပ်ရဲခဲ့တယ်၊ စေ့စပ်ပွဲပြီးတဲ့ နောက်တစ်နေ့မှာပဲ နှစ်ဖက် မိဘတွေရှေ့မှာ ကနုတ် ကိုမိုးမြင့်နိုင်ကို လက်မထပ်ချင်တဲ့အကြောင်း၊ ကနုတ် သူ့ကို မချစ်တဲ့ အတွက် သာယာတဲ့ အိမ်ထောင်ရေးမျိုး ဖြစ်လာမှာမဟုတ်တဲ့ အကြောင်း၊ သူ့ရဲ့ ဂုဏ်ဒြပ်တွေကို မက်မောမိလို့သာ လက်ခံမိတဲ့ အကြောင်းတွေ အားလုံးဖွင့်ပြောပြီးအဲဒီလို လက်ခံမိတာဟာ ကနုတ်ရဲ့အမှားဆိုတာကိုလည်းဝန်ခံပြီး အားလုံးကို ရှိခိုးကန်တော့ပြီးတော့ တောင်းပန်ခဲ့တယ် ...၊

"မေမေကတော့ ကနုတ်ကို အရမ်း ဒေါသထွက်ပြီး ရိုက်ပုတ်ဆဲဆိုတဲ့အထိ ဖြစ်သွားခဲ့တယ်၊ ကိုမိုးမြင့်နိုင်တို့ဘက်ကတော့ တဖြည်းဖြည်း နားလည်လက်ခံသွားကြပါတယ်၊ မေမေနဲ့ ဘွားဘွားလည်း ခုတော့ စိတ်ပြေနေကြပါပြီ၊ ကနုတ်လည်း ခုတော့ ဘော်ဒီဂတ်တွေဘာတွေနဲ့ မဟုတ်ဘဲ လွတ်လွတ်လပ်လပ် နေခွင့်ရနေပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ...၊ အဲ့ဒီကိစ္စတွေ ဖြစ်ပြီးစက ကနုတ် နိုင်ငံခြားက မေမေ့အမျိုးတွေဆီမှာ သွားနေခဲ့သေးတယ်၊ ဒီကိုပြန်လာတာ နှစ်လပဲရှိသေးတယ်၊ ရောက်ပြီး မကြာခင် ဒီသင်တန်းကို တက်ဖြစ်ခဲ့တာလေ ...၊ ကနုတ် စိတ်တွေ မတည်ငြိမ်သေးတဲ့ အချိန်မှာ ကနုတ် မင်္ဂလာကိစ္စ ပျက်တဲ့အကြောင်း နေ့ကို မပြောဖို့ နန္ဒီ့ကို မှာထားလို့ နေ ဒီအကြောင်းတွေ မသိရတာပါ"

စကားအရှည်ကြီး ပြောပြီးသွားချိန်မှာ ကနုတ်က ငြိမ်သက်သွားခဲ့ပါသည်။ နေကလည်း ကနုတ်လိုပဲ ငြိမ်သွားခဲ့ပြီးမှ ...

"အဲ့ဒီတော့ ..."

ဟု ဆိုလိုက်သည်။

ကနုတ်က သူဘာပြောချင်မှန်း နားမလည်ပုံမျိုးဖြင့် သူ့ကိုကြည့်နေသည်။

"အဲ့ဒီတော့ မင်းက ဘာလုပ်မှာလဲ ..."

"ဟင် ... ဘာကိုပြောတာလဲ"

နေက ပြုံးစိစိဖြစ်လာကာ ...

"မင်း အခု ဘာလုပ်မှာလဲလို့ မေးတာ၊ မင်းရဲ့ အရင်ရည်းစားက အခု မင်းရှေ့မှာ မတ်တတ်ကြီး ရှိနေတယ်၊ အဲ့ဒီရည်းစားဟောင်းကို မင်း လက်ထပ်ခွင့် တောင်းမှာလား၊ ဘာလုပ်မှာလဲ ပြတ်ပြတ်သားသား ပြော ..."





"အံမယ် ..."

ကနုတ်က နှုတ်ခမ်းကိုမဲ့ကာ သူ့ကို မျက်စောင်းရွယ်လိုက်ရင်း ...

"ရှင့်ကို ကျွန်မက ဘာဖြစ်လို့ လက်ထပ်ခွင့်တောင်းရမှာလဲ ...၊ ရှင့်ကို လက်မထပ်နိုင်ပါဘူးလို့ ပြောခဲ့တာ မေ့ပြီလား ..."

"ငါလည်း အဲ့ဒီအချိန်တုန်းက မင်းလို ဘဝမြင့်မြင့် မိန်းမမျိုးကို လက်မထပ်ချင်ခဲ့ပါဘူး၊ ခု မင်းပုံစံက အရမ်းပြောင်းလဲသွားလို့ နည်းနည်းပါးပါး ပြန်စဉ်းစားပေးမလို့ပါ"

နေက လက်ပိုက် ခေါင်းမော့ရပ်ရင်းက ကိုယ့် မေးစေ့ကို ကိုယ့်လက်ဖြင့် ပွတ်နေရင်း ပြောလိုက်ပါသည်။

ကနုတ်က ခပ်ရွဲ့ရွဲ့ တစ်ချက်ရယ်လိုက်ရင်း ...

"အဟက် ... တချို့ယောကျ်ားတွေက လက်မထပ်ချင်ပါဘူးတို့၊ မုန်းတယ်တို့ ပြောပြီး ကွယ်ရာမှာ ကျိတ်ကျိတ်ငိုတာတို့၊ လက်မှာ အမှတ်တရ တက်တူးလေး ထိုးတာတို့ ဘာတို့ လုပ်တတ်ကြတယ်နော် ..."

"အဟမ်း ... တချို့ မိန်းကလေးတွေကလည်း ယောကျ်ားတစ်ယောက်ကို အထင်သေးသလိုလိုနဲ့ အရူးအမူးတွေ ချစ်ပြီး လမ်းခွဲပြီးတာတောင်မှ သွေးတွေ ဘာတွေ လာလှူတာတို့ ဘာတို့ လုပ်တတ်ကြတယ်နော်၊ သွေးဖောက်ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



သေအောင်ကြောက်တဲ့သူက ဘယ်လိုဖြစ်လို့များ ဒီလောက် သတ္တိ ရှိသွားသလဲဆိုတာ စဉ်းကို မစဉ်းစားတတ်တော့ဘူး”

“ကဲ … ဒါဆိုလည်း ဒီနားလာခဲ့ …”

ကနုတ်က အိတ်ထဲက ပင်အပ်ဘူးကို နှိုက်ယူလိုက်ပြီး ပင်အပ်တစ်ချောင်း ထုတ်ယူကာ ရှေ့တစ်လှမ်း တိုးလာတာမို့ သူက နောက်တစ်လှမ်း ဆုတ်လိုက်မိရင်း …

“ဘာ … ဘာလုပ်မလို့လဲ”

“ရှင့်ကို အမြင်ကတ်လို့ ရှင့်ကိုယ်ထဲ ရောက်နေတဲ့ ကျွန်မသွေးတွေကို ဖောက်ထုတ်ပစ်မလို့လေ …”

“ဟား … ဟား …”

နေက ကနုတ် ကြိမ်းဝါးနေပုံကို သဘောကျကာ တဟားဟားရယ်လိုက်ရင်းက ကနုတ်ရဲ့ လက်ကလေး တစ်ဖက်ကို ဆောင့်ဆွဲလိုက်တာမို့ ကနုတ်ရဲ့ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ဆီ အရှိန်နှင့် ပြေးကပ်သွားသည်မှာ အင့်ခနဲတောင် အသံမြည်၍ သွားလေသည်။

နေက ကနုတ်ရဲ့ ခါးကလေးကို ကိုင်မြှောက်မြှောက်ရမ်းလိုက်တာမို့ ကနုတ်ရဲ့ ခန္ဓာကိုယ်လေးက လေထဲသို့ မြောက်တက်လွင့်ဝဲနေခဲ့သည်။ ကနုတ်ရဲ့ မော့နေသော ခေါင်းကလေးထက်မှာတော့ ပြာလွင်သော ကောင်းကင်ပြင်ကြီးက လှပစွာ တည်ရှိနေခဲ့သည်။ လွတ်လပ်စွာ ရယ်မောလိုက်သော ကနုတ်ရဲ့ ရယ်သံကလေးက ဟိုအဝေးကောင်းကင်ဆီ လွင့်သွားခဲ့သည်။ ဒီလို ရယ်





သံမျိုးလေး ဖြစ်ပေါ်လာအောင် ချစ်သူကသာ ဖန်ဆင်းလို့ ရနိုင်တယ်ဆိုတာ ကောင်းကင်ကြီးလည်း သိပါသည်။ ကနုတ်လည်း သိပါသည်။ နေလည်း သိပါသည်။

တကယ်တော့ ပျော်ရွှင်ခြင်းဆိုတာ ကိုယ်ချစ်ရတဲ့သူတစ်ယောက်ရဲ့ လက်ကို ယုံယုံကြည်ကြည် တွဲပြီး လူ့ဘဝရဲ့ အချိုအခါးတွေကို အတူမျှဝေ ခံစားခြင်းသာ ဖြစ်ပါသည်။

ပုညခင်

8.6.2012

12 : 14 am



www.burmeseclassic.com